www.burmeseclassic.com

# တင့်ဆန်း

ကမ္ဘာ့ယန်းထောက်ကြီး ဝ ဦးဖြူသီး နှင့်

## စံပယ်ပွင့်ဂိုဏ်း



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ကဗ္ဗိယဒုံသောက်ကြီး

# ဦးဖြူညီး

# နှင့်

# ခံပပါ်ပွင့်ဂိုဏ်း

## တင့်ဆန်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၁၂၂ / ၂၀၀၁ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၇၅ / ၂၀၀၂ (၅)

❖

ဒီဇဉ်သူ
ကိုမြင့်ထွန်း

❖

BURMESE CLASSIC

ပုံနှိပ်ခြင်း
ပထမအကြိမ် - (၂၀၀၂၊ နိုဝင်ဘာ)
အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံးပန်းချီ - စောမင်းဝေ
ကာလာခွဲ - *Alpha*
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

❖

ပုံနှိပ်သူ
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

ထုတ်ဝေသူ
ဦးကျော်ဆန်း (ရဲအောင်စာပေတိုက်) (၀၉၃၂)
အမှတ် (၂)၊ ချွန်း (၁) လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၆၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာ

စာရေးဆရာတစ်ယောက်သည် ပင်တိုင်ဇာတ်ဆောင် တစ်ဦးထားကာ နှစ်ရှည်ကြာစွာ ရေးသားလေသောအခါ၊ ထိုဇာတ်ဆောင်အပေါ်၌ ပရိသတ် စွဲလမ်းမှု၊ နှစ်သက်မှု၊ မြတ်နိုးတွယ်တာမှု၊ သံယောဇဉ်များ ဖြစ်လာတတ်ကြလေသည်။

ကျွန်တော့်အနေနှင့် ၁၉၄၈–ခုနှစ်လောက်မှ အစပြု၍ ကပ္ပိယစုံထောက်ကြီး ဦးဖြူသီးကို ပင်တိုင်ဇာတ်ဆောင်အဖြစ်ထားကာ ရေးသားခဲ့ပါသည်။ ထို့ကြောင့် ဦးဖြူသီးသည် စာဖတ်ပရိသတ်နှင့် ရင်းနှီးကျွမ်းဝင် ခင်မင်လျက်ရှိပြီးသော ဇာတ်ဆောင်တစ်ယောက်ဖြစ်သည်။

ကပ္ပိယစုံထောက်ကြီး ဦးဖြူသီးကို ကျွန်တော်နှစ်ပေါင်း နှစ်ဆယ်ခန့်မျှ လှုပ်ရှားစေခဲ့သည်။ စုံထောက်မဂ္ဂဇင်းတွင် ကပ္ပိယစုံထောက်ကြီး ဦးဖြူသီးသည် အရေးပါသော ပုဂ္ဂိုလ်တစ်ဦးအဖြစ်နှင့် စာပေ၏တာဝန်ကို ဝင်ရောက် ထမ်းဆောင်ခဲ့သည်။

နှစ်ပေါင်းနှစ်ဆယ်ကျော် ဤမှာဘက်ရောက်လာအခါတွင် စုံထောက်မဂ္ဂဇင်း၌ ကပ္ပိယစုံထောက်ကြီး ဦးဖြူသီးမပါဝင်နိုင်ဘဲရှိရသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ဤနယ်များသို့ ကျွန်တော်ရောက်သောအခါ . . .

www.burmeseclassic.com

www.burmeseclassic.com

"ကပ္ပိယစုံထောက်ဘာလို့ မရေးတော့တာလဲ၊ ဦးဖြူသီး မရှိတော့လို့လား၊ ဦးဖြူသီးဘယ်ရောက်သွားသလဲ"

နှင့် မေးကြပြန်သည်။

အချို့ကလည်း ကပ္ပိယစုံထောက်ဘာပြုလို့ မရေးသလဲဟု စာရေးမေးမြန်းကြသည်။ စုံစမ်းကြသည်။ စင်စစ်ကျွန်တော်လည်း ကပ္ပိယစုံထောက်ဝတ္ထုများ မရေးမဟုတ်၊ ရေးပါသည်။ စုံထောက်မဂ္ဂဇင်း ပိုင်ရှင်ကလည်း ကပ္ပိယစုံထောက်ဝတ္ထုများ ရေးပေးရန် တောင်းပန်ပါသည်။ စာမူကို ဝယ်ယူပါသည်။ သို့သော်လည်း မဂ္ဂဇင်းကို ကိုင်တွယ်စီစဉ်သူက မနှစ်သက်၍ ချောင်ထိုးထားသောကြောင့် ကျွန်တော်၏ ကပ္ပိယစုံထောက်ဝတ္ထုများ မဂ္ဂဇင်းတွင် မပါနိုင်ဘဲ ရှိခဲ့ရသည်။

စာမူများ ရေးပေးလျှင် စာမူခရပါသည်။ သို့သော်လည်း စာမူ ခြောက်ပုဒ် မျှရေးပေးပြီးသော်လည်း မဂ္ဂဇင်းတွင် တစ်ပုဒ်တလေမျှ မပါလာသောအခါ ကျွန်တော်ကပ္ပိယစုံထောက်ရေးရန် စိတ်ပျက်သွားသည်။ ဦးဖြူသီးကို ကျွန်တော်က မသတ်သော်လည်း အခွင့်အရေးရသူက သတ်ထားသည်မို့ ကျွန်တော်ဘာမျှ မတတ်နိုင်တော့ပါ။

ကပ္ပိယစုံထောက်ကြီး ဦးဖြူသီးနှင့်ပတ်သက်၍ သူ့ပရိသတ်က မေးမြန်းလာသောအခါ ကျွန်တော်အဖြစ်မှန်ကို ရှင်းပြရသည်။ ထိုအခါ ဦးဖြူသီးပရိသတ်များက လုံးချင်းရေးရန် တိုက်တွန်းကြသည်။ ယင်းသည့်တိုင် ကျွန်တော့်အနေနှင့် ကပ္ပိယစုံထောက်ကို လုံးချင်းရေးရန် စိတ်အားထက်သန်ခြင်း မရှိပါ။

ကျွန်တော်၏ ကပ္ပိယစုံထောက်ဝတ္ထုများသည် မည်သည့်နိုင်ငံခြားစာပေမှ မှီငြမ်းခြင်းမပြုပါ။ ရေးသည့်အကြောင်းအရာကလည်း အခြားသော စုံထောက် ဝတ္ထုများလို ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာများမဟုတ်ဘဲ အယူသီးသော အစွဲ အလမ်းများကို သိမ်မွေ့စွာ ဖြေရှင်းခြင်းမျိုးသာဖြစ်သည်။ သို့ကြောင့် လုံးချင်း ဝတ္ထုရှည်အဖြစ်ရေးသားရန် အလွန်ခက်ခဲလှပါသည်။ လုံးချင်းဝတ္ထုရေးလျှင် ပရိသတ်စွဲမက်နိုင်မည်မဟုတ်ဟုထင်သည်။ ယင်းကြောင့် လုံးချင်း ဝတ္ထုရေးရန် တိုက်တွန်းသူအများအပြားရှိသော်လည်း ကျွန်တော်မရေးဘဲ နေခဲ့သည်။ စုံထောက် မဂ္ဂဇင်း သူ့အကြောင်းနှင့်သူ ရပ်ဆိုင်းသွားသည်။ ထိုအခါ စုံထောက်နှင့် လျှို့ဝှက်သည်းဖိုဝတ္ထုများကိုမှ ကြိုက်နှစ်သက်သော ပရိသတ်အတွက် သူတို့အကြိုက်ဝတ္ထုများ ရှားပါးလာသည်။

ဦးဖြူသီးပရိသတ်များက ကျွန်တော့်ကို ကပ္ပိယစုံထောက်လုံးချင်းရေးရန် တိုက်တွန်းမှုပို၍ များလာသည်။

ကျွန်တော်က ငြင်းသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကဗ္ဗိယစုံထောက်က လျှို့ဝှက်သည်းဖို မဟုတ်တော့ လုံးချင်းကို လူကြိုက်မယ် မဟုတ်ပါဘူး" ဟု ပြန်ပြောသည်။

ထိုအခါ တိုက်တွန်းအကြံပေးသူများက ...

"ခင်ဗျား ကဗ္ဗိယ စုံထောက်ဝတ္ထုတွေမှာ ရည်ရွယ်ချက်ရှိတယ်၊ ဦးတည်ချက် ကောင်းကောင်းနဲ့လျှို့ဝှက်မှုလေးတွေပါအောင် ရေးနိုင်ရင် ပရိသတ် အကြိုက်တွေ့နိုင်ကောင်းပါတယ်" ဟု ဆိုလာကြသည်။

သူတို့ ပြောလွန်းတော့ . . . ကျွန်တော် ကဗ္ဗိယစုံထောက်လုံးချင်း စမ်းရေးကြည့်ရန် စိတ်ကူးမိသည်။

လွန်ခဲ့သော ၁၅ နှစ်ခန့်က စုံထောက်စာပေမှ ကျွန်တော်၏ကဗ္ဗိယ စုံထောက်လုံးချင်း တစ်အုပ်ရေးထုတ်ခဲ့ဖူး၏။ မဆိုးပါ၊ အသင့်အတင့်ရောင်းရ သည်။ မကြာသေးမီ လေးနှစ်ကျော်၊ ငါးနှစ်ခန့်ကလည်း ဖွဲ့စာပေမှ ကဗ္ဗိယ စုံ ထောက်လုံးချင်း တစ်အုပ်ထုတ်ခဲ့ပါသေးသည်။ ထိုက်သလောက် ရောင်းစွံ၏။

နောက်ကြောင်း ပြန်တွေးတော့ အားတက်လာသည်။ သို့ကြောင့် ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလက **ကဗ္ဗိယစုံထောက်ကြီး ဦးဖြူသီး** အမည်ဖြင့် သုံးကျပ် တန် လုံးချင်းတစ်အုပ်ရေးခဲ့ပါသည်။

သို့သော်လည်း ကျွန်တော်၏ ကဗ္ဗိယစုံထောက်ကြီးခမျာမှာ ရေးခေတ် မှုဆလင်အပို့မလေးနှယ် ခေါင်းမြီးခြုံ၍ လူမသိ၊ သူ မသိတိတ်တဆိတ် ထွက်ခဲ့ ရရှာလေသည်။ ဦးဖြူသီးထွက်လာသည်ကို သူ့ပရိသတ်များ မသိလိုက်ကြရပါ။

ဦးဖြူသီးပရိသတ်များသည် သူတို့ချစ်နေသော ဦးဖြူသီးအား ပို့ရွယ် စဉ် မကြုံမတွေ့ရဘဲ နွမ်းနယ်အိုဟောင်းနေမှ လမ်းဘေးပလက်ဖောင်း၌ တွေ့ကြ ရသည်ဆို၏။

ဩော် . . . ကံဆိုးရှာသော ဦးဖြူသီးရယ် . . .။

နှစ်ပေါင်းကြာမြင့်စွာ သူ့ပရိသတ်နှင့် ကွဲကွာနေရာက သူ့ပရိသတ်များ ကို အားရပါးရတွေ့ဆုံလိုက်မည်အားခဲထားကာမှ ခေါင်းမြီးခြုံ၍ မထင်မရှား ထွက်လာရပြီး နွမ်းနယ်အိုဟောင်းလေသောအခါကျမှပင် သူ့ပရိသတ်နှင့် တွေ့ ခွင့်ရလေသတဲ့။

ဦးဖြူသီးကံဆိုးရှာခြင်းအတွက် ကျွန်တော်ယူကျုံးမရဖြစ်မိသည်။ စိတ်ပျက်ပြီးစိတ်ဓာတ်လည်း ကျဆင်းသည်။ ဦးဖြူသီးကို စာပေအဝန်းအဝိုင်းမှ ဖဲကြဉ်လိုက်တော့အံ့ဟု ဆုံးဖြတ်မိသည်။

ယင်းသို့ရှိဆဲ ထုတ်ဝေသူ၏ ကိုယ်စားလှယ်တစ်ဦးက **ကဗ္ဗိယစုံ ထောက်** ဝတ္ထုရေးပေးရန် တောင်းဆိုလာသည်။ အစတွင် ကျွန်တော်ရေးချင်စိတ် မရှိ။ မရေးချင်ဟု ငြင်းပယ်ရန် စိတ်ကူးသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကပ္ပိယမဟုတ်ဘဲ တခြား ဝတ္ထုယူပါလား"

ကျွန်တော်ပြောတော့ သူခေါင်းယမ်းခါသည်။

"ကျွန်တော်က ငယ်ငယ်ကတည်းက ဆရာ့ကပ္ပိယ စုံထောက်တွေကို ခွဲလမ်း ခဲ့တာပါ၊ ကပ္ပိယပဲရေးပေးပါ ဆရာ"

သူပြောတော့ ကျွန်တော်သက်ပြင်းရှိုက်မိသည်။ ကံဆိုးနေသော ဦးဖြူ သီးကို ကျွန်တော်ပွဲ မထုတ်ချင်တော့ပါ။

"ဟုတ်လားဆရာ၊ ကျွန်တော့်ကို ကပ္ပိယပဲ ရေးပေးပါ"

ကျွန်တော်ငြိမ်နေတော့ သူက ထပ်ပြောသည်။

"ကပ္ပိယမှ လိုချင်တယ်ဆိုရင်လဲ ရေးပေးရတာပေါ့လေ၊ ဒါပေမယ့်လို့ ဦးဖြူသီးကို ခေါင်းမြီးခြုံနဲ့ မလွှတ်ဖို့တော့ တာဝန်ယူပါ"

ကျွန်တော်ပြောတော့ သူကကျွန်တော့်ကို ငေးကြည့်နေသည်။

"ဘယ်လို ခေါင်းမြီးခြုံနဲ့ မလွှတ်ရမှာလဲ ဆရာ"

ကျွန်တော့်ကို ငေးကြည့်ရင်းမှ မေးသည်။

"မကြော်ငြာဘဲ မထုတ်ဖို့ ပြောတာပါ . . ."

"ဟာ . . . ကြော်ငြာပါ့မယ်ဆရာ၊ အများကြီး ကြော်ငြာမယ် . . . ပြီး တော့ အခြေအနေပေးရင် ဆရာ့ကပ္ပိယစုံထောက်ဝတ္ထုတွေကို ကျွန်တော်တို့ အဆက်မပြတ် ထုတ်သွားပါ့မယ်"

သူကအားရပါးရ ပြောသည်ကြောင့် ကျွန်တော်အားတက်လာသည်။ ဦးဖြူသီးနှင့် သူ့ပရိသတ် ပြန်လည်ဆုံတွေ့ရတော့မည်မို့ ကျွန်တော်ဝမ်းသာ သည်။ ထို့ကြောင့် **ဦးဖြူသီးနှင့် မြစိမ်းရောင်ဒေဝီ** အမည်ဖြင့် လုံးချင်းဝတ္ထု ရေးပေးဖြစ်သည်။

ဦးဖြူသီး ကံဆိုးမြဲ ဆိုးနေပါသေးသည်။ ထိုစာအုပ်မှာ အကြောင်းမညီ ညွတ်သဖြင့် မထွက်နိုင်ဘဲ ရှိပြန်သည်။

ကျွန်တော်ဦးဖြူသီးနှင့် ပတ်သက်၍ ခံပြင်းလာသည်။ နာကြည်းလာ သည်။ အားမလိုအားမရ ဖြစ်လာသည်။ ဦးဖြူသီးအား တွေ့ဆုံလိုသော သူ၏ ပရိသတ်နှင့် ဦးဖြူသီးကို မတွေ့တွေ့အောင် ကြိုးစားတော့ရန် ဆုံးဖြတ်သည်။ ယင်းဆုံးဖြတ်ကို ရင်ဝယ်ပိုက်လျက် **လုမော်စာပေ** နှင့် ဆွေးနွေးသည်။ နှစ်ဦး နှစ်ဖက်သဘောတူညီမှု ရရှိကြသောအခါ ဤစာအုပ်ကို ရေးပါသည်။ အစက သုံးကျပ်တန် ၁၄ ဖေါင်ခန့်သာ ရေးမည်ဟု ခန့်မှန်းကာ လုမော်စာပေထုတ် အချို့စာအုပ်များတွင် သုံးကျပ် ဟု ကြော်ငြာခဲ့ပါသည်။ သို့သော်လည်း ရေးရင်း နှင့်လက်တွေ့လာကာ ဇာတ်လမ်းကို အတိုမချုံးလိုသဖြင့် စာဖောင် များသွားလေ သောကြောင့် လေးကျပ်တန် ဖြစ်သွားပါသည်။ ခွင့်လွှတ်ပါရန်။

www.burmeseclassic.com

www.burmeseclassic.com

ကပ္ပိယစုံထောက်ကြီး ဦးဖြူသီးအား တောင်းဆိုနေကြသော ပရိသတ်အတွက် ကျွန်တော်ကြိုးပမ်းအားထုတ်ခဲ့ပါပြီ။ မည်သည့် ဘာသာခြားစာပေကိုမှ မမှီးပဲ ကိုယ်ပိုင်ဉာဏ်ဖြင့် ဇာတ်လမ်းဆင်ကာ ရေးသားရသောကြောင့် ခက်ခဲမှုရှိသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော်လည်း စာဖတ်သူများအနေနှင့် နှစ်သက်စွဲလမ်းခြင်းရှိအောင် ကြိုးစားပါသည်။ ကျွန်တော်၏ ကြိုးစားမှုညံ့ဖျင်းနေပါက၊ ဖတ်သူအတွက် စိတ်ဝင်စားခြင်း မရှိပါက ကျွန်တော့်အား ဝေဖန်နိုင်ပါသည် လိုအပ်ချက်များကို ထောက်ပြကာ အကြံဉာဏ်ပေး၍ ကူညီပါရန်လည်း အနူးအညွတ်တောင်းဆိုပါသည်။

ကျွန်တော့်အနေနှင့်ကတော့ ကပ္ပိယစုံထောက်ကြီး ဦးဖြူသီးအား တောင်းဆိုနေကြသော သူ့ပရိသတ်နှင့် ဦးဖြူသီးကို ပြန်လည်ဆုံတွေ့ခွင့်ရှိလေသောကြောင့် ကြည်နူးဝမ်းသာပါသည်။ ကပ္ပိယစုံထောက်၏ ပရိသတ်များ နှစ်သိမ့်ကြည်နူးနိုင်ကြပါစေ။

တင့်ဆန်း

၈. ၈. ၇၃

www.burmeseclassic.com

www.burmeseclassic.com

( ၁ )

## ပုထုဇဉ်လူသားတဦး၏ ခံစားချက်

ဟိုအဝေးဆီတွင် တောင်တန်းပြာကြီးကို လှမ်းမြင်နေရသည်။

ကျွန်တော်တို့အား သယ်ဆောင်လာသော မြည်းလှည်းမှ ခြုံသံမှာ ထိုမဟာ်ဝန်းကျင်၌ အကျယ်ဆုံးသော အသံဖြစ်နေပေသည်။ အုန်းခွံရောင် မြင်းမကလေးသည် လူ ၅ ယောက်ပါသောလှည်းကိုဆွဲ၍ ခပ်မှန်မှန်ပြေးနေ၏။ မြို့တော်သားကြီး ကျွန်တော်သည် မြင်းလှည်းမစီးရသည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်သဖြင့် ယခုမြင်းလှည်းနှင့် ခရီးသွားရသည်ကို အသစ်အဆန်းလို ဖြစ်နေပါသည်။ စိတ်တွင် ကြည်နူးမိသလိုလည်းရှိပါ၏။

တောင်တန်းပြာကြီးကို လှမ်းမြင်ရသည်မှာ အေးမြသော အသွင်အပြင်ရှိသော်လည်း ကျွန်တော်တို့ အနီးဝန်းကျင် ရှုခင်းကတော့ ခြောက်သွေ့ရော်မွဲနေသည်။ ကွင်းပြင်တွင် ခပ်ကျဲကျဲ ပေါက်ရောက်နေသော မန်ကျည်းပင်များမှ လွဲ၍ အခြားသောအရိပ်အာဝါသများကို မမြင်ရပါ။

ကျွန်တော်တို့ စီးနင်းလိုက်ပါလာသော မြင်းလှည်းမောင်းနှင်ရာလမ်း၏ လက်ယာဘက်တွင် ကျေးတောသူ အမျိုးသမီးကလေးများ ဟိုအနားတစ်စုသည်အနားတစ်စု စုဝေးနေသည်ကို မြင်တွေ့ရသည်။ ရေအိုး၊ ရေပုံးများကိုရွက်ကာ ကွင်းပြင်ကိုဖြတ်ပြီး သွားနေကြသော ကျေးတောသူအမျိုးသမီးများကိုလည်း လှမ်းမြင်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးလေးများ စုရုံး၊ စုရုံးရှိနေသော နေရာရောက်တော့ ပိုက်လုံးအဆက်များမှ ရေများစိမ့်ယိုနေကာ ထိုယိုသောရေကို ကျင်းခွက်တူး၍ခံပြီး ခပ်ယူနေသည်ကို မြင်တွေ့ရ၏။

"ဒီပိုက်လုံးဟာ ဘယ်ကရေကို ဘယ်သွယ်ယူတာလဲ"

ကျွန်တော်က အနီးတွင်ရှိသော ဦးချစ်မောင်ကို မေးလိုက်ပါသည်။

"သိမ်ကုန်းမှာ အဝီစိတွင်းတွေရှိပါတယ်။ အဲဒီအဝီစိတွင်းက ရေ ရမည်းသင်းကို ပိုက်နဲ့သွယ်ယူတာပါ။ ဒါကြောင့်ရမည်းသင်းဟာ မြို့ဖြစ်ပေမယ့် ကျုပ်တို့ သိမ်ကုန်းကို အားကိုးနေရတယ်ဆိုပြီး ကျေးလက်သားတွေက ဂုဏ်ယူနေကြတာပေါ့ ဆရာလေးရဲ့"

ဦးချစ်မောင်က ဝင့်ကြွားဟန်နှင့် ပြောပါသည်။

"တကယ်တော့ တောရယ်၊ မြို့ရယ်၊ တောသားရယ်၊ မြို့သားရယ်ဆိုပြီး မခွဲခြားသင့်ပါဘူး၊ လူ့လောကမှာ လူအချင်းချင်းဟာ တစ်ဦးကိုတစ်ဦး အပြန်အလှန်အကျိုးပြုနေကြတာပါပဲ၊ ဆိုပါတော့ဗျာ ... မြို့ပေါ်မှာနေကြတဲ့ ပညာတတ်တွေဟာဆိုရင်လဲ မိမိတို့တတ်တဲ့ပညာနဲ့ လူ့လောကကို အကျိုးပြုနေကြသလို တောကလူတွေကလဲ လူသားတွေစားသုံးဖို့အတွက် ကုန်ထုတ်လုပ်ပြီး လူ့လောကကို အကျိုးပြုနေကြတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဦးဖြူသီး"

ဦးဖြူသီးအပြောကို ဦးချစ်မောင်က လိုက်လိုက်လှဲလှဲ ထောက်ခံလိုက်ပါသည်။

"ဒါပေမယ့် အဲဒီလို မခွဲခြားဘူးဆိုတဲ့ သဘောတရားဟာ ဆိုရှယ်လစ်လူ့ဘောင်မှာပဲ ရှိတယ်။ ဆိုရှယ်လစ် လူ့ဘောင်သားတွေသာ ဒီသဘောတရားကို ခံယူနိုင်ကြတယ်။"

"အရင်းရှင် လူ့ဘောင်မှာက တောနဲ့မြို့ကို အကြီးအကျယ် ခြားနားစေတယ်၊ ခြားနားအောင်ဖန်တီးထားတယ်၊ မြို့နေပညာတတ်တွေကို လူတန်းစားတစ်ရပ် အဖြစ်ရောက်အောင် သွေးခွဲထားတယ်၊ ကျုပ်တို့နိုင်ငံ သူ့ကျွန်ဘဝရောက်နေတုန်းကများဆိုရင် တောသားဟာ ဘယ်လိုမှ လူရာမဝင်ဘူး၊ မြို့သားပညာတတ်တွေ ခြယ်လှယ်သမျှ ခံကြရတာတယ်"

"ဟုတ်တယ် ... ဟုတ်တယ်၊ ခင်ဗျားတို့ ကျုပ်တို့ သူ့ကျွန်ဘဝ သိမ်လိုက်တဲ့ လူတွေက ပြန်ပြောပြရင် ခုခေတ်လူတွေအနေနဲ့ ပုံပြင်လားထင်ကြရမှာ၊ ဟိုတုန်းက ကျုပ်တို့ ကျေးတောသားဆိုတဲ့ လူတွေဟာ မြို့ပေါ်မှာအီးတောင် ကျယ်ကျယ် ပေါက်ရဲကြတာမှ မဟုတ်ဘဲ"

ဦးချစ်မောင်အပြောကြောင့် ရယ်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သယ်ဆောင်လာသော မြင်းလှည်းပေါ်တွင် ထူးခြားချက်တစ်ခုအနေနှင့် ပြောရမည်ဆိုလျှင် ယောကျ်ားလေးယောက်ကြား၌ အမျိုးသမီး တစ်ယောက်ပါလာခြင်းကိုပဲ ပြောလိမ့်မည် ထင်ပါသည်။

အမျိုးသမီးမှာ အသက် ၂၀ ကျော်အရွယ်ဖြစ်သည်။ အသားဖြူသည်။ ပိန်သည်။ ရုပ်ရည်က ရှမ်းဘက်နွယ်သည်။ မျက်နှာပြား၍ မေးရိုးကားသယောင်ရှိသည်။ လည်တိုင်ရှည်သည်။ ဖော့ခရစ်စိမ်းပြာရောင် ဘလောက်စ် အင်္ကျီလက်ပြတ်နှင့် ထဘီစိမ်းကို ဝတ်ဆင်ထားသည်။ ထဘီစိမ်းမှာ စစ္စတာစိမ်း ဟုခေါ်သော တက်ထရွန်အစိမ်းပုပ်ရောင်ဖြစ်သည်။ လှပသော အမျိုးသမီး ဟု မပြောနိုင်ပါ၊ သို့သော်လည်း မြက်တောချုံတောထဲတွင် ပုဏ္ဏရိပ်ပန်းသည် ထင်ရှားနေဘိသို့ ယောကျ်ားများအလယ်တွင် အမျိုးသမီးသည် ထီးထီးရှိနေသည်။

သည်တော့လည်း သူမကို ကျွန်တော်အာရုံစိုက်မိသည်။

သူမ၏ ဘယ်ဘက်လက်တွင် နာရီရှိသည်။ သံမဏိကြိုးက ချောင်နေသည်မို့ လက်ခုံဆီသို့နာရီ လျှော့ရဲရဲ ငိုက်ကျနေသည်။ အမျိုးသမီး၏ ပါးစပ်မှာ သာမန်ရှိသင့်သည်ထက် အနည်းငယ် ကျယ်သယောင်ထင်ရသည်။ နှာတံသွယ်သည်။ မျက်ခုံးခပ်ရေးရေးသာရှိ၍ မျက်တောင်စင်းသည်။ မျက်ပေါက်ခပ်ကျဉ်းကျဉ်း ဖြစ်သော်လည်း မျက်လုံးအကြည့်ကစူးသည်။ သူမ အကြည့်ခံလိုက်ရလျှင် မိမိနှလုံးသားကိုများ မြင်သွားလေပြီလားဟု သံသယ ဖြစ်မိသည်။ အနေခက်သလိုရှိသည်။

ကျွန်တော်သူမကို မကြာခဏ ကြည့်မိသည်။ ယင်းသို့ ကြည့်သည်မှာ အမျိုးသမီးကို နှစ်သက်၍ မဟုတ်ပါ။ ရမည်းသင်း ရောက်ကတည်းက ဈေးဝယ်လာသော အမျိုးသမီးများကို လည်းကောင်း၊ ရုပ်ရှင်ကြည့်ရန်လာသော အမျိုးသမီးများကို လည်းကောင်း ကျွန်တော်သတိထား၍ ကြည့်ရှုခဲ့သည်။ ဖော့ ခရစ်ကို မဆိုထားနှင့်၊ ခရစ်လိုင်းကြီး၊ လိုင်းသေး၊ လိုင်းလတ်ကိုပင် ဝတ်ဆင်သည် မတွေ့ရ။ တက်ထရွန်ပြောင်နှင့် အကွက်လောက်သာ ဝတ်ဆင်သည်ကို မြင်တွေ့ရ၏။

ထို့ကြောင့် သိမ်းကုန်းရွာသွား မြင်းလှည်းပေါ်၌ ဖော့ခရစ်အင်္ကျီဝတ် အမျိုးသမီးမှာ အမြင်ထူးသလိုရှိနေသည်။ အမျိုးသမီးကိုယ်ပေါ်တွင် ကျွန်တော် စိတ်အဝင်စားမိဆုံးကတော့ ဘယ်ဘက်ရင်သား အထက်နားဆီ၌ ပိုးချည်အဖြူနှင့် ထိုးထားသော စပယ်ပွင့်ကလေးဖြစ်လေသည်။ စိမ်းပြာရောင်တွင် စပယ်ပွင့်ဖြူဖြူလေးမှာ အထင်းသားပေါ်လွင်နေသည်။

ကျွန်တော် အမျိုးသမီးအား မကြာခဏ ကြည့်မိသည်။ အမျိုးသမီးကတော့ ကျွန်တော်ကဲ့သို့ မဟုတ်ပါ။ ကျွန်တော်က ငါးမိနစ်အတွင်း သူမကို ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ် ကြည့်မိသည် ဆိုပါစို့။ အမျိုးသမီးက တစ်ကြိမ်သာလျှင် ပြန်ကြည့်သည်။ ထင်းကြောင့် သူမက ကျွန်တော့်အပေါ် စိတ်ဝင်စားမှုမှာ တစ်ရာခိုင်နှုန်းသာ ရှိလေသည်ဟု ဆိုရပါမည်။

ဦးချစ်မောင်အပြောကြောင့် ကျွန်တော်တို့ရယ်ကြသော်လည်း အမျိုးသမီး မရယ်။ သူမသည် မျက်နှာထားတည်တည်နှင့်ပင် ရှိနေသည်။ ပုံစံမှာ စာနကြီးသည့် ပုံစံမျိုးဖြစ်၏။ ယောကျ်ားတွေကြားတွင် လိုက်ပါလာသော်လည်း ဘယ်သူ့ကိုမျှ အရေးမစိုက်သည့် အသွင်ကိုဆောင်ယူထားလေသည်။ ထိုအသွင်ကိုက တစ်မျိုးစိတ်ဝင်စားစရာလို ဖြစ်နေ၏။

ဦးဖြူသီးနှင့် ဦးချစ်မောင်တို့ စပ်မိစပ်ရာ စကားတွေပြောလာကြသည်။ ကျွန်တော် ကြားနေရသော်လည်း ကျွန်တော် စိတ်မဝင်စားမိ။ ကျွန်တော်က အမျိုးသမီးအကဲကိုသာ ကြည့်နေသည်။ ထိုအမျိုးသမီးမှာ ရမည်းသင်းသူ မဟုတ်နိုင်ဟု တွက်၍ရသည်။ သိမ်ကုန်းသူလည်း မဖြစ်နိုင်။ ရမည်းသင်းမြို့ပေါ်မှ အမျိုးသမီးများပင်လျှင် အဝတ်အဆင် ခပ်ရိုးရိုး ရှိကြလေရာ သိမ်ကုန်းရွာသူသည် ဘယ်မှာ ဆန်းဆန်းပြားပြား ဝတ်ဆင်ပါမည်နည်း။

အဝတ်အဆင် ခေတ်ဆန်ဆန်ရှိသော်လည်း ဆံပင်ထုံးဖွဲ့ပုံကတော့ ရန်ကုန်သူနှင့် မတူပြန်။ ဆံပင်ကို နောက်စိတွင် ကျစ်ကျစ်လျစ်လျစ် ထုံးနှောင်ထားသည်။ ဆံနွယ်ဆံစများမရှိဘဲ ရှင်းနေသည်မို့ သူမမျက်နှာမှာ ပြောင်တင်းတင်း ဖြစ်နေ၏။ မျက်နှာပေါ်တွင် သနပ်ခါး၊ မိတ်ကပ်၊ ပေါင်ဒါ အရှိ၊ သို့ပေမယ့် လို့ နှုတ်ခမ်းကိုတော့ ပန်းရောင်ဖျော့ဖျော့ဆိုးခြယ်ထားသည်။ နားနှစ်ဖက်၌ မဟူရာ နားကပ်ပန်ဆင်ထား၏။ သူမ ရင်သည် မောက်ဖြိုးခြင်း မရှိလှ။ ခါးကျဉ်၍ တင်ကားသည်ဟု ထင်ရသည်။ အရပ်မနိမ့်မမြင့်ရှိသည်။

အမျိုးသမီးမှာ အရုပ်ဆိုးသည်ဟု မပြောသာသော်လည်း အလှစာရင်းဝင် မဟုတ်သည်ကတော့ သေချာပါသည်။ ဦးဖြူသီးနှင့် ဦးချစ်မောင် စကားအပြတ်တွင် ခြုံသံကို ကြားရတတ်သည်။ တစ်စတစ်စနှင့် သိမ်ကုန်းရွာဘက်သို့ နီးလာပြီ။ မျက်နှာချင်းဆိုင်မှ ဒတ်ဆန်ဗင်ကား တစ်စီးလာနေသည်နှင့် မြင်းလှည်းကို ဘေးကပ်ရှောင်မောင်းသည်။ ဒတ်ဆန်းကားမှာ နွားနို့နှစ်ရောင် ဖြစ်သည်။ ရှေ့ခန်း၌ ဒရိုင်ဘာနှင့်အတူ လူဝကြီးတစ်ယောက်ကို မြင်တွေ့ရသည်။ လူဝကြီးသည် ကျွန်တော်တို့ မြင်းလှည်းပေါ်မှ အမျိုးသမီးကို ပြုံးပြသည်။ အမျိုးသမီးကလည်း ပြန်၍ ပြုံးပြသည်။ ဤနှယ်မြင်တွေ့ရခြင်းဖြင့် လူဝကြီးနှင့် အမျိုးသမီးမှာ အသိအကျွမ်းဖြစ်မည်ဟု မှတ်ယူနိုင်ပါ၏။

ဒတ်ဆန်းကား၏နောက်ပိုင်းတွင် လူလည်းမပါ၊ ကုန်ပစ္စည်းလည်း မပါ၊ ဗလာသက်သက်ဖြစ်သည်။ ခဏအတွင်းမှာပင် ဒတ်ဆန်းကားနှင့် မြင်း



www.burmeseclassic.com

www.burmeseclassic.com



လှည်း ဝေးကွာသွား၏။ ဖုန်များ ဒတ်ဆန်းကားနောက်တွင် ဝဲပျံကျန်ရစ်ခဲ့လေသည်။

"သူငယ်မက ဘယ်ကိုသွားမှာလဲ၊ သိမ်ကုန်းကိုပဲလား"

ဦးဖြူသီးက အမျိုးသမီးအား စတင်၍ အမေးအမြန်းပြုသည်။ အမျိုးသမီးက နှုတ်ဖြင့် မဖြေဘဲ ခေါင်းညိတ်သည်။ သူမသည် မြင်းလှည်းပေါ်၌ ပါလာကြသော ခရီးဖော်များနှင့် ရင်းနှီးလိုဟန် မရှိပါ။

"သိမ်ကုန်းမှာပဲ နေသလား"

ဦးဖြူသီးသည် အလိုက်မသိသလို မေးသည်။

"ဟင့်အင်း ... မနေပါဘူး"

အမျိုးသမီးက အသံခပ်ဝဲဝဲနှင့် တိုတိုဖြေသည်။ နောက်ထပ်၍ အမေးအမြန်းမပြုစေလိုသော အရိပ်လက္ခဏာများ သူမမျက်နှာတွင် ပေါ်လွင်နေ၏။

"ဒါဖြင့် ... ဘယ်မှာနေတာလဲ၊ သိမ်ကုန်းကို အလည်လာတာလား"

ဦးဖြူသီးက မေးပြန်သည်။ အမျိုးသမီးက သက်ပြင်းရှိုက်သည်။ စိတ်ရှုပ် သွားဟန်ရှိ၏။ ဦးဖြူသီးအမေးကို မဖြေဘဲ စူးရှသောမျက်လုံးများနှင့် ဦးဖြူသီး မျက်နှာကို စူးစိုက်ကြည့်နေသည်။ ယင်းမှာ အလိုမကျကြောင်း ဖော်ပြနေခြင်းဖြစ်လေသည်။

"စိတ်မရှိပါနဲ့ သူငယ်မ၊ ခရီးဖော်ချင်းမို့ အသိအကျွမ်းဖွဲ့တာပါ၊ ကျုပ်တို့နဲ့ အသိမဖြစ်ချင်ဘူးဆိုရင်လဲ နေလို့ရပါတယ်"

ဦးဖြူသီးက ပြုံးရင်းပြောသည်။ အမျိုးသမီး ဦးဖြူသီးကို မကြည့်တော့ဘဲ မျက်နှာလွှဲဖယ်ပစ်လိုက်သည်။

"ကျုပ်တို့ သိမ်ကုန်းရွာကို ရှမ်းပြည်နယ်ဘက်က ကုန်သည်တွေလာကြပါတယ်၊ သူတို့လာတာကတော့ လမ်းရိုးလမ်းစဉ်က လာကြတာမဟုတ်ပါဘူး၊ တောင်ကြားလမ်းကနေပြီး အထုပ်အပိုးနဲ့ဖြစ်စေ၊ နွားဝန်တင်များနဲ့ဖြစ်စေ လာကြတာပါ"

ဦးချစ်မောင်က ပြောသည်။

"ဦးချစ်မောင်တို့ သိမ်ကုန်းရွာဟာ ရှမ်းပြည်နယ်နဲ့မဝေးဘူးဆိုပါတော့"

ဦးဖြူသီးက စိတ်ဝင်စားသလို မေးသည်။

"ဟုတ်ကဲ့ ... ကလောနဲ့ဆို လမ်းခရီးမှာ တစ်ညပဲ အိပ်ရတယ်လို့ ပြောကြပါတယ်"

"သူတို့က ဘာကုန်တွေ လာရောင်းကြသလဲ"

"လက်ဖက်စို၊ လက်ဖက်ခြောက်နဲ့ ခေါပုတ်တို့၊ ကြက်သွန်ဖြူတို့ လာရောင်းကြပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းသည် သိမ်ကုန်းရွာဝသို့ ရောက်လာပြီး ဦးဖြူသီးနှင့် ဦးချစ်မောင်တို့လည်း စကားစ ပြတ်သွားကြသည်။

သိမ်ကုန်းမှာ ရွာဆိုသော်လည်း သာမန်မဟုတ်။ အတော်ခန့်ထည်သည်။ အိမ်ကြီးအိမ်ကောင်းတွေ ပေါများသည်။ တိုက်တာတွေလည်း ရှိသည်။ ကျောက်လမ်းများ ခင်းထားသည်မို့ မြို့ငယ်တစ်မြို့နှင့်အလား သဏ္ဌာန်တူနေသည်။ ရွှေမြင်တင်ဘုရားသို့သွားရာ ရွာလယ်လမ်းမကြီးမှာ ကတ္တရာခင်းထားသည်။ ဦးချစ်မောင်၏အိမ်သည် ထိုလမ်းမကြီးကို မျက်နှာပြုလုပ်ဆောက်လုပ်ထားသည်။ အုန်း ၄ ဘက်ချ သစ်သားအိမ်မြင့်ကြီးဖြစ်၏။ အတန်အသင့်ဟောင်းအိုနေသော်လည်း ထုထည်ကြီးသော သစ်များနှင့်ဆောက်လုပ်ထားသည်မို့ ခိုင်ခန့်သည်။ အိမ်ရှေ့တွင် မြင်းလှည်းရပ်တော့ ကျွန်တော်တို့ မြင်းလှည်းပေါ်က ဆင်းခဲ့ကြသည်။ ကျွန်တော်တို့ဆင်းပြီးနောက် မြင်းလှည်း ဆက်လက်မောင်းသွားသည်။ အမျိုးသမီး မြင်းလှည်းပေါ်ပါသွား၏။

ကျွန်တော့်မျက်စိသည် အမျိုးသမီးများကိုဆိုလျှင် မြင်လွယ်တတ်လွန်းသည်။ မြင်းလှည်းပေါ်မှဆင်းပြီး အိမ်ဝင်းထဲဝင်လာစဉ် ပြတင်းပေါက်မှ အမျိုးသမီး၏ ကိုယ်တစ်ပိုင်းကို လှမ်းမြင်လိုက်ရသည်။ မြင်သည့်တစ်ခဏမှာပင် ထိုအမျိုးသမီးမှာ ချောမောလှပသူဖြစ်ကြောင်း ကျွန်တော်အတည်ပြုဖြစ်၏။ အမျိုးသမီးသည် ကျွန်တော်အကြည့်ကို မခံလို၍လားမသိ၊ ပြတင်းပေါက်မှ ပျောက်ကွယ်သွားသည်။ သို့ပေမယ်လို့ အမျိုးသမီး၏ပုံလွှာ ကျွန်တော့်အာရုံ၌ ထင်ကျန်ရစ်ခဲ့လေသည်။ အတွေးဆက်သည်။ 'ဦးချစ်မောင်၏ သမီးလော၊ တူမလော၊ နှမလော၊ ခယ်မလော၊ အ သာမိကလော၊ သာမိကလော၊' မည်သို့ဆိုစေ မိမိတည်းခိုမည့်အိမ်တွင် အမျိုးသမီးတစ်ယောက်ရှိနေသည်ကို သိရတော့ စိတ်မှာ ပျော်သလို ရှိနေသည်။ အတွေးမြူးမြူးနှင့် အိမ်လှေကားကို တက်ခဲ့သည်။

"မချစ်ရေ ... ဧည့်သည်တွေ ပါတယ်ဟေ့"

အိမ်တံခါးဝရောက်တော့ ဦးချစ်မောင်က အတွင်းခန်းဘက် လှမ်းအော်ပြောသည်။ တစ်ခဏအတွင်းမှာပင် ဦးချစ်မောင်နှင့် ရွယ်တူခန့် မွန်မွန်ရည်ရည် ရုပ်ရည်ရှိသော အမျိုးသမီးကြီးတစ်ယောက် အခန်းထဲမှ ထွက်လာသည်။

"ကြွကြပါရှင် ... ထိုင်ကြပါ"

အမျိုးသမီးကြီးက ဖိတ်မန္တကပြုပြီး ကျွန်တော်တို့အတွက် နေရာထိုင်ခင်းများ ပေးသည်။

"ဦးဖြူသီး ... အဲဒါကျုပ်ဇနီးပဲ၊ နာမည်က မချစ်မေတဲ့"

ဦးချစ်မောင်က သူ့ဇနီးနှင့် ဦးဖြူသီးကို မိတ်ဆက်ပေးသည်။ ကျွန်တော်နှင့်တော့ အထူးတလည် မိတ်ဆက်မပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာဝမ်းသာပါတယ် မချစ်မေ၊ ကျုပ်တို့က ရန်ကုန်ကနေ ရမည်းသင်းကို အလည်လာကြတာပါ၊ ရမည်းသင်းမှာ ဦးချစ်မောင်နဲ့တွေ့ကြပြီး သိမ်ကုန်းကို လိုက်လာကြတာပါပဲ၊ သိမ်ကုန်းလာတာတဲ့ ကိစ္စတွေကတော့ ရွှေမြင်တင်ဘုရားလဲဖူးရင်း ဟောဒီစာရေးဆရာကလဲ လေ့လာချင်တယ် ဆိုလို့ပါ"

ဦးဖြူသီးသည် ပြောရင်းနှင့် ကျွန်တော့်ကို မေးထိုးပြသည်။ ဒေါ်ချစ်မေ၏ မျက်နှာမှာ ရွှင်လန်းတောက်ပလာသည်။

"ဩော် ... မောင်ရင်က စာရေးဆရာကိုး"

ဒေါ်ချစ်မေ ကျွန်တော့်ကို စူးစိုက်ကြည့်ပြီး ပြောသည်။

"ဟုတ်ကဲ့ ... ခင်ဗျ၊ ကျွန်တော့်ကလောင်အမည်က တင့်ဆန်းပါ"

"အင်း ... အင်း ... ဒေါ်ဒေါ်မဂ္ဂဇင်းတွေထဲမှာ မောင်ရင့်ဝတ္ထုတွေ ဖတ်ဖူးတယ်။ ဒေါ်ဒေါ်က မဂ္ဂဇင်းပဲ ဖတ်တယ်။ လုံးချင်းဝတ္ထုတော့ မဖတ်ဘူး။ ဩော် ဒါနဲ့ စာရေးဆရာ နေသွေးနီဆိုတာ သိသလား"

"ဟုတ်ကဲ့ ... ဆရာနေသွေးနီနဲ့ ရင်းနှီးပါတယ်"

"ဒေါ်ဒေါ်တို့ သိမ်ကုန်းသားပဲ၊ ဒေါ်ဒေါ်တို့ ဆွေထဲမျိုးထဲကပါပဲ၊ သူ့နာမည် က မောင်တင်မြင့်တဲ့ ခုရုပ်ရှင်ဒါရိုက်တာ ဖြစ်နေ ဆိုလားပဲ"

"ဟုတ်ကဲ့ ... ရုပ်ရှင်ကားတစ်ကား ရိုက်နေပါတယ်"

"မမျှော်လင့်ဘဲ ဒေါ်ဒေါ်တို့အိမ်ကို စာရေးဆရာရောက်လာတာ ဝမ်းသာပါတယ်၊ ဒါထက် ခုတလော မောင်ရင့်ဝတ္ထုတွေ မဂ္ဂဇင်းတွေမှာ သိပ်မတွေ့ပါလား"

"ဟုတ်ကဲ့ ... ခင်ဗျ၊ လုံးချင်းဝတ္ထုတွေရေးနေတာနဲ့ မဂ္ဂဇင်းမှာ သိပ်မရေးဖြစ်ပါဘူး"

"ဩော် ... ဟုတ်လား၊ အိမ်က ကလေးတွေတော့ လုံးချင်းဝတ္ထုစာအုပ်တွေ ဝယ်လာတာတွေ့တာပဲ၊ မောင်ရင့် ဝတ္ထုတွေလဲ ပါတယ် ထင်ပါရဲ့။ လုံးချင်းဝတ္ထုအဖတ်ဆုံးကတော့ မမြင့်သောင်းပဲ။ သူ့ဆီမှာ မောင်ရင့်ဝတ္ထုပါသလား မေးကြည့်ရဦးမယ်၊ ကဲ ... သက်သာသလိုနေကြပါ၊ ဘာမှ အားမနာပါနဲ့၊ ဒေါ်ဒေါ် နောက်ဘေးမှာ စီစဉ်စရာလေးတွေရှိလို့ ခွင့်ပြုပါဦး"

ဒေါ်ချစ်မေသည် ပြောပြီး အခန်းထဲဝင်သွား၏။ ဦးချစ်မောင်လည်း ဘယ်ရောက်သွားသည်မသိ၊ ဧည့်ခန်းတွင် ဦးဖြူသီးနှင့် ကျွန်တော် နှစ်ယောက်တည်းသာ ရှိသည်။

"ဦးဖြူသီး ခံလိုက်ရတာတွေ့တော့ ကျွန်တော် ဝမ်းသာလိုက်တာ"

ကျွန်တော်က ပြောပြီး ပြာခံခွက်ထဲ စီးကရက်ပြာကို ခြေလိုက်သည်။

"ဘာခံရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

● ❒ တင့်ဆန်း

သူမျက်လုံးပြူးနှင့် ကျွန်တော့်ကိုကြည့်၍ မေး၏။ ကျွန်တော် ပြုံးလိုက်ပါသည်။

"မြင်းလှည်းပေါ်မှာတုန်းက အမျိုးသမီးကို ဦးဖြူသီး သွားပြီး မိတ်ဖွဲ့တာ အမျိုးသမီးက လက်မခံဘူးလေ"

"ဪ ... ဒါကိုမင်းက ဝမ်းသာနေတာလား၊ ငါမိတ်ဖွဲ့တာက မင်းလိုငမ်းပြီး မိတ်ဖွဲ့တာမျိုး မဟုတ်ပါဘူး။ အကြောင်းရှိလို့ပါ"

"ဘာအကြောင်းလဲ"

ကျွန်တော်ပြုံးနေသော မျက်နှာကို တည်လိုက်ပြီးမေး၏။

"မြင်းလှည်းပေါ်ပါလာတဲ့ အမျိုးသမီးကို မင်းဘယ်လိုထင်သလဲ"

ကျွန်တော်အမေးကိုမဖြေဘဲ သူက ပြန်မေး၏။

"မာနကြီးပြီး စိတ်တိုဟန်ရှိတဲ့ ရှမ်းမတစ်ယောက်ဆိုတာထက် ပိုပြီးဘယ်လိုမှ မထင်တတ်ပါဘူး"

ကျွန်တော်ပြောတော့ ဦးဖြူသီးပြုံးသည်။

"ဦးဖြူသီးက ဘယ်လိုထင်လို့လဲ"

ကျွန်တော် သူ့မျက်နှာကို ငေးကြည့်ရင်းမေး၏။

"ငါလဲ မင်းထင်တာထက် ဘာပိုထင်တတ်မှာလဲ"

ပြောပြီး အသံထွက်ရယ်သည်။

ထိုစဉ် အမျိုးသမီး တစ်ယောက် ရေနွေးကရား ထည့်ထားသော လင်ဗန်းကိုသယ်ယူလျက် အခန်းတွင်းမှ ထွက်လာသည်။ အမျိုးသမီးမှာ စောစောကမြတင်းပေါက်တွင် ကျွန်တော် မြင်လိုက်သော အမျိုးသမီးပင် ဖြစ်ပါသည်။

အနီးကပ်မြင်ရတော့မှ အမျိုးသမီးက ပို၍ လှနေသည်။

"ဆရာတို့၊ လက်ဖက်ရည်ကြမ်း သုံးဆောင်ကြပါရှင်"

အမျိုးသမီးသည် ကျွန်တော်တို့ရှေ့ရှိ စားပွဲပေါ်တွင် လက်ဖက်ရည်ကြမ်းပွဲကို ချလိုက်ပြီးပြော၏။ လက်ဖက်ရည်ကြမ်းပွဲတွင် လက်ဖက်သုပ်ပန်းကန်ပါလာသည်ကို ကျွန်တော် သတိပြုလိုက်မိပါသည်။

အမျိုးသမီးသည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာထိုင်လေသည်။ သူမအမူအရာမှာ ကျွန်တော်တို့အား အလွန်ရိုသေ ကိုင်းရှိုင်းသော အမူအရာမျိုးဖြစ်နေသည်။

"လက်ဖက်လဲ သုံးဆောင်ကြပါရှင့်"

သည်အပြောကလေးမှာ မန္တလေးသံပေါက်သဖြင့် ကျွန်တော် အမျိုးသမီးကို စူးစိုက်ကြည့်လိုက်မိသည်။ သူမက ခေါင်းငုံ့ထားရာမှ ကျွန်တော့်ကိုမော့အကြည့်နှင့် မျက်လုံးချင်းတိုက်ဆိုင်မိသွားသောအခါ သူမရင်တွင် မည်သို့



www.burmeseclassic.com

www.burmeseclassic.com



ခံစားရလေသည်မသိ။ ကျွန်တော်ရင်ထဲမှာတော့ ရှိန်းမြမြ ဖြစ်သွားရ၏။ အမျိုးသမီးက မျက်လွှာချပစ်လိုက်သည်။

"တူမက မန္တလေးက ထင်ပါရဲ့"

"မြင့် မန္တလေးက မဟုတ်ပါဘူး ... မြစ်သားကပါ"

ဦးဖြူသီးမေးတော့ အမျိုးသမီးက ပြန်ဖြေသည်။ သည်အဖြေစကားကြားလျှင်ကြားချင်းပင် စောစောက ဒေါ်ချစ်မေ ပြောသွားသော စကားထဲမှ မမြင့်သောင်း ဆိုသောအမည်ကို ပြေး၍သတိရလိုက်မိသည်။ မိမိရှေ့မှောက်တွင် ရောက်ရှိနေသော အမျိုးသမီးနှင့် မမြင့်သောင်းဆိုသောအမည်ကို ဆက်စပ်ကြည့်နေမိသည်။ မြင့်ဆိုသော စကားလုံး ပါလာသည်ဖြစ်သောကြောင့် သူမအမည် မမြင့်သောင်းဖြစ်ရမည်ဟု မှတ်ချက်ချလိုက်ပါသည်။

"မြင့် နောက်ဖေးမှာ လုပ်စရာလေးတွေ ရှိနေသေးလို့ ခွင့်ပြုပါဦး"

အမျိုးသမီးက ပြောပြောဆိုဆို ထိုင်ရာမှထသည်။ ကျွန်တော်တို့အား ရှိသေလေးစားဟန်ဖြင့် ခေါင်းငုံ့ထွက်ခွာသွားလေသည်။ သူမ ထွက်ခွာသွားပြီး ခဏအကြာတွင် ဦးချစ်မောင် ရောက်လာသည်။

"ဦးဖြူသီးတို့ ရေချိုးကြပါလား"

ဦးချစ်မောင်က ပြောသည်။ သူ့ကိုယ်တွင် ဖြူစင်သော စွပ်ကျယ်နှင့် သန့်ရှင်းသော ချည်လုံချည်တပတ်ရစ်ကို ဝတ်ဆင်ထားသည်မို့ ဦးချစ်မောင် ရေချိုးခဲ့ပြီးကြောင်း ထင်ရှားနေသည်။

"အင်း ... ရေတော့ ချိုးရဦးမယ်၊ ရမည်းသင်းမှာတုန်းက ရေရှားလို့ အားနာတာနဲ့ သိပ်မချိုးဖြစ်ဘူး"

"ချိုးပါဗျာ ... အားမနာတမ်းချိုးပါ၊ ရေပေါပါတယ်"

ဦးချစ်မောင်က အားရပါးရပြောလေသည်။ ကျွန်တော့်အတွေးထဲတွင် အမျိုးသမီးရုပ်ပုံလွှာ ထင်နေသည်။ မမြင့်သောင်းဆိုသော အမည်ကိုလည်း ကြားယောင်နေသည်။ ထိုစဉ် အခန်းထဲမှ အမျိုးသမီးထွက်လာသည်။ ထွက်လာသူမှာ လက်ဖက်ရည်ကြမ်းပွဲ လာချပေးသော အမျိုးသမီးမဟုတ်ပါ။ အသက် ၁၃ နှစ်အရွယ်၊ အသားမည်းမည်း၊ ပိန်ပိန် ဖြစ်သည်။

"ဟဲ့ ... မမြင့်သောင်း၊ ဧည့်သည်တွေရေချိုးဖို့ အသင့်ပြင်ထားလို့ နင့် အမေကို သွားပြောစမ်း"

ဦးချစ်မောင် ပြောစကားကြားတော့ ကျွန်တော်မှာ ကိုယ့်နဖူးကိုယ် လက်ဝါးနှင့်မရိုက်မိအောင် မနည်း သတိထား၍ ချုပ်တည်းလိုက်ရသည်။

ကျွန်တော် ဆက်စပ်တွေးထင်ခဲ့သမျှများမှာ အားလုံးသည်မှားယွင်းကြကုန်သည်။ ကျွန်တော် မမြင့်သောင်းဆိုသူမှာ ချောမောလှပသော အမျိုးသမီး

www.burmeseclassic.com



ဖြစ်ရမည်ဟု ထင်မှတ်ခဲ့သည်။ ထိုအမျိုးသမီးသည် လုံးချင်းဝတ္ထုတွေ အများကြီးအတော်သည်ဆိုတော့ သူမ ဖတ်သောစာအုပ်များထဲ၌ ကျွန်တော်ရေးသော ဝတ္ထုတွေပါရမည်ဟု ယုံကြည်သည်။ ဒါကြောင့်လည်း ကျွန်တော့်ကို ရိုရိုသေသေ လေးလေးစားစား ရှိနေသည်ထင်၏။ ကိုယ့်စာဖတ်ပရိသတ်သည် ချောမောလှပသော မိန်းမပျိုတစ်ယောက် ဖြစ်နေပါသည်ဟု သိရလေသောအခါ အဘယ်စာရေးဆရာသည် ဝမ်းမသာဘဲ ရှိချိမ့်မည်နည်း။

စာရေးဆရာဆိုသည်မှာလည်း ပုထုဇဉ်သားပင် မဟုတ်ပါလား။ ပုထုဇဉ်တို့ မည်သည် ဣဋ္ဌာရုံကိုနှစ်သက်မြဲ၊ အနိဋ္ဌာရုံကို ရွံရှာမြဲ၊ စက်ဆုပ်မြဲ၊ ခုပင်ကြည့်လေ၊ ကိုယ်ထင်တွေးသလို မဟုတ်မှန်းသိရတော့ ကျွန်တော် အကြီးအကျယ် စိတ်ပျက် သွားမိပါသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

## စံပယ်ပွင့်နှင့်လူ

လေတဖြူးဖြူးတိုက်ခတ်နေသည်။

ငွေရေပြင်ဝယ် လှိုင်းမောက်ကလေးများ ကြွမြူးနေသည်။

ရေပြင်၏ပတ်လည်တွင် စိမ်းစိုသောသစ်ပင်များဖြင့် အနားသတ်ထားသည်။ သို့ပေမယ်လို့ အနားသတ်စိမ်းမှာ ညီညာခြင်းမရှိပါ။ အချို့နေရာတွင် ချိုင့်၍၊ အချို့နေရာသည် ခုံမောက်နေ၏။

ယင်းသို့ မညီမညာဖြစ်နေခြင်းသည်ကပင် အနုပညာဆန်နေသည်။ ရေ ပြင်တွင် ပြေးလွှားလှုပ်ရှားနေသော လှိုင်းမောက်များက အနားသတ်စိမ်းကို ပြေး၍ ပြေး၍ တို့ကစားနေသည်။ သဘာဝသည် အနုပညာဆန်သော ရုပ်ပြဒ်များကို အဆက်မပြတ် ထုတ်လုပ်ပေးနေသည်။ တိမ်တောင်တိမ်လိပ်များ၊ ရေမြေတောတောင်စသည်များမှာ သဘာဝက ထုတ်လုပ်ပေးနေသော ရုပ်ဒြပ်များဖြစ်လေသည်။ ထို့ကြောင့် ယင်းအရာအားလုံးမှာ တိရိညီညာခြင်းမရှိ၊ ခိုင်မြဲစွာ ရပ်တည်နေခြင်းလည်းမရှိ၊ အစဉ်သဖြင့် လှုပ်ရှားပြောင်းလဲနေကြသည်သာ။ တောတောင်ရေမြေတို့သည် နေအရောင်၊ လအရောင်၊ ညအရောင် တို့တွင် အဆင်အသွေး ပြောင်းလွဲကြခြင်းရှိလေသည်။ ယင်းသို့ ပြောင်းလဲခြင်းသည်ပင် အနု



www.burmeseclassic.com

www.burmeseclassic.com



ပညာသဘောကို ဆောင်ယူသည်။ လူတို့ သဘာဝအလှကို ရှုမောကြခြင်းမှာ အနုပညာဆောင်ယူထားသည်ကို နှစ်သက်ကြသောကြောင့် ဖြစ်၏။

အပြောင်းအလဲ မရှိသောနံရံများ၊ ကျောက်တုံးကြီးများကို အဘယ် လူသားသည် ကြာရှည်စွာ စူးစိုက်ငေးမော၍ ကြည့်နေပါမည်နည်း။

ကျွန်တော်သည် အနုပညာသဘောဆောင်ယူထားသော ရေပြင်ကို လည်းကောင်း၊ အနုပညာသဘောဆောင်ယူထားသော အနားသတ်စိမ်းကို လည်းကောင်းငေးမော၍ ကြည့်နေမိသည်။ ကျွန်တော့်အနီးမှ လေးလေးမြင့်သည် လည်း ကျွန်တော့်နည်းတူ ငေးကြည့်နေပါသည်။

လေတဖြူးဖြူး တိုက်ခတ်နေ၏။

ကျွန်တော်တို့ကိုယ်တွင် ဝတ်ဆင်ထားသော အဝတ်အထည်မှ အစွန်း အစများ၊ ဆံပင်အစအနများမှာ အငြိမ်မနေနိုင်ရှာဘဲ လှုပ်ခတ်နေသည်။ ကျွန် တော်တို့ နှစ်ယောက် ရပ်နေကြသည်မှာ သစ်ဆုံညှော့ရိပ်သာမှ လသာဆောင် ဖြစ်လေသည်။

လသာဆောင်မှာ ညှော့ရိပ်သာ၏အမိုးပေါ်တွင် ဖြစ်သည်။ လှေကား လိမ်မှ တက်ကြရသည်။ ထိုနေရာမှနေ ကြည့်လေသောအခါ၊ သစ်ဆုံရေပြင်၏ အကျယ်အဝန်း အပြန့်အပြူးမှန်သမျှ မကြွင်းမကျန်မြင်ရသည်။ အစကတော့ ကျွန်တော်တို့အဖွဲ့မှ လူများအားလုံး လသာဆောင်သို့ တက်ကြသည်။ သို့သော် လည်း သူတို့သည် လသာဆောင်ပေါ်တွင် ကြာရှည်မနေ ဆင်းသွားကြသည်။ ကျွန်တော်နှင့် လေးလေးမြင့်သာ လသာဆောင်ပေါ်မှာ ကျန်နေခဲ့ကြ၏။

"သိပ်ပြီးသာယာတာပဲနော်"

တိတ်တိတ်ဆိတ်ဆိတ် ရှိနေကြရာမှ လေးလေးမြင့်ကစ၍ အသံပြု သည်။ ကျွန်တော်ငေးနေရာက သူမဘက် လှည့်ကြည့်လိုက်ပါသည်။ သူမသည် ကျွန်တော့်ကိုမကြည့်၊ ရေပြင်ဆီတွင်သာ အကြည့်ရှိသည်။ အနက်ရောင် ခေါင်း စည်း ပဝါအစနှင့် ဆံနွယ်ဆံစများ လေတွင် လှုပ်ခါနေသည်။

"လေးလေးမြင့်အရင်က ဒီသစ်ဆုံဆည်ကို မရောက်ဖူးသေးဘူးပေါ့"

ကျွန်တော်က သူမကို စူးစိုက်ကြည့်ပြီး မေးသည်။

"ဟုတ်တယ် ... မရောက်ဖူးသေးဘူး၊ ခုလဲဆရာတို့နဲ့မို့ ဒီကိုရောက် ရတာ၊ မဟုတ်ရင်ရောက်ရဖို့ မလွယ်ဘူး"

လေးလေးမြင့်သည် ရေပြင်ကိုသာ ငေးကြည့်နေရင်းပြော၏။

ဟုတ်တော့ ဟုတ်သည်။ သစ်ဆုံဆည်မှာ ရမည်းသင်းနှင့် ဝေးပြီး မဝေးကွာလှသော်လည်း သွားရေးလာရေးအတွက် ခရီးလမ်းက ခက်ခဲသည်။ သစ်ဆုံဆည် သွားရာ ခရီးတွင် ရေသွယ်မြောင်းပေါင်များ ရှိသော်ငြားလည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုမြောင်းများပေါ်သို့ အရပ်သားကားများကို မောင်းနှင်ခွင့်မပြု ဒါကလည်း မှန်ကန်သော ပညတ်ချက် ဖြစ်သည်။ လူတကာ ကားတွေ ဥဒဟို မောင်းနှင်ခွင့် ပြုထားပါက ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ဖို့လုပ်ထားသော မြောင်းပေါင်များ ပျက်စီးသွားနိုင်သည်။ သို့ကြောင့် မြောင်းပေါင်တွင် အရာရှိကားများသာ သွားလာမောင်းနှင် နိုင်ခွင့်ရှိပြီး အရပ်သားကားများကို မြောင်းပေါင်အောက် မြေပြင်မှ မောင်းနှင်ရန် ခွဲခြားသတ်မှတ်ပေးထားခဲ့ခြင်း ဖြစ်လေသည်။

မြေပြင်လမ်းမှာ ဗွက်များ၊ ကျင်းချိုင့်များ ထူပြောသောလမ်းကြမ်း ဖြစ်သည်။ သို့ကြောင့် သစ်ဆုံဆည်သို့ အလည်အပတ်သွားရန် ကားငှားမည်ဆိုလျှင် မည်သည့်ကားမှ မလိုက်ချင်ကြ။ ကျွန်တော်တို့ ယခုလိုလာရောက်နိုင်ခြင်းမှာ ဆည်မြောင်းဌာနမှ အရာရှိဦးသန်းတန်၏ ကျေးဇူးကြောင့် ဖြစ်ပါသည်။ ဦးသန်းတန်နှင့် ကျွန်တော်သိကျွမ်းရသည်မှာလည်း မကြာသေး။ သိမ်ကုန်းရောက်ပြီး နောက်တစ်နေ့တွင် ကျွန်တော်တို့ ရွှေမြင်တင်ဘုရားကို ဘုရားဖူးသွားကြသည်။ ရွှေမြင်တင်ဘုရားမှာ ကုန်းမြင့်ပေါ်တွင် တည်ရှိ၏။ သံစောင်းတန်းများ သွယ်ထားသည်။ ထိုသံစောင်းတန်းများသည် ရသေ့ဦးခန္တီ၏ ကျေးဇူးကြောင့် ယခုနှယ် တည်ရှိ နေခြင်းဖြစ်၏။

ရွှေမြင်တင်တောင်ကုန်းမှာ အတော်မြင့်သည်မို့ မောအောင်တက်ရသည်။ အင်္ကျီ၌ချွေးစိုသည်အထိ အပင်ပန်းခံရသည်။ ကျွန်တော်တို့အဖွဲ့မှာ ဦးဖြူသီး၊ ကျွန်တော်နှင့် ဦးချစ်မောင် အိမ်သားများဖြစ်၏။ ဦးချစ်မောင်အိမ်သားများတွင် လေးလေးမြင့် ပါလာသည်။ စင်စစ်လေးလေးမြင့်သည် ဦးချစ်မောင် မိသားစု မဟုတ်။ သူမသည် မြစ်သားမြို့သူဖြစ်၍ သမဝါယမဌာန ဝန်ထမ်းအဖြစ်နှင့် သိမ်ကုန်းကို ရောက်ရှိနေခြင်း ဖြစ်လေသည်။ ဦးချစ်မောင်တို့အိမ်၌ ထမင်းလခပေးစားပြီး နေထိုင်ခြင်းဟုသိရသည်။ ကျွန်တော်တို့သည် ရွှေမြင်တင်ဘုရားရင်ပြင်ရှိ အာရုံခံတန်ဆောင်းတွင် နားနေကြစဉ် ဦးသန်းတန် တို့အဖွဲ့ ရောက်ရှိလာသည်။ ဦးသန်းတန်နှင့် ဦးချစ်မောင်မှာ သိကျွမ်းပြီးသူများ ဖြစ်ကြ၏။ ဦးချစ်မောင်က ကျွန်တော်တို့အား ဦးသန်းတန်နှင့် မိတ်ဆက်ပေးသဖြင့် သိကျွမ်းလာရခြင်း ဖြစ်လေသည်။ သိကျွမ်းပြီးနောက် စကားပြောရင်းနှင့် ခင်မင်လာသည်။

ဤတွင် ဦးသန်းတန်က သစ်ဆုံဆည်ကို လေ့လာလိုလျှင် လိုက်ပို့ပေးမည် ဆိုသဖြင့် တနင်္ဂနွေနေ့ကို ရက်ချိန်းကြကာ သစ်ဆုံသို့ ပျော်ပွဲစား လေ့လာရေးခရီး ထွက်ခဲ့ကြခြင်း ဖြစ်ပါသည်။

ပျော်ပွဲစားလေ့လာရေးအဖွဲ့တွင် ဦးသန်းတန်မိသားစု၊ ဦးချစ်မောင် မိသားစုနှင့် လေးလေးမြင့်၊ ကျွန်တော် ဦးဖြူသီးစသည်ဖြင့် အားလုံး လူ ၁၃



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်သည်။ ကျွန်တော်တို့အား နံနက်စောစောကပင် ဦးသန်းတန်က သိမ်ကုန်းသို့ တိုယိုတာဘင်ကားနှင့် လာခေါ်ခြင်းဖြစ်၏။

သစ်ဆုံဧည့်ရိပ်သာ အုတ်တိုက်ဖြစ်၍ အတော်ခမ်းနားသည်။ ခန်းမဆောင်ကြီးအပြင် အိပ်ခန်း၊ ထမင်းစားခန်းများလည်း ရှိသည်။ ကုလားထိုင်၊ စားပွဲ ရေစစ်အိုး၊ မှန်တင်ခုံ စသည်ဖြင့် ဘာမျှလိုလေသေးမရှိ။ ကျွန်တော်တို့သည် ဧည့်ရိပ်သာအတွင်းသို့ လေ့လာရုံလောက်သာ ဝင်ကြည့်ကြပြီး ဆည်စောင့် အိမ်နားရှိ သစ်ပင်ရိပ်၌ စခန်းချကြရန် ပြင်ဆင်ထားသည်။ တိုက်ဧည့်ရိပ်သာနှင့် မလှမ်းမကမ်းတွင် သစ်ဖြင့်ဆောက်လုပ်ထားသော ဧည့်ရိပ်သာဟောင်းကို လှမ်းမြင်ရသည်။

စခန်းချရာနေရာတွင် အဖွဲ့သူအဖွဲ့သားအချို့ ထမင်းဟင်းချက်ရန် ပြင်ဆင် နေကြစဉ် ကျွန်တော်နှင့်လူအချို့ ကန်စပ်သို့ဆင်းခဲ့ကြပြီး ဧည့်ရိပ်သာလသာဆောင်ယပေါ်သို့ တက်ခဲ့ကြသည်။ သူတကာတွေ လသာဆောင်မှ ပြန်ဆင်းသွားကြသော်လည်း ကျွန်တော်နှင့်လေးလေးမြင့်မဆင်းကြသေးဘဲ အနုပညာဆန်သော သဘာဝအလှကို ငေးမောကြည့်ရှုနေကြသည်။ သဘာဝသည် လေးလေးမြင့်နှင့် ကျွန်တော့်အား အချိန်ကြာမြင့်စွာ ဖမ်းစားဆွဲဆောင်ထားခဲ့လေသည်။

"ကိုယ်တော့ ဦးသန်းတန်ကို သိပ်ကျေးဇူးတင်တယ်၊ သူ့ကြောင့် ဒီကိုရောက်ရတာ၊ သဘာဝအလှကိုလဲ အားရပါးရကြည့်ရတယ်၊ ကမ္ဘာပေါ်မှာ အလှဆုံး၊ အချောဆုံး အမျိုးသမီးတစ်ယောက်ရဲ့အလှကိုလဲ အနှောင့်အယှက် မရှိဘဲ ကြည့်ခွင့်ရနေတယ်"

ကျွန်တော်က အမျိုးသမီးကို စူးစိုက်ကြည့်ပြီး ပြောပါသည်။ အမျိုးသမီး ရေပြင်ဆီသို့ငေးနေရာမှ ကျွန်တော့်ဘက်သို့ ဖျတ်ခနဲလှည့်ကာ ရွှန်းလဲ့တောက်ပသော မျက်လုံးများနှင့် ကျွန်တော့်မျက်နှာကိုကြည့်သည်။

"ဆရာ ကမ္ဘာအနှံ့ရောက်ဖူးသလား"

သူမက အလေးအနက်လိုမေးတော့ ကျွန်တော်ခေါင်းခါလိုက်သည်။

"ဒါနဲ့ ... ဘာပြုလို့ မြင့်ကို ကမ္ဘာမှာ အလှဆုံးလို့ ပြောရတာလဲ"

သူမအမေးကြားတော့ ကျွန်တော် တစ်ကိုယ်လုံး ပူထူရှိန်းဖိန်းသွားသည်။ မျက်နှာနှင့်နားရွက်မှာ ထူနေသလိုထင်ရ၏။ မြစ်သားသူက ကျွန်တော့်အား ရေရေလည်လည် နှံလိုက်လေပြီ။ သို့သော်လည်း အလျှော့ပေး၍မဖြစ်၊ ကြံဖန်ပြောရပေတော့မည်။

"ကိုယ်ဖတ်ဖူးတဲ့အထဲမှာ ကလီယိုပါထရာဟာ ကမ္ဘာပေါ်မှာအချောဆုံး၊ အလှဆုံးအမျိုးသမီးလို့ ဆုံးဖြတ်ခြင်းခံရတယ်လို့ တွေ့ရတယ်၊ ဒါပေမယ်လို့ ကလီယိုပါထရာ လေးလေးမြင့်လောက်မလှတာ သေချာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကပြောတော့ အမျိုးသမီးက ပြုံးသည်။ တစ်ဆက်တည်းမှာပင် အမေးစကား ထွက်လာပြန်သည်။

"ဆရာက ကလီယိုပါထရာကို တွေ့ဖူးလို့လား"

"တွေ့ဖူးပါတယ်"

"ဘယ်မှာ တွေ့ဖူးတာလဲ" အမျိုးသမီး စဉ်းစားသလိုရှိရင်းမှ မေးသည်။ ကျွန်တော်အဖြေမပေးဘဲ သူမကို ငေးကြည့်ပြီးပြုံးနေသည်။

"ဆရာ ... ကလီယိုပါထရာကို တကယ်တွေ့ဖူးတာလား"

သူမ ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်ပြီး မေးပြန်သည်။

"တကယ်တွေ့ဖူးတာပါ"

ကျွန်တော် ဣန္ဒြေရရပြောတော့ အမျိုးသမီး စဉ်းစားနေပြန်သည်။

"မဖြစ်နိုင်ပါဘူး၊ ကလီယိုပါထရာ ကွယ်လွန်ခဲ့တာ နှစ်ပေါင်းရာထောင်ရှိပြီဟာပဲ၊ ပြီး ... ဆရာ ဘယ်နိုင်ငံခြား တိုင်းပြည်မှလဲ မရောက်ဖူးဘူးဆို"

"နိုင်ငံခြားမရောက်ဖူးဘူးလို့ ကိုယ်မပြောမိပါလား"

"ဒါဖြင့် ဘယ်နိုင်ငံကို ရောက်ဖူးသလဲ"

"အိန္ဒိယကို"

ကျွန်တော်ပြောတော့ အမျိုးသမီး ငိုင်သွားသည်။

"အိန္ဒိယရောက်ဖူးတယ်ဆိုလို့ သိပ်အထင်မကြီးလိုက်နဲ့ဦးနော်၊ တစ်ခါက လက္ခဏာအဟောမှန်တယ်ဆိုတဲ့ ခေတ်ပညာတတ် အမျိုးသမီးတစ်ယောက်ဆီမှာ ကိုယ်လက္ခဏာကြည့်တော့ နိုင်ငံခြားသွားရမယ်လို့ ဟောတယ်၊ ကိုယ်လဲ အမှတ်မထင်ဘဲ နေခဲ့တာပါပဲ"

"လက္ခဏာအဟော မှန်သလားဆရာ"

ကျွန်တော် စကားပြတ်သွားသည်နှင့် အမျိုးသမီး အလောတကြီး မေးသည်။

"သိပ်မှန်တာပေါ့၊ မနှစ်က ကိုယ်အိန္ဒိယကိုရောက်ခဲ့ပါတယ်၊ ဒါပေမယ့်လို့ ဒေလီတို့၊ ကာလကတ္တားတို့ကို ရောက်ခဲ့တာမဟုတ်ပါဘူး၊ နယ်ခြားမြို့ကလေးဖြစ်တဲ့ မိုးရေးကို ရောက်ခဲ့တာပါ၊ အိန္ဒိယနယ်ထဲကို သုံးလေးမိုင် လောက်ရောက်ဖူးတယ်ဆိုပါတော့"

"ဆရာ မိုးရေးကို ဘာသွားလုပ်တာလဲ၊ မှောင်ခိုကုန်သွားချတာလား"

အမျိုးသမီးက ကျွန်တော့်မျက်နှာကို ပြုံးကြည့်ပြီးမေးသည်။ ထိုသို့မေးကြားတော့ လေးလေးမြင့်ကို ကျွန်တော် အထင်မကြီးဘဲ မနေနိုင်။ ကလေးတို့မုံရွာတို့မှတစ်ဆင့် ရောက်ရှိလာသော အိန္ဒိယမှောင်ခိုကုန်သည်များနှင့် ပတ်သတ်၍ လူအများစုသည် တမူးမှလာကြသည်ဟု ထင်ကြသည်။ ပြောကြ ဆိုကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စင်စစ် ထိုမှောင်ခိုကုန်ပစ္စည်းများ တမူးတွင် ဝယ်၍ရသည် မဟုတ်။ အိန္ဒိယနယ်မြေအတွင်းရှိ မိုးရေးမှာသာ ဝယ်ယူရရှိနိုင်သည်။ မှောင်ခိုသမားများသည် နယ်ခြားဖြစ်သော မဟူရာချောင်းငယ်ကို နည်းအမျိုးမျိုးဖြင့် ဖြတ်ကူးကာ သွားရောက်ဝယ်ယူကြခြင်း ဖြစ်သည်။ လေးလေးမြင့်သည် ယင်းအကြောင်းကို မင် သိရှိထား၏။ သူမ ဗဟုသုတ မသေးငယ်လှချေ။

"မှောင်ခိုကုန်သွားချတာ မဟုတ်ပါဘူး၊ မြန်မာအိန္ဒိယ နယ်ခြားမှာ ပလန (၃) က တည်ဆောက်နေတဲ့ ကပေါချောင်းမြို့သစ်ကိုသွားရင်း ရောက်ခဲ့တာပါ၊ အဲဒီကိုသွားရာမှာ မိုးရေးကို ကျော်ဖြတ်သွားရပါတယ်"

"ဒါဖြင့် ဆရာ့ကို လက္ခဏာအဟောက ကျိန်းကျေသွားပြီ ထင်တယ်"

အမျိုးသမီးပြောပြီး ပြုံးသည်။ ကျွန်တော် ခေါင်းညိတ်လိုက်၏။

"ဖြစ်နိုင်လိမ့်မယ် ထင်ပါတယ်"

"ကလီယိုပါထရာကို မိုးရေးမှာ တွေ့ခဲ့တာလား ဆရာ"

အမျိုးသမီး ကျွန်တော့်မျက်နှာကို ခပ်ငေးငေးကြည့်ပြီး မေးပြန်သည်။

"မဟုတ်ပါဘူး၊ ကလီယိုပါထရာကို မြန်မာပြည်နေရာအနှံ့မှာ တွေ့နိုင်ပါတယ်"

ကျွန်တော်ပြောတော့ အမျိုးသမီး ကျွန်တော့်မျက်နှာကို အံ့သြသလို ကြည့် နေသည်။ ကျွန်တော် ပြုံးလိုက်၏။

"လေးလေးမြင့် မယုံရင်မြန်မာပြည်မှာရှိတဲ့ ဈေးတိုင်းက ဈေးတွေမှာ လျှောက်ကြည့်၊ အလှကုန်ဆိုင်တွေမှာ ကလီယိုပါထရာတံဆိပ်နဲ့ ခေါင်းလိမ်း ဆီဘူးတွေ တွေ့လိမ့်မယ်"

"အို ... ဆရာကလဲ မြင့်က အဟုတ်မှတ်လို့ နားထောင်နေတာ သိပ် နောက်တာပဲ" အမျိုးသမီးကပြောပြီး ကျွန်တော့်ကို မျက်စောင်းကလေးနှင့် ဇွ ခတ်ကာ ပြုံးသည်။

"အဲဒီ ခေါင်းလိမ်းဆီဘူးက တံဆိပ်အတိုင်းသာဆိုရင် ကလီယိုပါထရာဟာ လေးလေးမြင့်လောက် မလှတာ သေချာပါတယ်"

ကျွန်တော့်စကားကို အမျိုးသမီးက ငေးငေးလေး နားစိုက်ထောင်နေ သည်။

"ကဲ ... လေးလေးမြင့် ဘာပြောချင်သေးလဲ"

ကျွန်တော်က သူမကို ပြုံးကြည့်ပြီး မေးလိုက်သည်။ အမျိုးသမီး သွား ပြင်းလေး ရှိုက်လိုက်၏။

"နိုင်ငံကျော် စာရေးဆရာကြီးနဲ့ ယှဉ်ပြိုင်မပြောဝံ့ပါဘူးတဲ့ရှင် ... အရှုံး ပေးပါသတဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမက နှုတ်ခမ်းလေးတွန့်ကာ၊ ရွံ့ကာ၊ ထေ့သံ၊ ငေါ့သံလေးနှင့်ပြော၏။ သည်အမူရာလေးမှာ ကျွန်တော့်ရင်ကို ရှိန်းမြစေပြီး အသည်း၌ စွဲနစ်ခဲ့ရပါသည်။

"ကိုယ်တို့နေမပူခင် ကန်ပေါင်ကို တစ်ခေါက်လောက် လျှောက်ကြည့်ကြရအောင်လား"

"ကောင်းသားပဲ"

ကျွန်တော့်အပြောကို သူမက လိုက်လျောသဘောတူသည်နှင့် ကျွန်တော်နှင့် လေးလေးမြင့်တို့ လသာဆောင်မှ ဆင်းခဲ့ကြသည်။

"ဆရာတို့နည်းနည်းတော့ သတိထားသွားကြဗျို့၊ မြက်တောထဲမှာ အရမ်း မနင်းကြနဲ့၊ ဒီအရပ်မှာက မတော်တာဆ ပိုးမွှားနဲ့ တွေ့တတ်တယ်"

ကန်စပ်၌ လျှောက်သွားနေစဉ် ဆည်လုပ်သားကြီးတစ်ယောက်က သတိ ပေးစကားပြောတော့ ကျွန်တော်ရင်ထိတ်သွားသည်။ လူကို အန္တရာယ်ပေးတတ်သောသတ္တဝါထဲတွင် မြွေကို ကျွန်တော်အကြောက်ဆုံးဖြစ်၏။ မြွေသည် အကောင်းသေးသော်လည်း အသက်အန္တရာယ်ပေးနိုင်သည်။ ကန်တစ်ဝိုက်တွင် သာသာယာယာရှိသည်မို့ မြွေပါးကင်းပါး မရှိနိုင်ဟု အစကကျွန်တော် ထင်ခဲ့သည်။ ယခုဆည်လုပ်သားကြီးပြောတော့မှ စိမ့်ကြောက်လာ၏။

"ပြောတာ ကြားတယ်မဟုတ်လား၊ လေးလေးမြင့် ခြေကို သတိထားနင်းနော်"

ကျွန်တော်က လေးလေးမြင့်အတွက် စိုးရိမ်သောကြောင့် သတိပေးရသည်။

"မြင့်တို့ အထက်သူတွေက နားလည်ပြီးသားပါဆရာ၊ ရှောင်ရှားတတ်ပါတယ်"

ကျွန်တော် အလေးအနက်ပြောသည်ကို အမျိုးသမီးက ခပ်ပေါ့ပေါ့ပြန်ပြောတော့ ကျွန်တော်စိတ်တွင် မကျေနပ်ချင်သလို ဖြစ်သည်။ သို့သော်လည်း နှုတ်ဆိတ်၍သာပဲ နေလိုက်ပါသည်။

ဆည်ပေါင်ပေါ် ရောက်လာကြသည်။ ရေလွှတ်တံခါးဝမှ တိုက်ဝိုင်းကလေးသည် ဤနေရာတွင် ငါသာလျှင် အခန့်ထည်ဆုံးဖြစ်သည်ဆိုသော ပုံစံမျိုးဖြင့် ထီးထီးမားမား ဝင့်ကြွားနေသည်။ တကယ်တော့လည်း သူဝင့်ကြွားသင့်ပါ၏။ သူ့ပတ်ဝန်းကျင်မှာ ရေပြင်သာရှိသည် မဟုတ်လား။

"လေးလေးမြင့် သိမ်ကုန်းရောက်တာ ဘယ်လောက်ကြာပြီလဲ"

နှစ်ယောက်သား တိတ်တိတ်ဆိတ်ဆိတ် လျှောက်လာကြရင်းမှ ကျွန်တော်က အမေးစကားစ၍ ဆိုဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မြင့် သိမ်ကုန်းရောက်တာ ခြောက်လလောက်ပဲ ရှိပါသေးတယ်"

"အရင်က ဘယ်မှာ တာဝန်ကျသလဲ"

"အလုပ်ရတာကိုယ်က သိမ်ကုန်းမှာရတာပါ၊ အလုပ်ရတာလဲ ဦးလေးချစ်ရဲ့ကျေးဇူးကြောင့်ပါ၊ မြင့်တို့မိဘများနဲ့ ဦးလေးချစ်တို့က ဟိုအရင်ကတည်းက အရောင်းအဝယ်လုပ်ရင်း ခင်မင်ရင်းနှီးကြပါတယ်၊ မြင့်ဖေဖေ ကွယ်လွန်သွားပြီးတဲ့နောက်မှာ မြင့်တို့စီးပွား...များ အခြေအနေအတော်ဆိုးတယ်၊ အတော်ကျပ်တည်းတယ်၊ မြင့်လဲ ၉ တန်းအောင်ပြီး ကျောင်းဆက် မနေနိုင်ဘဲ ထွက်ခဲ့ရတယ်။ အဆက်အသွယ်ရှိသမျှ အလုပ်ရှာပေးဖို့ ပြောထားရတယ်၊ ဒါကြောင့် ဦးလေးချစ်က သိမ်ကုန်းစားသုံးသူ သမဝါယမဆိုင်မှာ အလုပ်သွင်းပေးထားတာပါ"

လေးလေးမြင့်သည် သူမ၏ ဘဝအစိတ်အပိုင်းတစ်ခုကို ကျွန်တော့်အား ပြောပြပါသည်။

"လေးလေးမြင့်တို့မိသားစုက ဘယ်နှစ်ယောက်ရှိသလဲ"

"သုံးယောက်ပါ၊ အိမ်မှာမေမေရယ်၊ မောင်လေးရယ်ရှိကြတယ်။ မောင်လေးက ကျောင်းသား၊ ငါးတန်းပဲ ရှိသေးတယ်"

"ဒီလိုဆိုတော့ လေးလေးမြင့်လခကို မိသားစု မှီခိုစားသောက်နေကြရတယ်ပဲ ဆိုပါတော့"

"ဟုတ်ပါတယ် ဆရာ"

သူမဘဝအကြောင်း သိလိုက်ရတော့လည်း လေးလေးမြင့်ကို ကျွန်တော် သနားမိသည်။ နုနယ်သေးသော အသက်အရွယ်မှာပင် လေးလေးမြင့်သည် အိမ်ထောင်စုတစ်ခု၏ တာဝန်ကို ထမ်းဆောင်နေရရှာသည် မဟုတ်လား။

လေးလေးမြင့်ကို ကျွန်တော်မြင်မြင်ချင်း ချစ်မိသည်။ ချစ်ခြင်းအပေါ်၌ သနား ကြင်နာခြင်း ရောနှောလာပြန်သည်။

လေးလေးမြင့်နှင့်ပတ်သက်၍ ကျွန်တော်အနေနှင့် မည်သို့ အကူအညီ ပေးရပါမည်နည်း။ ကျွန်တော် တွေးနေစဉ်မှာပင် ရေလွှတ်တံခါးဝနားသို့ ရောက်လာသည်။

"ရှေ့ဆက်လျှောက်ဦးမလား ဆရာ"

လေးလေးမြင့် လှမ်းနေသော ခြေလှမ်းကို တန့်ရပ်လိုက်ပြီး ကျွန်တော့်ကို လှည့်ကြည့်လျက်မေးသည်။

"လေးလေးမြင့် ခြေညောင်းနေပြီလား၊ ကိုယ်ကတော့ လေးလေးမြင့်နဲ့သာ အတူလျှောက်နေရမယ်ဆိုရင် ကမ္ဘာကိုတောင် ပတ်လျှောက်နေချင်ပါသေးတယ်"

"မြင့် ခြေညောင်းလို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့်"

"သူများတွေ နောက်မှာ၊ ပြောင်မှာ စိုးတယ်ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



သူမစကားရပ်သွားသည်နှင့် ကျွန်တော်က သူမစကားရိပ်ကို ဆက်ပေး လိုက်ပါသည်။ ကျွန်တော်ပြောတော့ အမျိုးသမီး ကျွန်တော့်ကို အားနာဟန်နှင့် ပြုံးသည်။

"ကိုယ်တို့ ပြန်ကြတာပေါ့"

ကျွန်တော်တို့သည် ကန်ပေါင်အဆုံးအထိ မလျှောက်တော့ဘဲ ရေလွှတ် တံခါးမှ လှည့်ပြန်ခဲ့ကြပါသည်။ အပြန်ခရီးတွင် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်၊ လေးလေးမြင့် ဘာအကြောင်းတွေးနေသည်မသိ၊ ကျွန်တော် ကတော့ သူမကို မည်သို့မည်ပုံ ကူညီရမည်ကိုသာ တွေးတောနေမိသည်။ ကူညီ ရာ၌လည်း သူမမေတ္တာကို ဝယ်ယူသည်မျိုး၊ တစ်စုံတစ်ခုနှင့် လဲလှယ်သည်မျိုး မဖြစ်စေလိုပါ၊ ပိုးပန်းပြီး အကူအညီပေးသည်မျိုးမဖြစ်ဖို့ လိုပါသည်။ ယောကျ်ား တစ်ယောက်သည် မိန်းမတစ်ယောက်ကို ရပိုင်လိုမှုအတွက်နှင့် ညီတူသည်ဆို ခြင်းမှာ တကယ်စစ်မှန်သော မေတ္တာမဟုတ်ချေ။

မိန်းမအနေနှင့်ကလည်း အကူအညီကြောင့် အားနာ၍ အရောင်း အဝယ်သဘောဆန်သည့် မေတ္တာစစ်၊ မေတ္တာမှန် ယောကျ်ားတစ်ဦးကို ချစ်တုံ့ပြန် ရခြင်းမျိုး ဖြစ်ခဲ့လျှင် ထိုမေတ္တာမှာ မဟုတ်ဟူ၍သာ ကျွန်တော်ယူဆသည်။ အကယ်၍ လေးလေးမြင့်ကို ကျွန်တော် ချစ်မနေမိဘူးဆိုလျှင်တော့ သူမအား တစ်စုံတစ်ခုသော အကူအညီကိုပေးရန်အတွက် ကျွန်တော်ဘာမျှ စဉ်းစားနေစရာ မလိုပါ။ ကိုယ်တတ်နိုင်သည့် အကူအညီကို လွယ်လွယ်လေး ပေးလိုက်ရုံသာ ရှိ၏။ ယခုတော့ လေးလေးမြင့်ကို ကျွန်တော်ကချစ်နေသည်။

ချစ်သူအတွက် အသက်ကို နှင်းအပ်ခြင်း၊ အသည်းကို ခွဲဝေပေးခြင်းဆို သည် တို့မှာ တစ်ဦးနှင့်တစ်ဦး စစ်မှန်သော မေတ္တာချင်းဖလှယ်ပြီးမှသာလျှင် ပြုလုပ်သင့်သည်ဟု ကျွန်တော်ထင်သည်။ ဤသို့မဟုတ်ဘဲ တစ်ဦးမေတ္တာတစ်ဦး အချစ်ကို ရလိုမှုကြောင့် ပြုမူသည်ဆိုလျှင် နောက်ပိုးကြေးပေးရာရောက်သဖြင့် ယင်း အသက်အသည်းပေးခြင်းမျိုးသည်တန်ဖိုးမဲ့များသာဟု ကျွန်တော်ယူဆ၏။

ကျွန်တော့်အနေနှင့် လေးလေးမြင့်ထံမှ စစ်မှန်သောမေတ္တာတုံ့ပြန်မှုကို အလိုရှိသည်။ အားနာခြင်း၊ အားကိုးခြင်း၊ မှီခိုလိုခြင်းများကြောင့် ချစ်ရသည်ဆို သော အချစ်မျိုးကို မလိုလားနိုင်ပါ။

"မြင်နဲ့ဆရာနဲ့ ခုလိုနှစ်ယောက်တည်းလာတာကို သူတို့က နောက်ချင် နောက်ကြဦးမှာ" တိတ်တိတ်ဆိတ်ဆိတ် ရှိနေကြရာမှ အမျိုးသမီးက စတင်စကား ပြောသည်။

"နောက်တာပြောင်တာ ဂရုစိုက်စရာ မလိုပါဘူး၊ ကိုယ်တို့ချင်း စိတ် ထား ဖြူစင်ရိုးသားရင် ပြီးတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အရေးမကြီးသလို ပြောလိုက်ပါသည်။

"မမြင့်သောင်းနဲ့ ဒေါ်ဒေါ်ချစ်က သိပ်အစအနောက်သန်တယ်၊ ဒေါ်ဒေါ်ချစ်ကဆိုရင် ဆရာသူတို့ အိမ်ရောက်လာတာဟာ မြင့်အတွက် ဖူးစာရေးနတ်က ညွှန်ကြားလိုက်လို့ ရောက်လာတာတဲ့၊ မမြင့်သောင်းကတော့ မမမြင့်ရဲ့ ဇာရေးဆရာဆိုတဲ့ အသုံးအနှုန်းကို နှုတ်ကမချဘူးသိလား၊ သူတို့ ပြောစရာဖြစ်အောင်လဲ မြင့်က ဆရာ့ဝတ္ထုတွေကိုမှ ရွေးပြီးဖတ်ခဲ့တာကိုး၊ ဆရာရေးသမျှလုံးချင်းဝတ္ထုအတော်များများ မြင့်ဆီမှာ ရှိတယ်၊ မဂ္ဂဇင်းတွေမှာဆိုလဲ ဆရာ့ဝတ္ထုကို အရင်ဆုံးရှာဖတ်တယ်၊ ဒါတွေကို သူတို့ကသိထားတော့ ပြောကြတာပေါ့"

"ကိုယ့်ဝတ္ထုတွေကို နှစ်သက်တယ်ဆိုတာ သိရလို့ ဝမ်းသာတယ်၊ ဒါနဲ့ မမြင့်သောင်းဟာ ဦးချစ်မောင်တို့ သမီးဟုတ်ရဲ့လား"

"မဟုတ်ပါဘူး၊ အိမ်မှာရှိတဲ့ ကလေးတွေဟာ ဦးလေးချစ် ဒေါ်ဒေါ်ချစ်တို့ရဲ့ သားသမီးတွေမဟုတ်ကြဘူး၊ အားလုံးမြေးတွေ၊ သားသမီးတွေ အိမ်ထောင်ကျကုန်တဲ့နောက် မြေးတွေကိုခေါ်ပြီး တာဝန်ယူထားကြတာ"

"ကဲ ... လေးလေးမြင့် ... သွားနှင့်၊ ကို ဟောဟို ဧည့်ရိပ်သာဟောင်းဘက် လျှောက်ကြည့်ဦးမယ်"

ကျွန်တော်သည် အဖွဲ့ရှိရာသို့ လေးလေးမြင့်နှင့်အတူသွားလျှင် သူမအနေနှင့် မျက်နှာအထားရခက်မည်စိုးသောကြောင့် တမင်လွှဲရှောင်ခဲ့ရခြင်း ဖြစ်ပါသည်။

ဧည့်ရိပ်သာဟောင်းဆီသို့ ကျွန်တော်လျှောက်သွားသည်။ အဆောက်အအုံ၏အရိပ်တွင် လူတစ်ယောက် ထိုင်နေသည်ကို လှမ်းမြင်ရ၏။ ထိုသူသည် တစ်ယောက်တည်း အဖော်မဲ့စွာ ထိုင်နေသည်။ သူ့အနီး ကျွန်တော်ရောက်သွားသော်လည်း ထိုသူက လှည့်မကြည့်။ သူ့ကို ကျွန်တော် ဂရုတစိုက်ကြည့်မိသည်။ လူရွယ်တစ်ယောက်ဖြစ်သည်။ သို့သော်လည်း သပ်သပ်ရပ်ရပ်မရှိ။ ဆံပင်မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေးများ ရှည်နေသည်။ နားထင်လည်း ချိုင့်နေ၏။ မျက်တွင်းများလည်း ဟောက်ပက်ကျနေသည်။ သူ့အဝတ်များက နွမ်းရိနေသည်။ ထိုသူသည် မြေပြင်တွင် ဖင်ထိုင်ချကာ ဒူးနှစ်လုံးထောင်၍ လက်နှစ်ဖက်နောက်ပြန်ထောက်ထားသည်။ သူ၏ အသားအရည်မှာ သွေးမရှိသလို ဖြူဖပ်ဖြူရော် ဖြစ်နေလေသည်။

"ဘာလုပ်နေတာလဲ"

ကျွန်တော်သည် သူ့ကိုငေးကြည့်နေရာမှ နှုတ်အငြိမ်မနေနိုင်သဖြင့် မေးလိုက်မိပါသည်။ သူကျွန်တော့်ကို ဂရုမစိုက်၊ ကျွန်တော် သူ့အနားရောက်နေသည်ကိုပင် အသိအမှတ်ပြုဟန်မတူ။ ကျွန်တော်ကို လှည့်မကြည့်၊ မြေးသည်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း မဖြေပါ။ ကျွန်တော် သူ့ကို စိုက်ကြည့်နေမိသည်။ ထိုသူမှာ ဦးနှောက်ချွတ်ယွင်းနေသူ ဖြစ်ရမည်ဟု ကျွန်တော် တွက်ချက်မိသည်။ ဦးနှောက်ပျက်နေသူအားမေးမြန်းပြောဆိုနေခြင်းဖြင့် အကျိုးမထူးနိုင်သည်ကို စဉ်းစားမိသဖြင့် ကျွန်တော်ထိုနေရာမှ ထွက်လာခဲ့ပါသည်။

စခန်းချရာသို့ ကျွန်တော်ရောက်သွားတော့ ဦးဖြူသီး၊ ဦးချစ်မောင်၊ ဦးသန်းတန်တို့ သုံးဦးသား လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့ကာ ဝိပဿနာတရားအကြောင်း ဆွေးနွေးနေကြသည်။

ဦးချစ်မောင်နှင့် ဦးဖြူသီး ခင်မင်ရင်းနှီးခဲ့ကြသည်မှာလည်း ဝိပဿနာကြောင့်ပင် ဖြစ်လေသည်။ ကျွန်တော့်အား ရမည်းသင်းသို့ အလည်အပတ်လာရန် ဖိတ်ကြားသူမှာ ကိုစောဝင်းဖြစ်၏။ ကိုစောဝင်းသည် ဝတ္ထုတိုများ၊ ဆောင်းပါးများ၊ ကဗျာများကို ကလောင်အမည်တစ်ခုနှင့် ရေးသားနေသူဖြစ်သောကြောင့် ကျွန်တော်နှင့် သိကျွမ်းခင်မင်ခဲ့ကြသည်။ သူက ရမည်းသင်းသို့ အလည်လာရန် အတန်တန် ဖိတ်ခေါ်ခြင်းကြောင့် ကျွန်တော်နှင့် ဦးဖြူသီးတို့ ရောက်လာကြခြင်း ဖြစ်ပါသည်။

ကိုစောဝင်းသည် စာပေရေးသားခြင်းကို ဝါသနာကြောင့်သာ ပြုလုပ်ခြင်း ဖြစ်၏။ သူ့မိဘများက ချမ်းသာသည်မို့ တိုက်အိမ်ကြီးနှင့် နေထိုင်နိုင်သည်။ သူ့ဖခင်သည် အသက် ၆၀ ကျော် အရွယ်ရှိပြီ။ ဘုရားတရား ရှိသေကိုင်းရှိုင်းသည်။ သိမ်ကုန်းမှ ဦးချစ်မောင်နှင့် တရား ဆွေးနွေးဘက် ဖြစ်ကြသည်။ ဝိပဿနာတရားကို လေ့လာနေသည်။ သိမ်ကုန်းမှ ဦးချစ်မောင်နှင့် တရားဆွေးနွေးဘက်ဖြစ်ကြသည်။ ဝိပဿနတရားနှင့် ပတ်သက်၍ ဦးဖြူသီးက သူတို့ထက်ပို၍ကျယ်ဝန်းနက်နဲစွာ ဆွေးနွေးနိုင်သည်။ သို့ကြောင့် ဦးဖြူသီးကို သူတို့ လေးစားခင်မင်ကြလေသည်။

ကျွန်တော်တို့သည် ရမည်းသင်း၌တစ်ပတ်ခန့်သာနေမည်ဟု စီစဉ်ခဲ့ကြသော်လည်း ကိုစောဝင်းက တားသည်တစ်ကြောင်း၊ သူ့ဖခင်က တားသည်တစ် ကြောင်းကြောင့် ရက်ကြာနေခဲ့ရာမှ ယခုအခါ သိမ်ကုန်းသို့ခရီးဆက်ကြပြီးဦးချစ်မောင်အိမ်၌ သောင်တင်နေကြခြင်းဖြစ်လေသည်။

ယင်းသို့ သောင်တင်ရသည်မှာလည်း လေးလေးမြင့်ကြောင့်ဟု ဆိုကြပါစို့။

အကယ်၍ ထိုအိမ်၌သာ လေးလေးမြင့်သာ ရှိမနေဘူးဆိုလျှင် ကျွန်တော် သိမ်ကုန်းတွင် ပျော်မည် မဟုတ်ပါ။ နောက်တစ်ကြောင်းက ဦးချစ်မောင် တို့ကလည်း မပြန်စေချင်၊ ကျွန်တော်တို့ ပြန်မည်ဆိုတိုင်း—

"နေပါဦး ... ဖြည်းဖြည်းပေါ့၊ အားမနာပါနဲ့" နှင့် တားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ တားကြသည်ကိုပင် ကျွန်တော် ကျေးဇူးတင်ရ၏။ လေးလေးမြင့်နှင့် ကျွန်တော် တစ်နေ့ထက်တစ်နေ့ ခင်မင်လာသည်။ ရင်းနှီးလာသည်။ နှစ်ယောက်သားမျက်နှာချင်းဆိုင်၍ စကားပြောရလေတိုင်း ကျွန်တော်၏ ရင်တွင်း ကြည်နူးမှုလှိုင်းဂယက်များ လှုပ်ရှားရသည်။

ကျွန်တော် ဦးဖြူသီးတို့ ဝိုင်းမှာဝင်ထိုင်သည်။ သူတို့ ဝိုင်းတွင် ငါးကြော် ပန်းကန်ရှိသည်။ ငါးကြော်နှင့် လက်ဖက်ရည်ကြမ်းမြည်းနေကြသည်။

"ဒီမှာ ငါးအတော်ပေါတယ် ထင်ပါရဲ့"

ဤလိုမိုးခေါင် ရေရှားရပ်ဝန်းတွင် ငါးကြော်ကို လက်ဖက်ရည်ကြမ်း အမြည်းပြုလုပ်နေသည်ကိုတွေ့ရသောကြောင့် ကျွန်တော် တအံ့တဩ မေးလိုက်မိပါသည်။ ကျွန်တော့် အမေးကို ဦးသန်းတန်ပြုံး၍ ဖြေသည်။

"သစ်ဆုံဆည် မရှိခင်ကတော့ ဒီအရပ်မှာ ငါးဆိုတာ အရုပ်ရေးကြည့်ရမလောက် ရှားတာပေါ့ မောင်ရင်ရယ်၊ ခုတော့လဲ ဒီအရပ်မှာ ငါးတွေပေါပါတယ်၊ ဆည်ဝန်းကျင်မှာရှိတဲ့ ရွာတွေဆိုရင် ငါးကိုစားဖို့အပြင် ရောင်းကြရလို့ အဝို ဝင်ငွေ ကောင်းကောင်းရနေကြတာပေါ့"

"ဆည်မြောင်းလုပ်ငန်းဟာ လူတွေအတွက် တကယ်အကျိုးပြုတဲ့ လုပ်ငန်းပဲနော်"

"ဒါပေါ့မောင်ရင် ... မိုးခေါင်ရေရှား အရပ်ဒေသမှာ ဆည်မြောင်းဟာ လူတွေရဲ့ အသက်သွေးကြောပေါ့၊ ဆည်မြောင်းတွေ များများဖေါက်လုပ်နိုင်လေ တိုင်းပြည်မှာ စိုက်ပျိုးဖို့ ဧကတွေ ကျယ်ပြန့်လာလေပေါ့၊ သီးနှံ ထွက်ကုန်တွေတိုးတက်ရရှိနိုင်အောင် ဆည်မြောင်းတွေ ဖေါက်လုပ်နေကြရတာပါပဲ၊ ဗြိတိသျှ လက်အောက်မှာတုန်းကဆိုရင် ဆည်တစ်ခုတည်ဆောက်ဖို့၊ မြောင်းတစ်ခုဖေါက်ဖို့နဲ့ ပတ်သက်ပြီးစဉ်းစားတဲ့အခါ အနှစ်နှစ်ဆယ်ကျော်ရင် ဘယ်ရွေ့ဘယ်မျှ အမြတ် ထွက်နိုင်မယ်ဆိုတာကို တွက်ချက်ကြတယ်၊ အမြတ်များများထွက်ဖို့ မမြင်ရင် ဆည်မဆောက်ဘူး၊ လွတ်လပ်တဲ့ ခေတ်မှာ ဆည်ဆောက်တာကတော့ အမြတ်ကိုမကြည့်ပါဘူး၊ လူတွေ ဝပြောရေးကို အဓိကရည်ရွယ်ပြီး တည်ဆောက်ကြတာပါ"

ဦးသန်းတန်က ဆည်များတည်ဆောက်ခြင်း၏ ရည်ရွယ်ချက်ရင်းပြောပြလေသည်။ ကျွန်တော် လက်ဖက်ရည်ကြမ်းနှင့် ငါးကြော်ကို စားသောက်နေသည်။ ငါးကြင်းကြော် ဖြစ်၏။

ဦးဖြူသီးတို့ ဝိပဿနာဆွေးနွေးပွဲ ဆက်သည်။ ကျွန်တော် ပျင်းလာသည်နှင့် လေးလေးမြင့်တို့ ဝိုင်းဆီသို့ထလာသည်။ သူတို့က စားသောက်ဖွယ်များ ချက်ပြုတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဧည့်ရိပ်သာဟောင်း၌တွေ့ခဲ့သော လူအကြောင်းပြောပြတော့ အားလုံးစိတ်ဝင်စားကြသည်။ အရူးတစ်ယောက်ဖြစ်မည်ဟု ထင်ကြေးပေးကြသည်။ ဦးသန်းတန်၏သားနှင့် ဦးချစ်မောင်၏ မြေးနှစ်ယောက်သွားကြည့်မည်ဆိုပြီး ထွက်ခွာသွားကြလေသည်။

သိပ်မကြာပါ၊ သူတို့ပြန်ရောက်လာသည်။ ဧည့်ရိပ်သာဟောင်း၌ ကျွန်တော်တွေ့ခဲ့သော လူမရှိဟု ဆိုသည်။ ဘာရယ်မဟုတ်သော်လည်း ကျွန်တော်၏ စိတ်ထဲတွင် မကျေနပ်ချင်သလို ဖြစ်နေမိသည်။

ထမင်းဝိုင်းတွင် ထိုလူအကြောင်း ကျွန်တော် ထပ်ပြောဖြစ်ပြန်သည်။ ဦးဖြူသီးက ထိုဧည့်ရိပ်သာဟောင်းဘက်သို့ သူရောက်ခဲ့ကြောင်းပြောသည်။

"အရူးမဟုတ်တာတော့ သေချာတယ်၊ ဒါပေမယ်လို့ လူကောင်းလဲ ဖြစ်နိုင်မယ်မထင်ဘူး၊ ဘာပြုလို့လဲဆိုတော့ သူ့အင်္ကျီရင်ဘတ်မှာ စံပယ်ပွင့် အမှတ်အသားလေးရှိတယ်"

ဦးဖြူသီးအပြောကြားတော့ ကျွန်တော်အံ့သြသွားသည်။ မြင်းလှည်းပေါ်မှ အမျိုးသမီးအင်္ကျီတွင် ပိုးချည်ဖြူနှင့် ထိုးထားသော စံပယ်ပွင့်ကလေးကို မြေးပြီး မြင်ယောင်မိသည်။

တခြားလူများ ထိုစံပယ်ပွင့် အမှတ်အသားအကြောင်းနှင့် ပတ်သက်ပြီး ကြားရသော်လည်း မည်သို့မျှ ထူးခြားခြင်း ဖြစ်ဟန်မတူပါ၊ အမှတ်မထင်သာ နေကြလေသည်။

ထမင်းစားပြီးနောက် သိမ်းဆည်းစရာများကို သိမ်းဆည်း၍ ကျွန်တော်တို့သစ်ဆုံဆည်မှ ထွက်ခွာခဲ့ကြသည်။ ရမည်းသင်းအဝင် သိမ်းကုန်းလမ်းခွဲ၌ ကားတွေ့မည်ပြုစဉ် ရွှေဒါးရွာဘက်မှ ကားတစ်စီး အပြင်းမောင်းနှင်လာသည်ကို မြင်တွေ့ရသည်။ ထိုကားမှာ ကျွန်တော်တို့ သိမ်ကုန်းရွာသွားစဉ်က လမ်းတွင် ဆုံခဲ့သော ဗင်ကားပင် ဖြစ်မည်ထင်သည်။ ကားနံပါတ် မမှတ်မိသော်လည်း အရောင်အသွေးကို ကျွန်တော်မှတ်မိသည်။

ထိုကားသည် ရမည်းသင်းမြို့ထဲဘက်သို့ မောင်းနှင်သွား၏။ ကားနောက်ပိုင်းတွင် ဧည့်ရိပ်သာဟောင်း၌ ကျွန်တော်တွေ့ခဲ့သူနှင့် ပုံစံတူသူ လူတစ်ယောက်ကို မြင်ရသောကြောင့် ကျွန်တော်အံ့သြသွားရလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

# ( ၃ )

## တတိယ စံပယ်ပွင့်

"ညှော်ရိပ်သာမောင်းမှာ တွေ့ခဲ့တဲ့လူမှာ စံပယ်ပွင့် အမှတ်အသားပါတယ်ဆိုတာ တကယ်ပဲလား"

သိမ်ကုန်းပြန်ရောက်ပြီးနောက် ဦးဖြူသီးနှင့် နှစ်ယောက်တည်း ရှိကြစဉ် ကျွန်တော်က မေးသည်။

"မင်းကလဲ လူငယ်သာဖြစ်တယ်၊ မျက်စိက တကယ်သေတာကိုးကွ။ သူ့ အင်္ကျီဘယ်ဘက်ရင်ဘတ်မှာ စံပယ်ပွင့်လေးထိုးထားတယ်၊ ဒါပေမယ့် ဟိုမြင်းလှည်းပေါ်ပါလာတဲ့ အမျိုးသမီးရင်ဘတ်က စံပယ်ပွင့်လိုမပေါ်ဘူး၊ သူ့အဝတ်တွေ ညစ်မည်းနေသလို စံပယ်ပွင့်ဟာလဲ ညစ်မည်းနေတယ်"

"အဲဒီစံပယ်ပွင့်ကလေးတွေဟာ ဘယ်လိုအမှတ်အသားပါလိမ့်နော်"

ကျွန်တော်က စဉ်းစားရင်းပြောပါသည်။

"ဂိုဏ်းတစ်ခုရဲ့ အမှတ်အသားဖြစ်လိမ့်မယ်လို့ ငါထင်တယ်"

"ဒီလိုဆိုရင် မြင်းလှည်းပေါ်မှာတွေ့တဲ့ အမျိုးသမီးနဲ့ ဒီနေ့တွေ့တဲ့လူဟာ ဆက်စပ်မှုရှိနေမလားဘဲ"

"သိပ်ရှိတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ပြန်လာတော့ ဦးဖြူသီးက ရေ့ခန်းမှာထိုင်လာလို့ မမြင်မိဘူး ထင်တယ်၊ သိမ်ကုန်းလာတုန်းက လူဝကြီးပါတဲ့ ဗင်ကား ရမည်းသင်းမြို့ထဲကို မောင်းသွားတယ်၊ အဲဒီ ကားပေါ်မှာ ဧည့်ရိပ်သာဟောင်းမှာတွေ့တဲ့လူ ပါသွားတာ ကျွန်တော် မြင်လိုက်တယ်ဗျ"

"အင်း ... ပျော်စရာကြီးပေါ့ကွာ"

"ဗျာ ..."

သူ့အပြောကြောင့် ကျွန်တော် နှုတ်မှ အာမေဋိတ်သံ ထွက်သွားသည်။ သူ့မျက်နှာကို ငေးကြည့်နေမိသည်။

"စပယ်ပွင့်ဂိုဏ်းဟာ တို့နောက်ကို ခြေရာခံလိုက်နေပုံပဲ"

"ဘာပြုလို့ ခြေရာခံလိုက်မှာလဲ ဦးဖြူသီးရဲ့"

ကျွန်တော်က သူ့မျက်နှာကို ငေးကြည့်ရင်းမှပင် မေးမိပါသည်။

"ဘာကြောင့်ရယ်လို့တော့ မသိဘူးလေ၊ အကြောင်းတစ်ခုခုရှိလို့ နေမှာပေါ့" ဦးဖြူသီးစကားမှာ မရေရာသည်မို့ ကျွန်တော် မကျေနပ်ချင်ပါ။

"ဦးဖြူသီး တွေးကြောက်တာကော မဖြစ်နိုင်ဘူးလား"

"တွေးကြောက်တာမဟုတ်ဘူးကွ၊ တွေးပျော်နေတာ၊ မမျှော်လင့်ဘဲနဲ့ လာပြီး ကြုံရတာဟာ ကုသိုလ်ကံထူးလို့ပဲပေါ့လေ"

ဦးဖြူသီးကျေနပ်ဟန်နှင့် ပြုံး၍ပြောသည်။ ဦးဖြူသီး ဘယ်လိုအကွက်ကို မြင်တွေ့သွားပြီး ဘာကြောင့်ပြောသည်ကိုတော့ နားမလည်ပါ။ ထိုစဉ် လူတစ်ယောက်အိမ်ဝင်းထဲ ဝင်လာသည်။ ကျွန်တော့် နာမည်ကိုမေးသည်။ လှေကားမှ တက်လာသော ထိုလူကို ကျွန်တော်သွားရောက် တွေ့ဆုံလိုက်သည်။

"ရမည်းသင်းက ကိုစောဝင်းက စာပေးလိုက်လို့ပါ"

ထိုလူသည် စာအိတ်ကိုလှမ်းပေးပြီးလှေကားမှ ပြန်ဆင်းသွားလေသည်။ စာအိတ်ပေါ်မှ လက်ရေးကိုမြင်ရုံနှင့် တပည့်ကျော်ကြာနထံမှ စာဖြစ်ကြောင်း ကျွန်တော်သိသည်။ သူ့လက်ရေးမှာ မသေမသပ် ကြောင်ခြစ်ဂဏန်းသို့ ရှိလေသည်။ ကျွန်တော် ကုလားထိုင်မှာပြန်ထိုင်ပြီး စာအိတ်ကိုဖောက်သည်။

"ဘယ်က စာလဲ"

ဦးဖြူသီးကမေးသည်။

"ကြာနဆီက စာပါ။ ဒီကောင် ဘာပြဿနာများ ပေါ်ပြန်သလဲ မသိဘူး"

ကျွန်တော်ပြောပြောဆိုဆို စာအိတ်ထဲမှ စာရွက်ခေါက်ကိုထုတ်ယူပြီး ဖြန့်ဖတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**ဆရာခင်ဗျား ...**

တပည့်ကြီးအလွန် ရှိသောလေးစားစွာဖြင့် လျှောက်ထားပါတယ် ခင်ဗျား၊ အကြောင်းမှာ ဆရာမရှိတော့ တပည့်ကြီးမှာ စိတ်အားငယ်လွန်းလှပါတယ်၊ တစ်ယောက်တည်း နေရတာလဲ အလွန်ပဲပျင်းပါတယ်၊ ဆရာ့အအုပ်ထုတ်တဲ့ လူကြီးက ကားကြီးနဲ့ အိမ်ကို မကြခဏ လာလာပြီးဆရာ ရောက်သေးဘူးလားနဲ့ မေးမေးနေတာကိုလဲ တပည့်ကြီးစိတ်ညစ်လှပါတယ်။

စိတ်ညစ်ရတာကတော့ဆရာသိတဲ့အတိုင်း သူ့ကားက ကားစုတ်ကြီး မဟုတ်လား၊ သူလာတိုင်း တပည့်ကြီးမှာ ကားတွန်းတွန်းပေးရလို့ ဖတ်ဖတ်မောရပါတယ်၊ မောတာပန်းတာအရေးမကြီးပါဘူး၊ အိမ်နီးချင်းကောင်မလေးတွေက ရယ်တာလှောင်တာကို တပည့်ကြီးသိပ်ရှက်တာပဲ၊ ဒါနဲ့ဆရာတို့ ရမည်းသင်းမှာ တစ်ပတ်လောက်သာ နေမယ်ဆိုပြီးခုတော့ ကြာလိုက်တာ။

တပည့်ကြီး ဆရာမှာခဲ့တာတွေ အကုန်လုပ်ထားပါတယ်၊ ဪ...ဒါနဲ့ ဆရာ၊ တစ်နေ့က အီကြာကွေးဆိုတဲ့စာရေးဆရာလာတယ်။ သူကပြောတာပါ၊ သူ့ကိုယ်သူ အီကြာကွေးတဲ့၊ ယုတ္တိတော့ ရှိပါတယ်၊ သူ့ပုံစံကြီးကလဲ အီကြာကွေးအတိုင်းပါပဲ၊ ရှည်မျောမျော ပွစိစိ ပျော့အိအိကြီး။

သူကသာ ပုံစံကြီးမနိပ်ထား၊ သူ့မယားလေးကျတော့ လှလိုက်တာ ဆရာရေ ... မပြောပါနဲ့တော့၊ သူတို့လက်ထပ်ပြီးတာ နှစ်ရက်ပဲရှိသေးသတဲ့၊ ဆရာ့ကို တွေ့ချင်လို့တဲ့၊ အမှန်ကတော့ သူ့မယားချောလေး လာပြတာ၊ လာကြွားတာပါ ဆရာ၊ ဆရာသူ့လိုမစွံဘူးဆိုပြီး ကြွားတာပါ။ အဲဒီတော့ အီကြာကွေးမယား ထက်လှတဲ့ မိန်းမတစ်ယောက်လောက် ရှာယူခဲ့ပေါ့ ဆရာ။

ဆရာသွားကတည်းက တပည့်ကြီး ဝတ္ထုတစ်ပုဒ် ရေးနေတာ အတော်တောင် ပြီးနေပြီ၊ ဒီတစ်ခါ ဟိုလူကြီးစာမူလာတောင်းရင် ဆရာ့နာမည် တပ်ပြီးပေးလိုက်မယ်။ တပည့်ကြီး အကြံမကောင်းဘူးလား ဟီး ... ဟီး ... ဟီး။

ဤနှယ်ဖတ်လိုက်ရတော့ ကျွန်တော်ရင်ထိတ်သွားသည်။ မျက်လုံးပြူးသွားသည်။

"ဘယ်ကစာလဲ ဆရာ ... ကျွေ့ အိမ်ကအမျိုးသမီးက ဒီလာတာ ရက်ကြာနေလို့ ကြိမ်းနေပြီနဲ့တူတယ်"

လေးလေးမြင့် ကျွန်တော်အနားရောက်လာပြီး ပြောပါသည်။

"မဟုတ်ပါဘူး လေးလေးမြင့်ရာ၊ အိမ်မှာထားခဲ့တဲ့ တပည့်ဆီကစာပါ၊ ဖတ်ကြည့်ပါလား"

ကျွန်တော်က စာရွက်ကို လေးလေးမြင့်အား ကမ်းပေးလိုက်သည်။ အမျိုးသမီးက စာရွက်ကိုယူ၍ ဖတ်နေသည်။ တခွိခွိနှင့် ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ဝတ္ထုတွေဟာ ဆရာ့တပည့် ကိုကြာနု ရေးရေးပေးနေတာပေါ့ နော်"

အမျိုးသမီး ကျွန်တော့်မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်ပြီးမေးသည်။

"မဟုတ်ပါဘူး လေးလေးမြင့်ရာ ... ဒီကောင်လား ဝတ္ထုတစ်ပုဒ်ဖြစ်အောင် ရေးတတ်မှာ၊ ခုသူရေးတဲ့ စာကိုဖတ်ကြည့်တော့ သူစာရေးတတ်တယ် မရေးတတ်ဘူးဆိုတာ အကဲခတ်မိတယ် မဟုတ်လား"

"ဒီစာထဲက အတိုင်းဆိုရင် ဆရာကြီးကွေးတော့ ဝမ်းသာနေမှာပဲနော် ဆရာ"

"ဟုတ်တယ် ။မျောက်အုန်းသီးရသလိုဖြစ်နေမှာ မြင်ယောင်လိုက်တာ"

ကျွန်တော်ပြောပြီး ရယ်လိုက်ပါသည်။ ဦးဖြူသီး ကျွန်တော်တို့ ပြောစကားကို နားထောင်ရာမှ ထသွားသည်၊

"ဆရာက အီကြာကွေးကို အားကျနေပြီ ထင်တယ်"

အမျိုးသမီး ကျွန်တော့်ကို ပြုံးကြည့်ပြီးပြောသည်။

"သူ့ကို အားကျလို့ရယ်တော့ မဟုတ်ပါဘူး၊ ကိုယ်လဲ အချောဆုံး၊ အလှဆုံး အမျိုးသမီးတစ်ယောက်ကြောင့် သိမ်ကုန်းက မခွာနိုင်ဖြစ်နေရတာပါ"

ကျွန်တော့်အပြောကို အမျိုးသမီးမျက်တောင်လေး မေ့စင်းပြီး ပြုံးယောင်သမ်းသော မျက်နှာလေးနှင့် နားထောင်နေသည်။ ကျွန်တော်က သူမကို ဘေးတိုက်အနေအထားမှ မြင်နေရသည်။ မေ့စင်းထားသော်လည်း မျက်တောင်ရှည်၏ အဖျားမှ ကော့ရွန်းနေသည်။ နှုတ်ခမ်းလေးများက ပဒုမ္မာကြာလွှာကို နှစ်ချပ် ဟပ်ထားသည့်နှယ် ရှိချေသည်။ ဖြောင့်စင်းသည့်နှာတံသည် ပြေပြစ်သော မျက်နှာပြင်ပေါ်၌တင်၍ ထားဘိသို့ ...။

သစ်ဆုံစည့်ရိပ်သာလသာဆောင်တွင် ကျွန်တော်ဆိုခဲ့သည့် စကားကိုပဲ ပြန်ပြောပါရစေ၊ လေးလေးမြင့်သည် ကမ္ဘာပေါ်တွင် အချောဆုံး၊ အလှဆုံး အမျိုးသမီးတစ်ယောက်ပါ။

ကျွန်တော် သည်အတိုင်းမြင်၍ သည်အတိုင်းထင်သည်။

သူမမျက်နှာကို ကျွန်တော်ငေးကြည့်နေမိပါသည်။ အမျိုးသမီးက ဖျတ်ခနဲ လှုပ်ရှားလိုက်တော့ ကျွန်တော်ရင်ထိတ်သွားသည်။ သူမမျက်နှာ ကျွန်တော့်ဘက် ရုတ်တရက် လှည့်လိုက်ခြင်းဖြစ်သည်။ ညို့ရီသောမျက်လုံးများနှင့် ကျွန်တော့်မျက်နှာကို စိုက်ကြည့်သည်။ သူမအကြည့်မှာ ကျွန်တော်၏နှလုံးသားကိုပင် ထိုးဖောက်စူးနစ်သွားပြီလား ထင်ရသည်။ ကျွန်တော် ရင်ခုန်မိနေ၏။

"ဆရာပြောတဲ့ အချောဆုံး၊ အလှဆုံး အမျိုးသမီးဆိုတာ ဆရာကြီးကွေး အမျိုးသမီးနဲ့ ယှဉ်နိုင်ပါ့မလား"

www.burmeseclassic.com



သူမက ကျွန်တော့်ကို ပြုံးကြည့်ရင်းမေးသည်။

"ကိုယ်ထင်ပါတယ်၊ ဆရာကြီးကွေး အမျိုးသမီးဟာ ကြာနပြော သလောက်လှမယ် မဟုတ်ပါဘူး၊ ကြာနဆိုတဲ့ အကောင်က အမျိုးသမီးတိုင်းကို လှတယ်ထင်တတ်တဲ့ နောက်ပိုးရှုး လေးလေးမြင့်ရဲ့၊ ပြီး ... ဆရာကြီးကွေးနဲ့ အတူယှဉ်နေလို့ ပိုလှတယ်ထင်တာမျိုးလဲ ဖြစ်နိုင်တယ်။ သဘာဝဆိုတာက ဒီလိုရှိတယ်လေ၊ မီးသွေးခဲနဲ့မြေဖြူခဲ ယှဉ်ချထားကြည့်ပါလား၊ မြေဖြူဟာ သူ တစ်ခုတည်း နေတာထက် ပိုဖြူပြီး၊ မီးသွေးဟာလဲ သူတစ်ခုတည်း နေတာ ထက် ပိုပြီး မည်းတယ်လို့ ထင်ရတယ်"

ကျွန်တော့် အပြောကို လေးလေးမြင့်သဘောကျပြီး အသံထွက်ရယ် သည်။

"ဆရာ့စကားသာ အဲဒီကြာကွေးကြားရင် ဆရာ့ကို ဓားနဲ့ထိုးမှာ သေချာ တယ်"

"ကိုယ်က အမှန်အတိုင်း ပြောတာပါ"

"အဲဒီကြာကွေးဟာ ဒီလောက်ပဲ အရုပ်ဆိုးသလား ဆရာ"

"အဲဒီကြာကွေးသာ မဟုတ်ပါဘူး၊ ဇင်အောင်တို့၊ ကြူမွေးတို့၊ ကြပ် ကလေးတို့ဆိုတဲ့ ဟာသစာရေးဆရာတွေဟာ လူချောချည့်ပဲ၊ သူတို့ရုပ်တွေက သူတို့ စာတွေထက် ရယ်ရတယ်။ စာရေးဆရာ မလုပ်ဘဲ ရုပ်ရှင်ထဲလိုက်ရင် ကြီးပွားကြမယ့်ရုပ်မျိုးတွေပေါ့။"

ကျွန်တော်ပြောတော့ လေးလေးမြင့် ပြုံးသည်။

"ဆရာက သူများအတင်းလဲ ပြောတတ်သားပဲ"

"ကိုယ်တို့ စာရေးဆရာအလုပ်ကိုက အတင်းပြောရတဲ့ အလုပ်လေ။ သူများအတင်းတွေရေးရေးပြီး ထမင်းစားနေကြတဲ့ လူတွေပေါ့ လေးလေးမြင့် ရဲ့"

"အို ... ဆရာကလဲ မဟုတ်တာ ပြောရော့မယ်"

အမျိုးသမီးက ကျွန်တော်ကို မျက်စောင်းနှင့် ဝေ့ခတ်၍ ပြောသည်။

"မဟုတ်တာ ပြောတာမဟုတ်ဘူးလေ၊ ဝတ္ထုဆိုတာ လူတွေအ ကြောင်း ရေးတာမဟုတ်လား၊ လူတွေအကြောင်းရေးရတာဆိုတော့ အတင်း ပြောရတာပဲ မဟုတ်လား၊ ဒါကြောင့် စာရေးဆရာဆိုတာ အတင်းပြောစားတဲ့လူ လို့ ကိုယ်ပြောတာ"

အမျိုးသမီး ဘာမျှမပြောတော့ဘဲ ငြိမ်နေသည်။

"သြော် ... မြင့်လဲ မေ့ပြီး စကားကောင်းနေလိုက်တာ၊ ခွင့်ပြုပါဦး ဆရာ၊ မြင့် ဒေါ်ဒေါ်ချစ်တို့ကိုသွားပြီး ကူညီလိုက်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးမြင့်ပြောပြီး ကျွန်တော့်အပါးမှ ထွက်ခွာသွားလေသည်။ ကျွန်တော် ကြာနုထံပြန်စာရေးရန် ပြင်ဆင်နေရ၏။

"ဘာတွေ ရေးနေတာလဲ"

"ကြာနုပေါ့ဗျာ … ဒီကောင် ဝတ္ထုရေးနေသတဲ့၊ ကျွန်တော့်ဆီ စာမူလာတောင်းရင် ကျွန်တော့်နာမည်နဲ့ ပေးမလို့တဲ့၊ အဲဒါမလုပ်ဖို့ တားရမယ်"

ကျွန်တော်ပြောတော့ ဦးဖြူသီးရယ်သည်။

"မင်းတပည့်က လူဟုတ်ပဲ၊ ဆရာသမား ငမ်းနာကျနေပြီး စာမရေးနိုင်မှန်းသိလို့ ဝင်ငွေရအောင်လုပ်တာပဲကွ … ခွင့်ပြုလိုက်ပေါ့"

"မလုပ်ပါနဲ့ဗျာ … ဒီတစ်ပုဒ်အတွက် ပိုက်ဆံရပေမယ့် နာမည်ပျက်သွားလို့ ရှေ့လျှောက်ရေးစားလို့မရဘဲ ဖြစ်နေပါဦးမယ်"

"တို့ ဒီမှာ ကြာချင်ကြာမယ်ကွ"

သူပြောတော့ သူ့မျက်နှာ ကျွန်တော် မော့ကြည့်လိုက်မိပါသည်။

"နောက်အပတ်ထဲမှာ ရွှေမြင်တင်ဘုရားပွဲတော် ဖြစ်မယ်တဲ့၊ ဘုရားပွဲကသိပ်စည်ဆိုဘဲ"

"ဦးဖြူသီးက ပွဲတော်ရက်အထိ နေချင်သေးလို့လား"

"နို့ … မင်းကကော"

"နေချင်တာပေါ့"

"ငါသိပါတယ်၊ မင်းက ဒီမှာနေလို့ရရင် တစ်သက်လုံးတောင် နေချင်တယ် ဆိုတာ ငါသိတယ်"

ဦးဖြူသီး ကျွန်တော့်ကို အမြင်ကတ်ဟန်နှင့် ပြောသည်။

"တစ်သက်လုံးရယ်လို့တော့ မဟုတ်ပါဘူး၊ သိမ်ကုန်းမှာရှိနေတဲ့ ဆွံ့ငင်အားကလေးကိုဖြုတ်ယူ၊ နုတ်ယူသွားနိုင်တဲ့အထိလောက်ပဲ နေချင်တာပါ"

ကျွန်တော်ပြောပြီး ရယ်လိုက်သည်။ ဦးဖြူသီး ကျွန်တော့်ကို မျက်စောင်းနှင့်ထိုးခတ်၏။

"ငမ်းလဲ ငမ်းပါ့ကွာ … ငမ်းသာငမ်းတယ်၊ စွံလဲ မစွံဘူး၊ မင်းကလောင်နာမည်ကို 'ငမ်းမစွံ' လို့ ပြောင်းလိုက်ရင် ကောင်းမယ်"

ဦးဖြူသီး ကျွန်တော့်ကို ရွတ်ချွဲသံနှင့် ပြောသည်။

"ဦးဖြူသီးကကော မငမ်းလို့လား၊ ဒီမှာသာ ငမ်းစရာမတွေ့လို့ ဆိုတည်တည် လုပ်နေတာမဟုတ်လား၊ ဦးဖြူသီးနာမည်ကိုလဲ ကမ္ဘယ်စနောက်ကနေ ငမ်းစုံထောက်လို့ ပြောင်းရမယ်"

ကျွန်တော်တို့ပြောနေစဉ် ဦးချစ်မောင်နှင့် ဒေါ်ချစ်စောတို့ အခန်းထဲမှ ထွက်လာကြသည်။ ကျွန်တော်တို့ရှိရာတွင် ဝင်ထိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဖြူသီးတို့က ငန်းမွေးဖို့ ဝါသနာပါကြတယ် ထင်ပါရဲ့၊ ကျွန်မတို့ အိမ်မှာ အရင်က ငန်းတွေ အများကြီး မွေးထားတာပေါ့၊ လူခိုးစားတာနဲ့ ကျန်တဲ့ ငန်းတွေကို ရောင်းပစ်လိုက်တယ်"

ဒေါ်ချစ်မေပြောတော့ ဦးဖြူသီးနှင့်ကျွန်တော် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ ရယ်ချင်သည်မှာ ရင်ထဲတွင် ကလိ၊ ကလိ ဖြစ်နေ၏။ မနည်း ချုပ်တည်းထားရပါသည်။

"ကျုပ်တို့ပြောနေတာက ဘဲငန်းအကြောင်း မဟုတ်ဘူး၊ ငန်းမြွေ အကြောင်းပါ၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှာ ငန်းမြွေတစ်ကောင် ရှိတယ်၊ အဲဒီ ငန်းဟာ တစ်ကောင်တည်း အဖော်မဲ့နေရှာလို့ သနားစရာကောင်းတဲ့အကြောင်း ပြောနေကြတာပါ"

"ခြော် ... ဟုတ်လား ... သ နားပါတယ်နော်"

ဒေါ်ချစ်မေ ဦးဖြူသီးစကားကို နားစိုက်ထောင်ရင်းမှ သနား၊ ကြင်နာ ဟန်နှင့်ပြောသည်။ ကျွန်တော်မှာ ရယ်ချင်သည်ကို အတင်းချုပ်တည်းထားရ၏။ ထိုသို့ရှိစဉ် မမြင့်သောင်းနှင့် လေးလေးမြင့်တို့ ရောက်လာသည်။ ကျွန်တော်တို့ ဝိုင်းမှာ ဝင်ထိုင်ကြသည်။ ဒေါ်ချစ်မေက လေးလေးမြင့်တို့ကို ဦးဖြူသီးပြောပြသော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ငန်းမြွေကြီးအကြောင်း ပြန်ပြောပြတော့ အမျိုးသမီးများ စိတ်ဝင်စားစွာ နားထောင်ကြသည်။ မျက်နှာတွင် သနားကြင်နာသော အရိပ် သင်္ကေတများပေါ်နေသည်။ မျက်နှာသေလေးတွေနှင့် ငေးနေကြသည်။ ထိုအဖြစ် ကို မြင်ရတော့ ကျွန်တော်ပိုပြီး ရယ်ချင်လာသည်။

"သူတို့က ဘာပြုလို့ မြွေအမ ရှာမထားကြတာလဲဟင်"

မမြင့်သောင်းက ဦးဖြူသီးကို မေးသည်။

"တိရစ္ဆာန်ဥယျာဉ်က တာဝန်ရှိတဲ့လူတွေလဲ ငန်းမြွေအမ ရအောင်တော့ ရှာကြမှာပါပဲ၊ ဒါပေမယ့် ... နဖူးစာဆိုတာက ဆုံဖို့ကံပါမှ ဆုံကြရတာ မဟုတ် လား၊ လူတွေကိုပဲကြည့် ... နဖူးစာဆုံဖို့ ကံမပါတော့ အပျိုကြီးတွေ လူ ပျိုကြီးတွေ ဖြစ်နေကြရတာပဲ မဟုတ်လား၊ ကိုယ့်ဟာကိုယ်ရှာယူနိုင်တဲ့ လူတွေ တောင်မှ နဖူးစာကံမဆုံရင် ဒီလိုပဲနေကြရတာဆိုတော့ လှောင်ချိုင့်ထဲက မြွေအနေ နဲ့က ပိုပြီးခဲယဉ်းတာပေါ့"

ဦးဖြူသီး ခပ်တည်တည်နှင့်ပြောနေသည်ကို အမျိုးသမီးများ စိတ်ဝင် တစား နားစိုက်ထောင်နေကြသည်။

"မြွေကြီး သနားပါတယ်နော်"

မမြင့်သောင်းက လေးလေးမြင့်ဘက် လှည့်၍ ပြောသည်။ လေးလေး မြင့် ဘာမျှ ပြန်မပြောဘဲ ငြိမ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဖေါ်မဲ့တဲ့ မြွေကြီးကို သနားစရာကောင်းသလို ကျုပ်တို့စာရေးဆရာကိုလဲ သနားဖို့ကောင်းပါတယ်၊ တကယ်လို့ ကျုပ်နဲ့ကြာနသာ မရှိဘူးဆိုရင် သူဟာလဲ အဖေါ်မဲ့ တစ်ကိုယ်တည်းသမားပါပဲ၊ လှောင်ချိုင့်ထဲက မြွေကြီးလို ဟိုငေးဒီတွေးနဲ့နေရရှာမှာပါ"

ဦးဖြူသီး ပြောတော့ နားထောင်နေသူများ ရယ်ကြသည်။ လေးလေးမြင့်သည် ကျွန်တော့်ကို မရဲတရဲကြည့်၏။

"အဲဒီတော့ ... ဦးချစ်မောင်တို့ ဇနီးမောင်နှံရော ... လေးလေးမြင့်နဲ့ မမြင့်သောင်းကိုရော ကျုပ်ပြောချင်တာကတော့ ကျုပ်တို့စာရေးဆရာအတွက် ဖူးစာရှင်ရှာနိုင်ရင် ရှာပေးကြပါ၊ သူ့ဘက်ကတော့ အမြဲအဆင်သင့်ရှိနေပါတယ်"

ယခုမှ ဦးဖြူသီးနောက်မှန်းသိကာ ရယ်မောကြသည်။

"ဦးဖြူသီး ဝတ္ထုရေးရင် ဆရာ့ထက်ကောင်းမယ်"

လေးလေးမြင့်က ပြောသည်။

"ဟုတ်တယ် ... ဦးဦးက ပုံပြောကောင်းတော့ ဝတ္ထုရေးရင်ဇွဲမှာ၊ သမီးတို့က အချစ်နဲ့ပတ်သက်ပြီး လွမ်းတဲ့၊ ဆွေးတဲ့ ဝတ္ထုတွေမှ ဖတ်တယ်"

မမြင့်သောင်းက ပြော၏။

"အင်း ... ဟုတ်တာပေါ့၊ အချစ်ဝတ္ထုဖတ်တဲ့ အရွယ်ဟာ ကိုယ်တိုင်မချစ်ရ၊ မလွမ်းရသေးတဲ့ အရွယ်တွေ ဖတ်ကြတာပဲပေါ့၊ ဒီအရွယ်တွေက ချစ်တယ်ဆိုတာဘယ်လို လွမ်းတယ်ဆိုတာဘယ်လို ဆိုတာတွေကို မြည်းစမ်းချင်ကြတယ် မဟုတ်လား"

"အို ... ဦးဦးကလဲ သမီးက ဒါကြောင့် ဖတ်တာမဟုတ်ပါဘူး"

မမြင့်သောင်းက ရှက်ဟန်နှင့် ပြောသဖြင့် ရယ်ကြရပြန်ပါသည်။

"ကဲ ... သမီးတို့၊ ထမင်းပွဲပြင်ကြကွယ်"

ဒေါ်ချစ်မေပြောတော့ လေးလေးမြင့်နှင့် မမြင့်သောင်းတို့ထိုင်ရာမှ ထသွားကြသည်။ အတန်ကြာသောအခါတွင် ထမင်းပွဲပြင်ပြီးကြောင်း မမြင့်သောင်းက လာပြောသည်နှင့် ကျွန်တော်တို့ ထမင်းစားခန်းသို့ လိုက်သွားကြသည်။

"ဦးဖြူသီး လမ်းလျှောက်လိုက်ဦးမလား"

ထမင်းစားပြီး၍ ဧည့်ခန်းသို့ ပြန်ရောက်လာသည်တွင် ကျွန်တော်က မေး၏။ သူက ခေါင်းခါပြသည်။

"ကျွန်တော်တော့ ထမင်းစားများသွားလို့ ဗိုက်လေးတယ်ဗျာ၊ ဗိုက်ချောင် သွားအောင် လျှောက်လိုက်ဦးမယ်"

ကျွန်တော်ပြောပြီး အိမ်ပေါ်မှ ဆင်းလာခဲ့သည်။ လမ်းမကြီးအတိုင်း ရွှေမြင်တင်ဘုရားကုန်းတော်ဘက်သို့ လျှောက်လာသည်။ လျှောက်ရင်း ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်အတွေးထဲမှာ လေးလေးမြင့် ခိုတွဲပါလာသည်။ ယခုလို မိမိ တစ်ယောက်တည်း မဟုတ်ဘဲ လေးလေးမြင့်နှင့် အတူလျှောက်ရလျှင် ဘယ်မျှ ကြည်နူးဖွယ်ကောင်းလိုက်မည်လဲ၊ စောစောက ဦးဖြူသီး စကားလမ်းကြောင်း ပေးထားသည့်အတိုင်းပြော၍ ချစ်ရေးဆိုလျှင် မနိုင်လော။

ပြန်စဉ်းစားကြည့်တော့မှ ဦးဖြူသီးပြောသော စကားသည် ရည်ရွယ်ချက်နှင့် ဦးတည်ချက်ကို ကျွန်တော်မြင်လာသည်။ သူ့စကားက ဦးတည်ချက်သည် အကယ်၍ လေးလေးမြင့်အား ကျွန်တော်ချစ်ရေးဆိုလျှင် လွယ်ကူအောင် လမ်းကြောင်းပေးထားခြင်း ဖြစ်၏။ ဖဲသမားစကားနှင့်ပြောရလျှင် နှပ်ကြောင်းပေးထားသည်။ ထိုနှပ်ကြောင်းအတိုင်း ချိုးလိုက်လျှင် ကိုယ်လိုချင်သောဖဲကို ရရှိနိုင်မည်။

သူသည် လူအများထဲမှာပင် ကျွန်တော့်အတွက် လေးလေးမြင့်ကို အောင်သွယ်လုပ်သည်။ သို့သော်လည်း သူအောင်သွယ်လုပ်သည်ကို ဦးချစ်မောင်တို့ ဇနီးမောင်နှံမသိရပါ။ ရယ်စရာပြောသည်ဟု ထင်မှတ်ကြမည်။

အတော်လည်သော ကပ္ပိယကြီးပါတည်း။

သူ့ကို ကျွန်တော် ကျေးဇူးတင်သည်။ နောင်အလျဉ်းသင့်၍ လေးလေးမြင့်အား ချစ်ရေးဆိုခွင့်ရလျှင် သူကြောင်းပေးထားသော စကား လမ်းကြောင်းအတိုင်း အစချီ၍ ပြောရပေမည်။

တစ်ကိုယ်တည်း စိတ်ကူးယဉ်ယဉ်နှင့် တွေးရင်းလျှောက်လာ၏၊ ကျွန်တော့်နားထဲသို့ ပြင်းထန်သော ခြေသံများ၊ ပြေးလွှားသံများ ကြားရသောကြောင့် ရင်တွင် ထိတ်ခနဲဖြစ်ကာ အတွေးပြတ်သွားသည်။ အသံကြားရာဘက်သို့ အထိတ်တလန့် ကြည့်လိုက်မိသည်။

လမ်းကြားတစ်ခုထဲမှ ပြေးထွက်လာသော နွားတစ်အုပ်သည် ကျွန်တော့်ထံသို့ တည့်တည့်မတ်မတ် စိုင်းနှင်လာသည်။ တစ်ခဏအတွင်းမှာပင် ကျွန်တော်နှင့် အလွန်နီးကပ်လာ၏။ ကျွန်တော် ဒရောသောပါးနှင့် လမ်းဘေးမှ ဈေးဆိုင်တစ်ဆိုင်နား ပြေးကပ်လိုက်ရပါသည်။

နွားအုပ်တိုးမိမည့် အန္တရာယ်မှ ကျွန်တော် သီသီလေး လွတ်ခဲ့ရသည်။ ရင်တွေပန်းတွေ တုန်နေသည်။ လူမှာ ကတုန်ကယင် ဖြစ်နေပါသည်။ စောစောက မျက်လုံးတွေ ပြာဝေသွားသဖြင့် အနီးဝန်းကျင်ကို ဘာမျှမမြင်မိ၊ နွားအုပ် ခပ်ဝေးဝေး ရောက်သွားသည်။ ကျွန်တော် လှမ်းကြည့်လိုက်တော့ နွားမ တစ်ကောင်နောက် နွားထီးတွေ ဝိုင်းလိုက်နေသည်ကို မြင်ရ၏။

"ရှင်အတော် လန့်သွားသလား၊ လန့်တာပျောက်အောင် ရေသောက်လိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



အံ့သြသွားရ၍ လှည့်ကြည့်တော့ အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။ သူမက ဆိုင်ပေါ်မှာထိုင်လျက်ရှိ၏။ ကျွန်တော့်ကိုကြည့်ကာ ပြုံးနေသည်။

"ရှင်ရေသောက်မလား"

အမျိုးသမီးကမေးတော့ ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ သူမသည် ထိုင်နေကထကာ သောက်ရေအိုးမှ ကြေးဖလားနှင့် ခပ်ယူလာ၏။ ကျွန်တော်က သူမ ကမ်းပေးသော ရေခွက်ကို လှမ်းယူပြီးသောက်သည်။

"ကျေးဇူးပါပဲ ခင်ဗျာ"

ကျွန်တော်က ရေခွက်ကိုပြန်ပေးရင်း ပြောလိုက်ပါသည်။ အမျိုးသမီး ရေခွက်သွားပြန်ထားသည်။ ဈေးဆိုင်မှာ ကုန်စုံဆိုင်ဖြစ်၏။ ဆေးလိပ်မီးခြစ်နှင့် ကွမ်းယာပါ ရောင်းဟန်ရှိသည်။ အမျိုးသမီးသည် အသက် ၂၀ ကျော်ရွယ် မြန်မာပြည်ဆေါက်တရုတ်မ ဖြစ်သည်။ အသားဖြူဖွေးနေသော်လည်း မျက်နှာပြား သည်။ ကိုယ်နေပြားသည်။ အချိုးအစားသိပ်မကျ၊ ခပ်ပုကွကွ၊ မြန်မာစကား ပီသစွာပြောသည်။

"ကျွန်တော့်ကို ဒူးယားစီးကရက် တစ်ဘူးရောင်းပါ"

ကျွန်တော်ပြောတော့ အမျိုးသမီးက ဒူးယားစီးကရက်ဘူး ယူပေး သည်။ ကျွန်တော်က စီးကရက်ဖိုးပေးလိုက်သည်။

"ဒါခင်ဗျားဆိုင်ပဲလား"

အမျိုးသမီး ခေါင်းညိတ်သည်။ ကျွန်တော် စီးကရက်တစ်လိပ် ထုတ် ယူပြီး သူမထံမှ မီးခြစ်တောင်းညှိသည်။

"ရှင်အရောင်မြန်သွားလို့နော်၊ မဟုတ်ရင် ဝင်တိုက်ပြီး တက်နင်းကြမှာ၊ ဒီအချိန်မျိုးမှာ သူတို့ကဘာကိုမှလဲ မမြင်ဘူး၊ လူကိုလဲ မကြောက်တော့ဘူး"

အမျိုးသမီးပြောတော့ ကျွန်တော်ပြုံးပြီး သူမကိုကြည့်လိုက်သည်။ ကျွန်တော့်ရင်တွင် ဒိတ်ခနဲဖြစ်သွားသည်။ တက်ထရှန်အင်္ကျီအဖြူပေါ်တွင် ပိုး ချည်အဖြူနှင့် ထိုးထားသော စံပယ်ပွင့်ကလေးကို သူမရင်၌ မြင်လိုက်ရသော ကြောင့် ဖြစ်ပါသည်။

ကျွန်တော့် မျက်နှာအနေအထား ပျက်သွား၍ထင်ရဲ့၊ အမျိုးသမီး ကျွန် တော့်ကို မသင်္ကာသလိုမျိုး ကြည့်သည်။ ကျွန်တော် ချက်ချင်း ဣန္ဒြေဆည်ကာ ပြုံးလိုက်ပါသည်။

"အထူးပဲ ကျေးဇူးတင်ပါတယ် ... ကျွန်တော်သွားပါဦးမယ်"

ကျွန်တော်နှုတ်ဆက်သည့်တိုင် အမျိုးသမီးက ဘာမျှပြန်မပြော၊ ခေါင်း လည်းမညိတ်၊ ကျွန်တော့်ကို မသင်္ကာသောမျက်လုံးများနှင့်သာ စူးစိုက်ကြည့်နေ သည်။ ကျွန်တော်ထိုနေရာမှ ထွက်ခွာခဲ့သည်၊ အိမ်ပြန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



စံပယ်ပွင့်ကလေးများမှာ ဦးဖြူသီးပြောသကဲ့သို့ပင် ဂိုဏ်း၏အမှတ်အသားဖြစ်နိုင်စရာရှိသည်။ သို့သော်လည်း စံပယ်ပွင့်ကလေးတွေက အလွန်သေးငယ်သည်မို့ တော်ရုံအမှတ်မထင်ဆိုလျှင် မမြင်နိုင်။ မြင်သည့်တိုင်လည်း သာမန်လူများအနေနှင့်ကတော့ အလှအပအတွက် ထိုးထားသည်ဟုပဲ ထင်ကြပေလိမ့်မည်။

ကျွန်တော်သည်ပင်လျှင် ဦးဖြူသီးပြောမထားက သည်အတိုင်းထင်မည် မလွဲ၊ ဦးဖြူသီးကား အလွန်တော်သည်။ သာမန် အသေးအဖွဲကလေးများကို မြင်တွေ့ရုံဖြင့် ဖြစ်နိုင်မည့်အရာကို ဆက်စပ် တွေးယူတတ်သည်။

ကျွန်တော် သူ့ကို စိတ်တွင်းမှ ချီးကျူးရင်း တည်းခိုရာအိမ်သို့ ပြန်ရောက်လာသည်။ ကျွန်တော်တွေ့လာခဲ့သော စံပယ်ပွင့်နှင့် အမျိုးသမီးအကြောင်း သူ့ကိုပြောပြချင်သည်မှာ ရင်ထဲတွင် ကလိကလိ ဖြစ်နေသည်။ သို့သော် လည်း မပြောသာပါ။ ဦးဖြူသီးနှင့် ဦးချစ်မောင်တို့ ဝိပဿနာတရား ဆွေးနွေး နေကြသည်။

*

www.burmeseclassic.com

www.burmeseclassic.com

# ( ၄ )

## စတုတ္ထ စံပယ်ပွင့်

ညကလည်း ဦးချစ်မောင်နှင့် ဦးဖြူသီးတို့ ဘယ်အချိန် အိပ်ကြသည် မသိ၊ ကျွန်တော့်မှာ ဦးဖြူသီးအား တတိယစံပယ်ပွင့်အကြောင်းပြောရန် စောင့်ရင်း အိပ်ပျော်သွားသည်။

နံနက်တွင် လမ်းလျှောက်ကြရင်းနှင့် မနေ့ညက အဖြစ်အပျက်ကို ကျွန်တော် ဦးဖြူသီးအား ပြန်ပြောပြသည်။ ကျွန်တော် အမျိုးသမီးနှင့်တွေ့ခဲ့သော ဆိုင်ကို ပြသည်။ အချိန်အတန် စောနေသေး၍ထင်ရဲ့၊ ဆိုင်မဖွင့်သေးပါ။

"စံပယ်ပွင့်လေးတွေဟာ ဦးဖြူသီးပြောသလို ဂိုဏ်းတစ်ဂိုဏ်းရဲ့ အမှတ်အသားဖြစ်နိုင်တာတော့ အမှန်ပဲ"

ကျွန်တော်ပြောတော့ ဦးဖြူသီးခေါင်းညိတ်သည်။

"ဟုတ်တယ် ... စံပယ်ပွင့်ဟာ ဂိုဏ်းပဲ၊ ဘာဂိုဏ်းဆိုတာ တို့သိအောင် စုံစမ်းရလိမ့်မယ်"

"ဘာဂိုဏ်း ဖြစ်နိုင်မယ်ထင်သလဲ"

"ယောက်ျားတွေမှာချည့်တွေ့ရတယ်ဆိုတော့ လမ်းသရဲဂိုဏ်းတို့၊ ဘာတို့လို တွေးရမှာပေါ့၊ ခုဟာက မိန်းမတွေမှာရော၊ ယောက်ျားတွေမှာရော တွေ့ရတယ်ဆိုတော့ အစဉ်းစားရ အခက်သားပဲ"

"မှောင်ခိုဂိုဏ်း မဖြစ်နိုင်ဘူးလား၊ ဒီသိမ်ကုန်းဟာ ရှမ်းပြည်နယ်နဲ့မဝေးဘူး ဆို ... မဟုတ်လား၊ ရှမ်းပြည်နယ်က ကုန်သည်တွေ လာကြတယ်လို့လဲ ပြောတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မှောင်ခိုဂိုဏ်းဆိုရင်လဲ အမှတ်အသား လုပ်ထားမယ် မဟုတ်ဘူးကွ၊ သူ့အဆက်နဲ့သူ အရောင်းအဝယ် လုပ်ကြတာပဲ။ ဒုစရိုက်တစ်ခုခုအတွက် ဂိုဏ်းဖွဲ့ထားတာလို့ပဲ ငါတော့ထင်တယ်"

ကျွန်တော်တို့ ရွှေမြင်တင်တောင်ခြေအရောက် လမ်းလျှောက်ကြသည်။ အပြန်တွင် ကုန်စုံဆိုင်ရှေ့၌ ဗင်ကားရပ်ထားသည်ကို လှမ်းမြင်ရ၏။ ကျွန်တော်တို့ ခပ်သွက်သွက် လျှောက်လာကြစဉ်မှာ ကားထွက်ခွာသွားသည်။

ကုန်စုံဆိုင်ကလေး ဖွင့်ထားသည်။ သို့သော်လည်း မနေ့က ကျွန်တော်တွေ့ခဲ့သော တရုတ်မကို မတွေ့ရတော့ပါ။ မြန်မာမကြီး တစ်ယောက်ကိုသာ တွေ့သည်။ ထိုအမျိုးသမီးတွင် စံပယ်ပွင့်ရှိ၊ မရှိ သိလိုသဖြင့် ဆေးလိပ်ဝယ်ရင်း ကြည့်သည်။ သူမအင်္ကျီ၌ စံပယ်ပွင့်မရှိ။

"မင်းပြောတဲ့ တရုတ်မ ဟိုကားနဲ့ ပါသွားပြီ ထင်တယ်"

ဦးဖြူသီးက ထင်မြင်ချက်ပေးသည်။

"ဖြစ်နိုင်ပါတယ်"

"တို့သိမ်ကုန်းကိုအလာ မြင်းလှည်းပေါ်ကနေ မြင်လိုက်ရတဲ့ လူကြီးဟာ တရုတ်ကြီးပဲကွ၊ တရုတ်မနဲ့ တရုတ်ကြီးကို ဆက်စပ်ကြည့်ရင် စံပယ်ပွင့်ဂိုဏ်းဟာ အဲဒီဗင်ကားပေါ်က တရုတ်ကြီးနဲ့ဆက်သွယ်မှုရှိတယ်ဆိုတာ ထင်ရှားတယ်၊ ဒီတရုတ်ကြီးကိုလဲ ငါရန်ကုန်မှာ တွေ့ဖူးတယ်။

"စံပယ်ပွင့်ဂိုဏ်းဟာ အတော်တော့ စိတ်ဝင်စားစရာ ကောင်းနေပြီ"

"ဟုတ်တယ် ... ဒါကြောင့် စံပယ်ပွင့်ဂိုဏ်းရဲ့ အခြေအနေနဲ့ လှုပ်ရှားမှုကို ရွှေမြင်တင်ဘုရားပွဲတော်မှာ တို့စောင့်ကြည့်ကြရလိမ့်မယ်"

ကျွန်တော်တို့ပြန်ရောက်တော့ ခေါပြင်ပဲပြုတ်နှင့် လက်ဖက်ရည်ကြမ်းဝိုင်း ပြင်ဆင်ထားသည်ကို တွေ့ရ၏။ ဆာဆာနှင့် လွေးနေသည်။ ထိုစဉ် လေးလေးမြင့် အခန်းထဲမှ ထွက်လာသည်။ သူမသည် ခါတိုင်းနေ့များထက် ပို၍လှနေသည်ဟု ကျွန်တော်ထင်သည်။ အဝါရောင် တက်ထရွန်အင်္ကျီ လက်စကနှင့် ခပ်မှိုင်းမှိုင်းပါတိတ်ကို ဝတ်ဆင်ထားသည်။ ကျွန်တော်တို့ ရောက်သည့်အချိန်မှစ၍ ထိုဝတ်စုံကို လေးလေးမြင့်သည် တစ်ကြိမ်သာ ဝတ်သည်ကို တွေ့မြင်ရ၏။ ဝတ်စုံကအတော်သစ်လွင်သည်။

အဝါရောင်က သူမအသားကို အရောင်တင်ပေးသလို ရှိသည်။ မျက်နှာလေးဝင်းပြီး စိုပြည်နေသည်။ အဝါလွင်သည်ကို ခပ်မှိုင်းမှိုင်းထဘီရောင်က ထိန်း ပေးထားသောကြောင့်တည်ငြိမ်၍ ဣန္ဒြေရသည်။ အကယ်၍သာ လွင်သောအရောင်နှစ်ခုကို တွဲစပ်ဝတ်ဆင်မည်ဆိုလျှင် အမျိုးသမီးအသွင်မှ ကလက်နေမည်။ ပေါ့ နေမည်ဖြစ်၏။ ယခုတော့ အလွင်အပေါ့ကို တည်ငြိမ်သော အရောင်


www.burmeseclassic.com

www.burmeseclassic.com



မှိုင်းမှိုင်းနှင့် ထိန်းပေးထားသည်မို့ သိက္ခာရှိသော အဝတ်ကို လေးလေးမြင့် ပိုင်ဆိုင်ခွင့်ရှိနေသည်။

ကျွန်တော် ကျွေမဆောင်နိုင်ဘဲ သူမကို ငေးမောကြည့်နေမိပါသည်။ သူမမျက်နှာတွင် သနပ်ခါးပါးပါးလေးလူးပြီး ပေါင်ဒါဖုန်ဖုန်ရိုက်ထားသည်။ နှုတ်ခမ်းလွှာကလေးများ ဆေးမဆိုးဘဲနှင့် နီရဲနေသည်။

"မြင့် ဆိုင်ကို သွားတော့မယ်ဆရာ"

အမျိုးသမီး ကျွေရရှော့ောက်လာပြီး ကျွန်တော့်ကို နှုတ်ဆက်သည်။ ကျွန်တော်သူမကို ငေးကြည့်နေရာမှ ကယောင်ကတမ်းလို ခေါင်းညိတ်လိုက်သည်။ သူမ ကျွန်တော့်ကို ကျော်ခိုင်းသွား၏။

"မင်းကြည့်တာကလဲ ကိုက်စားတော့မလိုဘဲ"

အမျိုးသမီးလှေခါးတွင် ဆင်းနေစဉ် ဦးဖြူသီးက ပြောသည်။

"ကျွန်တော် လေးလေးမြင့်ကို ကိုက်ဖဲ့ပြီး ဆွဲဆက်မွှေ့ယမ်းပစ်ချင်တယ်"

"ဗွေ့ါ"

ဦးဖြူသီး ပြောပြောဆိုဆို ပခုံးနှစ်ဖက်ကို စုံတွန့်လိုက်သည်။

"တကယ်ဗျာ ... လေးလေးမြင့်ဟာ ဘယ်လိုချစ်စရာကောင်းမှန်းမသိဘူး။ ကျွန်တော်သိပ်ချစ်တယ်"

ကျွန်တော် အံကြိတ်၍ပြောပါသည်။

"မင်းအချစ်ခံရဖို့က ကြောက်စရာပဲ၊ ငါသာဆို မင်းအချစ်မခံရဲဘူး"

"ဘာပြုလို့လဲ"

ကျွန်တော် သူ့မျက်နှာကို ငေးကြည့်ပြီးမေးပါသည်။

"ဟာ ... ဘယ့်နှယ်ကွာ၊ ကိုက်ဖဲ့ပြီး ဆွဲဆက်မွှေ့ယမ်း ပစ်ချင်တယ်ဆိုတော့ မင်းဟာက လူချစ်သလိုမချစ်ဘဲ ခွေးချစ်သလို ချစ်တာပဲကွ"

"စကား ရိုင်းရိုင်းမပြောနဲ့ဗျာ"

ကျွန်တော် မျက်နှာထားတည်တည်နှင့် ပြောလိုက်ပါသည်။

"ရိုင်းရိုင်းပြောတာ မဟုတ်ဘူးလေ၊ ခွေးချင်း ... ခွေးချင်း ချစ်ကျိစယ်ပြီး ကစားတာ မင်း မတွေ့ဖူးဘူးလား၊ တစ်ကောင်နဲ့တစ်ကောင် ကိုက်ဖဲ့မွှေယမ်းနေကြတယ် မဟုတ်လား"

"ဟာဗျာ ... တကယ်တော့လဲ ဘယ်ကိုက်ပါ့မလဲ၊ ကျွန်တော်ခွေးမှမဟုတ်ဘဲ၊ လူပဲဟာ၊ စိတ်ထဲမှာ ကြိတ်မနိုင်ခဲမရလို့ ပြောတာပါ"

"သိပါဘူး၊ ငါကမင်းလူစိတ်ပျောက်ပြီး ခွေးစိတ်များ ပေါက်နေသလားလို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဦးဖြူသီး မကောင်းဘူးဗျာ ... ကျွန်တော့်ကို နှိမ်တယ်"

ကျွန်တော် ခေါင်းကိုလေးလေးယမ်းခါရင်း မကျေမနပ်နှင့်ပြောသည်။ ထိုစဉ် အိမ်ရှေ့ဂျစ်ကားတစ်စီး ဆိုက်ရပ်လာသည်။ ကျွန်တော် လှမ်းကြည့်လိုက်သည်။ ကိုစောဝင်း ဂျစ်ကားပေါ်မှ ဆင်းလာသည်။

အကြောင်းထူး တစ်စုံတစ်ရာရှိပြီလားဟု ကျွန်တော်တွေးနေသည်။

"လာ ... ကိုစောဝင်း"

သူအိမ်ပေါ်ရောက်တော့ ကျွန်တော်က ဆီးခေါ်သည်။

"ခင်ဗျားအတွက် သံကြိုးစာရောက်လာလို့ အရေးကြီးမယ်ထင်တာနဲ့ တက္ကစီကားငှားပြီး လာခဲ့တာပါ"

ကိုစောဝင်း သံကြိုးစာအိတ်ကို ကမ်းပေးရင်းပြောသည်။

"ထိုင်ဦးလေ ကိုစောဝင်း ... လက်ဖက်ရည်ကြမ်း သောက်ပါဦး"

ကျွန်တော်စာအိတ်ကို ဖေါက်ရင်း ဧည့်ဝတ်စကားပြောပါသည်။ ကိုစောဝင်း ကုလားထိုင်မှာ ဝင်ထိုင်လေသည်။

ဦးတင့်ဆန်း

"ခြားရပါတ်" ဝတ္ထုကို ကျွန်တော်များ ကြိုက်နှစ်သက်သဖြင့် ဇာတ်လမ်းစဉ် ရေးပြီးပါပြီ ...၊ ဝတ္ထုခအတွက် ငွေရေးကြေးရေးပြောရန်နှင့် ဇာတ်လမ်းစဉ် တင်ရာတွင် လက်မှတ်ထိုးရန် အမြန်ပြန်လာပါ။

( . . . ) ရုပ်ရှင်ကုမ္ပဏီ

"ဘယ်က သံကြိုးလဲ"

ဦးဖြူသီး အလောတကြီးမေးသည်။

"ရုပ်ရှင် ကုမ္ပဏီကပါ"

ကျွန်တော်ပြောပြီး သံကြိုးစာ သူ့ကို ပေးလိုက်သည်။

"ဒီလိုဆို မင်းရန်ကုန်ပြန်မှ ဖြစ်မှာပေါ့"

ဦးဖြူသီး သံကြိုးစာဖတ်ကြည့်ပြီး ပြော၏။

"ဦးဖြူသီး နေခဲ့မယ်လား"

"အေးလေ ... ရွှေမြင်တင် ဘုရားပွဲတော်အမီ မင်းပြန်လာခဲ့ပေါ့"

သူပြောတော့ ကျွန်တော် စဉ်းစားသည်။ ကျွန်တော်အနေနှင့် လေးလေးမြင့်အား ခွဲခွါပြီး ဘယ်ကိုမှမသွားလို။ သူမအလှကို တစိမ့်စိမ့် ကြည့်နေချင်သည်။ အကွက်ရလျှင် ချစ်ရေးဆိုချင်သည်။

"နေပေ့စေဗျာ ... နောက်မှပဲ ကြည့်လုပ်တော့မယ်"

"ဟ ... ဒါ မင်း စီးပွားရေးပဲ သွားမှပေါ့"

ဦးဖြူသီး ကျွန်တော့်ကို စူးစိုက်ကြည့်ပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဓာတ်လမ်းတင်လဲ ကျချင်မှ ကျတာပါ၊ မသေချာပါဘူး၊ ပစ်ထားလိုက်တာပဲ ကောင်းပါတယ်၊ စီးပွားရေးဆိုပေမယ့် ဓာတ်လမ်းကျမှ ပိုက်ဆံရမှာပါ"

"မဟုတ်သေးဘူးလေကွာ ... ကုမ္ပဏီကကြိုက်လို့ ဓာတ်လမ်းတင်ရတယ် ဆိုတာကိုကပဲ အခွင့်အရေးတစ်ခု မဟုတ်လားကွ ... သွားပါ။ မင်းဘုရားပွဲတော်အမီ ပြန်လာနိုင်ပါတယ်" ဦးဖြူသီး တိုက်တိုက်တွန်းတွန်း ပြောနေသည်။

"ဟုတ်ပါတယ်၊ အခွင့်အရေးတစ်ခု လက်လွတ်သွားမှာ စိုးရတယ်"

ကိုစောဝင်းက ပြောသည်။

"အခွင့်အရေးလို့တော့ ပြောလို့ရပါတယ်၊ ဒါပေမယ့်လို့ သိပ်လဲ မျှော်လင့်သင့်တဲ့ အခွင့်အရေး မဟုတ်ပါဘူး၊ ဓာတ်လမ်းက စိစစ်ရေးကပယ်လိုက်ရင် အလကားပဲ၊ ဒီတော့ ... မက်လောက်တဲ့ အခွင့်အရေး မဟုတ်ဘူးလို့ပဲ ဆိုကြပါစို့ဗျာ၊ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဝမ်းပန်းတသာ မရှိလှပါဘူး"

ထိုစဉ် ဦးချစ်မောင်တို့ ဇနီးမောင်နှံရောက်လာကြသည်။ အကျိုးအကြောင်းမေးကြ၏။ ဝတ္ထုဓာတ်လမ်းကိစ္စမှန်းသိတော့ သူတို့ကပါ တိုက်တွန်းသည်မို့ ကျွန်တော် စိတ်မပါဘဲနှင့် ရန်ကုန်ပြန်ရန် ပြင်ဆင်ရလေတော့သည်။

ကိုစောဝင်း ငှားလာသော ဂျစ်ကားနှင့် ရမည်းသင်းသို့ လိုက်လာခဲ့သည်။ ရမည်းသင်းရောက်တော့ မီးရထားနှင့် လိုက်ရန် လက်မှတ်ဝယ် လိုက်ပါသည်။ ကျွန်တော် ညရထားနှင့် လိုက်ရသည်။ အိပ်စင်တစ်ခုရရန် မနည်းကြိုးစားရ၏။ ရပြန်တော့လည်း တွဲထဲတွင် မီးမရှိ၊ မှောင်နေသည်။ ခရီးသည် တစ်ယောက်က ဖယောင်းတိုင်ထွန်းတော့မှ အလင်းရောင်ရသည်။

"မှောင်ခိုတယ်ဆိုတာ ဝေါဟာရအဖြစ်နဲ့သာ ပြောရတာ မဟုတ်ဘူးဗျ။ တကယ့်ကို မှောင်ထဲမှာ ခိုကြတာ၊ ကြည့်ပါလား။ ရထားတွဲတွေ မှောင်အောင် သူတို့ပဲ မီးလုံးတွေကို ဖျက်ပစ်ကြတယ်။ ဒါမှ သူတို့ပစ္စည်းတွေကို ရှာဖွေရေးက ရှာလို့ မတွေ့မှာ မဟုတ်လား။ လူတွေဟာ မကောင်းပါဘူးဗျာ။ ကိုယ်ကျိုးတစ်ခုပဲ ကြည့်ပြီး ပြည်သူတွေ ဒုက္ခရောက်အောင် လုပ်ကြတယ်၊ ပြည်သူ ပိုင်ပစ္စည်းတွေကို ဖျက်ဆီးပစ်ကြတယ်၊ လူတွေမှာ လူစိတ်မရှိကြတော့ဘူး၊ တိရစ္ဆာန်စိတ်တွေ ဝင်ပြီး ငါစားစိတ်တွေ မွေးကုန်ကြပြီ"

ခရီးသည်ယောကျ်ားတစ်ယောက်က ညည်းရင်းပြောနေ၏။

"မှောင်ခိုသမားကသာ ဖျက်တာ မဟုတ်ဘူးဗျ၊ သူခိုးကလဲ အခန်းတံခါးချက်တွေ ဖျက်ထားကြတယ်၊ သတိနဲ့သာနေကြဗျို့၊ ကိုယ့်အဝတ်အထည်လေးရင်ခွင်မှာ မြဲမြဲဖက်ထား၊ အလစ်ခိုးရုံတွင် မဟုတ်ဘူး၊ မှောင်ထဲမှာ ဓားထုတ်ဝင်ဆွဲတဲ့ဟာမျိုးတွေလဲ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင် ထွန်းသူက ပြောသည်။

"အေးဗျာ ... ခင်ဗျားတို့ ကျုပ်တို့ကို မလွှဲမရှောင်သာလို့ ခရီးသွားလာရတဲ့ လူတွေဟာဒုက္ခပဲ၊ ရထားတစ်စင်းလုံးမှာ မှောင်ခိုခရီးသည်နဲ့ပြည့်လို့၊ နေရာရဖို့အရေး ကြိုးစားလိုက်ရတာ၊ နေရာရပြန်တော့လဲ အိပ်ကောင်းခြင်း မအိပ်ရ၊ နေကောင်းခြင်းမနေရနဲ့ ဖြစ်နိုင်ရင်ခရီးမသွားဘဲ နေဖို့ပဲ ကောင်းတယ်"

"ခရီးမသွားချင်ပါဘူးဗျာ၊ မသွားမဖြစ်လို့ သွားရတာပါ"

သည်ညည်းသံမျိုးတွေ ခရီးသွားသည့်အခါတိုင်း ကြားရ၍ ရိုးနေပါပြီ၊ ကျွန်တော့်အိပ်စင်ရှိရာအပေါ်ထပ်သို့ တက်လာခဲ့သည်။ တစ်ဖက်အိပ်စင်တွင် လူငယ်တစ်ယောက် ပက်လက်အိပ်ရင်း စီးကရက်ကိုဖွာရှိုက်နေသည်။ ထိုလူငယ်သည် ဘာကိုမျှ အမှုထား ဂရုစိုက်ဟန်မရှိ။ စီးကရက်ကိုသာ အားရပါးရ ဖွာရှိုက်နေ၏။

ကျွန်တော်က ခရီးဆောင်အိတ်ကို ခေါင်းအုံး၍ အိပ်ရန်ပြင်ဆင်သည်။ ရထားက မှန်မှန်ခုတ်မောင်းနေသည်။ ဖယောင်းတိုင်ရောင်သည် တစ်ခဏအတွင်းမှာပင် ပျောက်ကွယ်သွား၏။ အလင်းရောင် မရှိတော့။ တွဲထဲတွင် မှောင်နှင့်မည်းမည်း။ ကျွန်တော် လှဲချလိုက်သည်။ ကျွန်တော့်အတွေးစက်ဝန်းထဲသို့ လေးလေးမြင့် ရောက်လာသည်။ နံနက်ကတွေ့ရသော ပုံစံအတိုင်းဖြစ်သည်။ ကျွန်တော် နှစ်နှစ်သက်သက် မက်မက်မောမော အာရုံစိုက်နေမိသည်။ ကျွန်တော့်အနေနှင့် အမျိုးသမီးအတော်များများကို တွေ့ဆုံနှစ်သက်ခဲ့ဖူးသည်။ ချစ်ခင်ခဲ့ဖူးသည်။ သို့သော်လည်း လေးလေးမြင့်လောက် စွဲမက်ခြင်း မရှိဟု ထင်ပါသည်။

ကြည့်စမ်း၊ သူမပုံသဏ္ဌာန်သည် ကျွန်တော့်အာရုံထဲတွင် မပျက်မပြယ် စွဲခိုနေသည်။ ဘူတာ၌ ရထားရပ်လေတိုင်း ဈေးသည်များ အော်သံဟစ်သံကို ကြားမိသည်။ ခရီးသည်တို့၏ ခေါ်သံအော်သံကို ကြားရသည်။ သို့တိုင် လေးလေးမြင့် ကျွန်တော့်အာရုံမှ ထွက်ခွာမသွားပါ။

ဘူတာတစ်ခုတွင် ရထားရပ်ပြီး ပြန်ထွက်တော့ ကျွန်တော်တို့ အခန်းဝ လူသွားစင်္ကြံဆီမှ ဆူဆူညံညံ အသံတွေ ကြားရသဖြင့် နားစိုက်မိသည်။ ဤတွင် လေးလေးမြင့် ကျွန်တော့်အာရုံမှ ထွက်ပြေးသွားသည်။

"အတော် ယုတ်ကန်းတဲ့ အမျိုးသမီးကွာ၊ လူတွေကြားထဲ သေးပေါက်သွားတယ်၊ တောက် ... ဆင်းသွားလို့ပေါ့၊ မဟုတ်ရင်လား"

လူတစ်ယောက် ဒေါနှင့်မောနှင့် ပြောနေသံကို ကြားရသည်။ ရယ်သံတွေကိုပါ ကြားရ၏။

"တကယ်ဗျာ၊ သေးတွေက ဒီဘက်စီးလာပြီး ကျုပ်ပုဆိုးတောင် စိုကုန်ပြီ ... ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သသံနှင့် ညည်းညူသံ ရောပြွန်းကြားရသည်။

"ဒါတော့ကွာ ... အန္တရာယ် မလွယ်နိုင်လို့ ဖြစ်ရတာ သည်းခံပါ။ မောင်ရင်တို့က အိပ်နေကြတာဆိုတော့ အိမ်သာသွားစရာလမ်းမရှိဘူး ဟုတ်လား"

တစ်ယောက်က ပြေရာပြေကြောင်းပြောသည်။

"အိပ်နေတာ နှိုးပေါ့ဗျ"

ဒေါ်သနှင့် အော်သံ...။

"သူ့ခမျာ နှိုးရှာပါတယ်ကွာ၊ အစ်ကိုတို့ရယ်၊ အိမ်သာသွားချင်လို့ ခဏထပေးကြပါနဲ့ တတွတ်တွတ်ပြောပဲ၊ မောင်ရင်တို့ကမှ ထမပေးတာကိုး"

ဒေါ်သသမားမှာ မပြေနိုင်မလည်နိုင်ဖြစ်နေသည်။

"အပြင်ဘက်က ပြဿနာကြားလားဗျို့"

ကျွန်တော့် အိပ်စင်အောက်မှ အသံ။

"ကြားပါတယ်။ သူတို့ကစကြိုမှာ ပိတ်အိပ်နေကြတော့ အိမ်သာကို ဘယ်လိုမှ သွားလို့မရဘူးလေ၊ ကျုပ်လဲ အိမ်သာသွားဖို့ သုံးလေးကြိမ် ကြိုးစားသေးတယ်။ ဘယ်လိုမှ သွားလို့မရတာနဲ့ ရထားရပ်တုန်း ပြတင်းပေါက်က ပန်းချလိုက်ရတယ်"

"ယောကျ်ားကတော့ လွယ်သားပေါ့၊ အမျိုးသမီးတွေဆိုတော့ မလွယ်ဘူးလေ"

ခရီးသွားရသည်မှာ ရယ်စရာလည်း ကောင်းသည်။ စိတ်ညစ်စရာလည်း ကောင်းသည်။ ကျွန်တော်ကိုယ်တိုင် အိမ်သာသွားချင်၏။ မှောင်မည်းထဲ၌ စကြိုတွင်အိပ်နေသော လူတွေကို တက်နင်းမိမည်စိုးသောကြောင့် မသွားဘဲ အောင့်ထားရသည်။ ဒုက္ခမှတကယ့် ဒုက္ခ။

အပြင်ဘက်မှ ဆူဆူညံညံအသံတွေကိုကြားနေရသည်။ ကျွန်တော့်မှာ မအောင့်နိုင် မအည်းနိုင်လောက်အောင်ပင် ဝေဒနာခံစားနေရ၏။ အိပ်ရာမှ ထသည်။ စင်ပေါ်မှ ဆင်းလာသည်။ မီးခြစ်ကိုခြစ်ပြီး အပြင်ထွက်သည်။ စင်္ကြံတွင် သွားစရာ လမ်းမရှိ။ အိပ်နေသူတွေ၊ ထိုင်နေသူတွေအပြည့်...။

မီးခြစ်တစ်ဆံငြိမ်းလျှင် တစ်ဆံထပ်ခြစ်ပြီး ခြေချစရာရှာရသည်။ တောင်းပန်တိုးလျှိုးရသည်။ အိပ်နေသူများအပေါ် ကျော်လွှားရသည်။ အသက်ပင် ရဲရဲမရှူနိုင်။

အိမ်သာတစ်ခေါက်သွားရသည်မှာ မဟာစွန့်စားခန်းကြီး ဖြစ်သည်။ ဘယ်သူ့ကို နင်းမိမလဲ။ ဘယ်သူက ထရိုက်မလဲနှင့် အထိတ်တလန့်။ ကိုယ့်အခန်း ကိုယ်ပြန်ရောက်မှ သက်မချနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်စင်တွင်လှဲအိပ်လိုက်သည်။ ညဥ့်တာရှည် လာပြီဆိုတော့လည်း မျက်ခွံတွေလေးလာသည်။ မျက်တောင်ချင်းယှက်လိုက်ရုံနှင့် အိပ်ပျော်သွားပါသည်။ ဆူဆူညံညံအသံတွေ နားထဲတိုးဝင်လာသောကြောင့် အိပ်ရာမှနိုးသည်။ ရထားရပ်နေသည်။ အလင်းရောင်သည် အခန်းထဲသို့ အကြိုအကြားမှ တိုးဝင်နေသည်။ မိုးလင်းပြီ။ အိပ်ရေးလည်းဝပြီ။ ကျွန်တော် အိပ်ရာမှ ထခဲ့သည်။ အခန်းတံခါး ပွင့်နေသည်။ စကြံတွင် ရှင်းနေသည်။ ပြတင်းပေါက်မှ နေပြီး အပြင်ဘက်ခေါင်းထွက်၍ ကြည့်သည်။

ပဲခူးဘူတာ...။

မျက်နှာသစ်ဖို့ သတိရသည်။ ရထားတွင် ရေမရှိ။ ရေသည် ခေါ်၍ဝယ်ပြီး မျက်နှာသစ်ရသည်။ ဆီထမင်းနှင့် ငါးကြော်ဝယ်စားသည်။ အောက်ထပ်အိပ်စင်မှ လူများနှင့် အသိအကျွမ်း ဖြစ်လာသည်။ အထက်ထပ်ကို ပြန်မတက်တော့။ သူတို့နှင့် စပ်မိစပ်ရာ စကားတွေ ပြောနေကြသည်။

အပေါ်ထပ်အိပ်စင်မှ လူငယ်ဆင်းလာသည်။ သူ့ကို ကြည့်မိတော့ ကျွန်တော် မျက်လုံးပြူးသွားသည်။ သူဝတ်ထားသော အပြာရောင်စပို့ရှပ်တွင် ရင်အုံပေါ်၌ စံပယ်ပွင့်ဖြူဖြူလေးထိုးထားသည်။ သူ့အသားသည် ညိုဟန်ရှိသော်လည်း ဖြူဖပ်ဖြူရော်လို ဖြစ်နေသည်။ သူ့ပုံစံမှာ နွမ်းနွမ်းနယ်နယ်ပုံစံမျိုး။

လူငယ် အပြင်ထွက်သွားသည်။ တစ်အောင့်ကြာတော့ ပြန်ရောက်လာသည်။ ဘယ်သူ့ကိုမှ မမှုသည့်ပုံစံမျိုးနှင့် အပေါ်ထပ် ပြန်တက်သွားသည်။ မီးခြစ်ခြစ်သံကြားရသည်။ စီးကရက်နံ့ ရသည်။

ကျွန်တော် စိတ်လှုပ်ရှားနေသည်။ လူငယ်သည် စံပယ်ပွင့်ဂိုဏ်းသားတစ်ဦး ဖြစ်ရမည်ဟု ကျွန်တော်ယုံကြည်သည်။ သို့သော်လည်း သူသည် ရမည်းသင်း ဘူတာမှ တက်လာခြင်း မဟုတ်။ ရမည်းသင်းဘူတာမှ ထိုတွဲတွင် အိပ်စင်ရသည်မှာ ကျွန်တော်တစ်ယောက်တည်း၊ ဒါတောင်မှ ကိုစောဝင်း အဆက်အသွယ် ကောင်း၍ ဖြစ်သည်။ လူငယ်၏အင်္ကျီရင်ဘတ်တွင် ရှိသော စံပယ်ပွင့်သည် ကျွန်တော်တို့ တွေ့မြင်ဖူးပြီးသော စံပယ်ပွင့်အတိုင်းဖြစ်သည်။ ထိုလူငယ်ဘယ်ကလာသည်ကို မခန့်မှန်းနိုင်သော်လည်း စံပယ်ပွင့်ဂိုဏ်းသည် ရမည်းသင်းတစ်ဝိုက်တွင်သာ ရှိနေသည်မဟုတ်ဘဲ မြန်မာပြည်အနှံ့ ရှိနေပြီဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။

စကားပြောဖော်နှစ်ယောက်ကတော့ ပြောကြရယ်ကြ၊ ငြင်းကြ၊ ခုံကြနှင့်။ ကျွန်တော်မှာဖြင့် စံပယ်ပွင့်ဂိုဏ်းအကြောင်းကိုသာ စဉ်းစားနေရသည်။ ထိုဂိုဏ်းသည် ဘာဟုမသိရသော်လည်း ဦးဖြူသီးပြောသလို ဒုစရိုက်မှုစစ်ခုခံအတွက် ဖွဲ့စည်းထားခြင်းဖြစ်မည်မှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်တော်တွေ့ရသော စတုတ္ထစံပယ်ပွင့်နှင့် လူငယ်သည် ဘယ်က လာသည်ကို မသိသော်လည်း ရန်ကုန်သွားမည်အမှန်။ စံပယ်ပွင့်ဂိုဏ်း အကြောင်းသိနိုင်ရန်မှာ ထိုလူငယ်နောက်သို့ နောက်ယောင်ခံလိုက်ရမည်။

တွေးရင်းနှင့် ကျွန်တော် ပျော်လာသည်။ ဦးဖြူသီး အဖြေရှာမရသေးသော စံပယ်ပွင့်ဂိုဏ်းအကြောင်း ကျွန်တော် အဖြေရှာနိုင်တော့မည်။ ကိုယ်ရှာ၍ရသော အဖြေကို သိမ်ကုန်းရောက်တော့ ခပ်ကြွားကြွားပြောမည်။ ထိုအခါ ဦးဖြူသီးပါးစပ် အဟောင်းသားနှင့် ငေးနေရရော။ လေးလေးမြင့်တို့က ကိုယ့်ကို အထင်ကြီးမည်။ နိပ်လိုက်သမှ သိပ်နိပ်။

ကိုယ့်အတွေးနှင့် ကိုယ်ပျော်နေသည်။ ကိုယ့်အစီအစဉ်နှင့် ကိုယ်ကျေနပ်နေသည်။ ဘိန်းရှုသူများ ဘိန်းမူးသည့်အခါ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာအစရှိသော နတ်ပြည်ခြောက်ထပ်သို့ တက်၍ နတ်သမီးတွေ တစ်ဖက်ငါးရာနှင့် စံစားပျော်ပါးရသည်သို့ ကျွန်တော်မှာလည်း အတွေးတွင် ယစ်မူးပျော်ရွှင်နေရပါသည်။

ရထားဘယ်သူတာဆိုက်၍ ဘယ်ဘူတာတွင် ရပ်သည်ကိုပင် သတိမထားမိတော့။ ကျွန်တော့်အလုပငေး လေးလေးမြင့်ကလေးအကြောင်းကို တရေးရေး တွေး၍ ကြည်နူးနေမိသည်။

"ကိုယ့်လူ ... နှုတ်ဆိတ်လှချည့်လားဗျ၊ စကားလေးဘာလေးများ ပြောစမ်းပါဦး၊ တေမိဘဝကလာတာ ကျနေတာပဲ"

တစ်ခုံတည်း အတူထိုင်နေသူက လှည့်ပြောသောကြောင့် အတွေးပျက်သွားရသည်။ သူ့ကိုစိတ်ဆိုးချင်သော်လည်း ဟန်ဆောင်၍ပြုံးလိုက်ရပါ၏။

"ခင်ဗျားတို့ပြောတာ နားထောင်ကောင်းလို့ပါဗျာ၊ ကဲ ... ဆက်ပြောကြပါဦး"

သူတို့ဘာတွေပြောနေကြသည်မသိဘဲနှင့် ဖြီးလိုက်ပါသည်။

"အဲဒါ ခင်ဗျားဖြီးတာပါ၊ ကျုပ်တို့ပြောတာကိုလဲ ခင်ဗျား နားမထောင်ပါဘူး"

သူက ကျွန်တော့်ကို သိသလိုပြောတော့ ကျွန်တော် ဘာမှမပြောဘဲ ပြုံး၍ သာနေလိုက်ရပါသည်။

"ခင်ဗျားကြည့်ရတာ အပူတစ်ခုခုရှိနေသလိုပဲ"

တစ်ဖက် အိပ်စင်မှ လူက ပြောသည်။

"အဲဒါတော့ ခင်ဗျားမှားသွားပြီ၊ လောကမှာ ကျွန်တော်ထက် ပျော်တဲ့လူ ရှိနိုင်မယ် မထင်ပါဘူး၊ ဘာပြုလို့လဲဆိုတော့ ကျွန်တော်ဘဝက အစစ အဆင်ပြေနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခပ်သောသော ပြောလိုက်ပါသည်။

"ဩော် ... ဒီလိုလား၊ ဒါဆိုရင်တော့ ကျွန်တော် လူကဲခတ်မှားသွားပြီ ပေါ့ဗျာ၊ ခင်ဗျားကြည့်ရတာ အလေးအနက်စဉ်းစားနေတာ တွေ့ရတော့ အရေးကြီးတဲ့ ပြဿနာရှိပြီလို့ ကျွန်တော်ထင်မိတယ်"

"ဘာပြဿနာမှ မရှိပါဘူးဗျာ"

စကားဆက်ပြတ်သွားကြသည်။ နေရောင်သည် နုရာမှရင့်လာသည်။ နွေဆိုတော့လည်း နေရောင်တောက်ပသည်။ ရထားကြီး ငမိုးရိပ်တံတားကို ကျော်ဖြတ်နေသည်။ အပေါ်ထပ်မှ လူငယ်ဆင်းလာ၏။ သူကြည့်ရသည်မှာ ထိုင်းမှိုင်းရီဝေနေသည့်ပုံစံမျိုးဖြစ်သည်။ စပို့ရှပ်အပြာနှင့်ဘောင်းဘီအမည်းကို ဝတ်ဆင်ထားသည်။ သူ့အဝတ်များမှာ အမျိုးအစား ကောင်းသော်လည်း ဟောင်းနွမ်းလွန်းသည်။ ဆံပင်ရှည်ကြီးများ ဂုတ်ပေါ်မှာ ဝဲနေသည်။ လက်သည်းများလည်း ရှည်၍ ချေးမည်းမည်းတွေ လက်သည်းကြားမှာ အပြည့်။

အစက ရုပ်ရည်သင့်တင့်ဟန်ရှိခဲ့သော်လည်း ယခုအမြင်တွင် ရွံရှာဖွယ်လို ဖြစ်နေသည်။ သူ့ခရီးဆောင် ကျောပိုးအိတ်တွင် အဝတ်အထည်များများစားစားပါဟန်မရှိ။ ပြားကပ်နေသည်။ ကျွန်တော်သူ့အကဲကို ကြည့်နေသည်။ သူကတော့ ပြတင်းပေါက်တွင် လက်ထောက်၍ အပြင်ဘက်သို့ ကြည့်နေသည်။

မီးရထား သကံ်နုးကျွန်းဘူတာမှာရပ်တော့ သူဆင်းသည်။ ကျွန်တော်ကပျာကယာ ခရီးဆောင်အိတ်ကိုယူ၍ သူ့နောက်မှ ဆင်းလိုက်သည်။ ကျွန်တော်မှာ အိပ်စင်ပေါ်မှ ခရီးဆောင်အိတ်ကို ယူနေရသဖြင့် နည်းနည်းနောက်ကျ သွားသည်။ သို့ပေမယ်လို့ ခပ်ဝေးဝေးတွင် သူ့ကို ကျွန်တော် လှမ်းမြင်နေရသည်။ ကျွန်တော် ခြေလှမ်းကို အသွက်ဆုံးလှမ်းပြီး လိုက်သည်။ လူငယ်သည် နောက်သို့ လုံးဝလှည့်မကြည့်။ ခြေလှမ်းမှန်မှန်နှင့် လျှောက်သွားနေသည်။ ကားတွေရပ်ထားသည့်နေရာ၌ ဆင်စွယ်နှစ်ရောင် ဗင်ကားကိုမြင်ရသဖြင့် ကျွန်တော်အံ့သြသွားသည်။ ကြည့်နေဆဲမှာပင် လူငယ် ဗင်ကားပေါ်တက်သွားသည်ကိုမြင်လိုက်ရ၏။ ကျွန်တော် ရင်ခုန်နေသည်။ လောလောဆည် ဘာလုပ်ရမည်မသိဖြစ်နေသည်။ ဗင်ကား စက်နှိုး၏။ အိပ်ဇောမှမီးခိုးထွက်သည်ကို မြင်ရသည်။ ကားများရပ်ထားရာဆီသို့ ကျွန်တော်ပြေးလာသည်။ ထိုစဉ်တွင် ဗင်ကား စတင်ထွက်ခွာ၏။

သုံးဘီးကားတစ်စင်းပေါ်သို့ ကျွန်တော်တက်ထိုင်သည်။

"ဘယ်သွားမှာလဲ ဆရာ"

သုံးဘီးကားသမားက မေးသည်။

"ဟောဟို ကားနောက်လိုက်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသွားသော ဗင်ကားကို ကျွန်တော်က လက်ညိုးညွှန်ပြပြီး ပြောသည်။ သုံးဘီးသမား ကျွန်တော့်ကို ခပ်ကြောင်ကြောင်နှင့် ကြည့်နေသည်။

"မြန်မြန်လိုက်စမ်းဗျာ ... ကျသင့်တဲ့မီတာခထက် ပိုပေးမယ်"

ကျွန်တော်အလောတကြီးပြောတော့ သုံးဘီးသမား ကားကို စက်နှိုးသည်။

"မြန်မြန်ဗျို့ ... မြန်မြန်"

ကားသည် ဝူးခနဲ စောင့်ထွက်၏။ ရှေ့ကားကို တော်တော်ဝေးဝေးမှာ လှမ်းမြင်နေရသည်။

"ဟိုကားပေါ် ဘာပါသွားလို့လဲ" သုံးဘီးသမားက စပ်စုသည်။

"ဘာမှမပါသွားဘူး၊ ဒါပေမယ့် ... မီအောင်မောင်းစမ်းပါ"

"ဗင်ကားကို သုံးဘီးနဲ့မီအောင် လိုက်ဖို့ဆိုတာ သိပ်တော့မလွယ်ဘူး ဆရာ"

သူပြောတော့ ကျွန်တော်စိတ်ပျက်သွားသည်။

"အေးပါဗျာ၊ အစွမ်းကုန် ကြိုးစားမောင်းစမ်းပါ။ အဲဒီကား ဘယ်သွားတယ်၊ ဘယ်မှာရပ်တယ်ဆိုတာ မြင်ရ တွေ့ရရင်တော်ပါပြီ"

"ဟုတ်ကဲ့ ... ကျွန်တော်ကြိုးစားပါ့မယ်"

သုံးဘီးသမားပြောပြီး သူ့ကားကို အမြန်နိုင်ဆုံးမြန်အောင် ကြိုးစားမောင်းနှင်သည်။ ရှေ့ကားသည် မှန်မှန်သာ မောင်းနှင်နေသည်မို့ တဖြည်းဖြည်း နီးလာသည်။ ကျွန်တော် ဗင်ကားနံပါတ်ကို မှတ်ယူထားလိုက်၏။

ထူးဆန်းသည်မှာ ဗင်ကားသည် ရပ်နားခြင်းမရှိဘဲ ရန်ကုန်မြို့ထဲဘက်သို့ ဦးတည်မောင်းနှင်နေခြင်းပင် ဖြစ်ပါသည်။ တကယ်ဆို မြို့ထဲသွားလိုပါက လူငယ်သည် ဘူတာကြီးမှာ ဆင်းရမည်။ ကားက ဘူတာကြီးမှာကြိုရမည်၊ အဘယ့်ကြောင့် သဃာန်းကျွန်းမှာဆင်းပြီး ရန်ကုန်မြို့ထဲသို့ ကားနှင့်သွားနေရပါသနည်း။ ယင်းအပြုအမူကပင် လျှို့ဝှက်ခြင်း၊ ဆန်းကြယ်ခြင်း ရှိနေသည် မဟုတ်ပါလော။

ဗင်ကားသည် ရှင်းသောလမ်းများ၊ နီးသောဖြတ်လမ်းများမှ မမောင်းဘဲ ဘတ်စ်ကားလိုင်းအတိုင်း မောင်းနှင်နေသည်။ မြို့တွင်းရောက်တော့ ကားတွေ ပိုရှုပ်လာသည်။ အကျော်အဖြတ်တွေများသည်မို့ တုံ့ဆိုင်းရသည်လည်းရှိ၏။ ရှေ့ကား တုံ့ဆိုင်းနေလျှင် ကျွန်တော်တို့က မီသည်။ ကျွန်တော်တို့ ကားတုံ့ ဆိုင်းနေလျှင် ရှေ့ကားနှင့် ဝေးကွာသွားသည်။

ဆူးလေနှင့် အနော်ရထာဆုံရာတွင် ရှေ့ကားက မီးပွိုင့်ကိုကျော်သွား နိုင်သော်လည်း ကျွန်တော်တို့ သုံးဘီးကို မီးနီက တားထားလိုက်သည်။ ဤနေ



www.burmeseclassic.com

www.burmeseclassic.com



ရာတွင် ဗင်ကားကို ကျွန်တော်တို့ မျက်ခြည်ပြတ် သွားတော့၏။ မီးစိမ်း၍ ရှေ့ဆက်မောင်းပြီး လိုက်ရှာသည်။ ကီလီလမ်းကိုသာ ရောက်ကရော ဘယ်မှာမှ ရှာ၍မတွေ့။

စိတ်ပျက်ပျက်နှင့် ကျွန်တော်အိမ်သို့ သုံးဘီးသမားကို မောင်းခိုင်းရသည်။ ကျွန်တော်အတွေးထဲတွင် ပထမတွေ့သော မြင်းလှည်းပေါ်မှ အမျိုးသမီး။ သစ်ဆုံဆည်မှာ တွေ့သူ။ ဈေးဆိုင်မှ တရုတ်မ။ မီးရထားပေါ်မှ လူငယ်။ ဗင်ကား လူဝကြီးစသည်တို့ ဗလုံးဗထွေးနှင့် ရှုပ်ယှက်ခတ်လျက်သာ ရှိနေလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

( ၅ )

## အရက်ဝိုင်းမှ ကျတ်ပုံပြင်

အိမ်ရှေ့တွင် သုံးဘီးကားရပ်တော့ ကြာနု ကျွန်တော့် စာရေးစားပွဲတွင် ထိုင်ကာ ကုန်းပြီးစာရေးနေရာမှ လှမ်းကြည့်သည်။ ကျွန်တော်ကားခ ပေးနေစဉ် သူ ဆင်းပြေးလာ၏။

"ဆရာ ... ဆရာ ... အမယ်လေး ... ဆရာရယ်၊ ပြန်လာမယ်ဆိုတာ ဘာလို့ တပည့်ကြီးကို အကြောင်းမကြားတာလဲ တပည့်ကြီးဘူတာမှာ လာကြိုမှာပေါ့"

သူက အားရဝမ်းသာနှင့် ပြောပြီး ကျွန်တော်လက်မှ ခရီးဆောင်အိတ်ကို ဆွဲယူသည်။ ကျွန်တော် ဘာမျှမပြောချင်။ ဗင်ကား နောက်လိုက်ရခြင်း၊ ဗင်ကား မျက်ခြည်ပြတ်သွားရခြင်းတို့ကြောင့် စိတ်မောနေသည်။ ကြာနု ခရီးဆောင်အိတ်ကို ဆွဲယူပြီး ခုန်ဆွခုန်ဆွနှင့် အိမ်ပေါ်တက်သည်။

"ဆရာပြန်လာတာ တပည့်ကြီး ပျော်လိုက်တာ၊ ဘယ်လိုပျော်မှန်း မသိဘူး၊ ဟီး ... ဟီး ... အဟီး ... အိ ... အိး"

ကြာနုသည် မိခင်ဈေးမှ ပြန်လာသည့်အခါ သားငယ်အရွယ်ပုံမျိုးနှင့် တူလှသည်။ ကျွန်တော် သူ့ကိုကြည့်ကာ ရယ်ချင်သော်လည်း မရယ်ဖြစ်၊ ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



ထွေးသောအတွေ့အကြုံများက ဦးနှောက်ကိုအလုပ်ပေးလျက်ပင်ရှိနေပါသေး သည်။ ကျွန်တော် ပက်လက်ကုလားထိုင်ပေါ်သို့ ကိုယ်ကို ပစ်ထိုင်ချကာ သက် ပြင်းမှုတ်ထုတ်လိုက်ပါသည်။

"ကားသံကြားတော့ တပည့်ကြီး လန့်သွားတယ်၊ ဟိုလူကြီး လာပြန် ပြီ၊ ကားတော့ တွန်းရဦးမှာပဲ ဆိုပြီး"

ကြာနု ပြောပြီးရယ်သည်။ ကျွန်တော် သူပြောသည်ကို စိတ်မဝင် စားနိုင်။ စံပယ်ပွင့်တွေ တစ်ပွင့်ပြီးတစ်ပွင့် တွေ့လာရပုံကို ပြန်စဉ်းစားနေသည်။

"ဩ ... ခုမှ သတိရတယ်။ ဦးဖြူသီးကော ဆရာ၊ ဦးဖြူသီး မပါပါ လား"

ကျွန်တော်အိမ် ပေါ်ရောက်၍ ထိုင်နေတော့မှ ကြာနု ဦးဖြူသီးကို သတိရပြီးမေးလေသည်။ ရယ်စရာကောင်းသော ကြာနုပါတည်း။ သို့သော် ကျွန် တော် မရယ်နိုင်ပါ။ တွေးစရာတွေ ရှုပ်ထွေးနေသည်မို့ သူ့အမေးကိုလည်း မဖြေ ချင်သေး၊ သူ့ကို လက်ကာပြလိုက်သည်။ ကြာနု ချက်ချင်း မျက်နှာပျက်သွား၏။ ထိတ်လန့်စိုးရိမ်ဟန် မျက်လုံးများနှင့် ကျွန်တော်ကို အကြောင်သားငေးကြည့်နေ သည်။

"ဦးဖြူသီး ဘာပြုလို့လဲဆရာ တောခိုသွားပြီလား"

ကြာနုက လေသံနှင့်မေးသည်။

"မဟုတ်ပါဘူးကွာ၊ ပြီးတော့ ဖြည်းဖြည်းပြောပါ့မယ်"

ကျွန်တော်ပြောတော့ ကြာနုမျက်မှာ ညှိုးနွမ်းသွားသည်။

"ဦးဖြူသီး အနိစ္စရောက်သွားပြီလား၊ ပြောစမ်းပါ ဆရာရယ်။ တပည့် ကြီး သိပါရစေ၊ ဘာဖြစ်ဖြစ် ကိုယ်နဲ့ အတူနေတစ်ယောက် အခုလို ဆုံးပါးသွား ရတာ တပည့်ကြီး ... တပည့်ကြီး ... ဟီး ... အီး ... အဟီး ... အီး"

"ဟာ ... ဟိတ်ကောင်၊ ပေါကြောင်ကြောင်နဲ့၊ ဒါက ဘာဖြစ်ရတာလဲ။ ဦးဖြူသီး သိမ်ကုန်းမှာနေခဲ့တယ်ကွ"

ကျွန်တော် အော်ငေါက်လိုက်မှ ကြာနု အငိုတိတ်သည်။ မျက်ရည်တွေ ကို လက်ဖမိုးနှင့် သုတ်ရင်းပြောသည်။

"ဆရာက စိတ်မချမ်းမြေ့သလို ပုံစံကြီးနဲ့ လက်ကာလိုက်၊ မပြောချင် မဆိုချင်၊ မပြောရက်၊ ပြောမထွက်နိုင်တဲ့ပုံစံမျိုးတွေ ပြလိုက်နဲ့ဆိုတော့ ကျွန်တော် ဦးဖြူသီး အနိစ္စရောက်ပြီလို့ ထင်တာပေါ့၊ တပည့်ကြီး မှားရင် ခွင့်လွှတ်ပါ"

သူပြောတော့မှ ကိုယ့်အက်တင်ကိုယ် ပြန်မြင်ယောင်လာသည်။ ဟုတ် ၏။ ကိုယ့်အက်တင်ကလည်း အကယ်ဒမီရှော့ ဖြစ်နေပေသကိုး။ ကျွန်တော်ရယ် လိုက်ပါသည်။ ကျွန်တော်ရယ်တော့မှ ကြာနု မျက်နှာရွှင်လန်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါဒီကို ခဏပြန်လာတာကွ၊ ရပ်ရှင်ကုမ္ပဏီက သံကြိုးရိုက်ခေါ်လို့ လာတာ၊ ကိစ္စပြီးရင် ပြန်သွားဦးမယ်"

ကျွန်တော်ပြောတော့ ကြာနှ မျက်နှာညှိုးနွမ်းသွားသည်။ ကြာနှ တစ်ယောက်တည်း နေရမည်ကို စိတ်ပျက်အားငယ်နေဟန် တူသည်။ ကျွန်တော့်ကို မပြောရဲ၍သာ မပြောခြင်းဖြစ်၏။

"ဒါနဲ့နေပါဦး၊ အိကြာကွေးအမျိုးသမီးက အတော်ချောသလား"

သူ့စိတ်အာရုံပြောင်းသွားစေရန် ရည်ညွှန်း၍ ကျွန်တော်က မေးလိုက်ပါသည်။ ကြာနှမျက်နှာ ချက်ချင်း ကြည်လင်ရွှင်လန်းလာ၏။ ကြာနှမည်မျှ စိတ်ညစ်နေစေ၊ အမျိုးသမီး ချောချောအကြောင်း ပြောရမည်ဆိုလျှင် စိတ်ညစ်စရာကို မေ့ပြီး ပျော်ရွှင်လာတတ်သူဖြစ်၏။ သူ့အကြောသိသဖြင့် အိကြာကွေး အမျိုးသမီးအကြောင်း စကားစပေးလိုက်ခြင်း ဖြစ်သည်။

"ချောတယ် ဆရာ ... တကယ့်ကို ချောတာ၊ ရှမ်းနဲ့တူတယ်၊ အသားလဲ ဖြူတယ်၊ ခါးသေးရင်ချီပဒုမ္မာဆိုတဲ့ ရုပ်မျိုးပဲ၊ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ ပါးစပ်၊ အို ... ဘယ်နေရာမှာမှ အပြစ်ပြောစရာမရှိပါဘူး၊ ပဒေသရာဇ်ခေတ်က သာဆိုရင် ဒီအမျိုးသမီး အိကြာကွေး ဘယ်ရနိုင်မလဲ ဆရာ"

"ဘာပြုလို့လဲ"

သူ့စကား ကြီးကျယ်လာသည်နှင့် ကျွန်တော်သူ့မျက်နှာကို ခပ်ငေးငေး ကြည့်၍ မေးလိုက်ရပါသည်။

"ဟာ ... ဆရာရယ်၊ ဒီရုပ်မျိုးသာဘုရင်မင်းမြတ်တွေ့သွားရင် ချက်ချင်း ပန်းတုံးတိုင်စိုက်၊ ရာဇမတ်ကာ၊ သံဖြူခင်းပြီး ကောက်ယူလိုက်မှာပေါ့၊ အဂ္ဂမဟေသီ ဒေဝီအဖြစ် မြှောက်စားတော်မူမှာ သေချာတာပေါ့ဆရာ"

ကြာနှပြောတော့ ကျွန်တော် အားရပါးရ ရယ်မိသည်။

"ဒီလောက်ပဲလား ကြာနှရယ် ... ညွှန်းလှချည့်လား"

"တကယ်ပါ ဆရာ၊ မဟေသီဒေဝီ ဖြစ်ထိုက်တဲ့ရုပ်မျိုးပါ"

"အေးကွာ ... ကိုယ့်လူကြီးဇနီးချော ရတယ်ကြားရတာ ဝမ်းသာပါတယ်"

ကျွန်တော်က ခေါင်းတညိတ်ညိတ်နှင့် ပြောလိုက်ပါသည်။

"ကျွန်တော်တော့ မခံချင်ဘူး ဆရာ"

ကြာနှက ခပ်တည်တည်နှင့် ပြောသည်။

"ဘာကို မခံချင်တာလဲ"

"အိကြာကွေးတောင် မယားချောချောရအောင် ယူနိုင်ရက်နဲ့ဆရာရတာကို မခံချင်တာဘဲပေါ့ဆရာ" သူပြောတော့ ကျွန်တော်ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆရာ အခုစွဲတော့မယ်ကွ၊ သိမ်ကုန်းပြန်ရမှာ၊ ကိုယ်ကအဲဒီကိစ္စအတွက် ပြန်ရမှာ"

"တကယ်လား ဆရာ"

ကြာနု အားရဝမ်းသာမေးသည်။

"တကယ်ပေါ့ကွ"

"ချော့ရဲ့လား ဆရာ"

"အိကြာကွေးအမျိုးသမီးထက် ဆယ်ဆသာစေရမယ်"

"ဟုတ်ပါ့မလားဆရာ"

"အို ... ယုံကြည့်ပေါ့ကွာ"

"ဟုတ်ပြီ ... ဒါမှ ကြာနုဆရာ၊ ကြာနုဆရာ ဖြစ်နေပြီး ဘယ်အညံ့ခံလို့ ဖြစ်ပါ့မလဲ၊ ဒါနဲ့ဆရာ ကျွန်တော်ရေးနေတဲ့ ဝတ္ထုပြီးလုပြီ၊ ဟိုလူကြီးလာရင် ဆရာ့ နာမည်တပ်ပြီး ပေးလိုက်မယ်"

"ဟော့ ... ဟော့ ... မလုပ်နဲ့၊ မင်းဆီ ငါစာထည့်လိုက်တာ မရသေးဘူးလား"

ကျွန်တော် အလောတကြီး ပြောမိသည်။

"မရောက်သေးဘူးဆရာ၊ ကျွန်တော့်စာမူကို ဘာပြုလို့မပေးရမှာလဲ ဆရာရယ်၊ ဆရာ့တပည့် ဒီလောက်မညံ့သေးပါဘူး"

ကြာနုသည် ကျွန်တော့်မျက်နှာကို နားမလည်နိုင်သလိုကြည့်၍ ပြော၏။

"မလုပ်ပါနဲ့ကွာ ... စာရေးတယ်ဆိုတာ ကိုယ့်အမြင်၊ ကိုယ့်အတွေး၊ ကိုယ့်ဟန်နဲ့ ကိုယ်ရေးကြတာကွ၊ တစ်ယောက်နဲ့တစ်ယောက်တူတာ မဟုတ်ဘူး၊ ဖတ်တဲ့လူတွေကလဲ အစွဲနဲ့ဖတ်ကြတာ၊ စာရေးဆရာရဲ့ အတွေးအမြင်နဲ့ဟန်ကို နှစ်သက်လို့ ဖတ်ကြတာ၊ ပြောင်းလွဲသွားရင် သူတို့က ချက်ချင်းသိတယ်၊ ဒါမျိုး မလုပ်ကောင်းဘူး"

ကျွန်တော်ပြောတော့ ကြာနုသက်ပြင်းရှိုက်သည်။

"ဒီလိုဆို ကျွန်တော် ဘယ်တော့စာရေးဆရာဖြစ်မှာလဲ ဆရာရယ်"

သူက စိတ်ပျက်ဟန်နှင့်ညည်းသည်။

"စာရေးဆရာဖြစ်ချင်ရင် ကိုယ်ပိုင်ကလောင်နာမည်နဲ့ ပြောင်မြောက်အောင်ကြိုးစားရေးရတယ်ကွ၊ သူများနာမည်တွေကို အငှားလိုက်ရေးပေးလို့ စာရေးဆရာဖြစ်တာ မဟုတ်ဘူး၊ ကဲ ... မင်းလုပ်စရာရှိတာ သွားလုပ်ချေတော့"

ကျွန်တော်ပြောလိုက်တော့ ကြာနု ကျွန်တော့်အပါးမှ ထွက်ခွာသွားသည်။ ကျွန်တော် စံပယ်ပွင့်ဂိုဏ်းအကြောင်း အတွေးဆက်ပြန်ပါသည်။ စောစော



www.burmeseclassic.com

www.burmeseclassic.com



က ကြံစည်ထားသည့်အတိုင်း ရန်ကုန်တွင် ရှိနေသာရက်များအတွင်း စံပယ်ပွင့်ဂိုဏ်း၏ သဲလွန်စများကို ရနိုင်အောင် ကြိုးစားမည်ဟု ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်သည်။

ညနေရောက်တော့ ကျွန်တော်မြို့ထဲထွက်သည်။ သိမ်ကုန်းရောက်ကတည်းက သူတော်ကောင်းဟန်ဆောင်နေရသဖြင့် ယမကာမမိဝဲရသည်မှာ ကြာပြီ။ ရမည်းသင်းမှာတုန်းက ကိုစောဝင်းနှင့် ခွက်ပုန်းအုပ်ရသည်။ ကုန်သွယ်ရေး-၄ မှ စာရေးမကလေး (ကဗျာဆရာ) မြင့်ဥမ္မာခင်လေးနှင့် အသိအကျွမ်းဖြစ်နေသည့်မို့ ပုလင်းလိုက်ဝယ်ကာ ကိုစောဝင်း၏ စဗျစ်ခြံသို့ သွား၍ သောက်ကြသည်။

သိမ်ကုန်းရောက်တော့ သောက်ဖော်လည်းမရှိ။ ကလီယိုပါထရာထက် အလုပိုသူကလေးအနေနှင့် ကိုယ့်ကိုအရက်သမားလို့ ထင်သွားမည်စိုးသည်ကလည်း ရှိနေသမို့ ယမကာနှင့်ဝေးနေရသည်။ နောက်တစ်ကြောင်းမှာ ကျွန်တော်သွားနေကျ ကလပ်တွင် ရုပ်ရှင်လောကမှပုဂ္ဂိုလ်များကိုလည်း တွေ့ရတတ်လေသောကြောင့် ကုမ္ပဏီကလူများနှင့်တွေ့လိုတွေ့ငြား ကလပ်သို့လာခဲ့ခြင်း ဖြစ်ပါသည်။ ကလပ်ရောက်တော့ အပေါင်းအသင်းများနှင့်ပြန်ဆုံသည်။ ကျွန်တော်က ရမည်းသင်း အတွေ့အကြုံများကို ပြောပြသည်။ သစ်ဆုံဆည်၏ အကြောင်းလည်းပါ၏။ ထိုစဉ် လူတစ်ယောက် အခန်းထဲဝင်လာသည်နှင့် ကျွန်တော် စကားပြောရပ်သွားပါသည်။ အခန်းထဲဝင်လာသူမှာ သိမ်ကုန်း-ရမည်းသင်း လမ်းတွင် ဗင်ကားပေါ်၌ တွေ့မြင်ရသော လူဝကြီးဖြစ်၏။

"သြော် ... ဦးစောအောင်၊ လာဗျာ"

ကျွန်တော်တို့ဝိုင်းမှ လူတစ်ယောက်က လူဝကြီးကို ဖိတ်ခေါ်၏။ လူဝကြီး လက်ကာပြပြီး စားပွဲလွတ်တစ်ခုမှာ ဝင်ထိုင်သည်။

"ဘယ့်နှယ် ဦးစောအောင် ... မလာစဖူး အလာထူး"

ကျွန်တော်တို့ ဝိုင်းမှလူက လှမ်းပြောသည်။

"ကျွန်တော် ခင်ဗျားတို့ ကလပ်ကို သဘောကျတာနဲ့ ဒီနေ့ပဲ မင်ဘာအဖြစ် ဝင်လိုက်တယ်"

"ကောင်းပါတယ် ... ကျုပ်တို့ ကလပ်က အေးပါတယ်"

ဤမျှနှင့်ပင် သူတို့ စကားစပြတ် သွားကြသည်။

ကျွန်တော်လူဝကြီးကို တစေ့တစောင်း အကဲခတ်၍ ကြည့်သည်။ သူသည် တရုတ်လူမျိုးဖြစ်သော်လည်း မြန်မာစကားကို ပီသအောင် ပြောတတ်သည်။ မြန်မာပုဆိုးနှင့် တက်ထရက် တိုက်ပုံအနက်ကို ဝတ်ဆင်ထား၏၊ ဆံပင်ကို ဘေးကွဲ ဖြီးသင်ထားသေးသည်။ သူ့တွင် အပေါ်တိုက်ပုံထိုး၌ စံပယ်ပွင့်

www.burmeseclassic.com



အမှတ်အသား မတွေ့ရပါ။ ဘရမ်ဒီ အရက်တစ်ပက်မှာ၍ ဇိမ်ယူ သောက်နေသည်။ အမြည်းမစားဘဲ ငါးသုံးလုံးစီကရက်ကိုသာ ရှိုက်ဖွာသည်။ တစ်ခါတစ်ခါတွင် ကျွန်တော်တို့ဝိုင်းဘက်သို့ ဖွေစောင်းကြည့်၏။ ဘရမ်ဒီ တစ်ပက်ကုန်သွားတော့ ထိုင်ရာမှထကာ ကျွန်တော်တို့ ဝိုင်းနား လာရပ်သည်။

"ကိုလေးအောင်တို့ ဘာများအလိုရှိကြပါသေးသလဲ"

စောစောက သူ့အား နှုတ်ဆက်သူကို မေး၏။

"မလိုပါဘူး ဦးစောအောင် ... လာထိုင်ပါ၊ စကားလေး ဘာလေးပြောရင်းပေါ့"

ကိုလေးအောင် ဖိတ်ခေါ်တော့ လူဝကြီး ဝင်ထိုင်သည်။

"ဦးစောအောင် ... ဘာသောက်မလဲ"

ကိုလေးအောင်က မေးသည်။ လူဝကြီးက လက်ကာလိုက်သည်။

"တော်ပါပြီဗျာ ... ကျွန်တော်က တစ်ပက်လောက်ပဲ သောက်တာပါ"

"ဦးစောအောင်နဲ့ မိတ်ဆက်ပေးရဦးမယ်"

ကိုလေးအောင်ကပြောပြီး ကျွန်တော်တို့ဝိုင်းမှ လူများနှင့်လူဝကြီးကို မိတ်ဆက်ပေး၏။ လူဝကြီး ကျွန်တော့်ကို နှစ်နှစ်ကာကာပုံစံမျိုးနှင့် လက်ဆွဲနှုတ်ဆက်သည်။

"ကပ္ပိယစုံထောက်ရေးတဲ့ စာရေးဆရာကို ကျွန်တော်တွေ့ချင်နေတာကြာပါပြီ၊ ခင်ဗျားရေးတဲ့ ကပ္ပိယစုံထောက် ဝတ္ထုတွေကျွန်တော် အတော် များများ ဖတ်ဖူးပါတယ်၊ အဲဒါနဲ့ပတ်သက်ပြီး ခင်ဗျားကိုလဲ ဆွေးနွေးချင်ပါတယ်"

သူပြောတော့ ကျွန်တော်က ...

"ဟုတ်ကဲ့ ... ဆွေးနွေးပါ" ဟု ပြောရပါသည်။

"မဆွေးနွေးခင် ... ခင်ဗျားကို ကျွန်တော်တစ်ခု မေးမယ်၊ ခင်ဗျားအနေနဲ့ စုန်း၊ နတ်၊ တစ္ဆေတို့၊ ကျတ်တို့၊ ဘာတို့ကို လုံးဝအယုံအကြည်မရှိဘူး ဆိုပါတော့၊ ဟုတ်လား"

သူမေးသည်ကို ကျွန်တော် နားစိုက်ထောင်နေသည်။ သူ့မျက်နှာကို ကြည့်၍ ပြုံးလိုက်ပါသည်။ ဦးစောအောင်သည် ကျွန်တော့်စကားကို မျှော်လင့်နေ၏။

"ကျွန်တော် ကပ္ပိယစုံထောက်ဝတ္ထုတွေရေးတာ ရည်ရွယ်ချက် ရှိပါတယ်။ စုန်း၊ နတ်၊ တစ္ဆေဆိုတဲ့ နာနာဘာဝတွေကို မယုံကြည်အောင်၊ ယုံကြည်မှုတွေ ပပျောက်အောင်ဆိုတဲ့ ရည်ရွယ်ချက်ပါပဲ"

"ကျွန်တော်မေးတာက အဲဒါတွေ တကယ်မရှိဘူးလို့ ခင်ဗျား ထင်သလား မေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် မရှိဘူးဆိုတာတော့ ကျွန်တော် ဘာမှ မပြောချင်ပါဘူး၊ ကျွန်တော့်တစ်သက်မှာဖြင့် အဲလို နာနာဘာဝတွေကို တစ်ကြိမ်တစ်ခါမှကို မတွေ့ခဲ့ဖူးသေးပါဘူး"

"ကျွန်တော်မေးနေတာက တိုက်ရိုက်ပါ။ ခင်ဗျားက သွယ်ဝိုက်ဖြေနေတာကို၊ ဟား ... ဟား" ဦးစောအောင် ပြောပြီးရယ်သည်။

"မတွေ့ဖူးသေးတဲ့အတွက် အဲဒါတွေရှိတယ်ဆိုတာလဲ ကျွန်တော် မယုံပါဘူး ဦးစောအောင်" ကျွန်တော်က ခပ်ပြတ်ပြတ်ပဲ ပြောလိုက်ပါသည်။

"ဒီလိုဆိုခင်ဗျားကို ကျွန်တော် ကျတ်ရွာခေါ်သွားမယ်၊ လိုက်မလား"

"ကျတ်ရွာ"

ကျွန်တော်က သူ့စကားကို ပဲ့တင်ထပ်လိုက်သည်။

"ဟုတ်တယ် ... ခင်ဗျား ရမည်းသင်းကို ရောက်ဖူးသလား"

သူမေးတော့ ကျွန်တော် ခေါင်းညိတ်လိုက်သည်။

"ရမည်းသင်းနယ်မှာ ထင်ရှားကျော်ကြားတဲ့ ရွှေမြင်တင်ဘုရားကိုကော ရောက်ဖူးသလား"

"ဟုတ်ကဲ့ ... ရောက်ဖူးပါတယ်"

"အဲဒီရွှေမြင်တင်ဘုရားရဲ့ အရှေ့ဘက်က တောင်တန်းကြီးက တောင်ကြားတစ်ခုမှာ ကျတ်ရွာတစ်ရွာရှိတယ်၊ ကျွန်တော်လဲ အစက ကျတ်တို့ ဘာတို့ ရှိတယ်ဆိုတာကို တယ်ပြီး မယုံကြည်ဘူး၊ သိမ်ကုန်းရွာ စပျစ်ခြံသွား လုပ်တော့မှ ဒီသတင်းကြားတာ မယုံကြည်လို့ ကျွန်တော် သွားလေ့လာကြည့်တော့ တကယ့်ကို ကျတ်ရွာရှိတာ တွေ့ခဲ့ရတယ်ခင်ဗျ"

ဦးစောအောင်ပြောပြီး သူ့တိုက်ပုံ အင်္ကျီအိတ်ထဲမှ ငါးသုံးလုံးစီးကရက်ဘူးကို ထုတ်ယူသည်။ ကျွန်တော်တို့ကိုလည်း စီးကရက် တည်၏။

"ကျတ်ရွာက ဘယ်လိုလဲ၊ ဦးစောအောင် ပြောပြစမ်းပါ"

ကိုလေးအောင် စိတ်ဝင်စားစွာ မေးသည်။ ကျန်လူများလည်း စိတ်ဝင်စားဟန်နှင့် နားစွင့်နေကြသည်။ ဦးစောအောင် စီးကရက်ကို ရှိုက်ဖွာလိုက်ပြီး မီးခိုးများကို မှုတ်ထုတ်လိုက်၏။ ပြီးမှ ပြောသည်။

"ပြောရရင်တော့ အရှည်ကြီးပါပဲ၊ ဒါပေမယ့်လို့ ကျွန်တော်တတ်နိုင်သလောက် အတိုချုံးပြီး ပြောပါမယ်၊ သိမ်ကုန်းမှာ ကျွန်တော်ရယ်၊ မိတ်ဆွေ နှစ်ယောက်ရယ် စပျစ်ခြံ သွားစိုက်ကြတယ်၊ အဲဒီမှာ သူတို့ဆီက လူတွေပြောတဲ့ ကျတ်ရွာအကြောင်း သိရတာပါပဲ၊ ကျွန်တော်တို့က မယုံဘူးဆိုတော့ သူတို့က ကျတ်ရွာရှိတဲ့နေရာကို လမ်းညွှန်ကြတယ်၊ သူတို့ကိုယ်တိုင်တော့ မလိုက်ကြဘူးတဲ့၊ ဒါနဲ့ ကျွန်တော်တို့ သုံးယောက် သူတို့ ညွှန်လိုက်တဲ့ သင်္ချိုင်း တစ်ညဦး



www.burmeseclassic.com

www.burmeseclassic.com



မှာ သွားကြတယ်။ ကျွန်တော်တို့မှာ ခြောက်လုံးပူးတစ်လက်၊ ဝင်ချက်စတာ တစ်လက်ပါတယ်၊ တောင်ပြာတန်းကြီးရောက်ပြီး တောင်တစ်တောင်ကို ကျော်လိုက်ရုံနဲ့ပဲ တောင်ကြားကိုရောက်တာပါပဲ။

"လကလဲ မိုက်တယ်၊ တောရိပ်တောင်ရိပ်ကြောင့် အတော်မှောင် တယ်၊ ကျွန်တော်တို့ လက်နှိပ်ဓာတ်မီးကိုအားကိုးပြီး သွားကြရတယ်။ တောင်ကြား ရောက်လို့ မကြာခင်မှာပဲ မလှမ်းမကမ်းမှာ မီးရောင်တွေမြင်ရတယ်၊ ခွေးဟောင်သံ၊ ကလေးငိုသံတွေကိုလဲ ကြားရတယ်။ ရွာကလေးတစ်ရွာဆိုပါတော့ဗျာ၊ ကျွန်တော် တို့လဲ လုံးဝကြောက် စိတ်မရှိပါဘူး၊ တကယ့်လူတွေနေတဲ့ ရွာလို့ပဲ ထင်ကြ တယ်၊ ဒါနဲ့တိုတိုရောက်လွယ်အောင်ပြောရရင် ကျွန်တော်တို့ ရွာထဲရောက်လာကြ တယ်၊ အိမ်တွေမှာ နှီးထိုးသူထိုး၊ ပလိုင်းရက်သူ ရက်နဲ့ပေါ့ဗျာ၊ မိန်းမတွေကလဲ ကလေးနို့တိုက်သူတိုက်၊ ပုခက်လွှဲသူလွှဲနဲ့ပေါ့၊ ခွေးတွေကလဲ ကျွန်တော်တို့ကို ဟောင်နဲ့ပေါ့၊ ဒါနဲ့ တစ်အိမ်အိမ် ဝင်တည်းခိုဖို့ ကျွန်တော်တို့ တိုင်ပင်ကြတယ်။

"ပြီးတော့ အဘိုးအိုကြီး တစ်ယောက်တည်း မီးလှုံနေတဲ့ အိမ်လေးတစ် အိမ်ကို ဝင်ကြတယ်၊ ကျွန်တော်တို့ တောလည်လာရင်း မျက်စိလည် လမ်းမှား လာတာကြောင့် တညတည်းခိုခွင့်ပြုပါလို့ တောင်းပန်တော့ အဘိုးကြီးက ခွင့်ပြု တယ်၊ ဘာဘုစောင် သုံးထည်လဲ ထုတ်ပေးတယ်၊ တော်တော်ချမ်းတာနဲ့ အဘိုး ကြီး မီးလှုံနေတဲ့မီးဖိုနဲ့ ခပ်နီးနီး ကွပ်ပျစ်ပေါ်မှာ ကျွန်တော်တို့သုံးယောက် အိပ် လိုက်ကြတာပေါ့။

"အဘိုးကြီးကတော့ မအိပ်ဘူးဗျို့၊ မီးထိုးလိုက်၊ မီးဖိုမှာ ထင်းတွေ ထည့်လိုက်နဲ့ လုပ်နေတယ်။ ကျွန်တော့်အဖော် နှစ်ယောက် အိပ်ပျော်သွားကြ တယ်။ ကျွန်တော်က မအိပ်သေးဘဲ အဘိုးကြီးကို အကဲစောင့်ကြည့်နေတယ်၊ အဘိုးကြီးဟာ ဘယ်လိုမှ ထူးခြားမှုမရှိပါဘူး၊ ဒါနဲ့ကြာတော့လဲ ကျွန်တော် အိပ်ပျော်သွားတာပေါ့၊ ချိုးချိုးချွတ်ချွတ်နဲ့ အသံကြားပြီး ကျွန်တော်အိပ်ရာက လန့်နိုးလို့ကြည့်လိုက်တော့ လားလား ... အဘိုးကြီးဟာ အဘိုးကြီး မဟုတ် တော့ဘဲ ဆင်ပေါက်လောက်ရှိတဲ့ မည်းမည်းသတ္တဝါကြီး ဖြစ်နေတာတွေ့ရတယ်၊ ကျွန်တော့်ဘေးက အိပ်နေတဲ့ ကိုမောင်ဒင်လည်း မရှိတော့ဘူး၊ မည်းမည်းကောင် ကြီးရဲ့ လက်ထဲမှာ ခေါင်းမရှိတော့ဘဲ တွန့်လိန်လှုပ်ရှားနေတယ်၊ အကောင်ကြီး က ကိုမောင်ဒင်ရဲ့ ဝမ်းဗိုက်ကိုကိုက်ဖေါက်နေလေရဲ့ဗျာ"

ဦးစောအောင်ပြောပြီး ကြက်သီးထသလို ကိုယ်ကိုတုန်ခါလိုက်သည်။ နားထောင်နေသူများ မျက်လုံးတွေ ဝိုင်းလျက် မျက်နှာကို ရှုံ့မဲ့ထားကြသည်။

"ကြောက်စရာကြီးပါလားဗျာ"

တစ်ယောက်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်စရာကြီးမှ တကယ့်ကြောက်စရာကြီးပါဗျာ၊ ကျွန်တော်လဲ အသက်ပျောက်သွားသလား ထင်မိတယ်၊ နောက်မှ သတိရပြီး ခါးကြား ထဲက ရှော်ကပ်လုံးပူးဆွဲထုတ်၊ အကောင်ကြီးကို ပစ်ထည့်လိုက်ရတယ်"

"အကောင်ကြီး သေရောလား"

ကိုလေးအောင် အလောတကြီး ဝင်မေးသည်။

"သေလား ... မသေလား မသိဘူးဗျ၊ ပျောက်သွားတယ်၊ ပျောက်တာမှ အကောင်ကြီးသာ မဟုတ်ဘူး၊ ရွာပါ ပျောက်သွားတာ၊ ကျွန်တော်တို့ သစ်ချုံပေါ်ရောက်နေကြတယ်၊ ကျွန်တော့် သေနတ်သံကြောင့် ကိုသာဆောင် လန့်နိုးလာတယ်။ နှစ်ယောက်သား အဲဒီနေရာက ခွေးပြေး၊ ဝက်ပြေး ပြေးခဲ့ရတယ်"

သူ့စကားဆုံးတော့ နားထောင်သူများ သက်ပြင်း ရှိုက်ကြသည်။

"အဲဒါ ကျွန်တော့်ကိုယ်တွေ့ပဲ စာရေးဆရာရေ၊ ခင်ဗျားမယုံရင် သိမ်ကုန်းလာခဲ့၊ ကျွန်တော်ကျတ်ရွာကို လမ်းညွှန်ပေးမယ်"

ဦးစောအောင် ကျွန်တော့်ကို ပြုံးကြည့်ရင်း ပြောပါသည်။

"ဦးစောအောင် ဘယ်တော့လောက် သိမ်ကုန်းသွားမလဲ"

"ကျွန်တော် စပျစ်သီးဈေး လာစုံစမ်းတာပါ၊ မနက်ဖြန်ဆိုရင် သိမ်ကုန်းပြန်မယ်"

"ရွှေမြင်တင်ဘုရားပွဲတော်ကို ကျွန်တော်လာမယ်လို့ ရည်ရွယ်ထားပါတယ်၊ ဦးစောအောင်ရဲ့ စပျစ်ခြံကိုလာလို့ ရမလား"

"ရပါတယ်၊ စပျစ်ခြံက ကျွန်တော့်နာမည်နဲ့ မဟုတ်ဘူးခင်ဗျ၊ ကိုသာဆောင်ရဲ့ နာမည်နဲ့ထားတာဆိုတော့ သူ့နာမည်ကို မေးပြီးလာရင် ရောက်ပါတယ်"

"ကျွန်တော် လာခဲ့ပါ့မယ်"

"ဆက်ဆက်လာခဲ့ပါဗျာ၊ ကျွန်တော့်ကို ခွင့်ပြုကြဦး။ အရေးကြီးတဲ့ ကိစ္စလေးရှိသေးလို့ ကျွန်တော်သွားပါဦးမယ်"

ဦးစောအောင် နှုတ်ဆက်ပြီး ထွက်ခွာသွားသည်။

"ဦးစောအောင်ဆိုတာ ဘယ်လိုလူစားလဲ ကိုလေးအောင် သိသလား"

သူ ထွက်ခွာသွားတော့ ကျွန်တော် ကိုလေးအောင်ကို မေးပါသည်။

"ဦးစောအောင် ဘယ်လိုလူစားလဲ ဆိုတာတော့ ကျွန်တော်လဲ မသိဘူးဗျ၊ သူနဲ့ကျွန်တော် အရက်ဘားတွေမှာကြုံပြီး သိကြတာဘဲ၊ ဦးစောအောင် ပိုက်ဆံပေါတာတော့ အမှန်ပဲ၊ ဒါပေမယ့်လို့ အရက်ကျတော့လဲ တစ်ပက် နှစ်ပက်ပဲ သောက်တယ်၊ သိပ်များများ မသောက်ဘူး၊ သူများကိုတော့ ကုန်ကုန်ခန်းခန်း တိုက်တာ တွေ့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူပြောတဲ့ ကျတ်ရှာအကြောင်းက ကြောက်စရာပဲဗျာ၊ ကျုပ်ဖြင့် ညအိပ်ရင် အိပ်မက်များမက်ပြီး ကြောက်နေရဦးမလား မသိဘူး"

"တော်စမ်းပါ သင်းမောင်ရာ၊ မောင်ရင်က တိုးတက်တဲ့ကဗျာတွေရေးနေပြီး ဒီသိပ္ပံနည်းမကျတဲ့ နာနာဘာဝတွေကို ယုံကြည်ရသလားကွ"

ကျွန်တော် သင်းမောင်ကို ဟောက်သည်။

"ဟော့ ... တိုးတက်တဲ့ ကဗျာရေးတာက ရေးတာကွ၊ နာနာဘာဝကို ကြောက်တာက ကြောက်တာပဲ၊ ဘိုးဘေးဘီဘင်က စွဲလာတဲ့ အစွဲဆိုတော့ ဖျောက်လို့မရဘူး"

သင်းမောင်ပြောတော့ ကျွန်တော်တို့ ရယ်ကြရသည်။

အချိန်ကြာညောင်းလာသည်နှင့် ကျွန်တော်တို့ ဖန်ခွက်ထဲမှ လက်ကျန်များကို ရှင်းကာ လူစုခွဲလိုက်ကြပါသည်။

*

www.burmeseclassic.com

www.burmeseclassic.com

( ၆ )

## မျက်တောင်စင်းစင်း မျက်ဝန်းရီရီ

ကျွန်တော် ခပ်ထွေထွေနှင့် ဘတ်စ်ကားမှတ်တိုင်ရှိရာသို့ လျှောက်လာသည်။ ကွမ်းယာဆေးလိပ်ရောင်းသော ဆိုင်နားရောက်တော့ အံ့အားသင့်သွားသည်။ ရမည်းသင်း သိမ်ကုန်းသွား မြင်းလှည်းပေါ်၌တွေ့ရသော အမျိုးသမီးသည် ကွမ်းယာဆိုင်ရှေ့တွင် ရပ်လျက် ဆိုင်ရှင်ကုလားနှင့် တစ်စုံတစ်ခု ဆွေးနွေးနေသည်ကို မြင်တွေ့ရ၏။ ကျွန်တော်သူတို့အနား ရောက်သွားတော့ စကားပြောရပ်သွားသည်။ အမျိုးသမီး ကျွန်တော့်ကို ဖျတ်ခနဲလှည့်ကြည့်ပြီး ထိုနေရာမှ ထွက်ခွာသွားသည်။ ကျွန်တော် အရက်မူးပြေသလို ရှိသွားကာ အမျိုးသမီးနောက်မှ လိုက်သည်။ အမျိုးသမီး ခပ်သုတ်သုတ် သွားနေသည်။ ကျွန်တော်လည်း သုတ်သုတ် လိုက်သည်။

အမျိုးသမီးက မောင်ထော်လေးလမ်းထဲသို့ ချိုးကွေ့ဝင်၏။ ကမ်းနားဘက်သို့ ဆင်းသွားသည်။ ကမ်းနားဘက် ဘလောက်ရောက်တော့ လက်ယာဘက်ရှိ သုံးထပ်တိုက်လှေကားပေါ် တက်သည်။ ကျွန်တော်လှေကားရင်းအရောက်လိုက်သွားပြီး ခြေသံနားထောင်နေသည်။ လှေကားတွင် မီးမရှိဘဲမှောင်နေသောကြောင့် သူမ ဘယ်အထပ်ထိတက်သည်ကို နားထောင်နေရခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးထပ် အပေါ်ဆုံးထပ်ရောက်တော့ ခြေသံရပ်သွားသည်။ တံခါးခေါက်သံ ကြားရသည်။ တံခါးဖွင့်လိုက်သဖြင့် မီးရောင်ဖျတ်ခနဲ ပေါ်လာသည်။ ပြီး — ပြန်ပျောက်သွားလေသည်။ ကျွန်တော် ထိုနေရာမှ လှည့်ပြန်လာခဲ့သည်။ ထလပ်ကိုသွား၍ ခေါင်းရှင်းပါမှ ရုပ်စရာတွေနှင့် ကြုံလာရပြန်သည်။

လှဝကြီးပြောသောကျတ်ပုံပြင်။ မာန်တင်းတင်းအမျိုးသမီး။ ကွမ်းယာကုလား၊ အမျိုးသမီး တက်ရောက်သွားသော သုံးထပ်တိုက်၊ ခေါင်းထဲတွင် ဗလုံးဗထွေး ရှုပ်ပွေနေပြန်သည်။ ကွမ်းယာဆိုင်ကုလားကို အောက်အစ်မေးမြန်းကြည့်လျှင် သဲလွန်စရနိုင်မည်ဟု ကျွန်တော်ထင်၏။ ကွမ်းယာဆိုင်ဘက်သို့ ကျွန်တော်ပြန်လျှောက်လာသည်။ ကွမ်းယာဆိုင်တွင် ဆံပင်ရှည်နှင့် လူငယ်နှစ်ယောက်ကို တွေ့ရသည်။ ကျွန်တော် မရောက်မီမှာပင် သူတို့ ထွက်ခွာသွားကြ၏။ ကျွန်တော် ကုလားထံမှ ကွမ်းယာတစ်ယာဝယ်သည်။

"ဒီမှာဟေ့ ... စောစောက အမျိုးသမီး မင်းဆီဘာလာရောင်းတာလဲ"

ကျွန်တော် ကွမ်းယာကို ယူလိုက်ပြီး မေးသည်။

"ဘယ်အာအမျိုးသမီးလဲ အာကို၊ ကျင်နော် မသိပါဘူး"

ကုလားက တိုတိုပြောသည်။

"ခုနင်ကကွာ ... အကျီအဖြူ ထဘီအနီနဲ့ အမျိုးသမီးလေ"

"ကျွန်တော် မီသိပါဘူး အာကိုး၊ ကျွန်တော့်ဆိုင်မှာ အာမျိုးသမီးရော အာမျိုးသားရော လာတာပဲ။ ကျွန်တော် မီသိပါဘူး၊ မီမှတ်မိပါဘူး"

ကုလားက ခပ်တည်တည်ပင် ပြော၏။

"ငါအကောင်းပြောတာပါ၊ အမျိုးသမီးနဲ့၊ မင်းတော်တော်ရင်းနှီးသလား၊ သူနဲ့ငါ အသိဖြစ်ချင်လို့ပါ"

"ကျင်နော် မသိဘူးလို့ ဘယ်နှစ်ခါပြောရမလဲ ဆရာ"

ကုလားက ကျွန်တော့်ကို ဟောက်သည်။

"ဒီမှာဟေ့၊ မင်းရိုးတီးရားတား မလုပ်နဲ့၊ ကောင်းကောင်းပြော၊ မင်းဆိုင်မှာ ဆေးခြောက်တွေရှိနေတယ်ဆိုတာ ငါသိတယ်။ မင်းငါ့ကို ဘာမှတ်သလဲ"

ကျွန်တော်ပြောတော့ ကုလားရယ်သည်။ အားရပါးရ ရယ်သည်။

"အာကို ကြိုက်သလိုရှာပါ၊ ကျွန်တော့်ဆိုင်မှာ ဆေးခြောက်တစ်စ တွေ့ရင် ထောင်ချပါ၊ ကျွန်တော်လေ ... ရိုးရိုးသားသား ကောင်းကောင်းရောင်းဒယ်၊ ကောင်းကောင်းရောင်းဒယ်၊ ဘုရားနော်၊ ကျွန်တော့်ကို ကောင်းကောင်းကျွေးတယ် အာကို"

ကုလားကလည်း ကုလားလည်၊ မြန်မာနိုင်ငံတွင် နှစ်ပေါင်းကြာရှည်စွာ နေလာသောကြောင့် ဖြီး၍ဖြန်း၍မရ။ ကျွန်တော် လက်မြှောက်၍ လှည့်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရပါသည်။ ရုပ်ရှင်လွှတ်လိုက်သည်မို့ ကားမှတ်တိုင်တွင် စောစောကလို လူမရှင်းတော့ပါ၊ ဝင်းဗိုလ်၊ ဆန်းဝင်းတို့ ရုံပွဲတစ်ပွဲစာမက မှတ်တိုင်တွင်လူတွေ စုပုံနေ၏။ ကိုယ့်လမ်း ကိုယ် ဖြောင့်ဖြောင့်မသွားဘဲ စံပယ်ပွင့်ဂိုဏ်း၏ သဲလွန်စကို လိုက်ရှာသောကြောင့် ဒုက္ခတွေ့ရသည်ဟု ကျွန်တော်တွေးမိသည်။ သို့ပေမယ့်လို့ ကျွန်တော် လက် မလျှော့လိုသေးပါ။ သိမ်ကုန်းမပြန်မီ သဲလွန်စကို မရ ရအောင်ရှာမည်ဟု အားခဲ ထားလိုက်သည်။

ကားများမှတ်တိုင်မှာ ရပ်လာပါသည်။ ခရီးသည်တွေ အကြိတ်အနယ် တိုး၍တက်နေကြသည်။ ကျွန်တော်မှာ ထိုသို့အကြိတ်အနယ် တိုးမတက်လို သဖြင့် ခြေသလုံးသွေးတောင့်အောင် ရပ်စောင့်နေရသည်။ မှတ်တိုင်တွင် လျော့ သွားသော လူထုထက် အသစ်ရောက်လာသော လူထုကများသည်။ ရုပ်ရှင်ရုံတွေ တစ်ရုံပြီးတစ်ရုံ လွှတ်သည်။ လူတွေ တစ်အုပ်ပြီးတစ်အုပ် ရောက် ရောက်လာ ကြသည်။ ကျွန်တော်သုံးဘီးကားစီးဖို့ အကြိမ်ကြိမ် စိတ်ကူးမိသည်။ ၄၅ ပြားခရီးကို ၅–ကျပ် ကုန်ကျရမည့် အဖြစ်ဆိုတော့လည်း ပိုက်ဆံနှမြော၏။

"ကဲ … ဝဋ်ရှိသမျှ ခံလိုက်ဦးပေါ့ကွာ"

နှုတ်မှရေရွတ်ပြီး ပလက်ဖေါင်းပေါ်မှ ထိုင်ချလိုက်ပါသည်။

ကားတွေရပ် ရပ်လာသည်။ လူတွေ အလုအယက် တက်ကြသည်။ တိုးလို့တွဲလွဲတွေ ပါသွားကြသည်။ တဖြည်းဖြည်းနှင့် ပလက်ဖေါင်းတွင် လူရှင်းစ ပြုလာသည်။ ကျွန်တော်ထိုင်ရာမှ ထကာမှတ်တိုင်နားမှာ သွားရပ်သည်။ ကား တစ်စီးဆိုက်ရပ်လာတော့ အမြန်တက်လိုက်သည်။ ကျွန်တော့် ထိုင်ခုံတွင် ကျွန် တော် တစ်ယောက်တည်းရှိသည်။ ကားထွက်မည်ပြုစဉ် အမျိုးသမီးတစ်ယောက် တက်လာသည်။ ကျွန်တော့်နံဘေးမှာ ဝင်ထိုင်သည်။ အရိပ်ပန်းအကျီလက်တို နှင့်ပါတိတ်ထဘီ နီညိုရောင်ကို ဝတ်ဆင်ထားသည်။ အသက်နှစ်ဆယ်ကျော် အရွယ်။ အသားညိုညို၊ ရုပ်ရည်အသင့်အတင့်။

သူမ မျက်တောင်များ မှေးစင်းနေသည်။ နှုတ်ခမ်းနီနှင့် သနပ်ခါးများ ပျက်ပြယ်ပြီး ကွက်နေသည်။ ကျွန်တော် သူမကိုအကဲခတ်ကြည့်မှန်းသိတော့ အမျိုးသမီးက ပြုံးပြသည်။ ကျွန်တော်မျက်နှာ လွှဲပစ်လိုက်ပါသည်။ ကားက အနည်းငယ် ယိမ်းလူပ်သည့်အခါ သူမက ကျွန်တော့်ဘက် တိုးရွေ့လာသည်။ အသားချင်းထိမိလာသည်။ သူမအသားမှာ ပူနွေးသည်။

ကျွန်တော် စိတ်လှုပ်ရှားချင်သလို ဖြစ်လာသည်။ အမျိုးသမီးဘက် စောင်းငဲ့ကြည့်လိုက်သည်။

"အစ်ကို၊ ဘယ်အရောက်သွားမှာလဲ"

အမျိုးသမီးက ခပ်တိုးတိုးမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြောက်ဥက္ကလာကို"

"အတင့်လည်း မြောက်ဥက္ကလာအရောက်သွားရမှာ၊ ခရီးချင်းဆုံတယ် နော်"

"အင်း ... ခရီးချင်းတော့ဆုံပါတယ်၊ ဒါပေမယ့်"

"ဒါပေမဲ့ ... ဘာဖြစ်သလဲ အစ်ကို"

"အကြောင်းချင်းတော့ မဆုံချင်ဘူး"

ကျွန်တော်ပြောတော့ အမျိုးသမီး ခိခိနှင့်ရယ်သည်။ ရယ်သံမကျယ်ပါ။ တိုးတိုးညင်းညင်းဖြစ်သည်။

"အစ်ကိုကလဲ ဈေးတက်လိုက်တာ၊ မလွန်ဘူးလား အစ်ကိုရယ်"

"မင်းနေ့တွက် မကိုက်သေးဘူး ထင်တယ်"

"နေ့တွက်တော့ ကိုက်ပါတယ်၊ အသုံးနည်းနည်းများသွားလို့ လက်ကျန် သိပ်မရှိတော့ဘူး"

"အဲဒါတော့ ကိုယ်လဲ ဘာမှမတတ်နိုင်ဘူးကွယ်"

အမျိုးသမီးသည် ကျွန်တော့်ထံမှ မျှော်လင့်ချက်မရှိတော့မှန်းသိတော့ ကိုယ်ချင်းခွာသွားသည်။ စိတ်ပျက်ဟန်နှင့်ငေးနေ၏။ သူမမျက်တောင်များ မေးစင်းနေသည်။ ကြည့်ရသည့်ပုံစံမှာ မူးယစ်နေသကဲ့သို့ရှိသည်။ သို့သော် လည်း အရက်မူးသူကဲ့သို့တော့ မဟုတ်ပါ။ တစ်ခါတစ်ခါ ငိုက်မျဉ်းနေသည်။

သူမသည် ကျွန်တော့်ကို လုံးဝစိတ်မဝင်စားတော့သလို ရှိနေသည်။ ကမ္ဘာအေးဘုရားလမ်း မှတ်တိုင်တွင်ကားရပ်တော့ ရတ်တရက် အသံကြားရ သည်။ လူတယောက်ကားပေါ်က အဆင်းတွင် မူးလဲသွားသည်ဆို၏။ သတိ မရဘဲ ဖြစ်နေသည်ဟုလည်း ပြောနေကြသည်။ ကားသည် ရပ်ထားရာမှ ဆက် ထွက်လာ၏။

"ဒီငနဲကြည့်ရတာ ဟီးရိုးအင်းလွန်လာပုံပဲဗျ၊ သူ့ပါးစပ်က အရက် စော်လဲ မနံဘူး"

ခရီးသည် တစ်ယောက်ပြောသံကို ကြားရသည်။

"ဟီးရိုးအင်းက အမူးတော်တော်ကြမ်းသလား"

တစ်ယောက်၏မေးသံ။

"ကြမ်းတာပေါ့၊ လွန်ရင်ထတောင် မထနိုင်ဘူး"

"ဒါကြောင့် ဟီးရိုးအင်းစွဲလို့ သုံးနှစ်ကြာရင် အရိုးအဆစ် ပြုတ်ကျကုန် တယ်လို့ ပြောကြတာနဲ့တူတယ်"

"ဟုတ်တာပေါ့၊ ဟီးရိုးအင်းဆိုတာ ဘိန်းကို အဆီထုတ်ယူထားတဲ့ ဘိန်းဆီပဲဗျ၊ ဒါကြောင့် နည်းနည်းလေးနဲ့ သိမ်မူးသတဲ့၊ ကြောက်စရာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟီးရိုးအင်းကောင်းတဲ့အကြောင်း သူတို့ကမသိသေးလို့ ပြောနေလိုက်ကြတာ"

ကျွန်တော့်ခုံဘေးမှ အမျိုးသမီး တိုးတိုးပြောသည်။ ကျွန်တော်သူမကို လှည့်ကြည့်သည်။ အမျိုးသမီး မေးငိုက်နေသည်။ သူမကို မြင်ရတော့ ကျွန်တော် ရင်တုန်ချင်သလို ဖြစ်သွားရသည်။ အမျိုးသမီးသည် ဟီးရိုးအင်း မူးနေဟန်ရှိသည်။ ဤသည်အတိုင်းဆိုပါက မြန်မာနိုင်ငံရှိ လူငယ်များ၊ အမျိုးသမီးများအတွက် ရင်လေးစရာ ဖြစ်နေရလေသည်။ လူမျိုးပါ အညွန့်တုံးစေသော ဟီးရိုးအင်းခေါ် ဘိန်းဖြူများ မြန်မာနိုင်ငံထဲသို့ အဘယ်မျှရောက်ရှိနေလေပြီနည်း။ လူငယ်တွေ၊ အမျိုးသမီးတွေ မည်မျှမှိုဝဲနေကြပြီနည်း။ ကျွန်တော့်နံဘေးမှ အမျိုးသမီးမှာ အမှောင်ထဲတွင် ပျံသန်းကျက်စားနေသော ညငှက်မယ်ဖြစ်သည်။ သူမ ဘဝမှာ ရေစုန်၌မျောလျက်ရှိနေ၏။ ထိုအမျိုးသမီးတွေအနေနှင့် ဟီးရိုးအင်း သောက်ရ၍ ဘဝကိုအဆုံးသတ်ချင်သတ်မည်။ ဆစ်ဖလစ်ပိုးများကြောင့် အသက်ခန္ဓာ ကြွေချင်ကြွေမည်။ ဘဝကိုရေစုန်မှာ မျှောထားသူအဖို့တော့ မကောင်းမှုတွင်မွေ့လျော်ကာ သက်တမ်းလျော့သည်မှာ ထူးဆန်းမည် မဟုတ်ပါ။

သို့သော် ဘဝရေစုန်မှာမျော၍ ဟီးရိုးအင်းကို မှိုဝဲသလား။ ဟီးရိုးအင်း မှိုဝဲသောကြောင့် ညဥ့်ငှက်ဖြစ်ခဲ့ရသလား ဆိုသည်ကိုတော့ သူမကိုယ်တိုင်က လွဲပြီး ဘယ်သူသိနိုင်ပါမည်နည်း။

မည်သို့ဆိုစေ ဟီးရိုးအင်းသည် လူငယ်လူရွယ်တို့ လောကထဲသို့ ပျံ့နှံ့ဝင်ရောက်နေသည်မှ အစပြုကာ အမျိုးသမီးများအထိ ကူးစက်လာပြီ။ တိုင်းပြည်၏ အညွန့်အဖူးများ၊ အနာဂတ်တိုင်းပြည်အတွက် သားကောင်းရတနာ ကလေးများနှင့် မိခင်လောင်းများ၊ မိခင်များကို ဟီးရိုးအင်းဖျက်ဆီးလျက် ရှိနေသည်ဆိုခြင်းကိုမူ ဘယ်သူမျှမငြင်းနိုင်။

ကျွန်တော်တွေးရင်း ရင်မောလာသည်။ ကျွန်တော်ဆင်းရမည့် ကားမှတ် တိုင်ရောက်သော်လည်း မဆင်းပါ။ ကားဆောင်ရာသို့ လိုက်ပါသွားသည်။ အမျိုးသမီးမှာ စောစောကထက်ပင် ပို၍ရီဝေနေသည်။ ငိုက်မျဉ်းနေသည်။ လက်မှတ်ရောင်းက မှတ်တိုင်တစ်ခုအမည်ကို ကြေညာတော့မှ သူမ ဖျတ်ခနဲ လူ့ပ်ရှား သွားကာ ...

"ပါတယ် ... မှတ်တိုင်ပါတယ်"ဟုပြောပြီး ထိုင်ရာမှထရပ်၏။

ကျွန်တော် သူမနှင့်အတူထရပ်ပြီး သူမနှင့်အတူ ကားပေါ်မှဆင်းသည်။ အမျိုးသမီးသည် ကျွန်တော့်ကို လုံးဝအသိအမှတ်မပြုတော့သလို လမ်းပေါ်မှာ သွားနေသည်။ မြို့သစ်လမ်းမီးက မှိန်သည်။ လမ်းပေါ်တွင်လည်း လူအသွား အလာမရှိ။

www.burmeseclassic.com



"ဒီမှာ အမျိုးသမီး ..."

ကျွန်တော် သူမ နောက်နားကပ်လိုက်လာပြီးခေါ်တော့ အမျိုးသမီး ခြေလှမ်းတန့်ရပ်သွားသည်။ ကျွန်တော့်ကို လှည့်ကြည့်သည်။

"ဘယ်သွားမှာလဲ"

"အိမ်ပြန်မှာပေါ့"

ကျွန်တော်မေးတော့ အမျိုးသမီး ခပ်ပြတ်ပြတ်ဖြေသည်။

"မင်းအိမ် ... ကိုယ် လိုက်ခဲ့ရမလား"

"ဘာကိစ္စ"

"မင်းကို ကိုယ်စိတ်ဝင်စားလာလို့ပဲ ဆိုပါတော့"

အမျိုးသမီးက ရယ်သည်။

"ရှင် မြန်မြန်လှည့်ပြန်သွားရင် ကောင်းမယ်"

"မဟုတ်ဘူးလေ ...မင်းမှာ နေ့တွက်လက်ကျန် နည်းနေတယ်ဆိုလို့ပါ"

ကျွန်တော်ပြောတော့ အမျိုးသမီး တွေပြီးစဉ်းစားနေသည်။

"ရှင်စောစောကတော့ ဘာပြုလို့ မူလကျိုလုပ်တာတုံး ဟိုတုန်းက လမ်းမှာ ဆင်းလိုက်ရင် အဆင်ပြေနိုင်တာပေါ့။ အခု ကျွန်မ နေတဲ့ ရပ်ကွက်ထဲကို ရောက်လာပြီ၊ အချိန်လဲ အတော်နှောင်းသွားပြီ"

"မင်း အိမ်ကိုလိုက်လို့ မဖြစ်ဘူးလား"

"အို ... ဘယ်ဖြစ်ပါ့မလဲ၊ ကိုယ့်ရပ်ကွက်မှာတောင် ကျွန်မဘာဆိုတာကို လူသိခံတာမှ မဟုတ်ဘဲနဲ့ အိမ်မှာဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ အေးအေးသာပြန်သွားပါတော့ ကိုမူလကျိုကြီးရယ်"

အမျိုးသမီးပြောပြီး အသံခပ်အုပ်အုပ်နှင့် ရယ်၍ မျက်နှာလွှဲသွားသည်။ ခြေလှမ်းကိုစလှမ်းသည်။

"ဒီမှာ ... ခဏလေး"

ကျွန်တော်ပြောတော့ အမျိုးသမီးခြေလှမ်းတန့်ပြီး ကျွန်တော့်ကိုကြည့်သည်။

"မင်းမှာ စျေးသုံးမရှိရင် ပိုက်ဆံငါးကျပ်ယူသွားလေ"

"စရန်သဘောဆိုပါတော့"

ကျွန်တော်က ငါးကျပ်တန်ပေးတော့ သူမ ပြုံး၍ပြောသည်၊ ပိုက်ဆံမှ ၏။

"မဟုတ်ပါဘူး ... ကိုယ်သက်သက် စေတနာနဲ့ပေးတာပါ၊ ဟိုဒင်း မင်းကိုယ့်ကို တစ်ခုတော့ ကူညီရမယ်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဟီးရိုးအင်း စမ်းသောက်ချင်တယ်၊ အဲဒါ ဘယ်မှာ ဝယ်ရသလဲ ... ညွှန်ကြားစမ်းပါ"

ကျွန်တော်ပြောတော့ အမျိုးသမီး စဉ်းစားနေသည်။

"တကယ်ပါ ... ဟီးရိုးအင်းဆိုတာ နာမည်ကြီးလွန်းလို့ ကိုယ်စမ်းကြည့်ချင်လို့ပါ"

"ဟီးရိုးအင်းကို နေရာအနှံ့အပြားမှာပဲ ဝယ်လို့ရပါတယ်၊ ဒါပေမယ့်လို့ သူ့အဆက်နဲ့သူဝယ်မှ ရောင်းတယ်၊ မျက်နှာစိမ်း ဝယ်ရင်တော့ မရဘူး"

"မင်းအနေနဲ့ ခုဝယ်လို့ရမလား"အမျိုးသမီးက ခေါင်းကိုခါယမ်းသည်။

"အဲ ဒီလောက်ဘယ်လွယ်မလဲ"

"ဒါဖြင့် ... ဘယ်တော့ဝယ်ပေးမလဲ"

"မနက်ဖြန် ညကိုးနာရီ ... ရှင် ကားမှတ်တိုင်က စောင့်နေ၊ ကျွန်မ ဝယ်ရတဲ့နေရာပြပေးမယ်၊ ကဲ ... ရှင်မြန်မြန်သွားတော့၊ ဘဲဆိုးလေးတွေ လာနေတယ်၊ သူတို့နဲ့တွေ့ရင် ရှင်မလွယ်ဘူး သူတို့က ရပ်ကွက်ထဲ လူစိမ်း ဝင်တာ လက်မခံဘူး"

အမျိုးသမီးကပြောပြီး ခပ်သွက်သွက် ထွက်ခွာသွားသည်။ လမ်းသွယ်တစ်ခုထဲမှ ဂီတာနှင့်သီချင်းဆိုသံ ကြားရသည်။ လှမ်းကြည့်လိုက်တော့ ဆံရှည်ကလေးတစ်သိုက် ကျွန်တော်တို့ရှိရာဘက်သို့ လျှောက်လာနေသည်ကို မြင်ရ၏။

ကျွန်တော်ထိုနေရာမှ သုတ်သုတ်ထွက်ခွာခဲ့ပါသည်။

ဆိုက်ကားစတင်းဘက် လျှောက်လာသည်။ ဆိုက်ကားတစ်စီးတည်းသာ ရှိသည်။ ဆိုက်ကားသမား အိပ်ငိုက်နေသည်။ ကျွန်တော်ရောက်သွားမှ ပျာယီးပျာယာနှင့်မေးသည်။

"ဘယ်သွားမှာလဲ ဆရာ"

ကျွန်တော်က သွားမည့်နေရာပြောပြီး ဆိုက်ကားပေါ် တက်ထိုင်သည်။ ဆိုက်ကား လိမ့်ထွက်လာသည်။

"ခင်ဗျား ဒီရပ်ကွက်ထဲကပဲလား"

"ဟုတ်ပါတယ်"

"အတင့်ဆိုတဲ့ အမျိုးသမီးသိလား"

ကျွန်တော်က ညဥ့်ငှက်မယ်အကြောင်း စုံစမ်းချင်သဖြင့် မေးလိုက်သည်။

"အတင့်ဆိုတာ ကျွန်တော်မသိပါဘူး ဆရာ"

"ခင်ဗျားလဲ ဆိုက်ကားနင်းနေပြီး အတော်ရှော်သေးတယ်၊ အတင့်ဆိုတာ ညဥ့်ငှက်ဗျာ ... မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ကို လိမ့်သွားတာဖြစ်မှာပါ၊ ဒီရပ်ကွက်မှာ မကောင်းတဲ့အိမ်လဲ မထားဘူး၊ မကောင်းတဲ့အမျိုးသမီးလဲ မထားဘူး၊ ရပ်ကွက်က သန့်တယ်၊ ညီတယ်၊ အဲဒါမျိုးရောက်လာရင် အမြန်ဆုံးနှင်ထုတ်ပစ်တာပဲ"

ဆိုက်ကားသမားက သူ့ရပ်ကွက်ကို ဂုဏ်တင်ပြောသည်။ အမျိုးသမီးပြောသောစကားနှင့်လည်း ကိုက်ညီသည်။ သို့သော် အမျိုးသမီးက တစ်ရပ်ကွက်လုံးကို လိမ့်နေတာခံကြရသလား၊ ကျွန်တော်တစ်ယောက်တည်းကိုပဲ လိမ့်သွားလေသလား ဆိုသည်ကိုတော့ စဉ်းစားစရာဖြစ်နေသည်။

"ခင်ဗျား ဟီးရိုးအင်းဆိုတဲ့ ဘိန်းဖြူအကြောင်း သိသလား"

ကျွန်တော်က စကားရှာ၍ မေးကြည့်သည်။

"တွေ့ဖူးတယ်ဆရာ၊ စီးကရက်ထဲ ထည့်ထားတာတွေ့ဖူးတယ်၊ ဟီးရိုးအင်းသုံးရစ်ပါတဲ့ စီးကရက်ဆိုသုံးကျပ်တဲ့၊ လေးရစ်ပါတာက လေးကျပ်တဲ့၊ ဈေးက မတန်တဆ များတာပဲ"

"ရှူကြည့်ဖူးသေးလား"

"ဟုတ်ကဲ့ ... တစ်ခါရှူကြည့်တာ မူးလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့၊ ထတောင် မထနိုင်ဘူး၊ ဆိုက်ကားမထွက်နိုင်လို့ မိန်းမနဲ့တောင် ရန်ဖြစ်ရသေး"

"ဒီမှာ ဝယ်လို့ရသလား"

"အဲဒါတော့ မသိဘူးဆရာ၊ ကျွန်တော်လဲ ကောင်လေးတစ်ယောက်ယူလာလို့ ရှူကြည့်တာပါ၊ မကောင်းပါဘူး ဆရာ ... မူးတာကြီးက ကြောက်စရာပါ"

ကျွန်တော်မှာ ဟီးရိုးအင်းနှင့် ပတ်သက်၍လည်း ခြေရာခံမရဖြစ်နေပါသည်။ စိတ်ပျက်လက်ပျက်နှင့်ပင် နေအိမ်သို့ ပြန်ရောက်လာခဲ့ရသည်။

"ဆရာ အိမ်ပြန်နောက်ကျနေလို့ တပည့်ကြီး စိတ်ပူလိုက်ရတာ၊ ရင်ထဲမှာ မီးတောက်နေတာပဲ"

အိမ်ပေါ်ရောက်မဆိုက်မှာပင် ကြာနုက ဆီးပြောသည်။

"မီးတောက်နေရင် ရေသောက်လိုက်ပါလား"

"သောက်ပြီးပါပြီ ဆရာ"

"ရှဲခနဲ အသံမကြားရဘူးလား"

"မကြားပါဘူး ဆရာ"

သူ့အပြောကြောင့် ကျွန်တော်ရယ်ရသည်။

ကြာနုသည် ကျွန်တော့်ကို ခပ်ငေးငေးကြည့်၍ပြော၏။ ကျွန်တော် အဝတ်များကိုပင် လဲလှယ်မနေတော့ဘဲ ပက်လက်ကုလားထိုင်မှာ ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းပြင်လိုက်ရတော့မလား ဆရာ"

"ခဏလေးနေဦးကွာ ... အပန်းဖြေလိုက်ဦးမယ်"

"ဆရာဆိုက်ကားနဲ့ လာတာတောင်မှ ဒီလောက်မောနေရင် ကျန်းမာရေး သိပ်မကောင်းဘူးထင်တယ်၊ ဆရာဝန် ပြကြည့်ပါဦးလား"

စိတ်မောရသည့်အထဲ တပည့်ကျော်က အကြံပေးနေပြန်သည်။

"အေးကွာ... နောက်တော့ ပြကြည့်တာပေါ့၊ ကဲ ... ထမင်းပြင်ကွာ"

ကျွန်တော်ပြောတော့ ကြာနီ ကျွန်တော့်အပါးမှ ထွက်ခွါသွားတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

## ( ၇ )

## မိုးမှာရေခန်း နွေမှာလျှမ်း

နံနက်အိပ်ရာကထ လက်ဖက်ရည်သောက်ပြီးနောက် ကျွန်တော်နေအိမ်မှ ထွက်လာသည်။ ရုပ်ရှင်ကုမ္ပဏီသို့သွား၍ ပြောစရာဆိုစရာရှိသည်တို့ကို ပြောဆိုသည်။ ပြီးလျှင် … ဗိုလ်ချုပ်ဈေးသို့ ထွက်လာခဲ့သည်။

လေးလေးမြင့်အတွက် လက်ဆောင်ပစ္စည်း တစ်ခုခုဝယ်ရန် ဖြစ်သည်။ ဘာပစ္စည်းဝယ်ရမှန်းလည်း မသိ။ ဟိုလျှောက်ကြည့် သည်လျှောက်ကြည့်သည်နှင့် အချိန်ကုန်လာသည်။ ဗိုက်ဆာလာသည်မို့ ထမင်းဆိုင်တွင် ထမင်းဝင်စားသည်။

ထမင်းစားပြီး ပုံနှိပ်တိုက်သို့သွားသည်။ ရိုက်လက်စ ကျွန်တော့်ဝတ္ထုမှ မျက်နှာဖုံးပြီး၊ မပြီး သွားမေးခြင်းဖြစ်၏။ မျက်နှာဖုံးက ရိုက်လို့တော့ပြီးနေပြီ။ သို့သော် တယ်ပြီး စိတ်တိုင်းမကျလှ။ စာရေးဆရာအလုပ်မှာ စာမူပေးရုံနှင့် မပြီးသောအခါလည်း ရှိသေးသည်။

ထုတ်ဝေသူကိုယ်တိုင်က နားလည်ကျွမ်းကျင် မြင်တတ်လျှင် စာမူပေးရုံနှင့် ပြီးပါသည်။ ထုတ်ဝေသူက မကျွမ်းကျင်သူနှင့် တွေ့ရပြီဆိုလျှင် မျက်နှာဖုံး ပန်းချီ ဒီဇိုင်းအပ်သည်မှအစ မျက်နှာဖုံးရိုက်သည်အထိ လိုက်ကြည့်စိစစ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ယင်းသို့ စီစဉ်ပေးလျက်နှင့်တောင်မှ တစ်ခါတစ်ခါ အဆင့်အတန်းမီသော စာအုပ်မျက်နှာဖုံးကို မရတတ်ပါ။

အချို့ထုတ်ဝေသူများသည် တစ်ရာဖိုးရင်းရမည်ကို နမြော၍ ခုနစ်ဆယ့်ငါးကျပ်နှင့်ရသည့်နေရာတွင် ပစ္စည်းကိုအပ်နှံလုပ်ကိုင်သည်။ ထို့ကြောင့် စာအုပ် ဖြစ်လာသောအခါ ကောင်းသင့်သလောက်မကောင်းဘဲ ညံ့နေသည်။ တန်းမမီ ရှိသည်။

တန်းမမီသောစာအုပ်ကို အများထဲရော၍ အကောင်းစားတွေနှင့် ယှဉ်ရောင်းသောအခါ ဈေးကွက်၌ မတွင်ကျယ်ဘဲ၏။ ယင်းသို့ မတွင်ကျယ်သောအခါ စာရေးဆရာ ညံ့လို့ အသုံးမကျလို့ ဘယ်၍ဘယ်မျှ ရှုံးသွားသည်ဆိုကာ စာရေးဆရာကို အပြစ်ပြောလေသည်။

ရောင်းကုန်ထုတ်လုပ်သူဆိုသည်မှာ မိမိထုတ်လုပ်သော ကုန်ပစ္စည်းကို အကောင်းတကာ့ အကောင်းဆုံးဖြစ်အောင် ပြုလုပ်ရမည်။ ပရိသတ်စိတ်ဝင်စားမှုရအောင် ဝယ်ချင်လာအောင် ကြော်ငြာရမည်။ တစ်ရာဖိုး ပိုအကုန်အကျခံပြီး သုံးလေးရာ အမြတ်ပိုရအောင် ယူတတ်ရမည်။ အစစချွေတာကုတ်ကတ် နေ၍ မရ။ ကုန်သင့်ကုန်ထိုက်သည့် အရင်းအနှီးမြုပ်နှံနေရပေမည်။

အဆိုးဆုံးကတော့ မိမိမတတ်သည်ကို တတ်နေသည်ထင်သော ထုတ်ဝေသူမျိုး ဖြစ်သည်။ ထိုထုတ်ဝေသူမျိုး လုပ်ကိုင်သမျှမှာ အကုန်ကျလည်း မသက်သာ။ ပစ္စည်းလည်းမကောင်း ဖြစ်ရသည်။ ယင်းထုတ်ဝေသူမျိုးနှင့် တွေ့သည့်အခါ စာရေးဆရာ ရင်မောတော့၏။ သူရှုံးသမျှ စာရေးဆရာ အသုံးမကျသော ကြောင့်ဟုဆိုကာ စာရေးဆရာ၏အပေါ်သာ ပုံ၍ချလေသည်။ စာရေးဆရာဆို သည်မှာ ကလောင်တစ်ချောင်းကိုအားကိုး၍ အသက်မွေးရပ်တည်သူ၊ ဤနှယ် နာမည်ပျက်ရပြီဆိုသောအခါ စာရေးဆရာခမျာ အသက်မွေးဝမ်းကျောင်း ကျဉ်း မြောင်းကျပ်တည်းရလေ၏။

စာရေးဆရာ၏ ဘဝဖြစ်ကြောင်း စုပေါင်း၍ စာဖွဲ့မည်ဆိုလျှင်ဖြင့် ကုန်နိုင်အံ့ မထင်ပါ။ ထို့ကြောင့် ဤမှာတွင် တစ်ခန်းရပ်၍ ဇာတ်လမ်းကိုဆက်ရသော်

ကျွန်တော် စိတ်ပျက်ပျက်နှင့် ပုံနှိပ်တိုက်မှ ထွက်လာခဲ့သည်။ ထုတ်ဝေသူနှင့် သွားရောက်တွေ့ဆုံသည်။ မျက်နှာဖုံးကို သိပ်ပြီးစိတ်တိုင်းမကျလှကြောင်း ပြောတော့ ထုတ်ဝေသူက မဆိုးပါဘူးဟုဆိုသည်။ ကျွန်တော် သူ့ကို ဘာမှမပြောချင်တော့သဖြင့် နှုတ်ဆက်ထွက်လာခဲ့ပါသည်။ ရုပ်ရှင်မကြည့်ရ သည်မှာလည်း ကြာပြီ။ ရင်လှုပ်ခတ်စေသည်ဟု နာမည်ကြီးသော အမေရိကန်ဇာတ်ကားဖြစ် သည်မို့ ကြည့်ချင်သည်။ ကျွန်တော် မှောင်ခိုလက်မှတ် ရောင်းသူကို အားအားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ရုံမှထွက်ပြီး လဟာပြင်ဈေးကို သွားသည်။ လေးလေးမြင့်အတွက် ဖေါ့ခရစ် တစ်ဝတ်စာဝယ်သည်။ လေးလေးမြင့်အတွက် ဝယ်ပြီးမှ မမြင့်သောင်းကို သတိရသည်။ မမြင့်သောင်းဖို့ မဝယ်၍မဖြစ်။ သူ့အဖိုးအိမ်တွင် တည်းခိုနေရသည် မဟုတ်လား။ မမြင့်သောင်းအတွက် မပါဘဲ လေးလေးမြင့်အတွက်သာ လက်ဆောင်ပါသည်ဆိုလျှင် ရုပ်ပျက်ဆင်းပျက် ဖြစ်မည်။ နောက်ပိုးရှုးအဖြစ် ထင်ရှားနေမည်။

မမြင့်သောင်းအတွက်လည်း ဖေါ့ခရစ်တစ်ဝတ်စာ ဝယ်လိုက်ရပြန်သည်။ ပိုက်ဆံတော့ အနမြောသား၊ သို့သော်လည်း ကိုယ်ချစ်နေသူတစ်ယောက်ရလိုမှုအတွက် ဤမျှတော့ဖြင့် အရင်းအနှီး မြှုပ်နှံရပေလိမ့်မည်။

လဟာပြင်ဈေးမှထွက်လာပြီး ဘယ်သွားရမည်မသိ။ အိမ်ကိုလည်း မပြန်လိုသေး။ အတင့်ဆိုသော အမျိုးသမီးနှင့် ချိန်းဆိုထားသည် မဟုတ်ပါလား။ သူမက ဟီးရိုးအင်းဝယ်၍ ရနိုင်သောနေရာကို ပြပေးမည်ဆိုသည်။ သစ်ဆုံဆည်၌တွေ့ရသော လူသည်လည်းကောင်း၊ မီးရထားပေါ်၌ စီးကရက် သောက်နေသော လူငယ်သည် လည်းကောင်း ဟီးရိုးအင်းသောက်ရူးသူများ ဖြစ်ရမည်ဟု ကျွန်တော်ထင်သည်။ သူတို့သည် အတင့်ဆိုသော ညှက်မယ်နယ် မျက်တောင်များ မွေးစင်းနေကြသည်။ ကြည်ကြည်လင်လင်မရှိဘဲ ရီဝေနေကြသည်။ ဟီးရိုးအင်း ရောင်းဝယ်နေပုံကိုကြည့်ပြီး သဲလွန်စရှာလျှင် စံပယ်ပွင့်ဂိုဏ်း အကြောင်း သိနိုင်မည်ဟု ကျွန်တော်ထင်သည်။

ထို့ကြောင့် အတင့်ဆိုသူကို ကျွန်တော်တွေ့ရပါဦးမည်။

အတင့်နှင့်တွေ့နိုင်ရန်အတွက် အချိန်ဖြုန်းဖို့ နေရာလိုသည်။ ကျွန်တော့်အတွက် အချိန်ဖြုန်းရန်နေရာမှာ ကလပ်ကလွဲ၍ အခြားနေရာမရှိ။

ကျွန်တော် ကလပ်ဘက်သို့ ခြေဦးလှည့်လိုက်သည်။

အချိန်စောသေး၍လားမသိ။ ကလပ်တွင် အရက်သောက်သူအတော်နည်းနေသည်။ ဘိလိယက်ထိုးနေသူများသာ ရှိကြ၏။ ကျွန်တော်တစ်ယောက်တည်း ပျင်းခြောက်ခြောက်နှင့် သောက်နေရသည်။ ကိုလေးအောင်တို့ သင်းမောင်တို့ လူစုကို မျှော်မိသည်။ ဦးစောအောင်နှင့် တွေ့ရလေမည်လားနှင့်လည်း တွေးသည်။ ဦးစောအောင်နှင့်လည်း တွေ့ချင်ပါသေးသည်။ ဦးဖြူသီးပြောသည့်အတိုင်းဆိုလျှင် ဦးစောအောင်နှင့် စံပယ်ပွင့်ဂိုဏ်း ဆက်စပ်နေရမည်။ သူနှင့်ရင်းနှီးခြင်းဖြင့် သူ့ကိုလေ့လာခြင်းဖြင့် စံပယ်ပွင့်ဂိုဏ်းအကြောင်း သဲလွန်စရနိုင်မည်။

ဦးစောအောင်သည် ကျွန်တော့်အား ဘယ်လိုရည်ရွယ်ချက်နှင့်သို့ ကိုယ်တွေ့ပါဆိုသော ကျတ်ပုံပြင်ကို ပြောသွားပါသနည်း။ နာနာဘာဝ ဖုတ်၊ ပြိတ္တာ၊ ကျတ်ကို ခြောက်လုံးပူးသေနတ်နှင့်ပစ်၍ ပြေးခဲ့သဖြင့် အသက်ဘေးမှ



www.burmeseclassic.com

www.burmeseclassic.com



လွတ်မြောက်ခဲ့ရသည် ဆိုခြင်းမှာ သည်းထိတ်ရင်ဖိုစရာ ကောင်းသည်။ ကြားရသူများ စိတ်ဝင်စားသည်။

သည်ကလပ်တွင် ကျွန်တော်အသင်းဝင် ဖြစ်ပါသည်။ ဦးစောအောင်ကို ယခင်က တစ်ကြိမ်တစ်ခါမျှ ကလပ်တွင် မတွေ့ဖူးခဲ့။ သူကိုယ်တိုင်ကလည်း အသင်းသားသစ်ဖြစ်ကြောင်း ပြောပြီးပြီ။ သူသည် ကလပ်သို့ဝင်လာခြင်းမှာ မည်သို့သောရည်ရွယ်ချက်ကြောင့်ပါနည်း။

ကျွန်တော် ဘရမ်ဒီတစ်ပက်ကို ဖြည်းဖြည်းချင်း သောက်နေသည်။ ရမည်းသင်းတွင် အမဲသားခြောက်ဟုခေါ်သော အသားခြောက် အစည်းလေးများ ရန်ကုန်ရောက်တော့ နာမည်သစ်နှင့် ကင်ပွန်းတပ်ပြန်သည်။

ဆိတ်သားခြောက် ...။

ယင်းအသားချောင်းများကို ရမည်းသင်းမှ အများအပြားထုတ်လုပ်သည်။ ရန်ကုန်နှင့်တကွ မြန်မာပြည်အနှံ့တင်ပို့သည်။ ကဇော်သမားများ ကြိုက်နှစ်သက်ကြသည့်မို့ အရောင်းတွင်သည်။ ရမည်းသင်းတွင် အချောင်းလေးငါးချောင်းပါသော အစည်းကို တစည်းနှစ်ဆယ့်ငါးပြား၊ ရန်ကုန်မှာ ပြားငါးဆယ်၊ ထက်ဝက်ဈေးတင်ရောင်းသည်။ ခါတိုင်း ထိုအသားချောင်းလေးများ ဝယ်ရသည်ကို မတွန့်တိုချင်သော်လည်း ထက်ဝက်ဈေးတင်ရောင်းမှန်း သိတော့ တွန့်တိုချင်သည်။ နမြောသည်။ ထို့ကြောင့် ကြက်သွန်ဖြူ၊ မြေပဲဆားလှော်ကိုပဲ အမြည်းအဖြစ် အသုံးပြုရပါတော့သည်။

ညကိုးနာရီနီးပါးအထိ အချိန်းဖြုန်းရမည်မို့ အရက်ကို မျှဉ်းသောက်နေသည်။ အသိတစ်ယောက်ယောက်လာလျှင် ကောင်းမည်။ စကားပြောဖော်မရှိတော့ ပျင်းသည်။

တဖြည်းဖြည်းနှင့် လူများလာသည်။ ကျွန်တော့်အသိအကျွမ်းဆို၍ တစ်ယောက်မျှပါမလာ။ လူငယ်သုံးယောက်ရောက်လာသည်။ အခြားစားပွဲများတွင် နေရာလွတ်မရှိသောကြောင့် ကျွန်တော့်စားပွဲမှာ လာထိုင်သည်။ ဘီယာမှာသောက်ကြသည်။ မူးလာပြီး စကားတွေပြောကြသည်။ လူငယ်နှစ်ယောက်မှာ နယ်က ဖြစ်ဟန်တူ၏။ တစ်ယောက်ကိုတော့ ကလပ်တွင် ကျွန်တော်တွေ့ဖူးသည်။ ကျွန်တော်မြင်ဖူးနေကျ လူငယ်သည် အိတ်ကပ်ထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်သည်။

"ဒီစီးကရက်ဟာ တကယ်အရသာထူးတယ်၊ မောင်ရင်တို့ကို ကိုယ်တစ်ယောက်တစ်လိပ်စီ ပေးလိုက်မယ်၊ အိမ်ကျမှ ဇိမ်နဲ့သောက်ကြ"

လူငယ်နှစ်ယောက် သူ့စီးကရက်ကို စိတ်ဝင်စားသလို ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာစီးကရက်မို့လဲ" တစ်ယောက်က မေးသည်။

"ခပေါင်းပါပဲ၊ ဒါပေမယ့် ... တစ်လိပ်ကို သုံးကျပ်ပေးရတယ်"

လူငယ်၏ အပြောကြားတော့ ကျွန်တော် ရင်ထိတ်သွားသည်။ ဆိုက်ကားသမားပြောစကားကို ကြားယောင်သည်။

"ဟီးရိုးအင်း သုံးရစ်ပါရင် သုံးကျပ် ...၊ လေးရစ်ပါရင် ... လေးကျပ်"

"ဘာစီးကရက်မို့လဲ"

လူငယ်တစ်ယောက် စီးကရက်ကို ယူကြည့်ပြီး မေးသည်။

"အိမ်ရောက်တော့ သောက်ကြည့်ပါလေ၊ ရော့ ... မောင်ရင်လဲ တစ်လိပ်ယူ" စီးကရက်ပိုင်ရှင်က ကျွန်တစ်ယောက်ကိုပါ ပေးလေသည်။

"ဘာစီးကရက်လဲ"

"မောင်ရင်တို့ သောက်ကြည့်ဦး၊ နောက်မှ ကိုယ်ပြောမယ်"

နယ်မှလာဟန်ရှိသော လူငယ်နှစ်ယောက်ကို မြို့ခံလူငယ်က ဟီးရိုးအင်း သောက်ရူးရန် သိမ်းသွင်းနေသည်ဟု ကျွန်တော် နားလည်သည်။ လူငယ်နှစ်ယောက် မသောက်ရှူးရန် ကျွန်တော် တားချင်သည်။ တားလျှင် ပဋိပက္ခဖြစ်မည်။ ရန်ဖြစ်မည်။ ထိုးဟယ်၊ သတ်ဟယ်ဆိုလျှင် သူတို့က သုံးယောက်၊ ကျွန်တော်က တစ်ယောက်တည်း၊ ကျွန်တော် ရှုံးမည်။

ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ၊ ကလပ်တွင် ရန်ဖြစ်ရန်မသင့်၊ အသင်းဝင်တစ်ယောက်အနေနှင့် အသင်းစည်းကမ်းကို လိုက်နာရမည်။ ရိုသေရမည်။ ကျွန်တော်တားချင်သော်လည်း မတားသာ။ သူတို့အခြေအနေကိုသာ စောင့်ကြည့်နေရသည်။ လူငယ်များ ဘီယာသောက်ပြီး စားပွဲမှထရန်ပြင်သည်။ ဤတွင် ကျွန်တော် မျက်လုံးပြူး မျက်ဆန်ပြူးသွားရသည်။

ဟီးရိုးအင်း စီးကရက်ဖြန့်ဖြူးသူ လူငယ်ဝတ်ထားသော အင်္ကျီမှာ အရိုပ်ပန်းဖြူဖြစ်သည်မို့ စံပယ်ပွင့်အဖြူ သေးသေးလေးသည် အရိပ်ပန်းနှင့် ရောနှောနေသည်။ ထို့ကြောင့် ကျွန်တော်စောစောကမမြင်။ ယခုထိုလူငယ်ကို ဂရုတစိုက်ကြည့်လိုက်တော့မှ မြင်တွေ့ရသည်။ အံ့သြရသည်။

သူတို့ ထွက်ခွာသွားကြပါပြီ။

ကျွန်တော်စိတ်လှုပ်ရှားနေသည်။ ကျွန်တော်ထင်သည့်အတိုင်း စံပယ်ပွင့်ဂိုဏ်းနှင့် ဟီးရိုးအင်းဆက်စပ်မှုရှိသည်ကို တွေ့ရသဖြင့် ဝမ်းသာသလိုဖြစ်မိသည်။ ဦးဖြူသီးဆက်စပ်မရသော သဲလွန်စကို ကျွန်တော်ရခဲ့ပြီ မဟုတ်လား။

၉ နာရီထိုးရန် ၅ မိနစ်သာ လိုတော့သည်။ ဖန်ခွက်ထဲမှ လက်ကျန်ကို ရှင်းလိုက်ပြီး ကျွန်တော် ကလပ်မှ ဆင်းလာသည်။ ကားမှတ်တိုင်ဘက်သွားပြီး အတင့်ကို ရှာဖွေကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကို မတွေ့ပါ။

ကိုးနာရီကျော်သည့်တိုင်လည်း အမျိုးသမီးရောက်မလာ။ သို့သော်မယ့်လို့ ကိစ္စမရှိ၊ စံပယ်ပွင့်ဝိုက်ားနှင့် ဟီးရိုးအင်းဆက်စပ်မှုကို ကျွန်တော်သိခဲ့ရပြီ။ သိမ်ကုန်းပြန်မည်။ ထိုအကြောင်း ဦးဖြူသီးကိုပြော၍ နောက်ပိုင်းတွင် ဦးဖြူသီးနှင့်တိုင်ပင်ပြီး ဆက်လုပ်မည်ဟု ဆုံးဖြတ်လိုက်၏။ ဟီးနိုးဘတ်စ်ကား လာတော့ ကျွန်တော်ကားပေါ်တက်လိုက်သည်။ အတင့်ဆိုသော အမျိုးသမီး တက်လာဦးမည်လား ကြည့်မိသေးသည်။

ညဥ့်ငှက်မယ်သည် ဘယ်ဘက်ကို ပျံသန်းကျက်စားလေသည် မသိ။ ယနေ့ညအဖို့ သူမ၏ အရိပ်အယောင်ကိုသော်မှ မမြင်ရတော့ပါ။ မည်သို့ ဆိုစေ ဟီးရိုးအင်းနှင့်စံပယ်ပွင့်ဝိုက်ားကို ဆက်စပ်၍ သဲလွန်စရလိုက်သဖြင့် ကျွန်တော်ဝမ်းသာနေပါသည်။ အရက်သောက်ရာတွင်လည်း အချိန်ဖြုန်းသည့် အနေနှင့် အချိန်ဆွဲ၍ သောက်ခဲ့သောကြောင့် မူးယစ်ခြင်းမရှိပါ။ စိတ်မှာ ကြည်လင်၍ ပျော်ရွှင်သည်။

ယခုအချိန်အထိ ဘတ်စ်ကားစီးခရီးသည်များဆဲ၊ ကားကျပ်ဆဲရှိနေသေး သည်။ ကျွန်တော့်အနေနှင့် ထိုင်စရာနေရာရထားပြီမို့ ကားကျပ်သော်လည်း အကြောင်းမဟုတ်ပါ။ ကိုယ်နှင့်ဘာမျှမဆိုင်သလို နေလိုက်သည်။ ဘတ်စ်ကားပေါ်၌ ဖင်တစ်နေရာစာ ရခြင်းသည် အခိုက်အတန့်အားဖြင့် ကမ္ဘာလောကကြီးကို စိုးမိုးအောင်နိုင်ထားသည်သို့ရှိသည်။ ဖင်နေရာမရသူ ခရီးသည်တို့ ဆူကြ၊ ညံကြ၊ တိုးကြ၊ ဝှေ့ကြ စကားများကြသည်ကို "သတ္တဝါတွေ ဘယ်လဲ ဒုက္ခရောက်ကြရှာပါလား ဟရိုး"ဆိုသော အကြည့်မျိုးနှင့် ကြည့်မိသည်။

ယင်းကဲ့သို့ တစ်ထိုင်စာရဖို့အတွက် အချိန်ကြာမြင့်စွာ ကားစောင့်ရ၊ အလုအယက်တိုး၍ တက်ခဲ့ရသော ဒုက္ခကိုမေ့သွားသည်။ မိမိကစည်းစိမ်ရှင်အဖြစ်နှင့် မတ်တတ်တို့တွဲလောင်းတို့အပေါ်တွင် ဝင့်ကြွားနိုင်နေသည်။ ဝင့်ကြွားနေသည်။ မှတ်တိုင်ရောက်၍ ဆင်းမည်ပြုတော့မှ စည်းစိမ်ရှင်ကြီးဘဝမှ လျှောကျပြီး တိုးလျှိုးရပြန်သည်။ ပုဆိုးအကျွတ်ကျွတ် ဘာအကျွတ်ကျွတ်နှင့် ဒရောသောပါး ဖြစ်နေရသည်။

သည်နှယ်သူဌေးတစ်လှည့် ကျော်မွဲတစ်လှည့်အဖြစ်မျိုး ကိုယ်ပိုင်ကားနှင့် သွားလာနေကြသော ပုဂ္ဂိုလ်ကြီးများအနေနှင့် မကြုံဖူး၍ သဘောပေါက်မည်မဟုတ်ပါ။ ဘတ်စ်ကားစီး လူတန်းစားကတော့ သဘောပေါက်တန် ကောင်းပါသည်။

ဤသို့ဖြင့် ကျွန်တော်နေအိမ်သို့ ပြန်ရောက်လာသည်။

"ကြာနရေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတပည့်ကြီး အသင့်ရှိနေပါတယ်"

"မင်းရင်ထဲ မီးလောင်သေးသလား၊ မီးလောင်ရင်မီးသတ်ကား ခေါ်လိုက်မလို့"

"မလောင်တော့ပါဘူး ဆရာ"

"အေး ... အေး"

"ဆရာ့အတွက် ထမင်းပြင်ရတော့မလား"

"အေး ... အေး"

ကြာနကျွန်တော့်အပါးမှ ထွက်ခွာသွားသည်။ ကျွန်တော်အဝတ်လဲ လှယ်ပြီးချိန်တွင် ကြာနကထမင်းပွဲ အသင့်ပြင်ပြီးကြောင်း လာပြောသည်။ ကျွန်တော်ထမင်းပွဲမှာ ဝင်ထိုင်သည်။ ငါးပုဏ္ဏားဟင်း၊ ကြက်ဥကြော်၊ အမဲနှပ်။

ဆာဆာနှင့် အကုန်လွေးပါသည်။

"ဩော် ... ဘဝ ဘဝ၊ ငါးရိုးလေးတောင်မှ ထွင်ပေးမယ့်သူ မရှိဘူး"

"တပည့်ကြီး ထွင်ပေးမယ်လေဆရာ"

ကျွန်တော် ညည်းတော့ ကြာန ပျာပျာသလဲ ပြောသည်။ ငါးဟင်းခွက်ကို လက်ရောက်သွားသည်။

"ဟော့ ... ဟော့ ... မလုပ်ပါနဲ့၊ ငါကမင်းလိုလက်မည်းကြီးနဲ့ ငါးရိုးထွင်ပေးတာလိုချင်တာ မဟုတ်ဘူးကွ၊ လက်ဖြူဖြူနုနုလေးနဲ့ ပခုံးချင်းထိ၊ ကိုယ်လုံးချင်းကပ်ပြီး ပါးမွှေးမွှေးလေးကို ရှူရှိုက်ရင်းနဲ့လို ဘဝမျိုးကိုပြောတာကွ"

ကျွန်တော်ပြောတော့ ကြာန တဟဲဟဲနှင့် ရယ်နေသည်။

"ဆရာကလဲ စာရေးဆရာရယ်လို့ မပြောရဘူး၊ စိတ်ကူးက တယ်ယဉ်"

"စိတ်ကူးယဉ်အဖြစ်ကနေ လက်တွေ့အကောင်အထည်ပေါ်တော့မှာပါကွာ၊ မနက်ဖြန် ငါရမည်းသင်းကို ပြန်သွားမယ်၊ အပြန်ကျရင် မင်းအတွက် ဆရာကတော် လှလှလေးပါလာမယ်"

"တကယ်လား ဆရာ" ကြာနက အားရဝမ်းသာနှင့်မေးသည်။

"မင်းရဲ့ဆရာ ငါဟာဘာယ်တော့များ မသေချာဘဲ ပြောဖူးလို့လဲ "

"အိုကြာကွေးအမျိုးသမီးထက် လှတာ အမှန်ပဲပေါ့"

"ဆယ်ဆသာရမကွာ"

ကျွန်တော့်အပြောကြားရုံနှင့် ကြာနအူမြူးနေသည်။ သူအူမြူးပုံကိုကြည့်ပြီး ကျွန်တော်ရယ်ချင်၏။ တကယ်တော့ လေးလေးမြင့်သဘောသည်သို့ ရှိမည်ကို ကျွန်တော်မသိ။ ကျွန်တော့်ဘက်မှသာ သေချာနေခြင်း ဖြစ်ပါသည်။ သို့သော်လည်း ကြာနအူမြူးနေသည်ကိုကြည့်ပြီး ကျွန်တော်ပျော်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တပည့်ရေ ..."

"ဆရာ"

ကျွန်တော်တို့ ဆရာတပည့်မှာ "အောင်" "အောင်" ခေါ်ထူးသည့် ရွှေဟင်္သာမောင်နှံနှယ်လိုက်ဖက်ညီတွေရှိနေကြပါသည်။

"ဆရာ့အဝတ်တွေ အသင့်ရှိရဲ့လား"

"ရှိပါတယ်ဆရာ၊ တပည့်ကြီးအားလုံး လျှော်ဖွပ်ပြီး မီးပူတိုက်ထားပါတယ်"

"အေးကွာ ... အကောင်းဆုံး ဝတ်စုံ ဆယ့်ငါးစုံလောက် ခရီးဆောင်အိတ်ထဲ ထည့်ထားကွာ"

"ဟော့ ... လုပ်လေကွာ၊ ဘာကြည့်နေတာလဲ"

ကျွန်တော်ပြောတော့ ကြာနုလန့်သွားသည်။

"ဆရာ့မှာ အားလုံးမှ ဝတ်စုံလေးစုံပဲရှိတယ် ဆရာရဲ့"

"မင်းကလဲ အတော်အတဲ့ အကောင်ပဲ ...၊ ရှိတာထည့်လိုက်ပြီးတာပဲ၊ ငါကဘေးလူကြားရင် အထင်ကြီးအောင်ပြောတာများ ပြန်ပြောနေရသေးတယ်၊ ရှီးပဲ့လိုက်တာကွာ ... ဟား ... ဟား ... ဟား"

ကျွန်တော်ပြောပြီးရယ်တော့မှ ကြာနုမျက်နှာ ကြည်လင်ရွှင်လန်းလာသည်။ ကျွန်တော်ထမင်းစားပြီး ပက်လက်ကုလားထိုင်မှာ သွားထိုင်သည်။ ဒူးယားစီးကရက်ကို မီးညှိရှိုက်ဖွာရင်း စံပယ်ပွင့်ဂိုဏ်းနှင့် ဦးစောအောင်မည်သို့ မည်ပုံဆက်စပ်မည်ကို တွေးတောနေပါသည်။

"ဆရာ ... ဘယ်ရီကရီမ်းရော၊ မတ်စ်ဖက်တာ ရေမွှေးရော၊ ဂိုရာ ဆေါင်ဒါဘူးရော ထည့်လိုက်ရမှာလား"

ကြာနုအသံ ကျယ်ကျယ်နှင့် အခန်းထဲမှ လှမ်းမေးသည်။

"ဟ ... အဲဒါတွေ ငါ့မှာဘယ်တုန်းက ရှိခဲ့ဖူးလို့လဲ ကြာနုရ"

ကျွန်တော် ပြန်အော်ပြောလိုက်သည်။

"ဆရာကလဲ တပည့်ကြီးတော့ ပြောလိုက်တာ၊ ဘေးလူကြားရင် အထင်ကြီးအောင်ပေါ့ဆရာရဲ့၊ ဆရာ ဘာမှ ပြန်မပြောဘဲနေရင် ကောင်းမှာ"

"အေးကွာ ... မင်းနဲ့ငါနဲ့ ကြွေးမရှိတော့ဘူး ကျေရောပေါ့"

ထိုညအဖို့ ကျွန်တော်တို့အိမ်မှာ ဆရာတပည့်နှစ်ယောက်တည်းနှင့် မြိုင်ဆိုင်သာယာနေသည်။ ခါတိုင်းညများကတော့ ကျွန်တော့်မှာရင်မောသည်အထိ တစ်ကြောင်း၊ မူးသည်တစ်ကြောင်းကြောင့် ကြာနုကို စကားများများ မပြောဖြစ်။ ဒီညမှာတော့ ကိုယ်တွေ့လာသော သဲလွန်စအတွက်ရော၊ လှပစေး လေးလေးမြင်း နှင့် တွေ့ဆုံရတော့မည်။ သူမမျက်နှာလေးကို မြင်တွေ့ရတော့မည်ဖြစ်သော အသိ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ရော ကျွန်တော်ပျော်နေသည်၊ ရွှင်နေသည်။ ကြည်နူးနေသည်၊ ယင်းကြောင့် တပည့်ကျော်ကို စဟယ်၊ နောက်ဟယ်၊ ကျီစယ်ဟယ်၊ ရယ်ကာ မောကာ သောသောရွှင်နေကြခြင်းဖြစ်ပါသည်။

နွေဆိုတော့ အရပ်ထဲလမ်းထဲမှ အိမ်များသည်လည်း ညဉ့်နက်သည်အထိ တံခါးမပိတ်ကြ၊ မအိပ်ကြ။ အိုက်စပ်ပူလောင်ခြင်း ကလည်းပြင်းပြနေလေသည်။ အတင့်ကို အကြောင်းပြုပြီး ဝတ္ထုတိုတစ်ပုဒ်ရေးရန် ကျွန်တော် စိတ်ကူးမိသည်။ သို့သော်လည်း အိုက်သည်က တစ်ကြောင်း၊ ခြင်ကိုက်သည်က တစ်ကြောင်းကြောင့် မရေးနိုင်ပါ။ ဝတ္ထုတိုလေးကို ဦးနှောက်ထဲမှာပဲ သိမ်းဆည်းထားလိုက်ရလေသည်။

နောက်တစ်နေ့တွင် မီးရထား လက်မှတ်ဝယ်ရန် ကြိုးပမ်းအားထုတ်ရသည်။ အထက်တန်းလက်မှတ် ကုန်နေသည်ဆို၏။ သို့သော်လည်း မှောင်ခိုတွင်ဝယ်၍ ရသည်။ ကိုယ်ကအရေးတကြီးသွားချင်နေပြီဆိုတော့ ဘယ်တတ်နိုင်မည်နည်း။ မှောင်ခိုကိုပဲ အားပေးလိုက်ရ၏။

နေရာတကာတွင် မှောင်ခိုလုပ်ငန်းက အမြစ်တွယ်နေသည်။ ကြီးထွားဖွံ့ဖြိုးနေသည်။ လူတွေ၏ လောဘဇောပြင်းထန်မှုသည် နိုင်ငံတည်ဆောက်ရာ၌ အနှောင့်အယှက် အဟန့်အတားသဖွယ် ဖြစ်နေသည်။ ကုန်ဈေးနှုန်းတွေ ကျဆင်းပြီး ပြည်သူလူထု သက်သာချောင်ချိအောင် ကြိုးပမ်းဆောင်ရွက်နေလျက်နှင့် လူအချို့၏ လောဘဇောကြောင့် ကုန်ဈေးနှုန်းတွေတက်နေရသည်။ အစစ လွယ်ကူအောင် ကြိုးပမ်းနေကာမှ လောဘသမားများကြောင့် အခက်အခဲတွေ ဖြစ်နေရသည်။

သဘာဝနိယာမ စက်ဝန်းမှာ အစဉ်မပြတ် လည်ပတ်နေသည်။ အမှောင်ရှိ လျှင် အလင်းရှိမည်။ အကွေ့ရှိလျှင် အဖြောင့်ရှိရမည်။ တစ်နေ့ သာယာအေးချမ်းသော လူ့ဘောင်သစ်ကို ရောက်ရပေမည်။ ခုတော့ မင်းတို့လောဘသမားများ ညစ်ကြဦးပေါ့၊ ဟင်း။

ကျွန်တော်သည် မီးရထားလက်မှတ်ကို မှောင်ခိုမှ မတန်တဆဈေးကြီးပေး၍ ဝယ်ယူလိုက်ရသောကြောင့် စိတ်တွင်းမှ နာကြည်းစွာကြိမ်းဝါးလိုက်မိပါသည်။ အထက်တန်းတွဲဖြစ်သော်လည်း ထုံးစံအတိုင်း မီးမှောင်သည်။ တံခါးချက်တွေ ပျက်နေသည်။ ဒီတစ်ခါတော့ ဘာရမည်နည်း။ ကျွန်တော့်မှာ ဖယောင်းတိုင်၊ လက်နှိပ်ဓါတ်မီး၊ တံခါးချည်ရန် ဝါယာကြိုး အပြည့်အစုံပါသည်။

ဖိနပ်နှင့် ရေဘူးမပါလျှင် နွေအခါမှသိမည် ဆိုသည့်မျိုးလို၊ မီးရထားနှင့် ခရီးသွားလျှင် ဖယောင်းတိုင်၊ ဝါယာကြိုး၊ လက်နှိပ်ဓါတ်မီး မပါလျှင် နောင်အခါမှ သိရမည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်အခက်အခဲမျိုးတွေနှင့် ကြုံရလေတိုင်း လောဘသမား၊ ကိုယ်ကျိုးရှာသမားတွေကို ကျိန်ဆဲမိသည်။ ရမည်းသင်းရောက်တော့ ကိုစောဝင်းကို နှုတ်ဆက်ရုံသာ ဆက်ခဲ့ပြီး၊ သိမ်ကုန်းသို့မြင်းလှည်းနှင့် သွားသည်။ ရောက်မဆိုက်မှာပင် ရင်မောရ၏။

လေးလေးမြင့်တစ်ယောက် မြစ်သားကို ပြန်သွားသည်ဆိုသော သတင်းကို ကြားရသောကြောင့်ဖြစ်ပါသည်။ ဝယ်ယူခဲ့သော လက်ဆောင်ပစ္စည်းကို လေးလေးမြင့်အား မိမိကိုယ်တိုင် လက်ထိလက်ရောက်ပေးရန် အားခဲလာသည်မှာ ခဲလေသမျှ သဲရေကျ ဖြစ်ရလေပြီ။ မတတ်နိုင်တော့ပါ။

"ကဲ ... ရော့၊ မမြင့်သောင်း ... ဖော့ခရစ်နှစ်ဝတ်စာ၊ မမြင့်သောင်း မကြိုက်တဲ့အရောင် လေးလေးမြင့်ကို ပေးလိုက်ပေါ့"

လေးလေးမြင့်ရှိနေလျှင် မမြင့်သောင်းသည် လေးလေးမြင့်၏ လက်ဝေခံ ဖြစ်ရမည်။ ယခုတော့ သူမက မမြင့်သောင်း၏ လက်ဝေခံဖြစ်ရချေပြီ။ မတတ်နိုင်ပါ။ ကျွန်တော့်အနေနှင့် လေးလေးမြင့် ပြန်ရောက်လာသည်အထိ စောင့်ပြီးမှ လက်ဆောင်ပစ္စည်းကို ပေးမည်ဆိုလျှင် ရုပ်ပျက်ဆင်းပျက် နိုင်လွန်းမည်။ သိက္ခာမဲ့လွန်းမည်။ သည်တော့ စိတ်က တကယ်မပါသော်လည်း ဝတ္တရားကျေပွန်သည့် အနေနှင့် ဟန်လုပ်၍ခပ်တည်တည်နှင့် ပေးလိုက်ပါသည်။

မမြင့်သောင်းသည် စက္ကူအိတ်ထဲမှ အကျီစများကို ထုတ်ကြည့်ပြီး ရှင်မြူးနေသည်။

"မမလေးလေးမြင့်က အသားဖြူတော့ ဘယ်အရောင်နဲ့ ဖြစ်ဖြစ် ကြည့်လို့ ကောင်းပါတယ်၊ ဒီစကားဝါရောင်လေး သမီးယူလိုက်မယ်"

မမြင့်သောင်းက ဒေါ်ချစ်မေကို တိုင်ပင်ပြီး စကားဝါရောင်အစကို သူမ ကိုယ်မှာ ကပ်ကြည့်နေသည်ကိုမြင်တွေ့ရတော့ ကျွန်တော် နှမြောတွန့်တိုစိတ် ဖြစ်ရပါတော့သည်။ ထိုအစမှာ ပထမဝယ်သော အစပင်ဖြစ်သည်။ လေးလေးမြင့် အတွက် ရည်ရွယ်ဝယ်သော အစပင်ဖြစ်ပါသည်။ စကားဝါရောင်နှင့် လေးလေး မြင့်၏ စိုပြည်ဝါဝင်းသော အသားရောင်မှာ လိုက်ဖက်မည်မှန်း၍ ဝယ်ခြင်းဖြစ်သည်။

ကျွန်တစ်စက အစိမ်းပြာ။

အစိမ်းပြာတော့ မမြင့်သောင်းနှင့် မလိုက်ဖက်သည်မှာ သေချာသည်။ ကောင်မကလေးကလည်း မဆိုးပါ။ သူမနှင့် လိုက်ဖက်မည့် အရောင်ကိုရွေးတော်သည်။ အကယ်၍ လေးလေးမြင့်ရှိနေမည်ဆိုလျှင် စကားဝါရောင်ကို လေးလေး မြင့်က ယူလိုက်မည်ဆိုပါက စိမ်းပြာနှင့် မမြင့်သောင်း အသားနှင့် ဘယ်လောက်မှ မလိုက်ဖက်ပါ။ အစက ကျွန်တော် ဒါကို လုံးဝထည့်မတွက်၊ [illegible] တစ်စ

www.burmeseclassic.com



ဖြစ်လျှင်ပြီးရော သဘောမျိုးနှင့်သာ ဝယ်လိုက်ခြင်းဖြစ်လေသည်။ ကဲ ... ယခုတော့ ကောင်းရော။

လောကတွင် ဘယ်အရာဖြစ်စေ၊ ကိုယ်ဖြစ်စေချင်သလို မဖြစ်တတ်သည့် သဘောကို ကျွန်တော် ချက်ချင်း တွေးလိုက်မိသည်။ ရှယ်တိုင်းမမြောက်၊ ကြံတိုင်းမပေါက် အလွဲလွဲအချော်ချော် ဖြစ်တတ်သည့် သဘာဝကို ဆင်ခြင်မိလိုက်သည်။

"ညည်းအစ်ကိုက ညည်းကြိုက်တဲ့အစယူလို့ ပြောပြီးသားပဲ၊ ကြိုက်တာယူပေါ့"

ဒေါ်ချစ်မေကိုယ်တိုင် သူ့ခြေးအတွက် ဖဲ့ါခရစ်စ ရသဖြင့် ဝမ်းသာနေသည်။ တကယ်တော့ သူတို့အနေနှင့်မဝယ်နိုင်၍ မဝတ်ကြခြင်းမဟုတ်ပါ။ အလေ့အထမရှိ၍ မဝတ်ဆင်ကြဘဲ အမှက်ဟမဲ့ နေနေသလို နေကြခြင်းဖြစ်မည်ဟု ကျွန်တော် ထင်ပါသည်။ အမျိုးသမီးများ ဝတ်စားဆင်ယင်မှုတွင် နယ်နှင့်ရန်ကုန် အများကြီးခြားနားသည်။ နယ်မှအမျိုးသမီးများသည် အဝတ်ကောင်းအစားကောင်းကို ပွဲလမ်းသဘင်ရှိမှဝတ်ဆင်ကြသည်။ အိမ်နေရင်း၊ ဈေးသွားရင်း အဝတ်အစားကောင်းများကို မဝတ်ဆင်ကြပါ၊ ရန်ကုန်အမျိုးသမီးတွေကတော့ အိမ်မှာနေရင်း ချက်ရင်း၊ ပြုတ်ရင်း၊ လုပ်ရင်း၊ ကိုင်ရင်းနှင့်လည်း အဆန်းဆုံးနောက်ဆုံးပေါ် အဝတ်အထည်များကို ဝတ်ဆင်ထားကြသည်။ ဈေးသွား၊ ရုံးသွားဆိုလျှင်တော့ မပြောနှင့်တော့၊ ပွဲနေပွဲထိုင် သွားသလား ထင်မှားလောက်အောင်ပင် ဝတ်ဆင်သွားကြ၏။

ဤတွင် ရန်ကုန်မြို့တော်၏ဝတ်စားဆင်ယင်မှုနှင့် နယ်၏ဝတ်စားဆင်ယင်မှု ခြားနားချက်သည် ထင်ရှားလာ၏။ နယ်တွင်အဝတ်ချင်းနေ့စဉ် ပြိုင်ဆိုင်မှုမရှိ။ ပွဲလမ်းသဘင်ရက်များတွင်သာ ပြိုင်ဆိုင်ကြ၍ မြို့တော်ရန်ကုန်မှာတော့ နေ့စဉ်နှင့်အမျှ အဝတ်ချင်းပြိုင်ဆိုင်မှုက ရှိနေကြလေသည်။ ထို့ကြောင့် နယ်တွင် တော်ရုံဝင်ငွေနှင့် စားလောက်၊ နေလောက်သော်လည်း ရန်ကုန်သူ၊ ရန်ကုန်သားများမှာ တော်ရုံတန်ရုံဝင်ငွေနှင့် မလုံမလောက် ဖြစ်နေကြရ၏။ ဤနယ်ခြားနားချက်မျိုးကို နယ်ရောက်မှသာ တွေး၍ရလေသည်။

မမြင့်သောင်းအတွက် လက်ဆောင်ပေးပြီးနောက်တွင် ဦးဖြူသီးနှင့် ကျွန်တော် နှစ်ယောက်တည်းဆွေးနွေးဖို့လိုသည်။ အိမ်သားများက ရန်ကုန်ပြန်ကျွန်တော့်အား ဝိုင်းဝန်း၍ မေးကြမြန်းကြနှင့်ရှိနေသည်မို့ ဦးဖြူသီးနှင့် ကျွန်တော် မပြောသာပါ။

"နေ့လယ်လောက်မှာ ဦးဖြူသီးနှင့်ကျွန်တော် ဘုရားပေါ် တက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖြူသီးအား ကျွန်တော်အဖေါ်စပ်လိုက်သည်။

"နေကာပူနဲ့ကွာ ... မောပါတယ်၊ ဘာကိစ္စ တက်မှာလဲ"

သူ့အပြောကြားတော့ ကျွန်တော်စိတ်ပျက်သွားသည်။ ကပ္ပိယ စုံထောက်ကြီး ပါးမလို နပ်မလိုနှင့် အရိပ်သုံးပါး ဘာမှနားမလည်ပါလား။

ရှိစေတော့၊ အိမ်သားများလစ်မှပင် ကျွန်တော့်အကြံကို ဖွင့်ပြော ရပေမည်။ အိမ်သားများကလည်း တော်တော်နှင့်မလစ်။ ဦးချစ်မောင်နှင့် ဦးဖြူသီးတို့ စကားလက်ဆုံကျနေကြသည်။ ကျွန်တော်သိလာခဲ့သော စပယ်ပွင့်ဂိုဏ်းနှင့် ဟီးရိုးအင်းဆက်သွယ်ပုံကို ပြောပြချင်သည်မှာ ရင်ထဲ တွင် ကလိကလိနှင့် ဖြစ်နေပါသည်။

သိမ်ကုန်းမရောက်ခင်ကတော့ ထိုအကြောင်းကို လျှို့ဝှက်မထား ဘဲ အများရှေ့မှာပင် ပြောပြရန် ရည်ရွယ်ခဲ့သည်။ အကယ်၍ လေးလေးမြင့် သာရှိနေမည်ဆိုလျှင် ကြွားချင်စောနှင့် ပြောဖြစ်ကောင်း ပြောဖြစ်မည်။ သို့သော်လည်း လေးလေးမြင့်ကို မတွေ့ရတော့ အတွေးတစ်မျိုး ပေါက် လာသည်။

စပယ်ပွင့်ဂိုဏ်းကိစ္စကို ဦးချစ်မောင်တို့ အိမ်သားများအား အသိ မပေးဘဲထားမှ ပိုကောင်းမည်ဟု အတွေးပေါက်လာခြင်းဖြစ်၏။

နံနက်စာစားရန် ပြင်ဆင်နေချိန်တွင် ဦးဖြူသီးနှင့် ကျွန်တော် နှစ်ယောက်တည်းဆုံဖြစ်၏။

"ဒီမှာ ဦးဖြူသီး ... ခင်ဗျားကို ကျွန်တော်ပြောစရာတွေရှိလို့ ထမင်းစားပြီး ဘုရားပေါ်သွားရအောင်လို့ ပြောတာဗျ"

"ဘာပြောစရာတွေလဲ"

"စပယ်ပွင့်ဂိုဏ်းအကြောင်း ကျွန်တော်သိလာသမျှတွေ ခင်ဗျား ကို ပြောပြချင်လို့"

"မင်းက ဘယ်လိုတွေ သိလာခဲ့လို့လဲ"

"ပြောရမှာက အရှည်ကြီး၊ ဒါကြောင့် ဘုရားပေါ်မှာ အေးအေး ဆေးဆေးသွားပြောမှ ဖြစ်မှာ"

"အေးလေ ... ဒီလိုဆို ထမင်းစားပြီး သွားကြတာပေါ့"

"အစ်ကိုတို့ ... ဦးဦးတို့၊ ထမင်းပြင်ပြီးပါပြီ"

မမြင့်သောင်းသည် ဖေါ့ခရစ်စရာသည်နှင့် အပြုံးနေဟန်ရှိစွာ လှုပ်ရှားမှုရော စကားပြောရော သွက်လက်နေသည်။

ထမင်းစားပြီး ခေတ္တခဏနားကာ ရွှေမြင်တင်ဘုရားသို့ သွားကြ သည်။ တောင်ခြေတွင်ပွဲတော်အတွက် ပြင်ဆင်နေကြ၍ ဈေးဆိုင်များ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ရန်၊ စာတစ်စင်များ ဆောက်လုပ်ရန် သစ်ဝါးများပုံထားသည်။ အချို့နေရာတွင် မြက်ကိုရှင်းလင်းပြီး ညှိထားသည်။

ကျွန်တော်တို့ သံစောင်းတန်းအတိုင်း တက်ခဲ့ကြသည်။ အဝေးအမြင်တွင် ဆင်နိမ့်နိမ့်မှထင်ရသော်လည်း တကယ်တက်တော့ အမောသား။

ခွေးများ၊ ခြေသလုံးများတောင်သြောင်းလာသည်။ ချွေးတွေ စို့ရွှဲလာသည်။

"ထမင်းစားပြီးစ ဗိုက်လေးလေးနဲ့ တောင်တက်ရတာ မနိပ်ဘူးဟေ့ ... တယ် မောတာပဲ"

ဦးဖြူသီး ယောဟဲလိုက်နေရာမှ ညည်းသံနှင့်ပြောသည်။ လမ်းခရီး၌ တည်းခိုရန် စရပ်ကလေးများရှိသည်။

"မင်းပြောမယ့် အကြောင်းအရာက ဘုရားရှေ့မှာ အဓိဋ္ဌာန်ပြုပြီး ပြောရမှာလား၊ မဟုတ်ရင် ဒီမှာလဲ ပြောလို့ရသားပဲ"

ဦးဖြူသီးသည် မောနေသောကြောင့် ရှေ့ဆက်မတက်ချင်လား။ သို့မဟုတ် ကျွန်တော်ပြောမည့်အကြောင်းအရာကို စိတ်ဝင်စားလွန်းနေ၍ပဲလားမသိ။ ဤသို့ မေးပြောလာ၏။ ကျွန်တော်က ပြုံးလိုက်သည်။

"ဘုရားမှာ အဓိဋ္ဌာန်ပြုဖို့တော့ မလိုပါဘူး၊ ဒါပေမယ့်လို့ အာရုံခံတန်ဆောင်း ရောက်မှပဲ အေးအေးဆေးဆေး ပြောကြတာပေါ့ဗျာ"

ကျွန်တော်ပြောတော့ ဦးဖြူသီး နှုတ်ခမ်းကို မဲ့လိုက်သည်။

"အေးလေ ... မင်းက နိုင်ကွက်မိနေတော့ ညှဥ်းဦးပေါ့ကွာ"

ဦးဖြူသီးက မကျေမချမ်းနှင့်ပြောသည်ကို ကျွန်တော် သဘောကျသဖြင့် တဟားဟား ရယ်ပစ်လိုက်ပါသည်။ ကျွန်တော်တို့ ဆက်တက်ကြသည်။ အာရုံခံတန်ဆောင်းတွင် ကျွန်တော်တို့မှလွဲ၍ မည်သူမျှမရှိ။ လေတဖြူးဖြူး တိုက်ခတ်နေသဖြင့် ခဏတွင်းမှာပဲ အမောပြေသွားသည်။

ရွှေမြင်တင်ဘုရားတည်ထားသော တောင်ကုန်းမှာ အဝေးကကြည့်လျှင် တောင်တန်းပြာကြီးများနှင့် ဆက်စပ်နေသည်ဟု ထင်ရ၏။ သို့သော် ဆက်စပ်ခြင်း မရှိပါ။ မြေပြန့်တစ်ခု ခြားနေသည်။ အရှေ့ဘက်နားတွင် ရွှေမြင်တင်တောင်ကုန်း ထက် နိမ့်သော ကုန်းမြင့်ချွန်ချွန်တစ်ခုရှိ၏။ ထိုကုန်းမြင့်ထိပ်တွင်လည်း စေတီတစ်ဆူ ရှိသည်။ သို့သော်လည်း ထိုစေတီမှာ ရွှေမြင်တင်စေတီတော်မြတ်နှယ် ဝါဝင်းတောက်ပြောင်ခြင်း မရှိပါ။

ပတ်ဝန်းကျင် အသိုင်းအဝန်း အဆောင်အယောင်များလည်း မြိုင်ဆိုင်ခြင်း မရှိ။ ထုံးသင်္ကန်းတော်ပင်လျှင် ညစ်နွမ်းမွဲခြောက်လျက် ရှိတော်မူသည်။ စေတီတော် ချင်းတူသော်လည်း အကျိုးပေးခြင်းက ဤသို့ကွာခြားလေ၏။

"ကဲ ... မင်းဘာပြောချင်သလဲပြော"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ငေး၍တွေးနေစဉ် ဦးဖြူသီးက ပြောပါသည်။ ကျွန်တော် ဒူးယား စီးကရက်တစ်လိပ်ကို ဘူးထဲမှထုတ်ယူပြီး မီးညှိရှိုက်ဖွာသည်။ မြို့မှ ရထားပေါ်တွင် တွေ့ရသော စံပယ်ပွင့်နှင့် လူငယ်မှအစ၊ နောက်ဆုံး လူသေ သုံးယောက်အထိ ကျွန်တော် တွေ့ကြုံခဲ့ရသည်များကို တစ်ခုမကျန် အသေးစိတ် ပြောပြလိုက်ပါသည်။ ကျွန်တော်ပြောသည်မှာ တစ်နာရီနီးပါးကြာသည်။ ဦးဖြူ သီးသည် ဘာတစ်ခုမှဝင်၍ မေးမြန်းပြောဆိုခြင်းမပြုဘဲ နားစိုက်ထောင်နေသည်။

"မင်းပြောစရာ ဒါအကုန်ပဲလား" ကျွန်တော်စကားကို ရပ်လိုက်ပြီး နောက်ထပ် စီးကရက်တစ်လိပ် ထုတ်ယူ မီးညှိစဉ် ဦးဖြူသီးက မေးသည်။

ကျွန်တော် ခေါင်းညိတ်လိုက်၏။

"ဒါအကုန်ပါပဲ"

ဦးဖြူသီး အလေးအနက် စဉ်းစားနေသည်။ ကျွန်တော်ဆေးလိပ်ဖွာ ရှိုက်ရင်း သူ့အကဲကို စောင့်ကြည့်နေပါသည်။

"ဦးစောအောင်ဆိုတဲ့ လူဝကြီး ဒီမှာ စပျစ်ခြံလုပ်မလုပ် စုံစမ်းကြည့်ရ မယ်ကွ၊ ဒီလူကို ငါတွေ့ဖူးတာက ငါ့မိတ်ဆွေရှေ့နေ ဦးအုံမောင်အိမ်မှာ တွေ့ခဲ့ တာ၊ သူဟာအမှုတစ်ခုအတွက် ဦးအုံမောင်နဲ့လာပြီး ဆွေးနွေးနေတာပဲ၊ ဦးအုံ မောင်က သူနဲ့ငါ့ကို မိတ်ဆက်ပေးတဲ့နေရာမှာ ဒါကတော့ စာရေးဆရာ ထင်ဆန်း ရဲ့ စာတတ်လိုက်ကျော် ကပ္ပိယစုံထောက်ကြီး ဦးဖြူသီးပါပဲလို့ ရှေ့နေပီပီ လျှာရှည် ရှည်နဲ့ မိတ်ဆက်ပေးတယ်၊ ဦးစောအောင်က ငါ့ကို စိတ်ဝင်စားသလိုရှိပေမယ့် စိတ်မဝင်စားဟန်နဲ့ ခပ်ဘာသိဘာသာလုပ်နေတယ်၊ ပြီး ... မကြာဘူး သူပြန် သွားတာပဲ၊ ငါက ဦးစောအောင် ဘာမှုအတွက်နဲ့ လာဆွေးနွေးတာလဲလို့ ဦးအုံ မောင်ကို မေးကြည့်တော့ သူ့တူတစ်ယောက် ဘိန်းကုန်ကူးမှုနဲ့ အဖမ်းခံထားရတဲ့ ကိစ္စလို့သိရတယ်၊ ဦးစောအောင်ဟာ စပျစ်ခြံလုပ်တဲ့တိုင်အောင် ဟန်ပြလောက် လုပ်ပြီး တခြားဒုစရိုက်လုပ်ငန်း လုပ်နေတာဖြစ်နိုင်တာပေါ့"

"ဟီးရိုးအင်းနဲ့ ... ဦးစောအောင် ဆက်စပ်မှုရှိနိုင်မယ် ထင်သလား"

"သိပ်ရှိနိုင်တာပေါ့ဗျ"

"ဘယ်လိုဆက်စပ်မယ်ထင်သလဲ"

"အဲဒါကို တို့စုံစမ်း ထောက်လှမ်းရမှာပဲ၊ ထူးဆန်းတာက ဦးစော အောင်ဟာ ဘာ့ကြောင့် မင်းကို ကျုတ်ပုံပြင်ပြောပြသလဲ ဆိုတာပဲကွ၊ အဲဒါကို ငါစဉ်းစားလို့ မရဘူး"

"ဟုတ်တယ်၊ ကျွန်တော်ကိုပြောပြတဲ့ဥစ္စာကလဲ ပေါ့ပေါ့ဆဆ လျှောက် နောက်ရွှတ်ရွှတ်ပြောတဲ့ ပုံစံမျိုးပြောတာ မဟုတ်ဘူး၊ တကယ်အလေးအနက်နဲ့ ပြောတာဗျ"

www.burmeseclassic.com



"အေးလေ ... သူပြောတဲ့ ကျုတ်ပုံပြင်ဟာ လံကျုပ်လား၊ တကယ်လား ဆိုတာ တို့စုံစမ်း ကြည့်သေးတာပေါ့ကွာ"

"ဦးစောအောင်ရဲ့ ... စပျစ်ခြံကိုကော ကျွန်တော်တို့ သွားကြမလား"

"သွားတာပေါ့၊ ဦးစောအောင်နဲ့ ရင်းနှီးအောင် ပေါင်းကြည့်ရမှာပဲ၊ တဲ — တို့ပြန်ဆင်းရကြရအောင်"

ကျွန်တော်တို့ အာရုံခံတန်ဆောင်းမှ ထွက်ခဲ့ကြသည်။ ပြေညီသော အနောက်ဘက်စောင်းတန်းမှ ပြန်မဆင်းဘဲ မတ်စောက်သည့် တောက်ဘက် စောင်းတန်းမှ ဆင်းကြသည်။ မက်စောက်သော်လည်း အခက်အခဲမရှိပါ၊ သံပိုက် လုံးများ ကာရံထားသဖြင့် ပိုက်လုံးကို ကိုင်၍ဆင်းကြသည်။

ရွှေမြင်တင်ကုန်းပေါ်သို့ တက်ရန်၊ ဆင်းရန် သံစောင်းတန်းနှစ်သွယ် ရှိသည်။ ယင်းသံစောင်းတန်းများသည် ရသေ့ကြီးဦးခန္တီ၏ ကောင်းမှုတော်များ ဖြစ်လေသည်။ ကျွန်တော်တို့နှစ်ယောက် လျှောက်လာကြစဉ် သစ်ပင်ရိပ်တွင် ထိုင်နေသော ဖိုးသူတော်ကြီးတစ်ပါးကို တွေ့ရသည်။

"ဦးသူတော် ဘယ်ကလာလို့ ဘယ်ကြွမှာလဲ" ဦးဖြူသီးက မေး၏။

"သိမ်ကုန်းက ပြန်လာတာ မောတာနဲ့ နားနေတာ"

"ဦးသူတော်က ဘယ်မှာနေလဲ"

"ဒီတောင်ခြေကို ခုအတိုင်း လက်ဝဲရစ် ပတ်ပြီးသွားရင် ကမ္မဋ္ဌာန်းထိုင် တဲ့ ဇရပ်ကလေးတွေရှိတယ်၊ ဒုတိယဇရပ်မှာ ကျုပ်နေတယ်"

"ဦးသူတော်က သိမ်ကုန်းသားပဲလား"

"မဟုတ်ဘူး၊ ကျုပ်ဇာတိက တပ်ကုန်း"

"ဦးသူတော် ဒီရောက်နေတာ ကြာပြီလား"

"ရှစ်နှစ်လောက်ရှိပြီ"

"ဒီ ရွှေမြင်တင်ဘုရားရဲ့ အရှေ့ဘက်က တောင်ကြားထဲမှာ ကျုတ်ရွာ တစ်ရွာ ရှိတယ်ဆိုတာ ဦးသူတော် ကြားဖူးသလား"

ဦးဖြူသီးမေးတော့ ဖိုးသူတော်စဉ်းစားနေသည်။

"ကျုပ်တော့ တစ်ခါမှ မကြားမိပါဘူး"

"ဒီရွှေမြင်တင်တစ်ဝိုက်မှာ ဘယ်လိုထူးခြားချက်တွေများ ရှိပါသလဲ" ဦးဖြူသီးကမေးသည်။ ဖိုးသူတော်သည် ဦးဖြူသီးအား အဖြေမပေးဘဲ စူးစမ်းသလိုအကြည့်နှင့် ကြည့်နေ၏။

"ဒီလိုပါ ဦးသူတော်၊ သူကစာရေးဆရာပါ"

ဦးဖြူသီး ကျွန်တော့်ကို မေးထိုးပြပြီးပြော၏။

"ဒီဘက်ကို လေ့လာရေးအတွက် ခရီးထွက်လာတာပါတော့ ဒီနယ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိတဲ့ ထူးခြားချက်တွေကို မှတ်သားသွားချင်လို့ မေးကြည့်တာပါ။ ဘယ်လိုမှ မအောက်မေ့ပါနဲ့"

ဦးဖြူသီးရှင်းပြလိုက်တော့မှ ဖိုးသူတော် ကျွန်တော်တို့အပေါ် သတ်ာ ရန့် ကင်းသွားပုံရ၏။

"ဒီမှာ ထူးခြားချက်ဆိုလို့တော့ ဟောဟိုရေကန်ပဲရှိတယ်"

ဖိုးသူတော် အုတ်နံရံကာထားသော ရေကန်ကို လက်ညှိုးညွှန်ပြသည်။

"ဒီရေကန်က ဘယ်လိုများ ထူးခြားပါသလဲ"

ဦးဖြူသီး စိတ်ဝင်စားဟန်နှင့် မေး၏။

"ဒီရေကန်ဟာ မိုးတွင်းဆောင်းတွင်းမှာဆို ရေမရှိဘူး။ နွေရောက်လို့ ခုလို ပွဲတော်ရက်နီးလာမှ ရေကန်မှာရေတွေ ပြည့်လာတယ်။ ပွဲတော်ရက်မှာ လူတွေ ဘယ်လောက်ပဲသုံးသုံး မကုန်ဘူး၊ ပွဲတော်ရက်ပြီးတော့ တဖြည်းဖြည်း ရေပြန်ခန်းသွားတာပါပဲ"

"အင်း ... အတော်ထူးဆန်းတဲ့ ရေကန်ပဲ၊ ဘယ်လိုသဘောပါလိမ့်"

ဦးဖြူသီးကပြောတော့ ဖိုးသူတော်ပြုံးသည်။

"ဘယ်လိုသဘောရမှာလဲ၊ ဘုရားတန်ခိုးတော်ကြောင့် နတ်များ၊ သိကြားများက ပွဲတော်ရက်မှာ ရေလုံလောက်အောင် ဖန်တီးပေးတာပေါ့"

ဖိုးသူတော်က အားရပါးရပြောသည်။ ဦးဖြူသီး ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ကျွန်တော်တို့ ဖိုးသူတော်ကို နှုတ်ဆက်ပြီး သစ်ပင်ရိပ်မှ ထွက်ခွာခဲ့ကြသည်။

"ဘယ်လို သဘောရသလဲ"

"ဘာကို ဘယ်လိုသဘောရရမှာလဲကွ"

"ဦးသူတော်ပြောတာလေ"

"အင်း ... ဒါကတော့ ဘူမိဗေဒပညာရှင်တို့၊ ဓလဗေဒပညာရှင်တို့ လေ့လာစုံစမ်းသင့်တဲ့ အချက်တစ်ခုပဲပေါ့ကွာ။ တို့တက်နိုင်တဲ့ကိစ္စ မဟုတ်ပါဘူး"

*

www.burmeseclassic.com

www.burmeseclassic.com

# ( ၁ )

## သီရုန်ခက်သော ယမင်းကလျာ

သိမ်ကုန်းရွာသည် ကျွန်တော့်အတွက်တော့ အလွန့်အလွန် သာယာသော ကျေးရွာကလေး ဖြစ်နေရပါသည်။ မြန်မာပြည်ရှိ ဒေသအတော်များများကို ကျွန်တော်ရောက်ဖူးပါသည်။ ရှမ်းတွေ တောင်တန်းများပြာရီမှိုင်းညို့၍ မြူတွေ ဆိုင်းဆို့နေသော ပြည်နယ်ဒေသများ၊ တောင်တွေကြားနှင့် ရေပြင်နားမှာ တည်ထားသော ထားဝယ်လိုဒေသ။ ပင်လယ်နှင့်စပ်နေသည့် မြိတ်လို အရပ်။ ကျွန်တော်ရောက်ခဲ့ဖူးသမျှ အရပ်ဒေသများသည် သိမ်ကုန်းရွာနှယ် သာယာချမ်းမြေ့သည်ဟု ကျွန်တော် မထင်ပါ။

စင်စစ် သိမ်ကုန်းသည် ပုအိုက်၏။ ခြောက်သွေ့၏။ သို့ပေမယ်လို့လည်း ကျွန်တော့်အဖို့တော့ အလွန့်အလွန်ကို သာယာစိုပြည်နေသည်။ ဤနှယ် သာယာစိုပြည်နေသည်မှာ တကယ်တော့ လေးလေးမြင့်တစ်ယောက် မြစ်သာမှ ပြန်ရောက်လာသောကြောင့် ဖြစ်ပါ၏။

မည်မျှ အိုက်စပ်ပူလောင်သည်ဖြစ်စေ၊ ခြောက်သွေ့ရော်မွဲသည်ဖြစ်စေ လေးလေးမြင့်၏ ဝင်းဝါစိုပြည်သော မျက်နှာလေးကို မြင်နေရလျှင်၊ သူမ၏ သာယာချိုအေးသော အသံလေးကိုကြားနေရလျှင် ကျွန်တော့်ရင်မှာ အလိုလို ကြည်မွေ့လျက် ပူပြင်းအိုက်စပ်ခြင်းတို့ကို လုံးဝသတိမရနိုင်သလို ဖြစ်နေရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လေးလေးမြင့်သည် ဖေါ့ခရစ်အင်္ကျီစ လက်ဆောင်ရသောကြောင့် ဝမ်းသာနေသည်။ ရွှေမြင်တင်ဘုရားပွဲတော်အမီ ဝတ်ဆင်နိုင်ရန် ရမည်းသင်း သွားပြီး စက်ဆိုင်မှာ အပ်ထားသည်။ သူမဝမ်းသာသည်ကို မြင်ရတော့ ကျွန်တော် ကြည်နူးသည်။

"ပွဲတော်အမီ အင်္ကျီစ ဝယ်လာပေးတဲ့အတွက် ဆရာ့ကို မြင့် သိပ်ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဆရာရယ်"

သူမစကားဖြတ်ပြီး ကျွန်တော့်မျက်နှာကို မျက်လွှာပင့်၍ ကြည့်သည်။ ကျွန်တော် စိတ်မကောင်းချင်သလို ဖြစ်သွားရသည်။ သူမအတွက် ရည်ရွယ်ထားသော စကားဝါရောင်ကို မမြင့်သောင်းအား ပေးလိုက်ရသည့်အတွက် ဖြစ်ပါသည်။ လေးလေးမြင့် ကိုယ်တိုင်လည်း စကားဝါရောင်ကိုပဲ နှစ်သက်ပေလိမ့်မည်။

"အရောင်ကို မကြိုက်ဘူး မဟုတ်လား၊ လေးလေးမြင့် ရှိမနေတော့ မမြင့်သောင်းက သူကြိုက်တဲ့အရောင် ရွေးယူထားလိုက်တာပေါ့၊ အမှန်က စကားဝါအရောင်ကို လေးလေးမြင့်အတွက် ရည်ရွယ်ပြီး ဝယ်ခဲ့တာပါ"

ကျွန်တော် စိတ်မကောင်းသလိုပြောတော့ လေးလေးမြင့် ပြုံးသည်။

"မြင့် ဒီအရောင်ကိုကြိုက်ပါတယ်၊ စကားဝါအရောင်ထက်တောင် ကြိုက်သေး၊ မြင့် ပြောချင်တာက အင်္ကျီစဖိုးတော့ ယူပါလို့"

အမျိုးသမီးပြောပြီး ကျွန်တော့်မျက်နှာကို ခပ်ငေးငေးကြည့်နေသည်။

"လေးလေးမြင့်အနေနဲ့ ကိုယ့်ကိုကျေးဇူးတင်ရမှာစိုးလို့ ဒီစကားပြောတာလား၊ ကျေးဇူးတင်ဖို့ မလိုပါဘူး၊ ကိုယ်က ရင်းနှီးခင်မင်တဲ့သဘောနဲ့ လက်ဆောင်ပေးတာပါ၊ ကျေးဇူးမတင်ပါနဲ့"

ကျွန်တော်ပြောတော့ အမျိုးသမီးမျက်နှာ ညှိုးနွမ်းသွားသည်။

"မြင့်ကို အထင်မလွဲပါနဲ့ဆရာ၊ မြင့်ကကျေးဇူးတင်ရမှာစိုးလို့ပြောတာ မဟုတ်ပါဘူး၊ မမြင့်သောင်းအတွက်လဲ ဝယ်လာရဆိုတော့ ဆရာ့မှာ အကုန်အကျတွေများနေလို့ ပြောတာပါ။ ဆရာ့စေတနာကို စော်ကားရာရောက်တယ်ဆိုရင် တောင်းပန်ပါတယ်"

"ကိုယ့်စေတနာကို စော်ကားတယ်လို့ မယူဆပါဘူး လေးလေးမြင့်ရယ်၊ မမြင့်သောင်းအတွက်ကလဲ ဝယ်ပေးရမယ့် တာဝန်ရှိနေတယ်လေ။ လူလူချင်း ဆက်ဆံနေရာမှာ ဒီလိုပဲ အပြန်အလှန်ဆိုတဲ့ သဘောတွေက ရှိနေတယ် မဟုတ်လား။ ကိုယ်တို့က သူတို့အိမ်မှာ တည်းခိုစားသောက်နေကြတာဆိုတော့ ဒီလိုပဲပေါ့"

"မြင့်က ဆရာတို့ကို ဘာတစ်ခုမှ မကူညီနိုင်ဘဲနဲ့ ဘာလို့ ... ကို လက်ဆောင်ပေးတာလဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



သူမအမေးကို ကျွန်တော် ဖြေရန်ခက်နေသည်။ တကယ်ပြောရမည်ဆိုလျှင် တ...

"လေးလေးမြင့်ကို ကိုယ်ချစ်နေလို့" ဟု ပြောရမည်။ သည်နှယ်ပြောလိုက်လျှင် ပိုးကြေးပန်းကြေး ပေးရာရောက်သဖြင့် အမျိုးသမီးက လက်ခံချင်မှ လက်ခံမည်။ အကယ်၍ သူမကလက်ခံသည် ဆိုစေဦး၊ ကိုယ့်အနေနှင့်ရှက်သည်။ ပြောမထွက်။

"မြင့်မေးတာ ဖြေပါဦး ဆရာ"

ကျွန်တော် အဘယ်မျှကြာအောင် ငိုင်နေမိသည်မသိ၊ အမျိုးသမီးပြောတော့ ဆတ်ခနဲ တုန်ချင်သလို ဖြစ်သွားရသည်။ အကြောင်းမဲ့ကို ပြုံးမိသည်။ သူမမျက်နှာကို ရှက်ဟန်နှင့်ကြည့်လိုက်မိသည်။ ကျွန်တော် လှုပ်ရှားနေပုံရသည်။ အမျိုးသမီးက ကျွန်တော့်ကိုကြည့်ပြီး ပြုံးသည်။

"ပြောပါဆရာ ... မြင့်ကို ဘာပြုလို့ ပေးတာလဲ"

သူမက အကျပ်ကိုင်လာတော့ ကျွန်တော်သက်ပြင်းရှိုက်မိသည်။ ကျွန်တော် မပြောဘဲနေ၍ ရတော့မည်မဟုတ်၊ တစ်ခုခုပြောရလိမ့်မည်။

"အဟင်း ..." လည်ချောင်း ရှင်းလိုက်သည်။

"ကိုယ့်မှာ ညီမလေးတစ်ယောက်ရှိတယ်၊ အရင်းတော့ မဟုတ်ပါဘူး၊ တစ်ဝမ်းကွဲဆိုပါတော့၊ အဲဒီညီမလေးဟာ လေးလေးမြင့်နဲ့ သိပ်တူတာပဲ၊ သူ့ကို ကိုယ်သိပ်ချစ်တယ်။ ညီမလေးလှပအောင် အဝတ်အထည် အသစ်အဆန်းလေးတွေ ပေါ်လာတိုင်း ကိုယ်ဝယ်ပေးတယ်။ ညီမလေးလှတာကို အရိပ်တကြည့်ကြည့်နဲ့ နေခဲ့တယ်။ ဒါပေမယ်လို့ ညီမလေးဟာ အတော် မိုက်တယ်၊ ရှစ်တန်းမှ မအောင်သေးဘူး အိမ်ထောင်ပြုသွားတယ်။ ဒါကြောင့် သူ့ကို ကိုယ်စိတ်နာပြီး အဆက်ဖြတ်ထားခဲ့တယ်။ လေးလေးမြင့်ကိုတွေ့ရတော့ ကိုယ့်ညီမလေးလို လှစေချင်တဲ့ စေတနာမျိုးဖြစ်လာတာနဲ့ လေးလေးမြင့် လှပါစေတော့လို့ ဝယ်ပေးတာပါ"

ကျွန်တော် လုပ်ဇာတ်ကို အမျိုးသမီး စူးစိုက်နားထောင်နေသည်။ သည်လုပ်ဇာတ်မှာ လေးလေးမြင့်ကို သွယ်ဝိုက်ပြီး ချစ်ကြောင်းဖွင့်ဆိုသော သဘောသက်ရောက်စေသည်မို့ ကိုယ့်စကားကိုယ် အတော်သဘောကျသွားသည်။ ကြိုတင်စီစဉ်မထားဘဲနှင့် စကားလုံးများ အဆင်ပြေထွက်သွားသဖြင့် ဖူးစာရေးနတ်ကများ ကျွန်တော့်နှုတ်ကို စီး၍ပြောလိုက်လေသလား ထင်မိသည်။ အမျိုးသမီးငြိမ်နေရာမှ ကျွန်တော်မျက်နှာကို ဖျတ်ခနဲကြည့်ကာ မေးသည်။

"အိမ်ထောင်ပြုသွားတာနဲ့ ဆရာကညီမလေးကို ဘာပြုလို့ အဆက်ဖြတ် ရတာလဲ၊ မုန်းရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သည်အမေးသည်လည်း ကျွန်တော့်အတွက် အဖြေခက်သော မေးခွန်းပင် ဖြစ်ပါသည်။ သို့ပေမယ့်လို့ ကျွန်တော်ဖြေပါသည်။

"ပညာစကောစကနဲ့ အိမ်ထောင်ပြုသွားလို့ပါ"

"ဒါက နှလုံးသားပြဿနာပဲ ဆရာ၊ ဆရာတို့ပဲ ဒီနှလုံးသား ပြဿနာကို ရေးနေကြတာမဟုတ်လား၊ ပစ္စည်းဥစ္စာအရေးကို နှလုံးသားအရေးထက် အလေးပေးရင်လဲ အရင်းရှင်အိမ်ထောင်ရေး၊ ဖောက်ပြန်သော အိမ်ထောင်ရေး၊ မနက်ကိုသာ ဦးစားပေးတဲ့ ပြည့်တန်ဆာအိမ်ထောင်ရေး ဘာညာနဲ့ရေးကြပြီးတော့ ကိုယ့်နှမ လင်ယူတာကျတော့ သဘောမကျဘူးဆိုတာ ဘယ်တရား နည်းလမ်းကျပါ့မလဲ"

လေးလေးမြင့်မှာ မြစ်သားသူမို့ တော်တော့သည်။ မန်းသူသာဆို အခက်၊ ယခုပင်ကြည့်လေ ... စကားတတ်လိုက်သမှ ကျွန်တော့်ကိုချည်တုပ်ပြီးမှ ဝါးရင်းတုတ်နှင့် ရိုက်နေသည်မဟုတ်လား။ ကျွန်တော့်မှာကိုယ့်လုပ်ဇာတ်နှင့် ကိုယ် လိမ့်ခံနေရပြီ။

သို့သော်လည်း ကျွန်တော်သည် နိုင်ငံသိ စာရေးဆရာ ရှင့်မကြီးကပဲ၊ အညံ့ခံရိုးလား ...။

"ဒါက ဒီလိုရှိပါတယ်"

"ဟုတ်ကဲ့ .. ဒါကဒီလိုရှိရင် ဟိုဟာကဟိုလိုရှိမှာပေါ့"

"တစ်ခုရှိတယ်"

"တစ်ဝက်စီပေါ့ဆရာ"

လေးလေးမြင့် နောက်နေမှန်းသိတော့ ကျွန်တော် ပျော်သွားသည်။

"လေးလေးမြင့်ကို ကိုယ်သဘောကျသွားပြီ"

"ခုမှလား ဆရာ"

"မဟုတ်ဘူး ... အရင်ကတည်းက၊ ဟာ ... ဟုတ်ပါဘူး၊ ဘဝဆိုတာ ခုလို ပျော်အောင်နေတတ်ရင် အင်မတန်သာယာတာပေါ့ လေးလေးမြင့်ရယ်။ ပျော်အောင်နေတတ်ရမယ်။ ပျော်အောင်နေမယ်၊ ဟုတ်တယ်မို့လား"

"ဟုတ်ပါတယ်၊ မြင့် မေးတာပြောတာတွေကြောင့် ဆရာ့မှာ အကျဉ်း အကျပ်ကျပြီး စိတ်ဆင်းရဲမှာစိုးလို့ ... ဆရာ စိတ်ကြည်လင်ရွှင်လန်းသွားအောင် ဟာသလေးလုပ်လိုက်ရတာပါ"

သည်အပြောကြားတော့ လေးလေးမြင့်ကို ကျွန်တော် ငေးငေးမောမော ကြည့်နေမိသည်။ နှစ်လိုမြတ်နိုးသော အကြည့်ဖြင့် ကြည့်နေမိခြင်းပဲဖြစ်ပါသည်။ လေးလေးမြင့်လို လူ့မနော၊ လူ့စိတ်ကိုသိမြင်တတ်သည့် အမျိုးသမီးနှင့် ... အဖြစ် ပြုလုပ်ရလျှင် ဘဝသာယာမည်ဟု ကျွန်တော်ယုံကြည်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြင့် မြစ်သားပြန်သွားတာ နှစ်ရက်ပဲကြာပါတယ်၊ ဆရာ မြင့်ကို မေ့မှတ်မိတော့ဘူးလား"

အမျိုးသမီးက ကျွန်တော့်ကိုပြုံးကြည့်ရင်းပြောပါသည်။ ရေလာဖို့အတွက် သူမကမြောင်းတူးပေးနေသည်ဟုလည်း ကျွန်တော်ထင်မှတ်မိသည်။ မြောင်းရှိလျက်နှင့်မှ မစီးလျှင် ရေဟုတ်ပါတော့မည်လား။

"လေးလေးမြင့်ကို ကိုယ်တကယ်မြတ်နိုးမိနေတယ်၊ ကိုယ်မြတ်နိုးတာက လေးလေးမြင့်ရဲ့ ရုပ်အလှကိုချည့် မဟုတ်ပါဘူး။ လေးလေးမြင့်ရဲ့ ဖြူစင်တဲ့ စိတ်ကိုပါ မြတ်နိုးနေတာပါ။ လူတွေမှာ အချိန်တန်အရွယ်ရောက်လာပြီဆိုရင် ဘဝခရီးမှာ အတူသွားကြဖို့အတွက် အဖော်လိုလာတယ်။ အဲလို ခရီးသွားဖော် အဖြစ်နဲ့အတူသွားကြရာမှာ စိတ်ထားဖြူစင်တဲ့ ခရီးဖော်နဲ့အတူသွားရမှ သာယာ ချမ်းမြေ့နိုင်မှာပါ၊ ကိုယ်တော့ လေးလေးမြင့်ကိုပဲ ဘဝခရီးဖော်အဖြစ် ရွေးချယ် ချင်တယ်"

သူမပေးလာသော မြောင်းအတိုင်း ကျွန်တော်၏ချစ်ရေစင်များကို စီး မျှောလိုက်ပါသည်။ အမျိုးသမီး စဉ်းစားနေသည်။

"အဲဒါပဲ လေးလေးမြင့် ... ကိုယ့်ရင်ထဲမှာရှိတာ ခံစားနေရတာကို အရှိအတိုင်း ... ခံစားချက်အတိုင်း ကိုယ်ပြောပြတာပါ"

ကျွန်တော်က သူမထံမှ အဖြေစကားကို မျှော်လင့်ရင်း ပြောပြန်သည်။ အမျိုးသမီး အဖြေမပေးပါ။ ကျွန်တော့်ကို မေးသည်။

"ဆရာ မြင့်ကို မြတ်နိုးတယ်ဆိုတာက မြင့်ဟာ သဘောမနောကောင်း တယ်၊ ရုပ်ရည်ချောမောလှပတယ်ဆိုတဲ့အပေါ် မူတည်ပြီးမြတ်နိုးတာ၊ ဆရာ့ဘဝ မှာ သာယာပျော်ရွှင်နိုင်မယ်လို့ယူဆပြီး မြတ်နိုးတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

ကျွန်တော်က ခေါင်းညိတ်ရင်း အဖြေပေးလိုက်ပါသည်။

"မြင့်က ဆရာထင်သလို ဆရာရဲ့ဘဝသာယာအောင် ဖန်တီးနိုင်ပြီတဲ့၊ ဆရာက မြင့်ကို ဘာပြန်ပေးမလဲ"

သည်အမေးက ကျွန်တော့်ကို ချောက်ချောက်ချားချား ဖြစ်သွားစေပြန် ပါသည်။ ရုတ်တရက် မဖြေတတ် ဖြစ်နေရသည်။

"ဆရာက မြင့်ကိုဘာပြန်ပေးမလဲဟင်"

"ဘာပြန်ပေးရမလဲ၊ လေးလေးမြင့်က ဘာကိုလိုချင်သလဲ"

ကျွန်တော်မဖြေတတ်သဖြင့် သူမကို ပြန်မေးရသည်။

"မြင့် ဘယ်ပြောတတ်မလဲ"

"လေးလေးမြင့် ဘာလိုချင်မှန်းမှ ကိုယ်မသိတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောတော့ အမျိုးသမီးက အသံထွက်ရယ်သည်။ ကျွန်တော် သူမကို နားမလည်နိုင်သလို ခပ်ကြောင်ကြောင် ကြည့်နေသည်။

"ဆရာ့ကိုယ်ကျိုးအတွက်ချည့် ကြည့်တဲ့သဘော ဖြစ်မနေဘူးလား"

အမျိုးသမီးအပြောကြားတော့ ကျွန်တော်တုန်ခါချင်သလို ဖြစ်မိသည်။ သူမဘာကိုဆိုလိုသည်။ ဘာလိုချင်သည်ဟု စဉ်းစား၍ မရပါ။

"ယူချင်တာရှိရင် ပေးဖို့ကလဲ အဆင်သင့်ရှိနေမှ မျှတမယ် မဟုတ်လား ဆရာ၊ ဆရာက မြင့်ဆီက သာယာမှုကို ယူချင်တယ်ဆိုရင် ဘာပြန်ပေးရမယ် ဆိုတာ စဉ်းစားမထားဘူးလား"

"ကိုယ်နားလည်ပြီ လေးလေးမြင့်၊ ဟုတ်တယ်၊ ကိုယ့်ဘက်ကလဲ လေးလေးမြင့်ရဲ့ ဘဝသာယာမှုကို ပေးရမယ်၊ ဒါအတွက်ကတော့ ကိုယ့်အနေနဲ့ အာမခံချက်ထားတယ်၊ လေးလေးမြင့်ဘာသာ ကိုယ့်ကို အကဲခတ်လေ့လာရင် ပို မကောင်းဘူးလား၊ ကိုယ်တို့ယောကျ်ားအများစုဟာ အမျိုးသမီးတွေကို ချစ်ရေး ဆိုရာမှာ အမျိုးသမီးကိုယ့်လက်တွင်း မရောက်မချင်း အာမခံချက်တွေ အမျိုးမျိုး ပေးတတ်ကြတာပဲ။

"အမျိုးသမီးလဲ ကိုယ့်လက်ထဲရောက်ရော မရခင်က ပြောထားတဲ့ အာမခံချက်တွေကို ဖျက်ကြရော၊ လူသတ္တဝါချင်းတူပေမယ့်လို့ အမျိုးသမီးနဲ့ အမျိုးသားဟာ သဘာဝချင်း အလွန်ခြားနားတယ်၊ အမျိုးသမီးဆိုတာ အိမ်ထောင်ပြုပြီးရင် ကိုယ့်လင်ယောကျ်ားကို မြတ်နိုးတာ များတယ်၊ ကမ္ဘာပေါ်မှာ ငါ့လင်ဟာ အချောဆုံး၊ အလှဆုံး၊ အခန့်ဆုံး၊ အတော်ဆုံးလို့ ထင်နေတတ်ကြ တယ်၊ အမျိုးသားတွေကတော့ ဒီလိုမဟုတ်ဘူး၊ အလွန်ဆုံး ကလေးတစ်ယောက် ရပြီးသည်အထိသာ ကိုယ့်ဇနီးကို ချောတယ်၊ လှတယ်၊ တော်တယ် ထင်တတ် ကြတာဘဲ။

"နောက်ပိုင်းရောက်ပြီဆိုရင် တွေ့သမျှ မြင်သမျှ အမျိုးသမီးတွေဟာ ကိုယ့်ဇနီးထက် လှတယ်၊ တောင့်တယ်၊ ဖြောင့်တယ်ထင်ပြီး ငမ်းကြတယ်၊ ကိုယ့်ဇနီးအပေါ် စိတ်ပျက်တတ်ကြတယ်။ အမျိုးသားအများစုမှာ ဒီသဘော ရှိတယ်လို့ ကိုယ်ထင်တယ်။ ပြီးတော့ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာက လဲ အမျိုးသမီးဟာ အိမ်ထောင်ပြုပြီးရင် အမျိုးသားတွေက တန်ဖိုးမထားချင်တဲ့ အစဉ်အလာလဲ ရှိတယ် မဟုတ်လား။

"အမျိုးသမီးကိုယ်တိုင်ကလဲ အိမ်ထောင်ရှင်ရဲ့ သိက္ခာကိုထိန်းသိမ်းကြ ရတယ်။ ဒါကြောင့်အမျိုးသမီးတွေအနေနဲ့ ဘဝခရီးဖော်ရွေးရာမှာ ကိုယ့်အပေါ် ရာသက်ပန် မြတ်နိုးမယ့်သူ ဟုတ်မဟုတ်ကို အခိုတထားပြီး ရွေးချယ်မိမယ်လို့ ကိုယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးမြင့်သည် ကျွန်တော်ပြောသမျှကို နားစိုက်ထောင်နေသည်။ ကျွန်တော်မှာ စကားတော်တော်များများပြောလိုက်ရသောကြောင့် အာခြောက်သွားသည်နှင့် စီးကရက်တစ်လိပ်ထုတ်ယူကာ မီးညှိရှိုက်ဖွာနေလိုက်ပါသည်။

"ဆရာပြောတာ မြင့်သဘောပေါက်ပါတယ်။ အမျိုးသမီးတွေအတွက် အင်မတန် စဉ်းစားစရာလဲ ကောင်းပါတယ်။ ဆရာမြင့်ကို မြတ်နိုးတယ်ဆိုတာ ကိုတော့ မြင့်အနေနဲ့ ခြွင်းချက်မရှိယုံကြည်ပါတယ်။ ဆရာရဲ့မြတ်နိုးမှုကို ခံယူပြီး ဆရာနဲ့ဘဝခရီးမှာ အတူလျှောက်သင့်မလျှောက်သင့် စဉ်းစားပါဦးမယ်"

သူမပြောစကားကို နားထောင်ရင်း ကျွန်တော့်ရင်မှာ တလှပ်လှပ်နှင့် ရှိနေရပါသည်။ နောက်ဆုံး စဉ်းစားပါဦးမည်ဆိုမှ မောသွားသည်။

လေးလေးမြင့်ကို ကျွန်တော် ငေးကြည့်နေမိသည်။ အမျိုးသမီးအဝေး ဆီသို့ ငေးနေရာမှ ကျွန်တော့်ဘက် မျက်နှာလှည့်လာသည်။ ကျွန်တော်ကို မျက် လွှာပင့်၍ ကြည့်သည်။ သူမ မျက်ဝန်း၌ အရောင်တစ်မျိုးတောက်ပနေသလား ကျွန်တော် ထင်မိသည်။ ထိုအရောင်မျိုးကို ရုပ်ရှင်ချစ်ခန်းကြိုက်ခန်းများတွင် မင်းသမီးမျက်ဝန်းဝယ် မြင်တွေ့ရဖူးသည်။ ပကတိလူများဖြစ်ကြသော ကျွန်တော် နှင့် ချစ်ဖူးသူ အမျိုးသမီးများ မျက်ဝန်း၌လည်း တွေ့မြင်ရဖူးသည်။ အတွင်းစိတ် အစွဲတွမှ ဟပ်ထင်လာသော မေတ္တာရာဂ၏အရောင်ပင်ဖြစ်မည်ဟု ဆုံးဖြတ်လျှင် ရနိုင်သည်။

ကျွန်တော်ကြည့်နေရင်းနှင့် အမျိုးသမီးကို ပွေ့ဖက်နမ်းရှုပ်ပစ်လိုက်ချင် သည်။ စိတ်အလိုသို့ လက်ရောက်တော့မည်ကဲ့သို့ ရှိနေသည်။ အကယ်၍ ဤ စိတ်အလိုကို လက်ရောက်သည့်တိုင် သူတစ်ပါးမမြင်မတွေ့နိုင်ပါ။ ယခု ကျွန် တော်နှင့်လေးလေးမြင့်တို့ ရောက်ရှိသောနေရာမှာ ရွာ၏အပြင်ဘက် သစ်ပင် တစ်ပင်အောက်မှာဖြစ်ပါသည်။ ရွာနှင့်တစ်ဖါလုံကျော်ကျော် ကွာဝေးသောနေရာ ဖြစ်သည်။ ညနေခင်းတွင် အိုက်စပ်ပူလောင်ခြင်းကို အကြောင်းပြကာ လေးလေး မြင့်နှင့်ကျွန်တော် လမ်းလျှောက်ထွက်ခဲ့ကြခြင်း ဖြစ်ပါသည်။

သည်ရွာတွင် ကျွန်တော်နှင့်လေးလေးမြင့် အတူလမ်းလျှောက်သည်မှာ အဆန်းမဟုတ်တော့၊ အစတွင် ရွာသူရွာသားများအနေနှင့် ဆန်းချင်ဆန်းနေ မည်။ တီးတိုးစကားတင်း ဆိုချင်ဆိုကြမည်။ အခုတော့ ... ရွာသူရွာသားများတို့ ကို ကျွန်တော် လျစ်လျူရှုထား လောက်ပါပြီ ...။

အဘယ့်ကြောင့်ဆိုသော် သူမနှင့်ကျွန်တော်မှာ နံနက်ခင်းတွင်ဖြစ်စေ၊ ညနေခင်းတွင်ဖြစ်စေ အတူတွဲ၍ လမ်းလျှောက်နေကျဖြစ်နေသည်။

ခါတိုင်းတော့ ရွာလမ်းများပေါ်မှသာ လျှောက်နေကြသည်။ နံနက်ခင်း များ၌ ရွှေမြင်တင်တောင်ခြေအရောက် လျှောက်သည်လည်းရှိ၏။ ယနေ့ညနေ



www.burmeseclassic.com

www.burmeseclassic.com



တွင် စကားပြောရင်းနှင့် အမှတ်မထင်ဆိုသလို ကွင်းပြင်ထဲရောက်လာသည်။ သစ်ပင်အောင်မှာ ထိုင်ဖြစ်ကြသည်။ နေဝင်ရာဆီသို့ မျက်နှာမူကာ အတူယှဉ်တွဲ၍ ထိုင်ကြခြင်းဖြစ်ပါသည်။

စောစောကနေလုံးကြီးကို မြင်နေရသေးသည်။ နေတောတန်းအောက် မြုပ်ဝင်သွားသည့်တိုင် ရောင်ဝါကြွင်းများကျန်နေခဲ့သေးသည်။ တောနှင့်စပ်နေသော တိမ်များသည်လည်း အရောင်နှင့်အဆင်းနှင့် ဖောက်တောက်ပပ ရှိနေချေသေးသည်။ ယခုဖြင့် တိမ်စင်သားများ ရုပ်ဆင်းမတင့်တယ်၊ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာလည်း မှောင်ရီရီရှိချေပြီ။

အခြားလူသူ မမြင်နိုင်ဘူးဆိုသော်လည်း အမျိုးသမီးအနေနှင့် ကျွန်တော်က ဖက်ရမ်းနမ်းရှုပ်သည်ကို သဘောတူချင်တူမည်။ ကြည်ဖြူချင် ကြည်ဖြူမည်။ သို့ပေမယ့်လို့ ကျွန်တော်စိတ်သွားရာ လက်မရောက်ရအောင် စိတ်ကို ပြန်ထိန်းလိုက်သည်။

"မှောင်စတောင်ပြုပြီပဲ၊ ပြန်ကြစို့လား"

ကျွန်တော်က သူမကို အဖေါ်ညှိကြည့်သည်။ အမျိုးသမီး ကျွန်တော် ပြောစကားကို မကြားသလိုရှိရာမှ အဝေးသို့ငေးနေသည်။

"အိမ်ပြန်ကြရအောင်" ကျွန်တော်က ပြောပြန်သည်။

"ဘာပြုလို့ ဒါလောက်လောနေရတာလဲ ဆရာရယ်။ အိမ်ကထွက်၊ ပြေးမှာလိုက်လို့။ အိမ်ပြန်သွားရင် အိုက်ကအိုက်နဲ့ ဒီမှာဘယ်လောက်အေးလဲ လေလေးတဖြူးဖြူးတိုက်နေလိုက်တာ အအိုက်ကိုပြေလို့"

အမျိုးသမီးသည် ကျွန်တော့်ကိုမကြည့်ဘဲ ပြောနေ၏။ သူမ တစ်စုံတစ်ခုကို မျှော်လင့်နေသလားလို့ ကျွန်တော်ထင်မိသည်။ စိတ်လှုပ်ရှားလာပြန်၏။ သို့သော်လည်း လက်ရောက်မသွားရန် ထိန်းချုပ်ထားရသည်။

"လူတွေရဲ့ဘဝမှာ ကိုယ်ဖြစ်ချင်တာတွေအားလုံး ဖြစ်လို့ရသလား ဆရာ"

တိတ်တိတ်ဆိတ်ဆိတ်ရှိနေရာမှ သူမအမေးစကားသံ ပေါ်ထွက်လာသည်။

"ရပါတယ်"

ကျွန်တော်က စိတ်လှုပ်ရှားနေသည်မို့ စကားသိပ်မပြောချင်၊ ထို့ကြောင့် တိုတိုပဲ ဖြေလိုက်သည်။

"တကယ်လား ဆရာ"

"တကယ်ပေါ့"

"ဘယ်လိုရတာလဲ ပြောပြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"တိုင်းပြည် ခေါင်းဆောင်ဖြစ်လာတဲ့လူတွေ၊ အနုပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေဟာ ကိုယ့်ဘဝမှာ ကိုယ်ဖြစ်ချင်တာကို မဖြစ်မနေ ကြိုးပမ်းအားထုတ်လို့ ဖြစ်လာကြတာပါပဲ"

"လူတိုင်းကော ကြိုးပမ်းလို့ ရနိုင်သလား"

"တကယ်ကြိုးစားရင် ရပါတယ်။ ကိုလိုရာပန်းတိုင်မရောက်တဲ့လူဟာ ရည်ရွယ်ချက်ရှိပေမယ့် တကယ်မကြိုးစားလို့ ပန်းတိုင်ကို မရောက်တာပါ"

ကျွန်တော်ပြောတော့ အမျိုးသမီးစဉ်းစားနေသည်။ သူမ စဉ်းစားပုံမှာ အလေးအနက် ရှိပုံရသည်။

"လေးလေးမြင့်က ဘာဖြစ်ချင်နေလို့လဲ"

အမျိုးသမီးက ကျွန်တော့်အမေးကိုမဖြေ၊ ငေးမြင်ငေးနေသည်။

"ပြောစမ်းပါဦး၊ လေးလေးမြင့်က ဘာဖြစ်ချင်နေလို့လဲ"

ကျွန်တော်ထပ်ဆင့်မေးတော့ အမျိုးသမီး သက်ပြင်းရှိုက်သည်။

"မြင့်ဘဝမှာ ကိုယ်ဖြစ်ချင်တာက တခြား၊ ဖြစ်ရမှာက တခြားများဖြစ်နေ မလားမသိဘူး ဆရာရယ် ... မြင့် ထင်တာပြောရရင် လူတွေဟာ ပတ်ဝန်းကျင်ကိုတောင် လွန်နိုင်ဖို့ ရုန်းထွက်နိုင်ဖို့ဟာ မလွယ်ဘူးထင်တယ်။ ပတ်ဝန်းကျင်က လူတွေရဲ့ဘဝကို ချုပ်ကိုင်ထားတာပဲ"

အမျိုးသမီးပြောပြီး သက်ပြင်းရှိုက်သည်။ ကျွန်တော်သူမ စကားအရိပ်ကို နားလည်နိုင်စွမ်းမရှိပါ။ လေးလေးမြင့်ကို ငေးကြည့်နေမိသည်။ အမျိုးသမီး ထိုင်နေရာမှ ထရပ်သည်။

"ပြန်ကြပါစို့ ဆရာရယ်" သူမကပြောပြီး ခြေလှမ်းစလှမ်းသည်နှင့် ကျွန်တော်ထိုင်ရာမှထသည်။ သူမနောက်မှ တိတ်တိတ်ဆိတ်ဆိတ် လိုက်လာသည်။ ကိုယ့်အတွေးနှင့် ကိုယ်မို့ စကားမပြောဖြစ်ကြ။ ရွာထဲရောက်တော့ မီးတိုင်မီးအိမ်များ ထွန်းညှိ ထားသည်ကို မြင်တွေ့ရ၏။

နေအိမ်ပြန်ရောက်လာသည်အထိ လေးလေးမြင့်နှင့် ကျွန်တော်စကားမပြောဖြစ်ကြပါ။ သူမပြောသောစကားများမှာ ဘာကိုရည်ရွယ်ပြောသည်ဟု ကျွန်တော်စဉ်းစားမရ။ လေးလေးမြင့်သည် ကျွန်တော့်အချစ်၊ ကျွန်တော့် မေတ္တာကို လက်ခံလေသလား၊ လက်မခံလေသလား၊ ကျွန်တော့်ကို ချစ်သလား၊ မချစ်သလား ဘာမျှမသိခဲ့ရ။ ကျွန်တော်တစ်စုံတစ်ခုပြုလုပ်လျှင် လက်ခံမည့်အသွင်တော့ရှိသည်။ သို့သော်လည်း ဒါကကျွန်တော့်အထင်ပါ။ တကယ်လို့ စိတ်လိုက်မာန်ပါဖြစ်ခဲ့လျှင် မည်သို့သော အခြေအနေမျိုးဖြစ်ပေါ် လာဦးမည်မသိ။

လေးလေးမြင့်နှင့်ပတ်သက်ပြီး မှတ်ချက်ချရလျှင်တော့ သိရန်ခက်သော ပဟေဠိကလျာပါတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ( ၉ )

## စပျစ်ခြံမှ သဲလွန်စ

ရွှေမြင်တင်ဘုရားပွဲတော်ရက်က တစ်စထက်တစ်စပို၍ နီးကပ်လာသည်။ ဈေးဆိုင်တန်းများ၊ ဓာတ်စင်များဆောက်လုပ်ပြီးလုပြီ။ ကလေးသူငယ်များ ပျော်ရွှင်ရန်ပြုလုပ်၍ စီးပွားရှာကြသော ခြားများ၊ ရဟတ်များလည်း ပွဲဈေးနှင့် မနီးမဝေးတွင် စိုက်ထူတပ်ဆင်နေကြသည်။ အချို့ဆိုင်များပြီး၍ ဈေးသည်များပင် ရောက်ရှိနေကာ ဆိုင်ဖွင့်ရန်ပြင်ဆင်နေကြသည်။

ဦးဖြူသီး၊ ကျွန်တော်နှင့် ဦးချစ်မောင်တို့သည် ထိုနေရာကို လာကြသည်။ ဦးချစ်မောင်မှာ ဘုရားပွဲတော် ဖြစ်မြောက်ရေးနှင့် စောင့်ရှောက်ရေး ကော်မတီတွင် ပါဝင်နေသည်မို့ ဈေးဆိုင်နေရာချထားရေးမှအစ ဈေးသည်ချင်းပဋိပက္ခမဖြစ်ရေးတို့ကိုပါ စောင့်ကြပ်လုပ်ကိုင်နေရသည်။

"ပွဲတော်က အတော်စည်မယ့် ပုံပဲနော်"

ဦးဖြူသီးက စကားစပြောသည်။

"သိပ်စည်တာပေါ့ဗျာ ... ဒီနယ်တစ်ဝိုက်ကသာ မဟုတ်ဘူး ရှုံးမနား၊ တောင်ငူ၊ လယ်ဝေးကလဲ လာတယ်။ ဟို ... ကျောက်ဆည်အထိ ဆိုပါတော့။ အထက်ဘက်ကလဲ ဆင်းလာကြတာပဲ။ ဈေးသည်တွေရော ပွဲကြည့်

www.burmeseclassic.com



တွေရောပေါ့။ ဒီအနီးဝန်းကျင်ရွာတွေကလဲ လှည်းတွေနဲ့တက်လာပြီး လှည်းဝိုင်းကြီးတွေ ချနေကြတယ်။ ပြီး … ရှမ်းပြည်နယ်ဘက်ကလဲ တောင်ကြားလမ်းအတိုင်း နွားဝန်တင်တွေနဲ့လာသူလာ၊ အထမ်းတွေနဲ့ ကုန်ရောင်းလာသူတွေလာကြပေါ့။ ပွဲတော်ကလဲ အနည်းဆုံး ဆယ်ရက်လောက်ကြာတာကိုး။ ဇာတ်တွေဟာလဲ တစ်ဖွဲ့ပြီးတစ်ဖွဲ့ အလှည့်နဲ့ရုံဝင်ကပြကြရတယ်”

ဦးချစ်မောင်သည် ရွှေမြင်တင် ဘုရားပွဲတော် စည်ကားကြောင်း အားရပါးရပြော၏။

“ဒါနဲ့နေပါဦး၊ ဒီရွှေမြင်တင်ဘုရားရဲ့ အရှေ့ဘက် တောင်ကြားတစ်နေရာမှာ ကျတ်ရွာရှိတယ်ဆိုတာ ဦးချစ်မောင် ကြားဖူးသလား”

ဦးဖြူသီးအမေးကို ဦးချစ်မောင် ရုတ်တရက်မဖြေ၊ စဉ်းစားပြီးမှ ပြောသည်။

“မနှစ်က ထင်ပါရဲ့၊ လူသုံးယောက် အဲဒီဘက်သွားတာ တစ်ယောက်ကို ကျတ်စာ စားပစ်လိုက်လို့ဆိုလား သိုးသိုးသန့်သန့် ကြားလိုက်မိတယ်”

ဦးဖြူသီး ကျွန်တော့်မျက်နှာကို ကွက်ခနဲလှည့်ကြည့်သည်။

“ဒီသိမ်ကုန်း အနီးတစ်ဝိုက်မှာ စပျစ်ခြံလာလုပ်နေတဲ့ ဦးစောအောင်ကိုကော ဦးချစ်မောင် သိသလား”

“ဦးစောအောင်လား၊ ဘယ်သူလဲတော့ မသိဘူး စပျစ်ခြံလာလုပ်နေတဲ့ လူတစ်ဦးလား နှစ်ဦးလားတော့ရှိတယ်။ စပျစ်ခြံကလဲ ဖြစ်ဖြစ်မြောက်မြောက် မဟုတ်ဘူးဆိုလားဘဲ။ ကျုပ်တော့မရောက်ဖူးပါဘူး၊ သူများပြောတော့ နားစွန်နားဖျားကြားဖူးတာပါ”

“မာဇဒါဗင်ကားနဲ့လာတတ်တဲ့ လူဝကြီးတစ်ယောက်ကိုကော မြင်မိသလား”

“တရုတ်ကြီး မဟုတ်လား”

ဦးချစ်မောင်မေးတော့ ဦးဖြူသီး ခေါင်းညိတ်သည်။

“ဒီရွာမှာ သူ့ဈေးဆိုင်ရှိတယ်။ ရမည်းသင်းမှာလဲ သူ့ဆိုင်နှစ်ဆိုင်ရှိတယ်။ အဲဒီတရုတ်ကြီးက မယားတော့အတော်များပုံပဲ။ ဒီသိမ်ကုန်းဆိုင်မှာ သူ့မယားတရုတ်မ တစ်ယောက်ရှိတယ်။ ရမည်းသင်းက ဆိုင်တစ်ဆိုင်မှာ ရှမ်းကပြားမတစ်ယောက်၊ နောက်တစ်ဆိုင်မှာတော့ မြန်မာမ၊ သုံးယောက်စလုံးဟာ သူ့ထက်အသက်ငယ်တာချည်းပဲ။ တစ်ခုထူးခြားတာကတော့ သိမ်ကုန်းက တရုတ်မဆိုင်မှာ သူဘယ်တော့မှ ညအိပ်လေ့မရှိဘူး၊ ကားနဲ့ လာလာခေါ်သွားတာပဲ”

“ဦးချစ်မောင် အဲဒီတရုတ်ကြီးကို ဘယ်လိုထင်သလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မယားများများယူထားတဲ့ တရုတ်သူဌေးတစ်ယောက်လို့ပဲ ထင်ပါတယ်၊ ဘာပြုလို့လဲ"

ဦးချစ်မောင် ဦးဖြူသီးမျက်နှာကိုလှည့်ကြည့်ပြီး မေးသည်။

"အဲဒီတရုတ်ကြီးကို ဦးချစ်မောင်တို့ရွာသားတွေက ဘယ်လိုဆက်ဆံကြသလဲ"

ဦးဖြူသီးသည် ဦးချစ်မောင်အမေးကိုမဖြေဘဲ သူကဆက်မေးသည်။

"သိပ်ရင်းရင်းနှီးနှီး ဆက်ဆံကြတာတော့ မတွေ့ပါဘူး၊ ဈေးဆိုင်လာဖွင့်တဲ့ လူတစ်ယောက်လောက်ပဲ သဘောထားကြတာပါပဲ၊ သူကလဲ ဒီမှာ သိပ်ကြာကြာ မနေဘူး၊ ရမည်းသင်းမှာ အနေများတယ် ထင်ပါရဲ့"

"ဈေးဆိုင်လာဖွင့်သွားတာ ကြာပြီလား"

"တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါးလောက်ပဲ ရှိဦးမယ်ထင်ပါရဲ့၊ ဒါနဲ့ နေပါဦး ... အဲဒီတရုတ်ကြီးက ဘာပြုလို့လဲ"

ဦးချစ်မောင် ဦးဖြူသီးကို မေးပြန်သည်။

"တရုတ်ကြီးဟာ ရန်ကုန်ကဗျ။ ချမ်းသာတာလဲ အမှန်ပဲ၊ သူချမ်းသာနေတာဟာ သမာအာဇီဝနဲ့ ချမ်းသာနေတာမဟုတ်ဘူးလို့ ကျုပ်ထင်တယ်၊ ဒီရွာမှာလာပြီး ဈေးဆိုင်ဖွင့်တာတို့ ... ရမည်းသင်းမှာ ဈေးဆိုင်ဖွင့်တာတို့ကိုက အကြံတစ်ခု ရှိလို့ဖြစ်ရမယ်လို့ ကျုပ်ထင်တယ်"

"ဘယ်လိုအကြံလဲ၊ ကျုပ်တို့ရွာကို ဒုက္ခပေးနိုင်သလား"

"ရွာကိုတော့ ဒုက္ခပေးမယ် မဟုတ်ပါဘူး၊ စခန်းထောက်အနေနဲ့ ဦးချစ်မောင်တို့ရွာကို အသုံးပြုတာဖြစ်မယ်ထင်တာပဲ၊ ဒါပေမယ်လို့ ဘုရားပွဲတော်မှာတော့ သူတို့ အရောင်းအဝယ်တွေလုပ်ကြမယ်၊ ဖြန့်ဖြူးကြလိမ့်မယ်ထင်တယ်"

"အဲဒါတော့ ကျုပ်လဲ မသိသေးဘူး၊ သိအောင်ကြိုးစားရဦးမယ်"

ဦးချစ်မောင် သက်ပြင်းရှိုက်လေသည်။

"အင်း ... ဦးဖြူသီးတို့လာမှပဲ ဒီတရုတ်ကြီးအကြောင်း သိရတယ်၊ ကျုပ်တို့ကတော့ သူ့ဘာသာ မယားများတာများ၊ ကိုယ့်ရွာကို မနှောင့်ယှက်ရင်ပြီးရောလို့ သဘောထားခဲ့ကြတာ"

"တရုတ်ကြီးက နာမည်ကိုလဲ ဦးစောအောင်လို့ မှည့်ထားတယ်၊ မြန်မာနိုင်ငံသားအဖြစ်လဲ ခံယူထားတယ်။ မြန်မာစကားလဲ ရေရေလည်လည် ပြောတတ်တယ်။ ကျုပ်တို့နိုင်ငံမှာ အဲဒီလူစားတွေဟာ အမှိုက်သရိုက်တွေပဲများ၊ ဒီလူတွေဟာ နိုင်ငံသား အဖြစ်ခံယူထားပေမယ်လို့ မြန်မာနိုင်ငံအပေါ်မှာရော မြန်မာလူမျိုးအပေါ်မှာရော သစ္စာလဲ မရှိဘူး၊ စေတနာစေတ္တာလဲ မရှိဘူး၊ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံနဲ့ မြန်မာလူမျိုးအပေါ်မှာသာ စေတနာမေတ္တာမရှိတာ မဟုတ်ပါဘူး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအပေါ်မှာလဲ စေတနာရော၊ မေတ္တာရော၊ သစ္စာရောရှိကြတာ မဟုတ်ဘူး၊ ရှင်းရှင်းပြောရရင်တော့ သူတို့ဟာ ကိုယ်ကျိုးကိုယ်စီးပွားအတွက်ဆိုရင် နိုင်ငံ ဘယ်လောက်နစ်နာနစ်နာ၊ လူမျိုးကိုဘယ်လောက်ပဲ ထိခိုက် ထိခိုက် လုပ်ကြတဲ့ လူစားတွေပေါ့၊ ပြောရရင်တော့ နိုင်ငံမရှိ၊ လူမျိုး မရှိတဲ့ စီးပွားရေးသမားသက်သက် လူတန်းစားလို့ပဲ ပြောရလိမ့်မယ် ထင်တယ်"

"ကျုပ်တို့ ဘုရားပွဲတော်မှာ သူ ဘာတွေလုပ်မယ် ထင်သလဲ"

ဦးချစ်မောင်က အလေးအနက်မေးသည်။

"ဦးချစ်မောင်ပြောသလိုဆို ဘုရားပွဲတော်ကို အနယ်နယ်အရပ်ရပ်က လာကြမယ်၊ သိမ်ကုန်းကိုမျက်နှာစိမ်းတွေအများကြီးရောက်လာမယ်။ မော်တော်ကားတွေ အဝင်အထွက်အများကြီးရှိမယ်။ အဲဒီမှာ ဦးစောအောင်တို့လူစုဟာ ဘိန်းသော်လည်းကောင်း၊ ဟီးရိုးအင်းလို့ခေါ်တဲ့ ဘိန်းဖြူဆီကိုသော်လည်းကောင်း အနယ်နယ်အရပ်ရပ်ကို ဖြန့်ဖြူးလိမ့်မယ်လို့ ကျုပ်ထင်တယ်။ ဒါကို မဖြန့်ဖြူးနိုင်အောင်ကျုပ်တို့က တားဆီးနိုင်မှ ဖြစ်မှာ"

"ဘယ်လိုတားဆီးမလဲ"

ဦးဖြူသီးပြောတော့မှ ဦးချစ်မောင်အရေးတကြီးလိုဖြစ်လာသည်။ စိုးရိမ်တကြီးနှင့် မေးသည်။

"အဲဒါကိုတော့နောက်မှ စဉ်းစားရမှာပဲ၊ ခုလောလောဆယ်ကျုပ် သိချင်တာက ဒီသိမ်ကုန်းရွာအနီးအနားမှာ စပျစ်ခြံဘယ်အနားရှိတယ်ဆိုတာ သိချင်တယ်"

"စပျစ်ခြံကို ဘာလို့သိချင်တာလဲ"

"ဦးစောအောင်နဲ့ စပျစ်ခြံဆက်စပ်နေမယ်ထင်လို့ပါ"

"ဒီလိုဆို မနက်ဖြန်ကျုပ်စုံစမ်းပေးပါ့မယ်"

ကျွန်တော်အမှတ်မထင် နောက်ဘက်လှည့်လိုက်တော့ မလှမ်းမကမ်းတွင် လူတစ်ယောက်ကိုတွေ့ရသည်။ ထိုလူမှာ သစ်ဆုံဆည်၌ တွေ့ခဲ့သော လူနှင့် အတော်တူသည်။ သို့သော် သစ်ဆုံဆည်တွင် တွေ့ခဲ့ရသူလို အဝတ်များ ညစ်နွမ်းမနေ၊ ဆံပင်မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေးများလည်းရှည်မနေ၊ ရုပ်ချင်း တူသည်၊ ပိန်တာချင်းတူသည်။

"ကျွန်တော်တို့နောက်မှာ လူတစ်ယောက် နောက်ယောင်ခံလိုက်နေတယ်၊ ဒါပေမယ့်လို့ ခင်ဗျားတို့နောက်ကိုလှည့် မကြည့်လိုက်ကြနဲ့၊ သူ့ကိုကျွန်တော်တို့ မသင်္ကာတာ သိသွားမယ်"

ကျွန်တော်က ခပ်တိုးတိုးပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဦးချစ်မောင်၊ ခင်ဗျားသွားစရာရှိတာ သွားပေတော့၊ ကျုပ်တို့ ပြန်မယ်"

ဦးဖြူသီး ခပ်ကျယ်ကျယ်ပြောပြီး နောက်သို့လှည့်လိုက်သည်။ ကျွန်တော်လည်း ဦးဖြူသီးနှင့်အတူ နောက်ပြန်လှည့်သည်။ နောက်က လိုက်လာသူသည် ကျွန်တော်တို့နှင့် ရင်ဆိုင်ရမည်ဆိုသောအခါတွင် အနီးကပ် ရင်ဆိုင်ခြင်း မပြုဘဲ ဘေးသို့ရှောင်သွားလေသည်။

"အဲဒီလူကို ဦးဖြူသီး သတိထားလိုက်မိရဲ့လား"

"ဘာပြုလို့လဲ"

"သစ်ဆုံဆည်မှာ တွေ့ခဲ့တဲ့လူနဲ့ မတူဘူးလား"

"နို ... ဟုတ်သားပဲ၊ တို့အနေနဲ့ အစစဆင်ခြင်ရလိမ့်မယ်။ တို့နောက်မှာ အမြဲတမ်းလို ချက်ကင်ရှိနေတယ်ဆိုတာ ရှင်းနေတာပဲ"

"အဲဒီတော့ ကျွန်တော်တို့ ရှေ့ဆက်ဘာလုပ်ကြမလဲ"

ကျွန်တော်မေးတော့ ဦးဖြူသီးစဉ်းစားနေသည်။ ကျွန်တော့်အနေနှင့် စံပယ်ပွင့်ဂိုဏ်းကို လန့်ချင်သလိုဖြစ်လာမိသည်။ ဦးဖြူသီးက ဦးစောအောင်အား တိုင်းပြည်၏အမှိုက်သရိုက်လို့ပြောခဲ့သလို စံပယ်ပွင့်ဂိုဏ်းကလည်း ကျွန်တော်နှင့်ဦးဖြူသီးအား သူတို့လုပ်ငန်းတွင် အနှောင့်အယှက်ပေးမည့် အမှိုက်သရိုက်ဟု သဘောထားကြပေလိမ့်မည်။ ဤနှယ် တစ်ဦးကိုတစ်ဦး သဘောထားကြပြီဆိုတော့ အပြတ်အသား ရှင်းကြရုံသာရှိလေသည်။

အပြတ်အသားရှင်းကြမည်ဆိုလျှင် သူတို့တွင် လက်နက်များ ရှိချင်ရှိနေမည်။

ကျွန်တော်တို့မှာတော့ လက်နက်ဆို၍ ဓားမတို တစ်ချောင်းတောင်မှ မရှိ။ သို့သော်လည်း ဦးဖြူသီး ဘယ်သို့ကြံဦးမည်မသိ။ သူ့အကြံဉာဏ်ကိုပဲ စောင့်ကြည့်ရပေမည်။

"တို့လုပ်ရမှာကတော့ ဦးစောအောင်နဲ့တွေ့ကြဖို့ပဲ"

"တကယ်လို့ စံပယ်ပွင့်ဂိုဏ်းနဲ့ ဦးစောအောင်နဲ့ မပတ်သက်ဖူး ဆိုရင်ကော"

"မပတ်သက်ဘူး၊ ပတ်သက်တယ် ဆိုတာကတော့ ဦးစောအောင်ကို လေ့လာကြည့်ရဦးမှာပေါ့လေ"

ကျွန်တော်တို့ရွာဘက်သို့ လျှောက်လာကြသည်။ ဈေးဆိုင်ရှေ့တွင် ဗင်ကားကိုလှမ်းမြင်ရ၏။

"ဦးစောအောင် ကားတော့တွေ့ပြန်ပြီ"

ကျွန်တော်က ခပ်လေးလေး ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဈေးဆိုင်မှာ ဦးစောအောင် ရှိချင်ရှိနေမယ်"

ဦးဖြူသီးပြောပြီး ခပ်သုတ်သုတ် လျှောက်သည်။ ကျွန်တော်ကလည်း ခပ်သုတ်သုတ် လျှောက်ရပါသည်။ ယခုတစ်ကြိမ်တွင်တော့ ဗင်ကားယွက်ခွာ၍ မသွားပါ။ ကျွန်တော်တို့ ဆိုင်ရှေ့ရောက်တော့ ဦးစောအောင်ကို ဆိုင်ရှေ့တွင် ရယ်လျက် တွေ့ရပါသည်။

"ဟလို ... ဦးစောအောင်"

ကျွန်တော်တို့ကို ဦးစောအောင် မမြင်ပါ။ ဆိုင်ပေါ်မှ အမျိုးသမီးနှင့် စကားပြောနေသည်။ ထို့ကြောင့် ကျွန်တော်က သူ့အား နှုတ်ဆက်လိုက်ခြင်း ဖြစ်ပါသည်။ ဦးစောအောင် ရုတ်တရက် ကျွန်တော့်ကို လှည့်ကြည့်သည်။

"ဟာ ... စာရေးဆရာပါလား၊ ဘယ်တုန်းက ရောက်လာသလဲ"

ဦးစောအောင် ပျာပျာသလဲနှင့် မေးသည်။

"ကျွန်တော်ရောက်နေတာ သုံးလေးရက်ရှိပါပြီ"

"ဩော် ... ဟုတ်လား၊ ကျွန်တော့်မှာ နောက်ပိုင်းက အလုပ်တွေ မပြတ်တာနဲ့ ခုမှပဲလာရတယ်ဗျာ"

"ဒါဖြင့် ဦးစောအောင် ခုမှရောက်တယ်ပေါ့"

"ဟုတ်ပါတယ်၊ ခုပဲရောက်ပါတယ်"

"ဦးစောအောင်နဲ့ မိတ်ဆက်ပေးရဦးမယ် ... ဒါက ကျွန်တော့်ဇာတ်လိုက်ကြီး ဦးဖြူသီးလေ"

ဦးစောအောင်သည် ဦးဖြူသီးအား အံ့ဩသလို ကြည့်နေသည်။ ပြီးမှ...

"ဟုတ်လား"

အံ့ဩဟန်နှင့်ပြောသည်။

"ကျွန်တော်က ဦးဖြူသီးဆိုတာ စာရေးဆရာက ဖန်တီးထားတဲ့ ဇာတ်ကောင်တစ်ကောင်လို့ ထင်နေခဲ့တာ၊ လက်စသတ်တော့ ဦးဖြူသီးဆိုတာ တကယ်ရှိနေတာပဲကိုး၊ တွေ့ရတာဝမ်းသာပါတယ် ဦးဖြူသီး"

ဦးစောအောင် လှိုက်လှိုက်လှဲလှဲပြောသည်။

"ကျုပ်ကလဲ ဦးစောအောင်ကို အလွန်ပဲ တွေ့ချင်နေပါတယ်၊ လူချင်း မတွေ့ရခင်ကကတည်းက ဦးစောအောင် စပျစ်ခြံစိုက်တယ်ဆိုတာ စာရေးဆရာက ပြောပြလို့ သိထားရတော့ စပျစ်ခြံကို လေ့လာချင်နေတာပါ"

"ဦးဖြူသီးက စိုက်ပျိုးရေးဝါသနာပါတယ် ထင်ပါရဲ့"

"ဟုတ်ကဲ့ ... ဝါသနာ အနည်းအပါး ပါပါတယ်၊ ဝါသနာထက်တော့ ထက် စပျစ်ပင်ကို မမြင်ဘူးလို့ကြည့်ချင်ပါတယ်"

"ဒီလိုဆို ဦးဖြူသီးတို့ အခု အချိန်ရနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးစောအောင် ကျွန်တော်တို့ နှစ်ယောက်ကို တစ်လှည့်စီ ကြည့်ပြီး မေးသည်။

"ကျုပ်တို့မှာ အချိန်ရှိသမျှ အားလပ်တဲ့ အချိန်ချည့်ပါပဲ"

"ဒီလိုဆို စပျစ်ခြံကို လိုက်ခဲ့ကြပါလား"

"ဟုတ်ကဲ့ လိုက်ခဲ့ပါမယ်"

"ကားပေါ်ကို ကြွကြပါ"

ကျွန်တော်တို့ နှစ်ယောက်ဗင်ကားနောက်ပိုင်းမှာ တက်ထိုင်လိုက်ကြသည်။ ဦးစောအောင် ကားပေါ်တက်ပြီးနောက်၊ ကား ထိုနေရာမှ ထွက်ခွာသည်။ ကားရှေ့ပိုင်းတွင် ဦးစောအောင်နှင့် ဒရိုင်ဘာရှိနေကြ၍ နောက်ပိုင်း ၌ ဦးဖြူသီးနှင့် ကျွန်တော်ရှိနေပါသည်။ ကားသည် လမ်းတစ်ခုထဲ့သို့ ချိုးကွေ့ မောင်းနှင်နေ၏။ အတန်ကြာတော့ ကွင်းပြင်ကိုရောက်သည်။ ကွင်းပြင်၌ ကျောက်လမ်းမရှိ။ လှည်းလမ်းအတိုင်း မောင်းနှင်နေသည်။ တစ်မိုင် ကျော်ကျော်ခန့် မောင်းခဲ့ပြီးလျှင် ကွင်းပြင်ကို လွန်မြောက်ကာ သစ်ပင်ငယ်များနှင့် ချုံပုတ်များသာရှိသော ကုန်းမြေပြန့်တစ်ခုသို့ ရောက်လာကြသည်။ ယင်းနောက် အချိန်သိပ်မကြာမီမှာပင် စပျစ်ခြံသို့ရောက်ကြလေသည်။

ခြံစောင့်က တံခါးဖွင့်ပေးသဖြင့် ကားကို ခြံထဲမောင်းဝင်လာသည်။ ခြံ၏တစ်နေရာတွင် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှင့် တန်းလျားကြီးတစ်ခုရှိသည်။ ထိုတန်းလျားကြီးဘေး မြေကွက်၌ ကားရပ်သွား၏။ ကျွန်တော်တို့ ကားပေါ်မှ ဆင်းကြပါသည်။

"ကဲ ... ဦးဖြူသီးတို့ အိမ်ပေါ်ကိုကြွကြပါဦး"

ဦးစောအောင်က ဖိတ်ခေါ်သည်နှင့် ကျွန်တော်တို့သည် တန်းလျားမှ အခန်းတစ်ခန်းကို တက်ကြရသည်။ ထိုအခန်းတွင် စားပွဲနှင့် ကုလားထိုင်များ ရှိသည်။ ဧည့်ခန်းအပြင် အိပ်ခန်းနှင့် နောက်ဘက်မှာ မီးဖိုခန်းရှိ၏။ ဦးစောအောင် မီးဖိုခန်းဆီသို့ ဝင်သွားသည်။

သူပြန်ထွက်လာတော့ အသားမည်းမည်း ဂင်တိုတို ခေါင်းတုံးဆံတောက်နှင့် အသက် ၄၀–ကျော်ခန့် လူတစ်ယောက် ဦးစောအောင်နှင့် အတူပါလာသည်။

"ဒါက ကိုသာဆောင်ပါ၊ ကျွန်တော်ရဲ့ ပါတနာ ဆိုပါတော့၊ ဒီစပျစ်ခြံကို သူပဲကြီးကြပ်ကွပ်ကဲပြီး လုပ်ကိုင်နေတာပါပဲ။ ကိုသာဆောင်၊ ဒီဧည့်သည်တွေက စပျစ်ခြံကိုကြည့်ချင် လေ့လာချင်လို့ လိုက်လာကြတာပါ၊ ဟိုလူကြီးက စာရေးဆရာ။ ဒီပုဂ္ဂိုလ်ကြီးကတော့ စာရေးဆရာရဲ့ အဓိကဇာတ်ဆောင်ဖြစ်တဲ့ နိုင်ငံကျော် ကဗ္ဗိယစုံထောက်ကြီး ဦးဖြူသီးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးစောအောင် မိတ်ဆက်ပေးတော့ ဦးသာဆောင်ပြုံးသည်။

"ကျုပ်တို့ စပျစ်ခြံကို ခုလိုရောက်လာကြတဲ့အတွက် ဧည့်သည်များကို ဝမ်းပန်းတသာပဲ ကြိုဆိုပါတယ်၊ ခြံထွက်စပျစ်သီးများနဲ့ ဧည့်ဝတ်ပြုပါမယ်"

ဦးသာဆောင် ပြောပြီးနောက် အခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပါသည်။

"ကျွန်တော်က ဝါသနာအရ စပျစ်ခြံစိုက်သာ စိုက်ရတာ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး ဘာမှ နားလည်တာ မဟုတ်ပါဘူး၊ ဒါကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို ကျွမ်းကျင် နားလည်တဲ့ ကိုသာဆောင်နဲ့ စပ်တူစပ်ဖက် လုပ်ရပါတယ်"

ဦးစောအောင်က ပြောသည်။

"အကျိုးအမြတ်ကော ရှိပါရဲ့လား" ဦးဖြူသီးက မေး၏။

"ဒီနှစ်မှ အသီးစသီးတော့ အကျိုးအမြတ်ရှိမရှိဆိုတာ မသိရသေးပါဘူး ဦးဖြူသီးရယ်"

"ဒီမှာ ဦးစောအောင်တို့ စပျစ်ခြံအပြင် တခြားစပျစ်ခြံများ ရှိပါသေးသလား"

"ဟုတ်ကဲ့၊ ကျွန်တော်တို့အရင်က ဟိုတောင်ဘက်နားဆီမှာ စပျစ်ခြံတစ်ခြံ ရှိခဲ့ဖူးပါတယ်။ အင်း ... ဒီလူကတော့ မအောင်မြင်ဘူး။ ရှုံးလို့ဆက်မလုပ်တော့ဘဲ စပျစ်ခြံကိုပစ်သွားတယ်လို့ ကြားတာပဲ။ တစ်ခုတော့ရှိတယ်ခင်ဗျ၊ စပျစ်ခြံလုပ်ငန်းမှာ ငွေအရင်းအနှီးကလဲ အတော်စိုက်ထုတ်နိုင်မှ တော်ကာကျတာ။ စပျစ်ဆိုတာကလဲ ရေနိုင်မှအောင်မြင်တာပါ။ ကျွန်တော်တို့က ရေတွင်းတွေတူးပြီး မော်တာနဲ့စုတ်ယူ ရေလောင်းပေးတော့ အပင်တွေ အောင်မြင်ပါတယ်"

ထိုစဉ် ဦးသာဆောင် စပျစ်ခိုင်များကို ပန်းကန်ပြားနှင့် ထည့်ကာယူလာပြီး စားပွဲပေါ်တွင်ချသည်။

"သုံးဆောင်ကြပါဦးခင်ဗျာ" ဦးစောအောင်က ပြောလေသည်။

"လတ်လတ်ဆတ်ဆတ်တွေ သုံးဆောင်ကြပါဦး"

ဦးသာဆောင်ကပါပြော၏။ ကျွန်တော်စပျစ်သီးတစ်လုံးကို ဖြုတ်ယူ၍ စားသည်။ အနည်းငယ်ချဉ်၏။

"စပျစ်သီးက နည်းနည်းချဉ်တယ်နော်"

"ဟုတ်ကဲ့ နည်းနည်းတော့ချဉ်ပါတယ် ... ဒါပေမယ်လို့ စားကောင်းပါတယ်"

ဦးသာဆောင်ကပြောသည်။ ဦးဖြူသီးနှင့် ကျွန်တော်တို့စားကြသည်။ ရန်ကုန်တွင် ဈေးကြီးပေး၍ ဝယ်မစားနိုင်သောကြောင့် မစားခဲ့ရသမျှ ကျွန်တော်တို့နှစ်ယောက် အားရပါးရစားပစ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... စီးကရက်သောက်ကြပါဦး"

ဦးစောအောင် စီးကရက်ဘူးနှင့် ချက်စတာဖီးလ်ဓာတ်မီးခြစ်ကို စားပွဲပေါ် ချလိုက်ပြီးပြော၏။ ကျွန်တော်စီးကရက်တစ်လိပ်နှိုက်ယူပြီး မီးညှိရှိုက်ဖွာနေပါသည်။

"ကျုပ်တို့ကို ခြံထဲလိုက်ပြပေးပါလား" ဦးဖြူသီးက ပြောသည်။

"ဟုတ်ကဲ့ လျှောက်ကြည့်ကြတာပေါ့"

ဦးစောအောင်ပြောပြီး စီးကရက်ဘူးနှင့် မီးခြစ်ကိုကောက်သည်။ ကျွန်တော်တို့ ထိုင်ရာမှ ထကြသည်။ အိမ်ပေါ်မှ ဆင်းခဲ့ကြသည်။ ဦးစောအောင်နှင့် ဦးသာဆောင် ကျွန်တော်တို့နှင့် အတူလိုက်ပါလာကြသည်။ စပျစ်ခြံစိုက်ထားပုံမှာ စနစ်တကျရှိပါသည်။ စင်များကို သွပ်ကြိုးများနှင့် အခိုင်အခန့် လုပ်ပေးထားသည်။ ခြံဧရိယာမှာ တစ်ဧကပတ်လည်ခန့်ရှိ၏။ သံဆူးကြိုးများ ကာရံထားသည်။ စပျစ်ပင်များစိုက်ပျိုးထားသည်က ဧကဝက် ကေတစ်စိတ်ခန့်သာရှိ၏။ ကျန်သော မြေကွက်လပ်တွင် အခြားသီးနှံပင်များ ပိုက်ပျိုးထားသည်။ စပျစ်ပင်တွင် အသီးများပြွတ်သိပ်နေပါသည်။ ခြံထဲတွင် ရေတွင်းရှိသည်။ မော်တာနှင့် ရေကို စုတ်တင်သည်။ စပျစ်ခြံမှာ သည့်ထက် ပိုပြီးဘာမျှထူးခြားမှုမရှိ။ ကျွန်တော်တို့အိမ်တန်းလျားကြီးဘက် ပြန်လာကြသည်။

"ဒီအိမ်တန်းလျားကြီးမှာ ဘယ်သူတွေနေကြတာပါလဲ"

ဦးဖြူသီးက မေးသည်။

"ဒီခြံကအလုပ်သမားတွေ နေကြတာပါ"

ဦးစောအောင်၏အဖြေ။

"အလုပ်သမားတွေက အိမ်ထောင်မရှိကြဘူး ထင်ပါရဲ့။ အမျိုးသမီးတွေ ကလေးတွေလဲ မရှိဘူးနော်"

"ဟုတ်ကဲ့၊ ဒီမှာအိမ်ထောင်နဲ့အလုပ်သမား မရှိပါဘူး"

"အလုပ်သမားတွေ ခုဘယ်သွားနေကြသလဲ၊ မတွေ့ပါလား"

သည်အမေးကိုတော့ ဦးသာဆောင်က ဖြေသည်။

"ဒီမှာ အလုပ်သမား များများစားစား မရှိတော့ပါဘူး။ အသီးလဲ ပေါ်နေပြီ ဆိုတော့ အလုပ်ကလဲ ဆွတ်ရုံလောက်ပဲ ရှိတော့တာ မဟုတ်လား"

"ဒါဆိုရင် အခန်းတွေ အားနေတာပေါ့နော်"

"ဦးဖြူသီးက အခန်းငှားချင်လို့လား၊ ဟား ... ဟား ... ဟား"

ဦးစောအောင်ပြောပြီး ကျယ်လောင်စွာရယ်သည်။ ဦးသာဆောင်လည်း ရောနှော၍ရယ်သည်။ သူတို့သည် ရယ်စရာမဟုတ်သည်ကို ရယ်ကြသည် ဖြစ်၍ ရယ်သံမှာလိုက်လှဲခြင်းမရှိပါ။ ဟန်ဆောင်ရယ်သည်မှာ ထင်ရှား နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးစကားပဲ ပြောရဦးမယ်။ ဒီနေရာက ရှာနဲ့လဲ ဝေးတယ်။ သီးခြားသဘောလိုလဲ ဖြစ်နေတယ်ဆိုတော့ တကယ်လို့များ အမျိုးသမီးခေါ်လာပြီး ဒီမှာနေရရင် သိပ်ကို လွတ်လွတ်လပ်လပ် ရှိမှာပဲနော်"

ဦးဖြူသီးပြောတော့ ဦးစောအောင်နှင့် ဦးသာဆောင်တို့ ရယ်ကြပြန်သည်။ "ကပ္ပိယစုံထောက်ကြီးက အခန်းတွေကြည့်ပြီး စိတ်ကူးယဉ် ပစ်လိုက်တာကိုး ... ရပါတယ်ဗျာ။ အချိန်မရွေး ခေါ်လာလို့ရပါတယ်။ အခန်းခ မယူပါဘူး။ ဟုတ်တယ်မို့လား ကိုသာဆောင်"

ဦးစောအောင်ပြောပြီး ဦးသာဆောင်ဘက် လှည့်မေးသည်။ ဦးသာဆောင် ခေါင်းညိတ်လိုက်၏။ စကားတပြောပြောနှင့် လာခဲ့ကြရင်းနှင့် ဦးသာဆောင်နေသော အခန်းကို ရောက်လာသည်။

"ကဲ ... အိမ်ပေါ်တက်ကြပါဦး"

ဦးစောအောင်ကပြောသည်။ ကျွန်တော်တို့ အိမ်ပေါ်တက်ခဲ့ကြသည်။

"ကိုသာဆောင်ကလဲ အိမ်ထောင်မရှိဘူးပေါ့နော်"

ကုလားထိုင်များ၌ ထိုင်မိကြသည်တွင် ဦးဖြူသီးကမေး၏။

"ဟုတ်ကဲ့၊ အိမ်ထောင်ဖျက်ခဲ့တာ ဆယ်နှစ်လောက်ရှိပါပြီ"

"သားသမီးတွေများ ရှိသေးသလား"

"မရှိပါဘူး။ ကျုပ်မိန်းနဲ့ကျုပ် ဆယ့်တစ်နှစ်လောက် ပေါင်းလာတာ သားသမီးတစ်ယောက်မှ မရခဲ့ပါဘူး"

"အိမ်ထောင်က ဘယ်ပုံဘယ်နည်း ဖျက်ခဲ့တာပါလဲခင်ဗျာ"

"ကျုပ်မိန်းကွယ်လွန်သွားတာပါ"

"ဩော် ... ဖြစ်မှဖြစ်ရလေ"

ဦးဖြူသီး ခေါင်းတညိတ်ညိတ်လုပ်ရင်း ပြောလေသည်။

"ကဲ ... ကိုသာဆောင်၊ ခင်ဗျားဆီမှာ ရှိတာထုတ်ဗျာ။ ဧည့်သည်တွေ အပန်းဖြေပေါ့"

ဦးစောအောင်ပြောတော့ ကျွန်တော် လက်တားလိုက်သည်။

"မလုပ်ပါနဲ့ဗျာ ... ဦးဖြူသီးက လုံးဝမသောက်တတ်ပါဘူး။ ကျွန်တော်လဲ ခုလို နယ်ထွက်တဲ့အခါမှာ သောက်လေ့သောက်ထမရှိပါဘူး။ ရန်ကုန်နေရင်သာ ပျင်းလို့ ကလပ်ကိုရောက်ဖြစ်တာပါ"

ကျွန်တော်တားသည့်ကြားကပင် ဦးသာဆောင်အခန်းထဲ ဝင်သွားသည်။ သူပြန်ထွက်လာတော့ လက်ထဲတွင် ဂျော်နီဝါကားပုလင်း ပါလာသည်။ ပုလင်းထဲ၌ အရက်တစ်ဝက်ကျော်ကျော် ရှိနေပါသည်။

"အနည်းအပါးပေါ့ စာရေးဆရာရယ် ... လုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစောအောင်က ပြောသည်။ ဦးသာဆောင် ဖန်ခွက်များယူပြီး စားပွဲပေါ် ချပေးသည်။ ကျွန်တော်ကျော်နီဝါကားမြင်တော့ သောက်ချင်လိုက်သည်မှာ သွားရည်ပင် ကျလုမတတ် ရှိနေပါသည်။

နိုင်ငံခြားမှလာသော အရက်အမျိုးပေါင်း တော်တော်များများကို ကျွန်တော်သောက်ဖူးပါသည်။ ထိုအထဲတွင် ကျော်နီဝါကားကို ကျွန်တော် အကြိုက်ဆုံး၊ အနှစ်သက်ဆုံး ဖြစ်ပါသည်။ သို့သော်လည်း သောက်ချင်စိတ်ကို ကျွန်တော် ထိန်းချုပ်ထားရသည်။ ညနေကျလျှင် လေးလေးမြင့်နှင့် ကျွန်တော် လမ်းလျှောက်ကြရဦးမည်။ ပြောစရာစကားတွေအများကြီး ရှိသေးသည်။ ကျွန်တော်ပြောသော စကားထဲမှ အရက်နံ့ထွက်နေလျှင် လေးလေးမြင့် ကျွန်တော့်ကိုအထင်သေးမည်။ ထို့ကြောင့် သောက်ချင်စိတ်ကို အောင့်အည်း မျိုသိပ်ထားရခြင်း ဖြစ်ပါသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဦးစောအောင်၊ ကျွန်တော်သတ်မှတ်ထားတဲ့ စည်းကမ်းကို ကိုယ်ဘာသာကိုယ်ဖျက်တဲ့ သဘောမျိုးမဖြစ်ချင်လို့ပါ၊ ဦးစောအောင် နဲ့ ဦးသာဆောင်ကို အထူးပဲ ကျေးဇူးတင်ပါတယ်"

"ဟာဗျာ ... စာရေးဆရာကလဲ တယ်စည်းကမ်းကြီးတာကိုး၊ နည်းနည်းလောက် ဖြစ်ဖြစ် လုပ်ပါဦးဗျာ" ဦးစောအောင် တိုက်တွန်းနေပြန်သည်။ ဦးသာဆောင် အမဲခြောက် ပန်းကန်ကိုယူလာပြီး စားပွဲပေါ်ချပေးသည်။

"ခွင့်လွှတ်ပါ ဦးစောအောင်၊ ကျွန်တော်တို့တည်းခိုနေရတဲ့ အိမ်ကလည်း ဘုရားလူကြီးအိမ်ဆိုတော့ သူကသောက်တာစားတာလဲ နည်းနည်းမှ မကြိုက်ဘူး ခင်ဗျ၊ ဒီတော့ ဧည့်သည်တစ်ယောက်အနေနဲ့ ကိုယ်ကဆင်ခြင်ရမယ့် ဝတ္တရားကလဲ ရှိနေပါတယ်၊ ကျွန်တော် မသောက်ပေမယ့် အမြည်းတော့ ကူစားပေးပါ့မယ်"

"ဒီလိုဆို ကျွန်တော်တို့ကို ခွင့်ပြုပါ၊ နည်းနည်းစီလောက် သောက်ကြမလို့နော် ဦးဖြူသီး"

"လုပ်ပါ ဦးစောအောင် ... သောက်ပါ၊ ကျုပ်တို့က ကိုယ်မသောက်တတ်ပေမယ်လို့ သောက်တဲ့လူကို အပြစ်မပြောပါဘူး"

ဦးစောအောင် ဦးဖြူသီးဘက် လှည့်ပြောတော့ ဦးဖြူသီး ပျာပျာသလဲ နှင့် ပြန်ပြောလေသည်။ ဦးသာဆောင်ဝင်ထိုင်လာသည်။ ဦးစောအောင် ကျော်နီဝါကားအရက်များကို ဖန်ခွက်ထဲငှဲ့ထည့်နေသည်။ ကျွန်တော်သွားရည်ကို မျိုမျို၍ ချနေရသည်။

"အေးဗျာ ... ဦးဖြူသီးတို့ အားနာစရာ အခြောက်တိုက်ဖြစ်နေပြီ"

ဦးစောအောင်သည် အရက်နှင့်ရေရောစပ်ကာ တစ်ကိုက်သောက်ပြီး ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး စောင့်ကြဦးဗျာ၊ ကျုပ်ရေနွေးတည်လိုက်မယ်"

ဦးသာဆောင် ပြောပြောဆိုဆို ထိုင်ရာမှထသည်။

"နေပါစေ ဦးသာဆောင်"

"ကိုသာဆောင် ... ဒုက္ခမရှာပါနဲ့ဗျာ"

ဦးဖြူသီးနှင့်ကျွန်တော်က ဦးသာဆောင်ကို တားသည်။ မရပါ။ ဦးသာဆောင်မီးဖိုဘက် ထွက်သွားသည်။

"ဟာ ... ဒုက္ခပါပဲဗျာ" ဦးဖြူသီး ညည်းညည်းပြောလေသည်။

"ဒီလူက စေတနာတော့ တကယ်ကောင်းပါတယ်၊ ဒါပေမယ့် စကားနည်းတယ်ဗျ"

ဦးစောအောင်က ဦးသာဆောင်အကြောင်း ပြောသည်။

"ဦးစောအောင် ကျုပ်တို့ကို သက်သက်ပြန်ပို့ရဦးမှာပဲနော် ..."

ဦးဖြူသီးပြောပြီး အမဲခြောက်ကိုယူ၍ ဝါးသည်။

"ကျွန်တော် ဒီညရမည်းသင်းမှာ သွားအိပ်မှာပါ၊ ဦးဖြူသီးတို့ကို သက်သက် ပြန်မပို့ရပါဘူး၊ ခရီးကြုံပါတယ်"

"ဪ ... ဒါနဲ့ ဦးစောအောင်ကို မေးရဦးမယ်၊ ဦးစောအောင် ရန်ကုန်မှာတုန်းက စာရေးဆရာကိုပြောပြလိုက်တဲ့ ကျတ်ရွာအကြောင်းဟာ တကယ့်အဖြစ်အပျက်ပဲပေါ့နော်"

"ကျွန်တော့်အနေနဲ့ ဝတ္ထုလဲမရေးတတ်ပါဘူး၊ ပုံပြင်လဲ မပြောတတ်ပါဘူး၊ ကျွန်တော်ပြောတာ တကယ့်ကိုယ်တွေ့ အဖြစ်အပျက်ပါ၊ မယုံရင် ကိုသာဆောင်ကို မေးကြည့်ပါ"

ဦးစောအောင် မျက်နှာထားတည်တည်နှင့် ပြောပါသည်။

"အမှန်အတိုင်းသာဆိုရင်တော့ တကယ့်ကိုစိတ်ဝင်စားစရာကောင်းတဲ့ အဖြစ်အပျက်ပါပဲ ဦးစောအောင်၊ ကျုပ်အနေနဲ့က စုန်း၊ နတ်၊ တစ္ဆေ၊ ကျတ်စတဲ့ နာနာဘာဝတွေကို လုံးဝယုံကြည်မှု မရှိခဲ့တာဆိုတော့ ပိုပြီးတောင်မှ စိတ်ဝင်စားစရာ ကောင်းနေပါတယ်၊ ဦးစောအောင်လို ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ မဟုတ်တာ မပြောဘူးဆိုတာ ကျုပ်ယုံကြည်ပါတယ်၊ ဒါကြောင့် ကျုပ်မှာ ယုံကြည်ရမလို ... မယုံကြည်ရမလိုဖြစ်နေတာမို့ ဖြစ်နိုင်မယ်ဆိုရင် ကျုပ်တို့ကို အဲဒီကျတ်ရွာ ပို့ပေးစေချင်ပါတယ်"

"အသက်ဘေးအန္တရာယ်ရှိတဲ့နေရာကို ဘာလို့သွားမလဲ ဦးဖြူသီးရယ်၊ ကျွန်တော်ဖြင့် ဒီနေရာကို သိပ်ပြီးကြောက်တာပဲ"

"ကျုပ်အတွေ့အကြုံအရတော့ ဒီနာနာဘာဝရှိတယ်ဆိုတဲ့ နေရာတိုင်း၊ ကိစ္စတိုင်းဟာ တကယ်နာနာဘာဝ မဟုတ်တာချည့်တွေ့ရပါတယ်။ ဦးစော



www.burmeseclassic.com

www.burmeseclassic.com



အောင် လိမ်မပြောဘူးဆိုတာ ကျုပ်ယုံပါတယ်။ ဒါပေမယ့်လို့ အကြောင်းတစ်ခု ကြောင့် လူတွေက ကျတ်ယောင်ဆောင်နေကြတာလို့ပဲ ကျုပ်ထင်တယ်၊ ဒါကြောင့် ကျုပ် အဲဒီကို သွားကြည့်ချင်တာပါ"

ဦးဖြူသီးပြောတော့ ဦးစောအောင် သက်ပြင်းရှိုက်သည်။ ထိုစဉ် ဦးသာဆောင် ရေနွေးကရားယူလာပြီး စားပွဲပေါ်မှ ချသည်။

"ကိုသာဆောင်ရေ ... ဟောဒီကပ္ပိယစုံထောက်ကြီးက ကျတ်ရွာရှိတယ် ဆိုတာ မယုံလို့သွားကြည့်ချင်သတဲ့၊ ကျွန်တော့်ကို ပို့ပေးပါလို့ ပူဆာနေတယ်။ ကျွန်တော်သူ့ကို မပို့ရက်ဘူးဗျာ"

ဦးစောအောင် ခပ်ညည်းညည်းနှင့် စကားကို အနားသတ်လိုက်ပါသည်။

"အဲဒီတောင်ကြားကို မသွားတာ ... ဘဲ ကောင်းပါတယ်"

ဦးသာဆောင် ခပ်ပြတ်ပြတ်ပြော၏။

"ကျုပ်ဟာ နာနာဘာဝ ပြဿနာတွေကို ဖြေရှင်းနေတဲ့ ကပ္ပိယစုံထောက်ကြီးရယ်လို့ တိုင်းပြည်မှာကျော်ကြားနေပါတယ်၊ ဒီတော့ကျုပ်ရောက်တဲ့ နေရာမှာ ကျတ်ရွာကြီး တစ်ရွာရှိနေတယ်ဆိုတာကို ဒီအတိုင်းထားခဲ့လို့ရှိရင် ကျုပ် သိက္ခာကျသွားမှာပေါ့၊ ဒါကြောင့်ဖြစ်နိုင်တဲ့နည်းနဲ့ကျုပ်တို့ကို ကျတ်ရွာ ပို့ပေးကြပါဗျာ၊ တောင်းပန်ပါတယ်"

"အင်းလေ ... တားမရရင်လဲ သွားကြည့်ကြဦးပေါ့၊ ဘယ်တော့ လောက် သွားချင်သလဲ"

ဦးစောအောင် စိတ်မပါသလို ပြောသည်။

"ဦးစောအောင်တို့ပို့ပေးတဲ့ အချိန်သွားမှာပါပဲ၊ ဒါပေမယ့် ရွှေမြင်တင် ဘုရားပွဲမတိုင်ခင် သွားချင်ပါတယ်"

ဦးဖြူသီးပြောတော့ ဦးစောအောင်စဉ်းစားနေသည်။ အတန်ကြာမှ ...

"ရွှေမြင်တင် ဘုရားပွဲတော်ဖြစ်ဖို့က သုံးရက်လိုသေးတယ်။ မနက်ဖြန် နဲ့သန်ဘက်ခါ သွားလို့ရပါတယ်။ ဦးဖြူသီး ကြိုက်တဲ့ရက်ရွေးပါ"

"သန်ဘက်ခါသွားချင်ပါတယ်"

"ဒီလိုဆိုရင် သန်ဘက်ခါညနေမှာ ကျွန်တော်လာခေါ်ပြီး ဒီကို ပို့ပေးပါ မယ်၊ ဒီကနေ ကိုသာဆောင်က တောင်ခြေအရောက် လိုက်ပို့ပေးပါလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ဦးစောအောင်"

ဦးဖြူသီးပြောပြီး လက်ဖက်ရည်ကြမ်းကရားကိုကိုင်ကာ ဖန်ခွက်ထဲ လက်ဖက်ရည်ကြမ်း ငှဲ့ထည့်သည်။

ခဏမျှ တွေရာလေးပါးစကားပြောဆိုကြပြီးနောက် ကျွန်တော်တို့ ဦး



www.burmeseclassic.com

www.burmeseclassic.com



ဆောအောင်နှင့်အတူ သိမ်ကုန်းသို့ ပြန်လာခဲ့ကြသည်။ ကျွန်တော်တို့ ရောက်ချိန်တွင် အိမ်မှာလူရှင်းနေ၏။

"စပျစ်ခြံမှာ မင်းဘာထူးခြားချက်တွေ့ခဲ့သလဲ"

ကုလားထိုင်များ၌ ထိုင်မိသည်တွင် ဦးဖြူသီးကမေး၏။ ကျွန်တော် ခေါင်းကိုယမ်းခါလိုက်ပါသည်။

"မင်းမျက်စိ အတော်သေသေးတာပဲ"

"ဦးဖြူသီးက ဘာတွေ့ခဲ့လို့လဲ"

"တို့မရောက်ခင်က ကိုသာဆောင်ရဲ့အခန်းမှာ အမျိုးသမီးတစ်ယောက်ရှိနေတယ်ကွ၊ အဲဒီအမျိုးသမီးကလဲ တခြားလူ မဟုတ်ဘူး၊ တို့သိမ်ကုန်းစလာတဲ့ နေ့က မြင်းလှည်းပေါ်မှာ တွေ့ခဲ့တဲ့အမျိုးသမီးပဲ"

"ဦးဖြူသီး ဘယ်လိုလုပ်သိသလဲ"

ကျွန်တော် သူ့မျက်နှာကို ခပ်ငေးငေးကြည့်ပြီး မေးပါသည်။

"သူတို့ စပျစ်ခြံမှာ အမျိုးသမီးမရှိဘူးလို့ ပြောတယ်မဟုတ်လား"

သူမေးတော့ ကျွန်တော် ခေါင်းညိတ်လိုက်သည်။

"ဒါပေမယ့် ကိုသာဆောင်ရဲ့ အခန်းလှေကားရင်းမှာ အမျိုးသမီးစီးနောက်မြင့် ဖိနပ်ရာရှိနေတယ်၊ နို့ပြီး ... ဖန်ခွက်တစ်လုံးရဲ့နှုတ်ခမ်းမှာ နှုတ်ခမ်းဆိုးဆေး ရေးရေးလေးပေနေတယ်၊ တို့ရောက်သွားတဲ့အချိန်မှာ ကိုသာဆောင် အနည်းအပါးမူးနေပြီ၊ အမျိုးသမီးနဲ့ကိုသာဆောင် အရက်အတူတူသောက်နေရင်းက တို့လာတာမြင်လို့ အမျိုးသမီး တခြားအခန်းကို ကူးသွားတာဖြစ်ရမယ်"

"ဟုတ်ပြီ ... အမျိုးသမီးရှိတာ မှန်ပြီ၊ မြင်းလှည်းပေါ်မှာတွေ့ရတဲ့ အမျိုးသမီးလို့ ဘာလို့ပြောနိုင်သလဲ"

ကျွန်တော်မေးတော့ ဦးဖြူသီးပြုံးသည်။

"ငါမြင်လိုက်လို့ပေါ့"

"ဘယ်မှာမြင်တာလဲ"

"တို့ခြံထဲလျှောက်ကြည့်ပြီး ပြန်လှည့်လာတော့ ကိုသာဆောင့်အခန်းနဲ့ ကပ်ရပ်အခန်းက ပြတင်းပေါက်လိုက်ကာကို အသာဟပြီး အမျိုးသမီး တို့ကို ချောင်းကြည့်နေတာငါတွေ့တယ်ကွ၊ လှစ်ခနဲ ချောင်းကြည့်တာပါ"

"လှစ်ခနဲမြင်တာနဲ့ ဟိုအမျိုးသမီးလို့ ပြောနိုင်မလား"

ကျွန်တော်ဦးဖြူသီးကို လှောင်ပြောင်လိုသော အကြည့်နှင့်ကြည့်၍ မေးလိုက်ပါသည်။ ဦးဖြူသီးသည်မဲ့၍ ပြုံး၏။

"မင်းကိုယ်တိုင်က အခုအထိ ငါ့အကြောင်းမသိသေးတာ ခက်တယ်ကွ၊ ငါဆိုတဲ့ငါက လူတစ်ယောက်ရဲ့ မျက်နှာကိုတစ်ခါမြင်ဖူးပြီးရင် နောက်


www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှာ နှာခေါင်းလေးကိုဖြစ်စေ၊ နှုတ်ခမ်းလေးကိုဖြစ်စေ၊ မျက်လုံးတစ်လုံးတည်းကိုဖြစ်စေ မြင်ရုံနဲ့ မှတ်မိတယ်ကွ၊ ထိုအမျိုးသမီးရဲ့ မျက်နှာတစ်ခြမ်းလုံးကို မြင်လိုက်ရတာပဲ၊ ဘယ်မမှတ်မိဘဲရှိပါ့မလဲ၊ ဟဲ ... ဟဲ ... ဟဲ"

ဦးဖြူသီး ခပ်ကြွားကြွား ခပ်ဝင့်ဝင့်ပြောပါသည်။

"အဲဒီအမျိုးသမီးက ဘယ်လိုအဆက်အသွယ်အတွက် ဦးသာဆောင်ကို ရောက်နေတယ်ထင်သလဲ"

"ငါ့အထင်ပြောရရင် စပျစ်ခြံဟာ ဦးစောအောင်နဲ့ လုံးဝမပတ်သက်ဘူးလို့ ထင်တယ်။ ဒါပေမယ့်လို့ ဦးစောအောင်ဟာ သူ့လုပ်ငန်းအတွက် အသုံးချဖို့၊ သူ့အဖွဲ့သားတွေ တည်းခိုဖို့အတွက် ကိုသာဆောင်ကို နည်းအမျိုးမျိုးနဲ့ စည်းရုံးထားပုံရယ်၊ အမျိုးသမီးဟာ ဦးစောအောင် အတွက် အလွန်အရေးပါသူ ဖြစ်နိုင်တယ်"

"အဲဒီအမျိုးသမီးဟာ ရမည်းသင်းမှာရှိတယ်ဆိုတဲ့ ဦးစောအောင်ရဲ့ဇနီးထဲက တစ်ယောက်မဖြစ်နိုင်ဘူးလား၊ ဦးစောအောင်မှာ ရှမ်းကပြားမတစ်ယောက်ကို ဇနီးအဖြစ် ထားတာရှိတယ်လို့ ဦးချစ်မောင်က ပြောတယ်လေ"

ကျွန်တော်ပြောတော့ ဦးဖြူသီးခေါင်းကို ဖြည်းလေးစွာ ခါယမ်းနေသည်။

"အဲဒီအမျိုးသမီးဟာ ဦးစောအောင်နဲ့ လွတ်ကင်းချင်မှ လွတ်ကင်းမယ်။ ဒါပေမယ့်လို့ အတိအလင်းယူထားတဲ့ မယားတော့မဖြစ်နိုင်ဘူး၊ ပြီးတော့ ဦးစောအောင်အတွက် အထူးအရေးပါအရာရောက်တဲ့သူ ဖြစ်ရမယ်၊ ဦးစောအောင်ရဲ့ ပါတနာအထိ ဖြစ်နိုင်တယ်"

ဦးဖြူသီးအပြောကို နားထောင်ရင်း ကျွန်တော်စဉ်းစားနေသည်။ ထိုစဉ် မမြင့်သောင်းနှင့်ဒေါ်ချစ်မေတို့ ရောက်လာသောကြောင့် စကားစပြတ် သွား၏။

*

www.burmeseclassic.com

www.burmeseclassic.com

( ၁၀ )

# နှစ်ကိုယ်တူ ချစ်ကြရာဝယ်

ကျွန်တော် မျက်တောင်မခတ်ဘဲ တငေးတမော ကြည့်နေမိပါသည်။ နတ်ပြည်မိုးသူ ဇာပုံ့ကျလာသောကြောင့် မဟုတ်ပါ။ ဘုမ္မဒေဝတိုင်းမှ ငွေတောင်သူ နတ်ကိန္နရီ အလှမယ်ကလေးကို မြင်တွေ့ရသောကြောင့်လည်း မဟုတ်ပါ။ လေးလေးမြင့်ကို ငေးကြည့်နေခြင်းဖြစ်ပါသည်။

စောစောက ဒေါ်ချစ်မေနှင့် မမြင့်သောင်းတို့အိမ်တွင် မရှိကြခြင်းမှာ ရမည်းသင်း သွားနေကြသောကြောင့်ဖြစ်သည်။ အိမ်တွင် ဖိုးထောင်နှင့် တိုးအောင် ညီအစ်ကိုနှစ်ယောက် အိမ်စောင့်နေကြသည်။ ကျွန်တော်နှင့် ဦးဖြူသီး ပြန်ရောက်လာတော့ ညီအစ်ကိုနှစ်ယောက် လေးခွနှင့် လောက်စလုံး လွယ်အိတ် ကိုယ်စီလွယ်ကာ အိမ်ပေါ်မှဆင်းသွားကြသည်။

မမြင့်သောင်းတို့ ရမည်းသင်းမှအပြန်တွင် စက်ချုပ်ဆိုင်တွင်အပ်ထားသော အင်္ကျီများပါလာသည်။ လေးလေးမြင့် အလုပ်က ပြန်လာတော့ အင်္ကျီကို ဝတ်ကြည့်ပြီး ဧည့်ခန်းသို့ ထွက်လာကာ ကျွန်တော့်ကိုပြသည်။ ဧည့်ခန်းတွင် သူမနှင့် ကျွန်တော်နှစ်ယောက်တည်းရှိ၏။

"မျက်တောင်ခတ်ဖို့လဲ သတိပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက တိုးတိုးပြောသည်။

"မခတ်ချင်တော့ဘူး၊ မျက်တောင်ခတ်လို့လဲ မရတော့ဘူး၊ ကိုယ်မျက်ခွံက အကြောတွေဟာ သံမဏိကြိုးလို မာကျန်ပြီ"

ကျွန်တော်ပြောတော့ အမျိုးသမီး ခိခနဲရယ်သည်။

"ကိုယ့်တစ်သက်မှာ ဒီလောက် ချောမောလှပတဲ့ အမျိုးသမီးကို မြင်ဖူးရတာ ကုသိုလ်ကံ အတော်ယူးတာပဲ"

ကျွန်တော်ပြောတော့ သူမက နှုတ်ခမ်းကို လှလှလေးမဲ့သည်။ မျက်ဝန်းကို လှုပ်ကစားသည်။

"ဒါတော့ လွန်တယ်"

"မလွန်ဘူး၊ ကိုယ်ပြောတာ လိုချင်တောင်လိုဦးမှာ၊ စလေဦးပုညတို့လို သာ တခ်နပ္ပတ္တိဥ ဥာဏ်ရှိရင် ချက်ချင်း ကဗျာဖွဲ့လိုက်ချင်တယ်"

"မြင့် ရန်ကုန်သူနဲ့ တူနေသလား"

အမျိုးသမီးမေးတော့ ကျွန်တော် ခေါင်းညိတ်လိုက်ရပါသည်။

"ရန်ကုန်သူတွေ လှကြတယ်ပေါ့နော်"

"မလှတဲ့ ရန်ကုန်သူတွေလဲ အများကြီးပါ၊ ကမ္ဘာ့ရုပ်ဆိုတာ ကံကြောင့် ဖြစ်ကြရတာမဟုတ်လား၊ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ တစ်ဦးနဲ့တစ်ဦး အတိုင်းအတာချင်း တူညီကြတာမှ မဟုတ်ဘဲ၊ ဒါကြောင့် ဘယ်အရပ်မှာပဲဖြစ်ဖြစ် လှတဲ့လူရှိသလို၊ မလှတဲ့ အရုပ်ဆိုးတဲ့လူလဲ ရှိကြတာပေါ့၊ ရန်ကုန်မှာနေတိုင်း မလှပါဘူး"

"ဒါပေမယ်လို့ အများစုဟာ ကြည့်ကောင်းမှာပေါ့၊ တောင်းမှာအကွပ် လူမှာအဝတ်ဆို မဟုတ်လား၊ မြင့်တို့ အညာကျေးတောသူတွေက အဝတ် လှလှမဝတ်ဆင်ကြတော့ တော်ရုံအလှဟာ ဘယ်ပေါ်လွင်ပါတော့မလဲ"

"လေးလေးမြင့် ရန်ကုန်ရောက်ဖူးသလား"

ကျွန်တော်ကမေးတော့ အမျိုးသမီးခေါင်းခါသည်။

"မြင့် ရန်ကုန်ကို မရောက်ဖူးပါဘူး၊ မန္တလေးပဲ ရောက်ဖူးတယ်"

"ရန်ကုန်သူ မဖြစ်ချင်ဘူးလား"

"ဖြစ်ချင်တာပေါ့"

အမျိုးသမီးက ခေါင်းလေးငုံ့စောင်းလျက် ခပ်သွက်သွက်ပြောသည်။

"ရန်ကုန်သူဖြစ်ချင်ရင် လွယ်ပါတယ်"

"ဘယ်လိုလုပ်ရမလဲ"

"ဘယ်လိုလုပ်ရမယ်ဆိုတာ လေးလေးမြင့်သိပါတယ်"

"ဟင့်အင်း. . . . မြင့်သိဘူး၊ ပြောပြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက ညည်းသံလေးနှင့်ပြောသည်။ ခရာတာတာ အမူအရာလေးနှင့် ကျွန်တော့်ကိုခပ်စွေစွေကြည့်နေသည်။ ကျွန်တော်သူမကိုကြည့်ပြီး ကြိတ်မနိုင်ခဲမရဖြစ်နသည်။ သူမကို ဖျစ်ညှစ်မွေ့ယမ်းပြီး နမ်းပစ်လိုက်ချင်ပါသည်။

"အလှဒေဝီ မေကိန္နရီလေးတော့ နေနှင့်ဦး" ဟု စိတ်ထဲမှ ကြိမ်းဝါးထားလိုက်သည်။ ဟုတ်သည်၊ နေနှင့်ဦးပေါ့၊ တစ်နေ့ ဟင်း ...။

မမြင့်သောင်းအခန်းထဲမှ ထွက်လာသည်။ အင်္ကျီအသစ်ကိုဝတ်၍ ထွက်လာခြင်းဖြစ်၏။

"မမြင့်သောင်းလဲ လှတယ်ဟော့၊ သိပ်လှတာပဲ"

ရင်ထဲမှမပါသောစကားကို ကျွန်တော်ပြောဖြစ်သည်။ ဒါပေမယ်လို့ ကောင်မလေးက တကယ်ပြောသည်ထင်မှတ်ပြီး ဝမ်းသာနေရှာသည်။ ရွှင်မြူးနေပါသည်။ ကြည်နူးဟန်နှင့် ပြုံးနေသည်။

"ရန်ကုန်သူတွေ လှတာလဲ မပြောနဲ့လေ၊ အဝတ်ကိုက လူကို အရောင်တင်ပေးနေတာပဲ၊ မမြင့်သောင်းလေးလဲ လှနေတယ်"

လေးလေးမြင့်က မမြင့်သောင်းကိုကြည့်၍ပြောသည်။ မမြင့်သောင်းမျက်နှာ ပို၍တောက်ပရွှင်လန်းလာသည်။ ကျွန်တော်ကတော့ ယခုအထိ မမြင့်သောင်းဝတ်ဆင်ထားသော စကားဝါရောင်ကိုကြည့်ကာ နှမြောတွန့်တို နေမိပါသေးသည်။ လေးလေးမြင့်အသားနှင့်သာဆိုလျှင် ဘယ်မျှကြည့် ကောင်းမည်ကို တွေးနေမိသည်။

ဦးချစ်မောင် ပြန်ရောက်လာသည်။ ဦးဖြူသီးလည်း အိမ်ပေါ်တက်လာသည်။ ဒေါ်ချစ်မေ အခန်းထဲမှထွက်လာပြီး မေးသည်။

"ထမင်းစားကြတော့မလား"

"လူစုံနေပြီပဲ၊ စားကြတာပေါ့" ဦးချစ်မောင်က ပြန်ပြော၏။

"ချာတိတ်နှစ်ယောက် ဘယ်ပျောက်နေပါလိမ့်"

လေးလေးမြင့်ပြောပြီး အခန်းထဲဝင်သွားသည်။ ခဏကြာတော့ မမြင့်သောင်း ထမင်းပွဲပြင်ပြီးကြောင်း လာပြောသည်နှင့် ကျွန်တော်တို့ ထမင်းစားခန်းသို့ သွားကြသည်။

ညစာစားပြီးတော့ လက်ဖက်ရည်ကြမ်းဝိုင်းမှာ ထိုင်ကြသည်။ မမြင့်သောင်းက ဖီးကြမ်းငှက်ပျောသီး လာချပေးသည်။ ကျွန်တော် ငှက်ပျောသီးတစ်လုံး ယူစားရင်း လေးလေးမြင့်ကို မျှော်စောင့်နေသည်။ သူမနှင့်ကျွန်တော် လမ်းလျှောက်ထွက်ကြရပါဦးမည်။

ကျွန်တော် လည်တဆန့်ဆန့်နှင့် မျှော်စောင့်နေသည်။ လေးလေးမြင့် အခန်းထဲမှ ထွက်မလာပါ။ အလှပဲ ပြင်နေလေသလား၊ ယနေ့ညနေ လမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရန်ပင် စိတ်မကူးတော့ သလားမသိ၊ အကယ်၍ လမ်းမလျှောက်တော့ ဘူးဆိုလျှင်လည်း ကျွန်တော့်ကို အကျိုးအကြောင်း ပြောဖို့ ကောင်းပါသည်။

လက်မှနာရီကို ကြည့်လိုက်သည်။ ငါးနာရီ ကျော်နေပြီ။ ခါတိုင်းသည် အချိန်ဆိုလျှင် ကျွန်တော်တို့နှစ်ယောက် လမ်းပေါ်သို့ရောက်နေပြီ။ သန်ဘက်ခါ ညတွင် ကျွန်တော်တို့ ကျတ်ရှာသို့ခရီး ထွက်ကြရမည်။ သည်အကြောင်း လေးလေးမြင့်ကို ကျွန်တော်ပြောရဦးမည်။ ဘယ်သို့ရှိစေ၊ ကျွန်တော်တို့ သွားရမည့် ခရီးသည် စွန့်စားရမည်မှာ အမှန်ဖြစ်၏။ တကယ့် ကျတ်ရှာ ဖြစ်လျှင်လည်း အန္တရာယ်သေးမည်မဟုတ်၊ သေတစ်လမ်း ရှင်တစ်လမ်းတွင် သေလမ်းက များ မည်။ ကျတ်ရှာအစစ်အဟုတ်ဘဲ စံပယ်ပွင့်ဂိုဏ်းက ဖြစ်စေ၊ အခြားဒုစရိုက်ဂိုဏ်း တစ်ခုက ဖြစ်စေ၊ ပြုလုပ်ဖန်တီးထားသည်ဆိုလျှင်လည်း ကျတ်ရှာနည်းတူပင် အန္တရာယ်ရှိပါသည်။ ထို့ကြောင့် ခရီးမထွက်ရမီ လေးလေးမြင့်၏ ဆုံးဖြတ်ချက် မည်သို့ရှိသည်ကို ကျွန်တော်သိသွားလိုပါ၏။

"လာမှာပေါ့ကွာ၊ ဒီလောက်ပဲလား"

လက်မှနာရီကိုကြည့်လိုက်၊ အခန်းဝကို လှမ်းကြည့်လိုက်နှင့်ဖြစ်နေ သော ကျွန်တော့်အား ဦးဖြူသီးက အကဲသိသလိုပြောပါသည်။ သူ့အပြော ကြောင့် ကျွန်တော်ရှက်သွေးဖြာသွားပါသည်။ ဦးချစ်မောင်၊ ဒေါ်ချစ်မေနှင့် မမြင့် သောင်းတို့ အခန်းထဲမှ ထွက်လာကြသဖြင့် ကျွန်တော်ကျနေ့ဆည်၍ နေရသည်။ သို့သော်လည်း တိမ်တိုက်တွေကြားမှ လဝန်းပေါ်ထွက်လာသလို လေးလေးမြင့် အခန်းထဲမှ ထွက်လာတော့ ကျွန်တော် ဣန္ဒြေမဆောင်နိုင်ဘဲ ရွှင်ပြုံးသွားမိပါ သည်။ ထိုင်ရာမှ ထသည်။

"မြင့်တို့ လမ်းလျှောက်ထွက်ဦးမယ် ဒေါ်ဒေါ်"

လေးလေးမြင့် ဒေါ်ချစ်မေ ထံခွင့်တောင်းသည်။

"လျှောက်ပါတော် ... လျှောက်ပါတော် ... လေးလေးမြင့်လဲ ခုမှ အဖော် ရလို့ ဟန်ကျနေပြီ။ ညနေတိုင်းလမ်းလျှောက်နေရင် အလှတွေတိုးလာဦးတော့မှာ ပဲ"

ဒေါ်ချစ်မေ လှောင်သလို ပြောင်သလိုနှင့်ပြောသည်။ ကျွန်တော်နှင့် လေးလေးမြင့်တို့ အိမ်လှေကားမှ ဆင်းလာခဲ့ကြသည်။ လမ်းပေါ်ရောက်သည် နှင့် ကျွန်တော်ဦးစောမောင်နှင့်တွေ့ပုံ၊ စပျစ်ခြံရောက်ခဲ့ပုံနှင့် သန်ဘက်ခါညတွင် တောင်ကြားထဲရှိ ကျတ်ရှာကို သွားရောက်လေ့လာမည် ဖြစ်ကြောင်းများ လေး လေးမြင့်ကို ပြောပြလိုက်ပါသည်။

"အဲဒီကျတ်ရှာကို ဘာကိစ္စသွားမှာလဲ ဆရာ" အမျိုးသမီး ကျွန်တော့် မျက်နှာကို စိုးရိမ်ဟန်နှင့်လှည့်ကြည့်ပြီး မေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မြန်မာလူငယ်တွေရဲ့ ဘဝထဲကိုရော၊ အမျိုးသမီးများကိုရော ဖျက်ဆီးမယ့် ဟီးရိုးအင်းဆိုတဲ့ ဘိန်းဖြူဆီကို မသမာသူ စီးပွားရေးသမားတွေက ဖြန့်ဖြူးနေကြတယ်။ အဲဒီစီးပွားရေးသမားတွေထဲမှာ ဦးစောအောင်လဲ ပါမယ်လို့ ကိုယ်တို့က ထင်ထားကြတယ်။ ဒါတွင်မကဘူး၊ စံပယ်ပွင့်တံဆိပ် တပ်ဆင်ထားတဲ့ ဂိုဏ်းတစ်ဂိုဏ်းရှိနေတယ်လို့လဲ ကိုယ်တို့ထင်ထားကြတယ်၊ ဦးစောအောင်နဲ့ကျုတ်ရှာ၊ ဘယ်လိုစပ်ဆိုင်တယ်ဆိုတာတွေကိုလဲ ကိုယ်တို့က သိချင်နေပြန်တယ်။ ဒါကြောင့်မို့လို့ အဲဒီတောင်ကြားကိုသွားပြီး လေ့လာကြမှာပါ"

"အဲဒါတွေသိရတော့ ဆရာတို့က ဘာလုပ်ကြမှာလဲ"

အမျိုးသမီး နားစိုက်ထောင်နေရာမှ မေးပြန်သည်။

"ထင်တဲ့အတိုင်းတွေ့ရရင် သက်ဆိုင်ရာကို အကြောင်းကြားပြီး ဖမ်းဆီး ခိုင်းရမှာပေါ့"

ကျွန်တော်ပြောတော့ အမျိုးသမီးက သက်ပြင်းရှိုက်သည်။

"ကိုယ့်ဟာ ကိုယ်အေးအေးပဲ နေပါလား ဆရာ။ အန္တရာယ်များတဲ့ အလုပ်တွေဘာလို့ လုပ်မလဲ"

လေးလေးမြင့်က ကျွန်တော်တို့၏စွန့်စားမှုကို သဘောမတူဟန်နှင့် တားသည်။ ကျွန်တော် သူမကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ လေးလေးမြင့်မှာ ကျွန်တော့်အတွက် စိုးရိမ်ပူပန်နေဟန်ရှိပါသည်။ မျက်နှာ လေးညှိုးနွမ်းနေ၏။

"တိုင်းပြည်ကို ကျူးကျော်ဖျက်ဆီးလာတဲ့ ရန်သူတွေကို ကာကွယ်တိုက်ထုတ်ဖို့အတွက် တပ်မတော်ကို ဖွဲ့စည်းထားတယ်။ တပ်မတော်သားတွေဟာ အသက်ကိုပမာနမထားဘဲ အဖျက်ရန်သူဟူသမျှ တိုက်ထုတ်သုတ်သင်နေကြတယ်။ ပြည်သူတိုင်းမှာ တပ်မတော်သားတွေရဲ့ စိတ်ထားမျိုး ရှိကြရမယ်။ တိုင်းပြည်နဲ့လူမျိုးကို နစ်နာပျက်စီးအောင်လုပ်နေတဲ့ အဖျက်သမားမှန်သမျှကို တာဝန်သိတဲ့ တိုင်းသူပြည်သားတိုင်းက တိုက်ထုတ်ချေမှုန်းရပါမယ်။ ဟီးရိုးအင်းဟာ တိုင်းပြည်နဲ့လူမျိုးရဲ့ ရန်သူအစစ်ပဲ လေးလေးမြင့်။ ဒါကို မှီဝဲသုံးဆောင်တဲ့လူတွေဟာ မေးငိုက်ကြုံလို့ပြီး ဘဝပါပျက်စီးရတော့တာပဲ။ လူစဉ်မမီဖြစ်ရတော့တာပဲ။ ဟီးရိုးအင်း မှီဝဲသောက်သုံးသူတွေများ လာလေ တိုင်းပြည်နစ်နာလေပဲပေါ့။ တကယ်တော့ ဟီးရိုးအင်းဟာ လက်နက်စွဲကိုင်ဝင်ရောက် ကျူးကျော်လာတဲ့ ရန်သူထက် တိုင်းပြည်နဲ့လူမျိုးကို ဖျက်ဆီးနိုင်တာမို့ ပိုကြောက်စရာကောင်းပါတယ်။ ဒါကိုအချိန်မီ တားဆီးတိုက်ထုတ်ကြဖို့ တိုင်းသူပြည်သားတိုင်းမှာ တာဝန်ရှိနေပါတယ်"

ကျွန်တော်ပြောသမျှကို အမျိုးသမီး နားစိုက်နားထောင်နေသည်။

ကျွန်တော့်စကားဆုံးသွားသော်လည်း သူမ ဘာမှမပြောတော့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ ထင်ထားတာရှိတယ်။ ရွှေမြင်တင်ဘုရားပွဲတော်မှာ ဦးဆော အောင်တို့ ဟီးရိုးအင်း အများအပြား ဖြန့်ဖြူးလိမ့်မယ်။ ဒါကြောင့် ပွဲတော်မတိုင်မီ တားဆီးနိုင်အောင် ကြိုးစားရမှာ"

စကားပြောရင်းနှင့် ရွာပြင်ကိုရောက်လာသည်။ နှစ်ယောက်သား တိတ်ဆိတ်စွာနှင့် သစ်ပင်ရှိရာသို့လာခဲ့ကြသည်။ လေကတဖြူးဖြူးတိုက်ခတ်နေသည်။ နေလုံးသည် အနောက်ဘက်ရှိ တောတန်းနှင့်နီးကပ်လျက်ရှိနေသည်။ ကျွန်တော်တို့ သစ်ပင်အောက်ရှိ ထိုင်နေကျနေရာမှာ အတူယှဉ်၍ ထိုင်လိုက်ကြပါသည်။

"ဟီးရိုးအင်းဆိုတာ ဆရာပြောသလို လူတွေကို တကယ်အန္တရာယ်ပေးနိုင်တယ်လား ဆရာ"

တိတ်ဆိတ်နေရာမှ အမျိုးသမီး(၁စ၅) မေးသည်။

"သိပ်ကို အန္တရာယ်ပေးနိုင်တာပေါ့။ ဟီးရိုးအင်းကို သုံးနှစ်ကြာအောင် စွဲပြီး မှီဝဲသောက်ရှူတဲ့လူဟာ အရိုးတွေအလိုလိုဆွေးပြီး အဆစ်တွေကမနေ ပြုတ်ကြကုန်သတဲ့"

"သေရောလား ဆရာ"

"အရိုးဆွေးပြီး အဆစ်တွေ ပြုတ်ကုန်မှတော့ မသေခံနိုင်မလား လေးလေးမြင့်ရယ်"

"ကျွတ် ... ကျွတ် ... ကျွတ် ... ကြောက်စရာပါလား ဆရာရယ်၊ ဒါ ယောက်ကြောက်စရာကောင်းတဲ့ ဥစ္စာကြီးကိုများ သောက်သုံးကြတာ အံ့ပါရော။ သူတို့ပဲ မကြောက်တယ်"

လေးလေးမြင့်မျက်နှာလေးကို ရှုံ့မဲ့ပြီးပြောပါသည်။

"အင်း ... လူဆိုတာ ကောင်းတာကိုလဲ သိတယ်၊ မကောင်းတာကိုလဲ သိတယ်။ မူးယစ်စေတတ်တဲ့အရာတွေမှာ မကောင်းတာနဲ့ကောင်းတာ ဒွန်တွဲနေတာပဲ။ တကယ်တော့ မူးယစ်ရီဝေနေရတာဟာ အရသာတစ်မျိုးပါ။ ဒီအရသာကို ခံစားမိရင်စွဲတယ်။ စွဲလာပြီဆိုတဲ့အခါကျတော့ မကောင်းမှန်း သိပေမယ့် ဖြတ်နိုင်ဖို့မလွယ်တော့ဘူး။ နောက်တစ်ခုကတော့ လူငယ်တွေဆိုတာက ဖက်ရှင်ကိုသဘောကျကြတယ်။ အသစ်အဆန်းကို အတုယူချင်ကြတယ်။ တခြားနိုင်ငံကြီးများရဲ့အတုဆိုရင် နှစ်နှစ်သက်သက် မြတ်မြတ်နိုးနိုးကို လက်ခံ အတုယူချင်ကြတယ်။ ဒါကိုသိထားကြတဲ့ စီးပွားရေးသမားတွေက လူငယ်တွေထဲမှာ ဟီးရိုးအင်းကို နည်းအမျိုးမျိုးနဲ့ ဖြန့်ဖြူးနေကြတာပဲ"

"ရန်ကုန်မှာ ဟီးရိုးအင်းသောက်ရှူတဲ့ လူငယ်တွေ အတော်များသလား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်တွင် မဟုတ်ပါဘူး။ နယ်မြို့ကြီးတွေမှာလဲ အတော်များများ ရှိနေတယ်။ ကိုယ်တို့တွက်ကိန်းအတိုင်းမှန်ရင် စံပယ်ပွင့်ဂိုဏ်းဟာ မြို့ငယ် ရွာငယ် တွေအထိ ဟီးရိုးအင်းသောက်ရူးမှု ပြန့်ပွားအောင် လုပ်နေတာဖြစ်မယ်။ ဒါဆိုရင် တော့ တိုင်းပြည် အဖတ်ဆည်ႇရအောင် ဒုက္ခရောက်တော့မှာ"

ကျွန်တော့်အပြောဆုံးတော့ အမျိုးသမီး သက်ပြင်းရှိုက်...ည်။ ကျွန် တော့် မျက်နှာကို စူးစူးစိုက်စိုက် ကြည့်သည်။

"ဆရာတောင်ကြားထဲသွားရင် အန္တရာယ်ဖြစ်မှာ မကြောက်ဘူးလား ဟင်"

"အန္တရာယ်နဲ့ ရင်ဆိုင်ရဖို့များတယ်ဆိုတာ ကို အသိသားပဲ၊ ဒါပေမယ် လို့ ဒီလိုမှမစွန့်စားရင် ဟီးရိုးအင်းပြန့်ပွားမှုကို ဘယ်လိုတားဆီးနိုင်မှာလဲ"

"ဆရာဘေးအန္တရာယ်တွေ့မှာ မြင့်စိုးရိမ်လိုက်တာ ဆရာရယ်"

အမျိုးသမီးသည် တကယ်စိုးရိမ်ပူပန်ဟန်နှင့်ပြောပါသည်။ သူမအနေ နှင့်ကျွန်တော့်ကို လုံးဝစိတ်မချနိုင်သည့် အသွင်မျိုးဖြစ်နေသည်။ ကျွန်တော် သည် အဖြစ်ကိုမြင်တွေ့တော့ ဝမ်းသာသည်။ လေးလေးမြင့် ကျွန်တော့်အပေါ် တကယ် ကြင်နာပါလားဆိုသော အသိကြောင့် ဝမ်းသာရခြင်းဖြစ်၏။ ကျွန်တော် ပြုံးလိုက် သည်။

"သိပ်စိတ်ပူမနေပါနဲ့ လေးလေးမြင့်ရယ်၊ ကိုယ်တို့မှာ အတွေ့အကြုံ တွေ အများကြီးရှိခဲ့ပါပြီ၊ ဒီလိုပြဿနာမျိုးနဲ့ပတ်သက်ပြီး တိုက်ပွဲပေါင်းများစွာကို လဲ တိုက်ခဲ့ပြီးပါပြီ၊ ဒါကြောင့် ... တိမ်းတတ်၊ ရှောင်တတ်၊ ဖယ်တတ်၊ ရှားတတ်နေပါပြီ၊ ကိုယ်သွားမယ့်ခရီးနဲ့ပတ်သက်ပြီး လေးလေးမြင့် ဘာမှ စိတ် မပူနဲ့၊ စိတ်အေးအေးသာနေပါ"

ကျွန်တော်ပြောတော့ အမျိုးသမီး သက်ပြင်းလေး အသာအယာရှိုက် သည်။ ကျွန်တော့်မျက်နှာကို ရွှန်းရွှန်းစားစားကြည့်သည်။ သူမအကြည့်က ရဲရင့် စူးရှလှသည်မို့ ကျွန်တော့်မှာ အနေခက်ချင်သလို ဖြစ်နေရပါသည်။

"ဆရာ ..."

သူမအသံက တိုးညှင်းလှသည်။ ညင်သာလှသည်။

"လေးလေးမြင့် ..."

ကျွန်တော်က ရှိုက်ပင့်တုန်ယင်စွာ ပြန်ခေါ်လိုက်ပါသည်။

"ဆရာ့ကို မြင့် ကြည်ညိုလေးစားပါတယ်ဆရာ၊ တကယ်တော့ ဆရာ ဟာ ကလောင်နဲ့ တိုင်းပြည်တာဝန်ထမ်းရုံမက သက်စွန့်ဆံဖျားတာဝန်ထမ်းခဲ့ တာပဲ၊ အခုတာဝန်ထမ်းဖို့ ကြိုးပမ်းနေတာတွေသိရတော့ မြင့်ဆရာ့ကို ပိုထူးပဲ ကြည်ညိုလေးစားမိသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးဟန်ဆောင်ပြောခြင်း မဟုတ်ဘဲ တကယ်လိုက်လိုက်လဲလဲ ပြောကြောင်း ကျွန်တော်သတိပြုမိပါသည်။ ဤနှယ် တကယ် ရင်ထဲအသည်းထဲက ပြောမှန်းသိရသောကြောင့်လည်း ကျွန်တော်အထူးဝမ်းသာသည်။ သူမထံမှ မေတ္တာတုံ့ပြန်မှုကို ရရှိတော့မည်ဟု ယုံကြည်သည်။

"ဆရာတိုင်းပြည်အပေါ်ထားရှိတဲ့ စေတနာကို မြင့်ကြည်ညိုလေးစားမိပါတယ်၊ မြတ်နိုးပါတယ်၊ ဒါပေမယ်လို့ အဲဒီတောင်ကြားကို မသွားပါနဲ့ ဆရာရယ် ... မြင့် တားပါရစေ"

"ဘာပြုလို့လဲ လေးလေးမြင့်ရယ်"

ကျွန်တော်သူမမျက်နှာကို ငေးကြည့်ပြီး မေးပါသည်။

"မြင့်က ဈေးဆိုင်မှာ အလုပ်လုပ်တာဆိုတော့ ဒီနယ်တစ်ဝိုက်က အကြောင်းတွေ သူပြောငါပြောနဲ့အတော်စုံ‌ေအာင်ပဲ ကြားရပါတယ်၊ ဒီတောင်ကြားနဲ့ပတ်သက်လို့ ကြားရတဲ့သတင်းက နည်းနည်းမှမကောင်းဘူး ဆရာ"

"ဘယ်လိုမကောင်းတာလဲ"

"လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က အဲဒီတောင်ကြားကို လူသုံးယောက် အမဲပစ်သွားကြသတဲ့၊ ပြန်တော့ နှစ်ယောက်တည်း ပြန်လာတယ်။ တစ်ယောက်ကို ကျတ်စားပစ်တယ်လို့ သတင်းလွှင့်တယ်။ ဒါပေမယ်လို့ တချို့က အချင်းချင်း ပစ်သတ်တယ်လို့ ထင်ကြေးပေးတယ်။ အဲဒီသေတဲ့လူဟာ ဆရာတို့ရောက်ခဲ့တဲ့ စပျစ်ခြံပိုင်ရှင်တဲ့။ သေတဲ့လူနဲ့တခြားတစ်ယောက်နဲ့ စပျစ်ခြံကို စပ်တူ လုပ်ကြတာတဲ့ဆရာရဲ့။ အဲဒီနောက်ပိုင်းမှာ ဒီတောင်ကြားဘက်ရောက်သွားတဲ့ လူတိုင်း ပြန်မလာကြဘူးတဲ့၊ ဒါကြောင့် ဒီတောင်ကြားကို ပြန်မလာတောင်ကြား၊ သေမင်းတောင်ကြားလို့ ... နာမည်အမျိုးမျိုးမှည့်ခေါ်ကြသတဲ့"

လေးလေးမြင့် အပြောကြားတော့ ကျွန်တော် ရင်ထိတ်သွားသည်။ သို့သော်လည်း တစ်နည်းအားဖြင့်တော့ဝမ်းသာ၏။ ဤသတင်းသည် ကျွန်တော်နှင့် ဦးဖြူသီးတို့အတွက် သဲလွန်စ ရှာစရာသတင်းကောင်းပင် ဖြစ်လေသည်။

"လေးလေးမြင့်ပြောတဲ့အတိုင်း ဆိုရင်တော့ ဒီတောင်ကြားသွားဖို့က တယ်ပြီး မလွယ်လှဘူး၊ အင်းလေ ... ဦးဖြူသီးနဲ့တိုင်ပင်ပါဦးမယ်"

သူမက စေတနာနှင့်တားသည်ကို ကျွန်တော်ဖွင့်တိုး၍ မပြောချင်သောကြောင့် လေးလေးမြင့်စိတ်ချမ်းသာအောင် ပြောလိုက်ရခြင်းဖြစ်ပါသည်။ ကျွန်တော်ပြောတော့ လေးလေးမြင့် မျက်နှာလေး ကြည်လင်လန်းဆန်းသွားသည်။

"ဟုတ်ပါတယ်ဆရာရယ် ... သွားမနေပါနဲ့၊ တခြားနည်းနဲ့ တိုင်းပြည်တာဝန်ထမ်းလဲ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး ဝမ်းပမ်းတသာနှင့်ပြောသည်။

"ဒါနဲ့ ... လေးလေးမြင့်က ဘာပြုလို့ ဒါလောက်စိုးရိမ်နေရတာလဲဟင်"

ကျွန်တော် သူမမျက်နှာလေးကို ငေးကြည့်ပြီးမေးသည်။

"ဩော် ... မေးမှမေးရက်ပလေ ဆရာရယ်"

သူမ စကားမဆက်ဘဲ ခေါင်းလေးငုံ့သွားသည်။

"ပြောလေ လေးလေးမြင့်၊ ဘာပြုလို့ ကိုယ့်မှာအန္တရာယ်ဖြစ်မှာ စိုးရိမ်နေရတာလဲ"

အမျိုးသမီးက အဖြေမပေးပါ။ ကျွန်တော် သူမလက်မောင်းရင်းကို ဆုပ်ကိုင်လိုက်သည်။

"ပြောလေ"

သူမအသားများ ဆတ်ဆတ်တုန်လာကာ နုညက်သော လက်ကလေးနှင့် လက်ကိုတွန်းဖယ်သည်။ ကျွန်တော်လက်ကို ပြန်လွှတ်ပေးလိုက်ပါသည်။

"လေးလေးမြင့် ... ကိုယ်မေးတာ ဖြေပါဦး" သူမမျက်နှာကလေး မော့လာသည်။ ရှက်သွေးရောင်လွှမ်းလျက် နီမြန်းနေသည်။

"လေးလေးမြင့် ကိုယ့်ကိုစိတ်ဆိုးသလား"

ကျွန်တော်မေးတော့ သူမခေါင်းလေးကို ညင်သာစွာခါယမ်း၏။

"ခုမေးတာကို မဖြေချင်နေပါ၊ ဟိုနေ့ကမေးထားတာ ဖြေပေါ့"

ကျွန်တော်က သူမမျက်ဝန်းကို စူးစိုက်ကြည့်ပြီးပြောသည်။

"ဘာများ ဖြေစရာလိုသေးလဲ ဆရာရယ်၊ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ လွှတ်လွှတ်လပ်လပ်သွားလာနေတဲ့ အမျိုးသမီးဟာ အမျိုးသားအပေါ်မှာ ဘယ်လိုသဘောထားတယ်ဆိုတာ ဆရာ သိလောက်ပါတယ်"

အမျိုးသမီးက ဣန္ဒြေရရနှင့်ပြောလေသည်။

"ကိုယ်တို့ရန်ကုန်မှာတော့ အမျိုးသမီးတွေဟာ ဒီလိုပဲ၊ သူစိမ်းယောကျ်ားတွေနဲ့ အတူတွဲပြီး သွားလာနေကြတာပဲ၊ ဒါပေမယ်လို့ အဲဒီယောကျ်ားဟာ သူတို့ရဲ့ ချစ်သူပါလို့ ပြောလို့မရဘူး"

"မြင့်တို့နေတာက တောပါဆရာ၊ ဆရာတို့အနေနဲ့ အညာကျေးလက်လို့ တောင်မှ ခေါ်ချင်ခေါ်လို့ရတဲ့တောရွာပါ၊ တောရွာမှာဘယ်ယောကျ်ားနဲ့ ဘယ်အမျိုးသမီး တတွဲတွဲနေတာ ဆရာတွေ့သလဲ၊ ချစ်သူချင်း၊ သမီး ရည်းစားချင်းတောင်မှ တွဲခဲပါတယ်၊ ခုလိုဆရာနဲ့မြင့်နဲ့ တွဲနေတာကို မြင်နေကြတော့ တစ်ရွာလုံးကပဲ ချစ်နေကြပြီလို့ အသိအမှတ်ပြုထားကြပါပြီ၊ ဒီလောက်အထိ လိုက်လျောနေတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ ရင်ထဲမှာ ဘယ်လိုဆုံးဖြတ်ချက်ရှိမယ်ဆိုတာ ဆရာပဲ စဉ်းစားကြည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမအပြောကို နားထောင်ရင်း ကျွန်တော့်ရင်မှာ တုန်ခါနေသည်။ အသားတွေ ပူရှိန်းလာပြီး နားရွက်တွေမျက်နှာတွေ ပူထူသလိုဖြစ်နေပါသည်။

"လေးလေးမြင့် ကိုယ့်ကိုချစ်တယ်ပေါ့နော်"

ကျွန်တော် အသံတုန်ယင်စွာဖြင့် မေးမိသည်။

"မချစ်ဘူး မုန်းတယ်"

အမျိုးသမီးပြောပြီး နှုတ်ခမ်းလေးစူလျက် အမူလုပ်ထားသည်။ ကျွန်တော်၏လက်များသည် အမှတ်မထင် သူမကိုယ်လုံးလေးကိုပွေ့ပိုက်ပြီး ကျွန်တော့်ဘက်သို့ ဆွဲယူမိလျက်သားဖြစ်သွားပါသည်။ အမျိုးသမီး ကိုယ်ကလေးစောင်းလျက်သား အနေအထားနှင့် ကျွန်တော့်ရင်ခွင်ထဲရောက်လာ၏။

"ဆရာ မကောင်းဘူး"

ကျွန်တော့်ရင်ဘတ်ကို သူမလက်နှင့် ဆောင့်တွန်းပြီးပြောသည်။ ကျွန်တော့် ကိုယ်နောက်သို့ ယိုင်သွားပါသည်။

"ဟား ... ဟား ... ဟား" ကျွန်တော် အသံထွက်ရယ်လိုက်သည်။

"ဆရာ သိပ်ဆိုးတာပဲ၊ မုန်းတယ်"

အမျိုးသမီး မျက်စောင်းနှင့်ဝေ့ခတ်ပြီး တစ်ဖက်သို့လှည့်သွားသည်။ ကျွန်တော်က သူမ လက်မောင်းရင်းကို ဆုပ်ကိုင်ပြီး မေးသည်။

"လေးလေးမြင့် ကိုယ့်ကို စိတ်ဆိုးသလား"

"စိတ်ဆိုးတာပေါ့၊ ဆရာက ရမ်းတာကိုး"

"စိတ်ဆိုးရင် လက်စားချေတဲ့အနေနဲ့ ကိုယ့်ကိုပြန်နမ်းပေါ့"

ကျွန်တော်ပြောတော့ အမျိုးသမီး ဟင့်ဟင့်နှင့် အသံလေးထွက်အောင် ရယ်သည်။ သူမ ကိုယ်ကလေး လှုပ်နေသည်။

"ကျကျသေးတော့ ... လက်စားချေတဲ့အနေနဲ့ သူ့ကိုပြန်နမ်းရမတဲ့"

လေးလေးမြင့်ပြောပြီး တဟင့်ဟင့်နှင့် ရယ်နေသည်။

"ဟုတ်တယ်လေ .. မကျေနပ်လို့ လက်စားချေတယ်ဆိုတာ ပြုလုပ်သူနဲ့ အလားတူတန်ပြန် လက်စားချေကြတာပဲ"

"တော်ပါတော့ ဆရာရယ် ... မြင့် အူနာလာပြီ၊ ဆရာ့ကို သနားလို့ လက်စား မချေရက်တော့ပါဘူးတဲ့၊ သင်ပုန်းချေလိုက်ပါပြီတဲ့"

အမျိုးသမီးပြောပြီး အူတက်မတက် ရယ်သည်။

ကျွန်တော့်လက်များ က သူမကို ဒုတိယအကြိမ် ဖက်ပွေ့မိသွားပြန်သည်။

"ဟင် ... လွန်တယ်နော်၊ ဆရာ လွန်တယ်"

အမျိုးသမီးက မာထန်ထန် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"လွန်ရင် ရှေ့မှတ်တိုင်မှာ ဆင်းပေါ့၊ အဲ ... ဆောရီး၊ ဒါက ရန်ကုန် စကား၊ လွန်ရင် ရှေ့ဘူတာမှာဆင်း"

ကျွန်တော် ရွတ်နောက်နောက်ပြောပြီး သူမပါးပြင်ကို နမ်းသည်။

"ကဲလွန်းတယ် ဆရာရယ် ... မြင့်စိတ်ညစ်လာပြီ"

အမျိုးသမီးက ညည်းသည်။

"လေးလေးမြင့်စိတ်ညစ်လေ၊ ကိုယ်က လေးလေးမြင့်ကို သိပ်ချစ်လေ ပဲ"

"ဆရာ..."

သူမထံမှ တိုးညင်းစွာ ထွက်ပေါ်လာသော အသံဖြစ်သည်။

"မြင့် ..."

ကျွန်တော်က သူမနာမည် အပြည့်အစုံခေါ်ရမည်ကို စိမ်းသလိုထင်မှတ် လာသောကြောင့် သူမကိုယ်သူမ ခေါ်သလို မြင့်တစ်လုံးတည်းသာ ခေါ်လိုက်ပါ သည်။

"မြင့် ရင်ထဲမှာ ဘယ်လိုဖြစ်နေမှန်း မသိဘူးဆရာရယ် ... တကယ် တော့ ဆရာဟာ စုန်းထီးပဲ၊ မြင့်ကိုအတတ်ပညာနဲ့ ဖမ်းစားလိုက်ပြီ၊ မြင့် ဆရာ့ရင် က မခွာနိုင်တော့ဘူး"

အမျိုးသမီးက စကားကို တလုံးချင်း ဖြည်းညင်းစွာပြောနေသည်။

"ကိုယ့်ရင်ကမခွာဘဲ တစ်သက်လုံးနေလို့ရပါတယ်။ နေလဲနေစေချင် ပါတယ်"

အမျိုးသမီး သက်ပြင်းရှိုက်သည်ကို ကျွန်တော်သတိပြုမိသည်။

"ဆရာ့ရဲ့အတတ်ပညာနဲ့ အမျိုးသမီးဘယ်နှစ်ယောက်ကို ဖမ်းစားပြီး ခဲ့ပြီလဲ ဆရာ" သူမက ဖြေးညင်းစွာမေးသည်။

"အဲဒါ ... မြင့်ကိုယ့်ကိုအထင်ကြီးတာပဲ၊ တကယ်တော့ ကိုယ်ဟာ အဲဒီလောက် အထိမစွံပါဘူး"

"မြင့်ကို လိမ်မပြောချင်ပါနဲ့ ဆရာရယ် ... အတွေ့အကြုံမရှိတဲ့ လူဟာ ဒီလောက်အထိ ဇက်ရဲလက်ရဲမရှိနိုင်ပါဘူး"

"မှန်တာပြောရရင် ကိုယ်အမျိုးသမီး အတော်များများနဲ့ တွေ့ကြုံခဲ့ဖူးပါ တယ်"

"တွေ့တဲ့အမျိုးသမီးတိုင်းကို ဒီနည်းနဲ့ ဖမ်းစားခဲ့တာပဲပေါ့ ဟုတ်လား"

"ကိုယ့် စကားကို ဆုံးအောင်နားထောင်ပါဦး၊ ဒါပေမယ့်လို့ ကိုယ့်ရဲ့ အချစ်ဆုံးကတော့ မြင့်ပဲ၊ ဘယ်အမျိုးသမီးကိုမှ မြင့်လောက်မချစ်ဘူး"

ကျွန်တော် ပြောတော့ ... လေးလေးမြင့် ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသံကလျောင် သံ။

"လက်ရှိထိတွေ့နေရတဲ့ အမျိုးသမီးကို အချစ်ဆုံးပါပဲလို့ ပြောတာဟာ အမျိုးသားတိုင်းရဲ့ စကားလုံးပဲ ဖြစ်မှာပေါ့ဆရာ။ ဒါတော့မဆန်းပါဘူး။ ဒါပေမယ့်လို့ မြင့်ကို နမ်းသလို ဟိုအမျိုးသမီးတွေ ဆရာ နမ်းနေတာမြင်ယောင်တော့ မြင့် နမြောတယ်။ မြင့်သာ ဆရာရဲ့ အချစ်ဦး ဖြစ်လိုက်ချင်တယ်"

သူမစကားသည် ကျွန်တော့်နှလုံးသားကို ရိုက်ခတ်သွားပါသည်။ ထိုစကားပြောခြင်းဖြင့် လေးလေးမြင့် ကျွန်တော့်အပေါ် ထားရှိသော ချစ်မေတ္တာ၏ အနက်အရှိုင်းကို ကျွန်တော်သိရှိနိုင်ပါသည်။ နှုတ်ခမ်းလွှာကို ပြတ်ပါချင်ပါလာစေ ဆိုသော သဘောနှင့် မညှာမတာ နမ်းစုပ်ပစ်လိုက်သည်။ လေးလေးမြင့်၏ လက်များကလည်း ကျွန်တော့်ကိုယ်လုံးကို တင်းကျပ်စွာပဲ သိုင်းဖက်ထား၏။

တဖြူးဖြူးတိုက်ခတ်နေသောလေသည် ကျွန်တော်တို့ နှစ်ကိုယ်ကြားတိုးဝင်နိုင်စွမ်း မရှိထင်ပါသည်။ ဆက်ရက်တစ်အုပ် သစ်ပင်မှာ လာနားသည်။ ရှောသံ၊ နှော သံ၊ ပြောဆိုသံတွေဆူညံနေပါသည်။ အမျိုးသမီး ကျွန်တော့်ရင်ခွင်မှ ခွာသည်။ မတ်တတ်ထရပ်သည်။

"ဘယ်လိုလဲ ... လက်မြှောက်သွားပြီလား"

ကျွန်တော် သူမ မျက်နှာကိုမော့ကြည့်ပြီး မေးလိုက်ပါသည်။

"ဆက်ရက်ကလေးတွေကို ကျေးဇူးတင်လိုက်တာ၊ သူတို့ လာသတိပေးပေလို့၊ ကဲ ... ဆရာရယ် ... ပြန်ကြပါစို့"

"စောပါသေးတယ် မြင့်ရယ် ... ကိုယ်ဖြင့် ချစ်လို့ကို အားမရသေးဘူး"

ကျွန်တော်က သူမမျက်နှာကို မော့ကြည့်နေရင်းကပင် ပြောပါသည်။ အမျိုးသမီးအဝေးဆီသို့ လှမ်းမျှော်ကာ ငေးနေသည်။ သူမတစ်စုံတစ်ခုကို အလေးအနက် တွေးနေသလုရှိသည်။

"ထိုင်ပါဦး မြင့်ရယ်"

"မထိုင်တော့ဘူး ဆရာ၊ စိတ်ကိုထိန်းချုပ်နိုင်တုန်းမှာရပ်တန်းက ရပ်တာပဲ ကောင်းတယ်။ ဘဝရေစီးကြောင်းဆိုတာက ဖြောင့်ဖြူးချင်မှဖြောင့်ဖြူးတာ၊ ဒီတော့မလွန်ခင် ရပ်ကြပါစို့"

အမျိုးသမီးပြောတော့ ကျွန်တော် ရင်ထိတ်သွားပါသည်။

"ကိုယ်တို့အတွက် အနာဂတ်ဟာ ဖြောင့်ဖြူးသာယာနေပါတယ် မြင့်ရယ်။ နို့ပြီး ... ကိုယ်ဟာ မြင့်စိုးရိမ်သလောက်လည်း မရမ်းကားဘူးဆိုတာ ယုံပါ"

ကျွန်တော်ပြောတော့ အမျိုးသမီး သက်ပြင်းရှိုက်သည်။ ကျွန်တော့်မျက်နှာကိုငုံ့ကြည့်သည်။ သက်ပြင်းရှိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ကြပါစို့ ဆရာရယ် ... နောက်နေ့တွေလဲ အများကြီးရှိနေပါသေးတယ်"

အမျိုးသမီးပြောတော့ ကျွန်တော် ထိုင်ရာမှထလိုက်ပါသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၁ )

## မပြုံးသာ နှံးစွာရင်တွင်း

ညနေကအဖြစ်ကို တမြိန့်မြိန့်ပြန်တွေးပြီး ကြည်နူးနေသည်မို့ ညက ကောင်းစွာ အိပ်မပျော်ပါ။ လေးလေးမြင့် ကျွန်တော်နှင့် တစ်ညလုံး အတူရှိနေသည်။ သို့ပေမယ့်လို့ လူကိုယ်တိုင်တော့ မဟုတ်၊ သူမ၏ ရုပ်ပုံလွှာသာ ဖြစ်သည်။ သူမ၏ အတွေ့အထိ အငွေ့အသက်များသည်လည်း မပျက်မပြယ် စွဲထင်နေသည်။

ချစ်သူနှင့်ကြည်နူးခွင့်ရရှိနေသည်မို့ ကျွန်တော် တောင်ကြားသို့လိုက်ရန် နောက်တွန့်နေပါသည်။ လူမျိုးတစ်မျိုးလုံးဘဝတုံးအောင် ဖျက်ဆီးရန် ကြိမ်းခြောက်နေသော ဟီးရိုးအင်းကိုလည်း စိတ်မဝင်စားနိုင်။ ကျွန်တော့်အတွေးထဲ၌ လေးလေးမြင့်သာပဲ ကြီးစိုးနေသည်။ မင်းမူနေသည်။ ညကတည်းက ဦးဖြူသီးအား တောင်ကြားကျတ်ရွာသို့မသွားရန် ပြောမည်ဟု စိတ်ကူးသော်လည်း အထမမြောက်။

ဦးဖြူသီးနှင့် ဦးချစ်မောင်သည် ထုံးစံအတိုင်း ညဉ့်နက်သန်းခေါင်အထိ ဝိပဿနာတရားဆွေးနွေးကြသည်။ အိပ်ရာဝင်သည်နှင့် ဦးဖြူသီးခေါ်ခေါ်ဟောက်၍ အိပ်ပျော်သွားသည်ကြောင့် ကျွန်တော်ပြောလိုသော စကားများ ရင်ထဲမှာ သိမ်းဆည်းထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညက ကျွန်တော့်အတွေးများတွင် အနာဂတ်အတွက် အစီအစဉ်ပြု လုပ် ခြင်းများလည်း ပါ၏။ ကျွတ်ရွာကိစ္စရော၊ စံပယ်ပွင့်ဂိုဏ်းကိစ္စရော သားချိတ် ထားပြီး လေးလေးမြင့်နှင့် အမြန်လက်ထပ်ရေးကိုသာ စီစဉ်တော့မည်ဟု ဆုံးဖြတ် လိုက်ပါသည်။

ညကကောင်းစွာ အိပ်မပျော်သဖြင့် နံနက်တွင် နောက်ကျ၍နိုးသည်။ ကျွန်တော်အိပ်ရာမှ နိုးသည်တွင် အိမ်သူအိမ်သားများကို မတွေ့ရ၊ ဦးဖြူသီး ကိုပါ မတွေ့ရပါ။ ကျွန်တော်မျက်နှာသစ်ပြီး ဧည့်ခန်းစားပွဲ၌ ထိုင်နေသည်။ ခဏနေတော့မှ မမြင့်သောင်းရောက်လာသည်။ သူမက ကျွန်တော့်အတွက် လက် ဖက်ရည်ကြမ်းနှင့် ပဲပြုတ်ကြော်ကို လာချပေးသည်။

"အိမ်ကလူတွေ ဘယ်သွားကုန်ကြလဲ"

ကျွန်တော် မမြင့်သောင်းကို ဖွင့်မေးသည်။

"အဘွားက ရမည်းသင်းသွားတယ်။ အဘက ဘုရားဘက်သွား တယ်။ မမလေးလေးမြင့်ကတော့ဆိုင်ကို သွားပါတယ်။ မမလေးလေးမြင့်လေ ညက အိပ်ရင်းနဲ့ ဆရာ ဆရာနဲ့ ယောင်ခေါ်နေတယ်"

မမြင့်သောင်း ကျွန်တော့်မျက်နှာကို ပြုံးစိစိနှင့် ကြည့်ပြီးပြောတော့ ကျွန်တော် အနေခက်သွားသည်။

"ဦးဖြူသီးတစ်ယောက် ဘယ်များသွားပါလိမ့်"

"ဦးဦးလဲ ဘယ်သွားတယ် မသိဘူး၊ အိမ်ပေါ်က ဆင်းသွားတာပဲ"

"သူဆင်းသွားတာ ကြာပြီလား"

"ဟုတ်ကဲ့ ... မနက်အစောကြီးကပါပဲ"

မမြင့်သောင်းပြောပြီး ကျွန်တော့်အပါးမှ ထွက်ခွာသွားသည်။ ကျွန် တော် ပဲပြုတ်နှင့် လက်ဖက်ရည်ကြမ်းသောက်စားရင်း ဦးဖြူသီးကို မျှော်စောင့်နေ သည်။ လှည့်ပတ်နေသော နာရီလက်တံများက အကွက်ပေါင်းများစွာကို ကျော် လွှားခဲ့လေပြီ။ ဦးဖြူသီးရောက်မလာသေးပါ။

ကျွန်တော် ကျွတ်ရွာတောင်ကြားသို့ မသွားရန် သူ့ကို ပြောရမည်။ စံပယ်ပွင့်ဂိုဏ်းနှင့် ပတ်သက်၍လည်း စိတ်မဝင်စားတော့ရန်၊ မကြိုးစားတော့ရန် ပြောရမည်။ ကျွန်တော့်အဖို့ အရေးကြီးသည်မှာ လေးလေးမြင့်နှင့် လက်ထပ်နိုင် ရန်သာ ဖြစ်ပါသည်။ တိုင်းပြည်အရေး လူမျိုးအရေးသည် အဓိကမဟုတ်တော့ ပါ။ ကိုယ့်အရေးမှသာ တကယ့်အရေး။

သည်နှယ် စိတ်ထားအပြောင်းအလွဲ ဖြစ်သွားသည်မို့ ကျွန်တော့်ကို အပြစ်ဆိုချင်ဆိုပါ။ လူသည် အတ္တဆန်သော သတ္တဝါဖြစ်၏။ လူသားတစ် ယောက်ဖြစ်သော ကျွန်တော်သည်လည်း အတ္တဆန်ရပါတော့မည်။ သွားရမည့်



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားမှာ ပြန်မလာတောင်ကြား၊ သေမင်းတောင်ကြားဟုဆို၏။ ထိုတောင်ကြားသွားသဖြင့် မိမိအသက် သေဆုံးသွားပါက မိမိသာချစ်သူနှင့် ကွေကွင်းရပြီး နစ်နာဆုံးရှုံးရမည် မဟုတ်လား။

နှလုံးသားရေးနှင့် ပတ်သက်လာပြီဆိုတော့ ကျွန်တော့်မှာ ကိုယ့်အရေးမှလွဲ၍ ... အခြားအရေးအခင်းဟူသမျှ ဘာမှ စိတ်မဝင်စားနိုင်အောင် ဖြစ်နေရလေတော့သည်။

ဦးဖြူသီးသည် နံနက်စာစားချိန်အထိ ပြန်ရောက်မလာပါ။ ထိုအချိန်တွင် အိမ်သားအားလုံးဆုံ၏။ သို့သော်လည်း ဦးဖြူသီး ဘယ်သွားသည်ဟု မည်သူမျှ မသိကြ။

နေ့လယ်ခင်းတွင်လည်း ဦးဖြူသီးကို ကျွန်တော်မျှော်စောင့်သည်။ ပြောရမည်။ ကျွန်တော့်စိတ်ဆန္ဒတွင်ရှိသည်များနှင့် ကျွန်တော့်အစီအစဉ်များကို သူ့အား ပြောပြချင်လှပါပြီ။

တစ်နေကုန် မျှော်စောင့်နေရ၏။ ညနေရောက်မှ ဦးဖြူသီးမျက်နှာကို ဖူးမြင်ရသည်။

"ကိုယ်တော်ဘုရား၊ တစ်နေ့လုံး ဘယ်များရွှေစကြာဖြန့်တော်မူနေပါသလဲ" ကျွန်တော် စိတ်ပေါက်ပေါက်ရှိသည်နှင့် သူ့ကို ငေါ့ထေ့ထေ့ မေးလိုက်ပါသည်။

"ငါက မင်းလိုအချစ်နာကျနေတာ မဟုတ်ဘူးကွ၊ လုပ်စရာရှိတာလျှောက်လုပ်နေတာ"

သူကလည်း ကျွန်တော့်ကို စိတ်ချဉ်ပေါက်ဟန်နှင့် ပြော၏။

"ကျွန်တော်က ဘယ်မှာအချစ်နာကျနေလို့လဲ"

"အချစ်နာကျလား၊ မကျလားတော့ မသိဘူး၊ တစ်ညလုံး တမြင့်တည်း မြင့် နေလို့ ငါ့မှာကောင်းကောင်းတောင် မအိပ်ရဘူး"

သူပြောတော့ ကျွန်တော်ရှက်ပြုံး ပြုံးမိသည်။

"ဦးဖြူသီးကို ကျွန်တော်ပြောစရာတွေ အများကြီးရှိတယ်"

"မင်းကိုပြောစရာတွေလဲ ငါ့မှာအများကြီးပဲ"

"ညစာစားပြီးရင် ဘုရားဘက် လမ်းလျှောက်ကြမလား"

"မြင့်နဲ့ မလျှောက်တော့ဘူးလား"

"ဦးဖြူသီးနဲ့ အရေးကြီးတဲ့စကားတွေ ပြောစရာရှိလို့"

"အေး ... လျှောက်ကြတာပေါ့"

ဦးဖြူသီး ရေချိုးပြီးချိန်တွင် လေးလေးမြင့်အလုပ်မှ ပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ ဒီနေ့လမ်းမလျှောက်သေးဘူး၊ ဦးဖြူသီးနဲ့ တိုင်ပင်စရာရှိလို့"

အိမ်သားများအလစ်တွင် လေးလေးမြင့်အား ကျွန်တော်ကပြောသည်။

"တောင်ကြားသွားဖို့ကိစ္စလား"

"ဟုတ်တယ်၊ မသွားတော့ဘူးလို့ တိုင်ပင်မယ်လို့"

လေးလေးမြင့်ဘာမျှ မပြောတော့ဘဲ နှုတ်ဆိတ်သွားသည်။

ညစာစားပြီးနောက် ဦးဖြူသီးနှင့်ကျွန်တော် အိမ်ပေါ်မှဆင်းလာခဲ့ကြသည်။ လမ်းမကျယ်ပေါ်၌ ဦးဖြူသီးနှင့် ကျွန်တော်လျှောက်နေစဉ် မြင်းလှည်းတစ်စီး အပြင်းမောင်းနှင်လာသည်နှင့် လမ်းနံဘေးသို့ ကပ်ရှောင်ပေးလိုက်ရသည်။ မြင်းလှည်းပေါ်တွင် ခရီးသည် နှစ်ယောက်ပါသည်။ နှစ်ယောက်စလုံး ကျွန်တော် ကောင်းစွာသိသည်။

တစ်ယောက်မှာ တစ်ခါကမြင်းလှည်းပေါ်တွင် ဆုံခဲ့သော အမျိုးသမီးဖြစ်၍ ကျန်တစ်ယောက်ကတော့ ကာလပ်တွင် ကျွန်တော် မြင်တွေ့ခဲ့သော လူငယ်ဖြစ်ပါသည်။ မြင်းလှည်းသည် လမ်းမကြီးအတိုင်း ဒုန်းစိုင်းမောင်းနှင်သွားသည်။ ကျွန်တော်တို့ မျက်စိကွယ်ရာသို့ ခဏအတွင်းမှာပင် ရောက်ရှိသွား၏။

"ဦးဖြူသီး မြင်လိုက်တယ် မို့လား"

မြင်းလှည်း မြင်ကွင်းမှ ပျောက်ကွယ်သွားတော့ ကျွန်တော် ဦးဖြူသီးဘက် လှည့်၍ မေးလိုက်ပါသည်။

"ဟို ... အမျိုးသမီးကို ပြောတာမို့လား"

"ဆိုပါတော့ သူနဲ့အတူပါလာတဲ့ လူငယ်ကလဲ စံပယ်ပွင့်ဂိုဏ်းဝင်ပဲ၊ ကာလပ်မှာ ကျွန်တော်တွေ့ခဲ့တယ်ဆိုတာ သူပေါ့"

ကျွန်တော်ပြောတော့ ဦးဖြူသီးစဉ်းစားနေသည်။ ကျွန်တော်တို့ ဆက်လက်လျှောက်လာသည်။

"သူတို့ စပျစ်ခြံကိုသွားတာ ဖြစ်မယ်" ဦးဖြူသီး မှတ်ချက်ချသည်။

"ကျွန်တော်တို့ ကျတ်ရွာကို မသွားဘဲနေကြရင် ကောင်းမယ် ထင်တယ်"

"ဟေ ... ဘာကွ" ဦးဖြူသီးက ကျယ်လောင်စွာအော်ပြီး ကျွန်တော့်မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်သည်။ ကျွန်တော်၏ ခြေလှမ်းတန့်ရပ်သွားရ၏။

"မင်းကဘာယ်လို ဖောက်ပြန်လာပြန်တာလဲ"

ဦးဖြူသီး ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်ပြီးမေး၏။

"အဲဒီတောင်ကြားသွားတဲ့ လူတိုင်းပြန်မလာကြဘူးတဲ့၊ ဒါကြောင့် ဒီတောင်ကြားကို ပြန်မလာတောင်ကြား၊ သေမင်းတောင်ကြားလို့ ဒီအရပ်က ခေါ်ကြတယ်ဆိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြုလို့ ပြန်မလာတာတဲ့လဲ"

သူမေးတော့ ကျွန်တော်ကိုလေးလေးမြင့် မနေ့ညနေက ပြောပြထားသော အကြောင်းအရာများကို သူ့အားပြောပြလိုက်ပါသည်။ ကျွန်တော်ပြောတော့ ဦးဖြူသီး အလေးအနက်စဉ်းစားသည်။

"ငါလေ့လာမိသလောက်တော့ ကိုသာဆောင်ဟာ ဒီလောက်အထိ ရက်စက်မယ်လို့ မထင်မိဘူး"

"ဒီနေရာမှာတော့ ဦးဖြူသီးနဲ့ကျွန်တော် လူကဲခတ်ပုံချင်း မြင်ပုံချင်း ဆန့်ကျင်ဘက်ဖြစ်နေပြီ၊ ကျွန်တော်ကတော့ ဦးသာဆောင်ဟာ ရက်စက်မယ့် ရုပ်လို့ မြင်တယ်"

"အေးလေ ... မင်းနဲ့ငါ လူကဲခတ်တာ ဘယ်သူမှန်တယ် မမှန်ဘူး ဆိုတာ မနက်ဖြန် သန်ဘက်ခါဆို သိရတော့မှာပေါ့"

"ကျွန်တော်တော့ အဲဒီတောင်ကြားသွားဖို့ကိစ္စ နည်းနည်းမှ စိတ်မပါတော့ဘူးဗျာ"

ကျွန်တော်က ညည်းလျက် ပြောသည်။

"မင်းဘာကြောင်တာလဲ၊ ဘာလဲမင်းကြောက်နေသလား" ဦးဖြူသီးက ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်ပြီး မေးပါသည်။

"ဟုတ်တယ်လေ၊ ကျွန်တော်ကြောက်နေတယ်၊ ခုနေအခါမှာ ကျွန်တော် မသေချင်ဘူး။ ကိုယ့်အသက်ကိုယ် သိပ်တန်ဖိုးထားရမယ့်အချိန်၊ ကိုယ့်ဘဝ ကိုယ် အလွန်မြတ်နိုးရမယ့် အချိန်ဖြစ်နေတယ်"

"ဟ ... မင်းစကားကလဲ ကြီးကျယ်ခမ်းနားလှပါကလားကွ၊ ဘာဖြစ်လို့လဲ ဆိုစမ်းပါဦး"

ဦးဖြူသီး ကျွန်တော့်မျက်နှာကို စိတ်ဝင်စားဟန်နှင့် စူးစိုက်ကြည့်ပြီး မေးသည်။

"အခု ကျွန်တော် လေးလေးမြင့်ဆီက ချစ်တုံ့ပြန်မှုကို ရနေပြီဗျ၊ သူနဲ့ ကျွန်တော်ချစ်နေကြပြီ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... မိန်းမတစ်ယောက်ကို ချစ်ခွင့်ရတာနဲ့ ကိုယ့်ရည်ရွယ်ချက်ကြီးကို ဖျက်ရတယ်ဆိုတာ ရက်စရာ ကောင်းလှသကွာ၊ သိပ်ကိုရှက်စရာကောင်းပါတယ်"

ဦးဖြူသီး ဟားတိုက်ရယ်ပြီးပြောတော့ ကျွန်တော်တစ်ကိုယ်လုံးဖြာ ရှိန်းဖိန်းသွားသည်။ ပတ်ဝန်းကျင်ကိုလည်း မျက်လုံးဝေ့၍ကြည့်မိသည်။ တော်ပါသေးရဲ့၊ ကျွန်တော်တို့ ရပ်နေသော အနီးအနားတွင် လူနေအိမ်မရှိသော ကွက်လပ် ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖြူသီး သရော်သည်ကို ကျွန်တော်ခံပြင်းလှ၏။

"ခင်ဗျားက ပြောနိုင်တာပေါ့လေ၊ ခင်ဗျားတစ်သက်မှာ ဘယ်မိန်းမကိုမှ ချစ်ခွင့်မရခဲ့၊ ပြောနိုင်တာပေါ့။ ကျွန်တော့်လို လှနတ်မယ်လေးနဲ့သာ ချစ်ခွင့်ရနေမယ်ဆိုရင် ဦးဖြူသီး ဒီစကားပြောမှာ မဟုတ်ပါဘူး"

ကျွန်တော်က ရင်ထဲတွင် နာနာကြည်းကြည်းနှင့် ပြောလိုက်ပါသည်။

"အေးလေ ... ငါက လက်တွေ့မပြနိုင်တော့ မင်းပြောပေါ့ကွာ။ ဒါပေမယ်လို့ ဒီလိုရှိတယ်ကွ၊ မင်းဟာ သာမန်အများထဲက လူတစ်ယောက် မဟုတ်ဘူး၊ တိုင်းပြည်ကောင်းကျိုးကို ကလောင်နဲ့ ထမ်းရွက်နေတဲ့ လူတစ်ယောက်ဖြစ်တယ်ဆိုတာ မင်းနားလည်ရမယ်။ ခု ငါက စံပယ်ပွင့်ဂိုဏ်းကို ဖမ်းဆီးနိုင်ဖို့အတွက် ရမည်းသင်းရဲစခန်းမှာ အားလုံးစီစဉ်ခဲ့ပြီ။ ငါ့အစီအစဉ်ထဲမှာ မင်းကို အရေးပါတဲ့နေရာက ထားတာ"

"ဘယ်လိုအရေးပါတဲ့ နေရာကလဲ"

ကျွန်တော် အလောတကြီး မေးလိုက်သည်။

"စံပယ်ပွင့်ဂိုဏ်းနဲ့ ဦးစောအောင်ဆက်စပ်မှု၊ ဦးစောအောင်နဲ့ ကျွတ်ရွာဆက်စပ်မှု၊ ဦးစောအောင်နဲ့ ဟီးရိုးအင်း ဆက်စပ်မှု၊ စပျစ်ခြံနဲ့စံပယ်ပွင့်ဂိုဏ်းဆက်စပ်မှု၊ ဒါတွေအားလုံးကို သဲလွန်စရှာဖွေကြိုးပမ်းတာဟာ မင်းလို့ငါက ရဲစခန်းမှာ ပြောထားတယ်၊ ဒါတွင်မဟုတ်ဘူး၊ ဒီစာရေးဆရာဟာ ကလောင်နဲ့သာ တိုင်းပြည်အကျိုးကို သည်ပိုးဆောင်ရွက်သည်မဟုတ်ဘဲ စွန့်စားစရာ ရှိရင်လဲ သက်စွန့်ဆံဖျား စွန့်စားပြီး တိုင်းပြည်နဲ့ လူမျိုးအကျိုးဆောင်ရွက်တတ်တယ်ဆိုတဲ့အကြောင်းပြောပြီး မင်းကို ဂုဏ်တင်ရှေ့တန်းတင် ထားတယ်။ အဲဒီလိုဂုဏ်တင်ရှေ့တန်းတင်ထားတဲ့ အချိန်ကျမှ မင်းက မိန်းမတစ်ယောက်ကို ချစ်ခွင့်ရတာနဲ့ လုပ်ငန်းကို ဖျက်ပစ်လိုက်တယ်ဆိုရင် လောကမှာ မင်းလောက်ညံ့တဲ့၊ သောက်သုံးမကျတဲ့ စာရေးဆရာရှိပါဦးမလား"

ဦးဖြူသီးပြောစကားကို နားစိုက်ထောင်နေရင်းနှင့် ကျွန်တော့်ကိုယ်မှာ ပူခနဲ ရှိန်းခနဲ နွေးခနဲ အေးခနဲ ဖြစ်နေရုံမက အသည်းရင်ပါ ဆတ်ဆတ်ခါအောင် ခံစားနေရပါသည်။

"မင်းစဉ်းစားလေ၊ မင်းရဲ့တန်ဖိုးရှိလှတဲ့ အခွင့်အရေးနဲ့ နှလုံးသားပြဿနာနဲ့လဲနိုင်၊ မလဲနိုင် မင်းစဉ်းစားပေါ့။ ပြီးတော့ ငါပြောရဲပါတယ်၊ သေမင်းတောင်ကြားသွားသူတိုင်း ပြန်မလာကြပေမယ်လို့ တို့ကတော့ပြန်လာ ကြရမှာပါ၊ အဲဒီလိုပြန်လာတဲ့အခါမှာ မင်းရဲ့ချစ်သူဟာလဲ မင်းကို မဟာသူ့ရဲကောင်းကြီးအဖြစ်နဲ့ ပန်းကုံးစွပ်မှာ သေချာပါတယ်"

ဦးဖြူသီးအပြောကြားတော့ ကျွန်တော် အားတက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်စဉ်းစားမယ်ဗျာ၊ ရှေ့ဆက်လျှောက်ကြရအောင်"

ကျွန်တော်တို့ ရပ်နေရာမှ ရှေ့ဆက်၍ လျှောက်လာကြပါသည်။ တုန့်ခုံဆိုင်ရှေ့ရောက်တော့ ဆိုင်ဘက်ကို ကျွန်တော်ကြည့်သည်။ တရုတ်အမျိုးသမီး ဝတ္ထုစာအုပ်တစ်အုပ်ဖတ်နေသည်ကို မြင်တွေ့ရ၏။ သို့သော်လည်း သူမသည် စာအုပ်ကို စိတ်ဝင်စားဟန်မရှိဘဲ တစ်ရံတစ်ခါတွင် စာအုပ်ပေါ်မှကျော်လျက် ကျွန်တော်တို့ကို ကြည့်သည်။

"ဦးဖြူသီး ခဏလေးနေဦးဗျာ၊ ကျွန်တော် စီးကရက်ဝယ်လိုက်ဦးမယ်"

ကျွန်တော်ပြောပြီး ဆိုင်ဆီသို့ လျှောက်လာခဲ့သည်။ ဦးဖြူသီး ကျွန်တော့် နောက်မှ တရွေ့ရွေ့နှင့်လိုက်လာသည်။ ကျွန်တော်တို့ဆိုင်ရှေ့ ရောက်သည်အထိ တရုတ်မက စာအုပ်ကို သဲသဲမဲမဲ ဖတ်နေသည်။

"ခပေါင်းစီးကရက် တစ်ဘူးလောက်ပေးပါ" ဦးဖြူသီးက ကျွန်တော့် နောက်မှ လှမ်းပြောသည်မို့ ကျွန်တော် သူ့ကို လှည့်ကြည့်မိသည်။

"ခပေါင်းကုန်နေပါတယ်" မြန်မာအဝတ်နှင့် တရုတ်မသည် မြန်မာစကား ပီသစွာဖြင့် ပြန်ပြောသည်။

"ဒူးယားကော ရှိသလား" ဦးဖြူသီးက မေးပြန်၏။

"ဒူးယားကော ရှိသလား"

"ရှိပါတယ်"

"တစ်ဘူးပေးပါ ... ကဲ ... ပိုက်ဆံပေးလိုက်ကွာ"

ကျွန်တော်က သူ့အမိန့်အတိုင်း ဒူးယားစီးကရက်ဖိုး ပေးလိုက်ပါသည်။ ကျွန်တော်တို့ ဈေးဆိုင်ရှေ့မှ ထွက်ခွာခဲ့ကြသည်။

"ကျွန်တော်က ဘယ်တုန်းက ခပေါင်းသောက်လို့ ခပေါင်းစီးကရက် မေးရတာလဲ"

ဆိုင်နှင့် မလှမ်းမကမ်း ရောက်တော့ ကျွန်တော်မေးပါသည်။

"ဟီးရိုးအင်းကို ခပေါင်းစီးကရက်ထဲထည့်တယ် မဟုတ်လား၊ တကယ်တော့ ခပေါင်းကို ဒူးယားလောက် လူကြိုက်မများဘူး၊ ဒီဆိုင်မှာ ခပေါင်းကုန်နေပြီး ဒူးယားရှိနေတာကိုက စဉ်းစားစရာဖြစ်နေတယ်၊ ဘုရားပွဲတော်မှာ ဖြန့် ဖြူးဖို့အတွက် ဟီးရိုးအင်းပါတဲ့ စီးကရက်တွေ ဘယ်လောက်များများ လုပ်ထားကြတယ် မသိဘူး"

သူပြောတော့မှ ဦးဖြူသီးမေးသည်မှာ အဓိပ္ပာယ်မဲ့မေးခြင်းမဟုတ်ကြောင်း ကျွန်တော် နားလည်မိလေသည်။

ကျွန်တော်တို့လျှောက်ရင်းနှင့် ပွဲခင်းအတွက် ပြင်ဆင်ထားသော နေရာ



www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ရောက်ရာသည်။ ဈေးသည်တွေ ရောက်နေကြပြီ။ အချို့ဆိုင်များ ဖွင့်လှစ်ရောင်းချနေကြသည်။ အချို့က ပြင်တုန်း၊ ဆင်တုန်း၊ ရေကန်တွင် ရေခပ်သူ။ မီးခိုးတလူလူနှင့် ချက်ပြုတ်နေကြသူများ။ သွားလာနေကြသူများ။

နှစ်တစ်ပတ်လည်မျှ ငြိမ်သက်တိတ်ဆိတ်နေဟန်ရှိသော ဤနေရာမှာ ယခုအခါ လှုပ်ရှားစည်းကားနေသည်။ သန်ဘက်ခါဆိုလျှင်တော့ ဆိုင်းသံ၊ ဗုံသံတွေနှင့် သိုက်မြိုက်ဝေစီ နေပေတော့မည်။

"တောင်ကြားကိုသွားမယ့်ကိစ္စက ဘယ်လိုရည်ရွယ်ချက်လဲ"

တိတ်ဆိတ်လျှောက်လာကြရာမှ ကျွန်တော်ကစ၍ မေးပါသည်။

"လာကွာ၊ ဟောဟိုအနားမှာထိုင်ပြီး အေးအေးဆေးဆေး ပြောရအောင်"

ဦးဖြူသီးက လူရှင်းရာတစ်နေရာကို လက်ညှိုးညွှန်ပြပြီး ပြောသည်။ ကျွန်တော်တို့ ထိုနေရာမှာ သွားထိုင်ကြသည်။ ဦးဖြူသီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီးမှ ပြောသည်။

"ငါစဉ်းစားတွက်ချက်လို့ ရတာကိုပြောရရင် စံပယ်ပွင့်ဂိုဏ်းဟာ ဟီးရိုးအင်းသောက်ရှူဖြန့်ဖြူးတဲ့ဂိုဏ်းလို့ တွက်လို့ရတယ်။ ဒီဂိုဏ်းကို နိုင်ငံအနှံ့ဖြန့်ဖြူးဖို့ ကြိုးစားနေပုံဘဲ၊ စံပယ်ပွင့်အမှတ်အသားကိုတွေ့ရင် လူချင်းမသိပေမယ်လို့ သူတို့ဂိုဏ်းသားဆိုတာ အချင်းချင်းသိကြမယ်၊ ဂိုဏ်းသား အချင်းချင်း တစ်ဆင့်ပြီးတစ်ဆင့် ဖြန့်ဖြူးနိုင်ဖို့ စီစဉ်ထားတာလို့ ငါထင်တယ်၊ ဒီဂိုဏ်းရဲ့ ခေါင်းဆောင်ဟာ ဦးစောအောင်လဲ ဖြစ်ချင်ဖြစ်မယ်၊ ဟိုအမျိုးသမီးလဲ ဖြစ်ချင်ဖြစ်မယ်၊ ဘာပဲပြောပြော သူတို့နှစ်ယောက် ဆက်သွယ်မှုရှိတာကတော့ အမှန်ပဲ၊ တောင်ကြားထဲကို လူတွေ မလာမိအောင် ဖန်တီးထားတာနဲ့ ပတ်သက်လို့ကတော့ အဲဒီမှာ ဟီးရိုးအင်းချက်လုပ်တဲ့ စက်ရုံသော်လည်းကောင်း၊ သိုလှောင်တာ သော်လည်းကောင်း ရှိနေမယ်လို့ ငါထင်တယ်၊ စပျစ်ခြံကို စခန်းထောက်အဖြစ်ထားတာကိုပဲ မင်းကြည့်၊ ဒီနေရာဟာ ချောင်ကြတယ်၊ လူသူ အရောက်အပေါက်နည်းတယ် မဟုတ်လား၊ ကိုသာဆောင်ဟာ သူ့နေရာကို စခန်းထောက်ထားတာနဲ့ ပတ်သက်ပြီး တယ်သဘောကျဟန် မရှိဘူး၊ သေသွားတယ်ဆိုတဲ့လူနဲ့ စံပယ်ပွင့်ဂိုဏ်း ပထမဆက်သွယ်မှုရှိရမယ်။ တစ်စုံတစ်ခု မကျေနပ်ချက်ကြောင့် အဲဒီလူက သစ္စာဖောက်ဖို့ ကြိုးစားတဲ့အခါမှ စံပယ်ပွင့်ဂိုဏ်းက ကိုသာဆောင်ရဲ့ ရှေ့မှာ ရက်ရက်စက်စက်သတ်ပြလိုက်လို့ ကိုသာဆောင် ကြောက်ပြီး စိတ်မပါဘဲနဲ့ လိုက်လျောနေရတယ်လို့ ငါထင်တယ်"

"အဲလိုဆို ဦးသာဆောင်ကို ဖမ်းပြီး စစ်မေးကြည့်ရင် စံပယ်ပွင့်ဂိုဏ်း အကြောင်းသိရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အရင်းကိုမဖြိုနိုင်ဘဲနဲ့ အဖျားကိုဖြိုလို့ရမယ် မဟုတ်ဘူး၊ ကိုသာဆောင်ကို သူတို့ တစ်နည်းနည်းနဲ့ နှုတ်ပိတ်ပစ်လိမ့်မယ်"

"ကျွန်တော်တို့ သူတို့ဌာနချုပ်ကို သွားရှာမယ်ဆိုပါတော့"

"ဟုတ်တယ်၊ စံပယ်ပွင့်ဂိုဏ်းဟာ တို့ဒီရောက်နေတာ နည်းနည်းမှ မလိုလားဘူး၊ တို့ကိုအပြတ်ရှင်းချင်တယ်၊ တို့ဘယ်သူတွေဆိုတာ သူတို့သိကြတယ်။ ဒါကြောင့် ဦးစောအောင်က မင်းကိုကျုတ်ရွာအကြောင်း ကျုတ်ပုံပြင်ပြောပြီး ဖြားယောင်းတာဘဲ၊ ဒီလိုနေရာမျိုးကို ငါတို့သွားတတ်တယ် ... လေ့လာတတ်တယ်ဆိုတာ သိထားကြတာကိုး၊ ဟိုရောက်ရင် တို့ကို သူတို့ အပြတ်ရှင်းကြမှာပဲ၊ ပြီးတော့မှ ကျုတ်ရွာ သေမင်းတောင်ကြားသွားလို့ ... ကျုတ်စားလိုက်ပြီ ဘာညာနဲ့ သတင်းလွှင့်ကြမှာပေါ့"

ဦးဖြူသီး အပြောကြားတော့ ကျွန်တော် ကျောချမ်းသွားသည်။

"ဒါပေမယ်လို့ ... တို့မသေနိုင်ပါဘူး၊ တို့အတွက် လုံခြုံမှုရှိအောင် အားလုံး စီစဥ်ထားပါတယ်"

"သူတို့ဆင်ထားတဲ့ ထောင်ချောက်ကို ကျွန်တော်တို့ ဖွတ်တိုးဝင်မယ်လား" ကျွန်တော် ရင်တထိတ်ထိတ်နှင့် မေးမိသည်။

"တိုးဝင်ရမှာပဲ၊ အဲဒီလိုမှတိုးမဝင်ရင် ဒီဂိုဏ်းဖြိုဖို့ မလွယ်ဘူး"

သူပြောတော့ ကျွန်တော် ကျောတွန့်မိသည်။

"ကျွန်တော်တို့နှစ်ယောက်တည်း သွားရမှာလား"

"ဟုတ်တယ်"

"ဘာလက်နက်မှ မပါဘဲနဲ့သွားလို့ ဖြစ်ပါ့မလား"

"လက်နက် မလိုပါဘူး ... ဖြူသီးမှာ ဒါရှိနေတာပဲ"

ဦးဖြူသီးက သူ့ခေါင်းကို လက်နှင့်ထောက်ပြပြီးပြောသည်။ ကျွန်တော် သက်ပြင်းရှိုက်မိသည်။

"ဦးစောအောင်က အဲဒီတောင်ကြားမသွားဖို့ ကျွန်တော်တို့ကို တားသေးတာပဲ၊ ဦးဖြူသီးပြောသလို ဖြစ်နိုင်ပါ့မလား"

ကျွန်တော် အတန်ကြာအောင် စဥ်းစားပြီးမှ မေးသည်။

"သူတားတာက ငါ့ကိုသွားချင်အောင် ဆွပေးတာပါ"

ကျွန်တော်စဥ်းစားနေသည်။ ကျွန်တော့်အတွေးထဲသို့ လေးလေးမြင့် ရောက်နေသည်။ ဦးဖြူသီး ပြောသလိုမဖြစ်ဘဲ မပြန်လမ်းမြန်းရလျှင်တော့ လေးလေးမြင့်နှင့် ကျွန်တော်ကွဲရချေတော့မည်။

"မင်းဆုံးဖြတ်လို့ မရသေးဘူးလား၊ ငါ့အနေနဲ့ကတော့ မင်းသွားသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ စီစဥ်ပြီးမှတော့ သွားရတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စဉ်းစားရခက်နေသည်။ တစ်ဖက်တွင် လေးလေးမြင့် သံယောဇဉ် အမျှင်တန်းနေသလို ဦးဖြူသီးကိုလည်း တစ်ယောက်တည်း မသွားစေလို၊ သူ့ကို စိတ်မချနိုင် ဖြစ်နေရသည်။ နို့ပြီးအပွဲပွဲနွဲလာခဲ့ပြီးမှ သည်ပွဲတွင် အမျိုးသမီးတစ်ယောက်နှင့်ပတ်သက်ပြီး ရှောင်ဖယ်ရမည်ကိုလည်း ရှက်မိပါသည်။

"လေးလေးမြင့်နဲ့မင်းနဲ့က ဘယ်အခြေအထိ ရောက်နေပြီလဲ"

ဦးဖြူသီးက မေးသည်။

"လက်ထပ်ကြဖို့ပဲ လိုပါတော့တယ်"

"ဟော ... အလွန်အကြူးတွေ ဖြစ်ကုန်ကြပြီလား"

ဦးဖြူသီး စိုးရိမ်ဟန်နှင့်မေးသည်။

"ဒီအထိတော့ မဖြစ်ကြသေးပါဘူး"

"မင်းအနေနဲ့ ဆုံးဖြတ်လို့မရသေးဘူးလား"

သူက မေးပြန်သည်။

"အစီအစဉ်တွေ အားလုံးပြီးနေပြီဆိုတော့လဲ နေခဲ့လို့ဘယ်ဖြစ်တော့မှာလဲဗျာ၊ ဦးဖြူသီးတစ်ယောက်တည်းလဲ ကျွန်တော် စိတ်မချနိုင်ပါဘူး"

ကျွန်တော် သက်ပြင်းရှိုက်ရင်း ပြောလိုက်ပါသည်။

"အေး ... ယောက်ျားဆိုတာ ဒီလိုမှပေါ့ကွာ၊ ကိုယ်ရည်ရွယ်ထားတဲ့ အလုပ်တစ်ခုကို အောင်မြင်တဲ့အထိလုပ်နိုင်ရမယ်ပေါ့၊ ကဲ ... မှောင်လာပြီ — အိမ်ပြန်ကြစို့"

ဦးဖြူသီးနှင့်ပြောသည်နှင့် ကျွန်တော်ထိုင်ရာမှ ထလိုက်ပါသည်။

အိမ်ပြန်ရောက်သော်လည်း ကျွန်တော့်စိတ်မှာ မကြည်မလင်ဖြစ်နေသည်။ အများနှင့်ရောနှောပြောဆို ရယ်မောနေရသည့်တိုင် ကျွန်တော်စိတ် မပါ၊ ရင်မှာနာကျင်သလို ခံစားနေရသည်။ စိတ်ဘဝင်ညှိုးချုံး၍ နုံးနေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၂ )

## မရေရာသော ဖြေစရာ

ကျွန်တော်တို့ သေမင်းတောင်ကြား သွားကြမည်ဆိုသည်ကို ကြားသိရ တော့ ဦးချစ်မောင်တို့ အိမ်သားများက တားကြသည်။ လေးလေးမြင့် မျက်နှာလေးမှာ သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ ကြေကွဲသော မျက်လုံးများနှင့် ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော်ရင်ဆို့နေပါသည်။

ဦးဖြူသီးသည် ထိုအကြောင်းကို အိမ်သားများအား ကြိုတင်ပြောမထားဘဲ အချိန်နီးကပ်မှ ပြောသည်။ တစ်ခဏအတွင်းမှာပင် ဦးစောအောင်၏ ဗင်ကား အိမ်ရှေ့တွင်ရပ်လာသည်။ ကျွန်တော်တို့ အိမ်သားများကို နှုတ်ဆက်ကြသည်။ လေးလေးမြင့်၏ မျက်ဝန်းတွင် မျက်ရည်ဝဲနေသည်ကို မြင်တွေ့ရသည်။ ကျွန်တော်ကိုယ်တိုင် မျက်ရည်မကျအောင် မနည်းကြိုးစားပြီး ထိန်းထားရသည်။

အိမ်လှေကားတွင် ဆင်းနေရသော်လည်း ကျွန်တော်ခြေများလေးနေပါသည်။ အောက်ရောက်၍ လှည့်ကြည့်သည်တွင် အိမ်သားများတန်းစီ၍ ကျွန်တော်တို့ကို ငေးကြည့်နေကြသည်။ ကျွန်တော်လေးလေးမြင့်ကို ညိုးနွမ်းလျက်



www.burmeseclassic.com

www.burmeseclassic.com



လက်ပြသည်။ အားလုံးက လက်ပြန်ပြကြသည်။ လေးလေးမြင့်သာ လက်မပြဘဲ ရှိနေရာမှ ထိုနေရာမှ ထွက်ခွာသွားသည်။ ကျွန်တော် သူမစကား နားမထောင်၍ ကျွန်တော့်ကို စိတ်ကောက်သွားလေသလား၊ ဒါမှမဟုတ် ကြေကွဲဝမ်းနည်းခြင်းကို မချုပ်တည်းနိုင်သဖြင့် ထွက်ခွါသွားခြင်းလား ဆိုသည်ကိုတော့ မမှန်းဆနိုင်ပါ။

ကားပေါ်တွင် ဦးစောအောင် ပါလာသည်။

"ကြွကြပါခင်ဗျာ ..."

ဦးစောအောင်က ဖိတ်ခေါ်သည်။ ကျွန်တော်တို့ ကားပေါ်ရောက်တော့ ကားထွက်ခွာသည်။ ကျွန်တော့်ရင်မှာ ဆို့နင့်ကြေကွဲနေပါသည်။ နေရောင်တောက်ပနေဆဲမှာပင်၊ စပျစ်ခြံသို့ရောက်လာကြသည်။ စပျစ်ခြံမှာ ယခင်ကလိုပင် တိတ်ဆိတ်နေသည်။ ဦးသာဆောင်၏ အခန်းတွင် ထိုင်ကြသည်။ ဦးသာဆောင်နှင့်အတူ ကျွန်တော်တို့ မမြင်ဖူးသော လူငယ်တစ်ယောက်ရှိနေသည်။ ထိုလူငယ်မှာ ရီဝေနေဟန်ရှိ၏။ သူ့လှုပ်ရှားပုံက ထိုင်းမှိုင်းသည်။

"ကဲ ... ကိုသာဆောင်၊ အချိန်သိပ်မရှိဘူး။ ဧည့်သည်တွေ စားသောက်ဖို့ စီစဉ်တော့ဗျာ ..."

ဦးစောအောင်ကပြောသည်။ ဦးသာဆောင်တို့ နောက်ခန်းဖက်ဝင်သွားပြီး ခဏကြာတော့ ထမင်းပွဲ၊ ဟင်းပွဲများ ယူလာသည်။ မန္တလေးဘရမ်ဒီပုလင်းလည်းပါသည်။

"ကဲ ... သုံးဆောင်ကြပါ"

ဦးစောအောင်က လောကဝတ်စကားဆိုသည်။ ကျွန်တော်တို့ ထမင်းပွဲမှာ ဝင်ထိုင်သည်။ အိမ်ရှင်သုံးယောက်နှင့်အတူ ဖြစ်သည်။

"ဒီနေ့ ကျွန်တော် ဗရမ်ဒီနည်းနည်းသောက်မယ် ခင်ဗျ"

ကျွန်တော်ပြောတော့ ဦးစောအောင်နှင့် ဦးသာဆောင်တို့ရယ်ကြသည်။ ဦးစောအောင်ကိုယ်တိုင် ဖန်ခွက်တစ်ခွက်ထဲသို့ ဘရမ်ဒီများ ထည့်ပေးသည်။

"ကဲ ... ရဲဆေးလေး တင်လိုက်ပေတော့ စာရေးဆရာရေ့"

ဦးစောအောင်က ရယ်ရယ်မောမောနှင့်ပြောသည်။ ဦးစောအောင်သည် ကျွန်တော့် အတွင်းစိတ်ကို သိနေသလား ထင်မိသည်။ ကျွန်တော်အရက်သောက်သည်မှာ တကယ်ပင်ရဲဆေးတင်ရခြင်း ဖြစ်၏။ မလွှဲမရှောင်သာ၍ လိုက်ပါခဲ့ရသည့်တိုင် ကျွန်တော်သွားရမည့်ခရီးမှာ ဘေးအန္တရာယ် ထူပြောကြောင်း ကျွန်တော် သိနေသည် မဟုတ်ပါလား။

ကျွန်တော်ဘရမ်ဒီတွင် ရေအနည်းငယ် ရောစပ်ပြီး တစ်ချက်တည်း မော့သောက် လိုက်ပါသည်။ ချက်ချင်းဆိုသလို သွေးများကြွကာပူရှိန်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထပ်ယူပါဦး"

ဦးစောအောင် ပြောတော့ ကျွန်တော် လက်ကာလိုက်သည်။

"ခဏနေမှ ထပ်ယူပါမယ်"

ကျွန်တော်ပြောပြီး အမဲသားဖတ်ကို ဆယ်ယူ၍စားသည်။ ဤဝိုင်းတွင် အရက်သောက်သူမှာ ဦးစောအောင်၊ ဦးသာဆောင် နှင့် ကျွန်တော်သာ ဖြစ်သည်။ အားလုံးပင် ထမင်းဟင်းများကို စားသောက်ကြသည်။

"နောက်ဆုံး စားခြင်းအနေနဲ့ဝအောင် သုံးဆောင်ကြပါခင်ဗျာ"

ဦးစောအောင်က ပြောပြီးရယ်သည်။ ဦးသာဆောင်နှင့်လူငယ်ပါ ရော ရယ်သည်။

"ဟုတ်ကဲ့ခင်ဗျ။ ကျုပ်တို့ကလဲ ဒါ ... ဦးစောအောင်တို့ နောက်ဆုံး ကျွေးတဲ့ထမင်းလို့ပဲ ယူဆပါတယ်"

ဦးဖြူသီး ပြောပြီးရယ်သည်။ ကျွန်တော်မှအပ အားလုံးရယ်ကြသည်။ ကျွန်တော်ဒုတိယအကြိမ်အရက် တစ်ပက်ခန့် တောင်းသောက်သည်။ ရစ်ထွေ လာသည်။ စိတ်တည်ငြိမ်လာသည်။ လေးလေးမြင့်ကိုလည်း ဥပေက္ခာပြုနိုင်လာ သည်။ ရှေ့တွင် ရင်ဆိုင်ရမည့် ပြဿနာအတွက် ဘာမျှ ဦးမလေးတော့။

ထမင်းစားပြီး ခဏအကြာတွင် မှောင်စပြုလာသည်။ ဦးသာဆောင်နှင့် လူငယ်က ကျွန်တော်တို့ကို တောင်ကြားသို့ လိုက်ပို့ကြမည်ဖြစ်သည်။

"ခင်ဗျားတို့နှစ်ယောက်ကို နောက်ဆုံးနှုတ်ဆက်ခြင်းပါပဲ"

ဦးစောအောင် ခြံဝမှနေပြီး လက်ကိုဝှေ့ယမ်းကာ ပြောသည်။ ကျွန်တော် နှင့်ဦးဖြူသီးကလည်း လက်ကိုဝှေ့ယမ်းပြပြီး နှုတ်ဆက်ကြသည်။ ကျွန်တော်တို့ လွင်ပြင်ကို ကျော်ဖြတ်နေကြသည်။ ကျွန်တော်ရှေ့ဆီမှ တောင်ပြာတန်းကြီးကို လှမ်းကြည့်ပြီး ရင်ခုန်နေသည်။ အရက်မူးလျက်နှင့်ပင် ကြောက်စိတ်ဝင်သည်။ လေးလေးမြင့်ကို သတိရပြီး ရင်မှာဆွေးသည်။

"ကံအကြောင်း ကောင်းမှပဲ ပေါင်းဆုံကြရတော့မယ် မြင့်ရေ၊ ကိုယ် တော့ သေမင်းတောင်ကြားကို သွားနေပြီ" စိတ်အတွေးထဲမှာ ရေရွတ်သည်။ စိတ်အားငယ်လျက် ရင်မှာဆွေးနေသည်။ တွေးရင်းတောရင်းနှင့်ပင် တောင်ခြေ သို့ရောက်လာသည်။ ထူးခြားသည်မှာ လမ်းခရီးတစ်လျှောက်လုံး ဘယ်သူ့ ဘယ်သူမှ စကားမပြောဘဲ တိတ်ဆိတ်လျက် ရှိနေကြခြင်းပဲ ဖြစ်ပါသည်။

တောင်တက်ခရီးကို ရောက်လာသည်။ တောင်မှာ ကျောက်တောင်ဖြစ် ၍ သစ်ပင်ပုကလေးများ ခပ်ကျဲကျဲ ပေါက်ရောက်နေသည်။ အတန်ငယ်မြင့်သည် မို့ ချွေးစို့အောင် တက်ရသည်။ တောင်ကိုတက်ပြီး အနိမ့်ထဲသို့ ဆင်းရသည်။ တောင်နှင်ချကြားသို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဟောဒီလက်ယာဘက်လမ်းအတိုင်းသာ သွားကြပေတော့၊ နှစ်ခါလုံလောက်သွားမိရင် ခင်ဗျားတို့ ရောက်ချင်တဲ့ ကျွတ်ရွာကိုရောက်ပါလိမ့်မယ်" ဦးသာဆောင်က ပြော၏။

"ဟုတ်ကဲ့ ... ကိုသာဆောင်၊ ခုလိုအပင်ပန်းခံပြီး လိုက်ပို့ပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်" ဦးဖြူသီးက ပြောသည်။

"ကျုပ်တို့ပြန်မယ် ... ဦးဖြူသီးတို့ သွားကြပေတော့"

ဦးသာဆောင်ပြောပြီး ကျွန်တော်တို့ကို ကျောခိုင်းသွားသည်။ သူတို့နှစ်ယောက်နှင့်ကျွန်တော်တို့နှစ်ယောက် ကျောခိုင်းကာ တရွေ့ရွေ့ခွာခဲ့ကြသည်။ တောင်ကြားတွင် မှောင်ဝါးဝါးရှိနေသည်မို့ ဦးဖြူသီးက သူ့လွယ်အိတ်ထဲမှ လက်နှိပ်ဓါတ်မီးကို ထုတ်၍အသုံးပြုပါသည်။

"ဒီတောင်ကြားကို ပြန်မလာတောင်ကြား၊ သေမင်းတောင်ကြားလို့သာ ဆိုတယ်၊ လူတွေဘယ်လောက်သွားလာထားသလဲဆို လမ်းကိုဖုန်နေတာပဲကွ"

ဦးဖြူသီးက ဖုန်နေသောလမ်းကို လက်နှိပ်မီးနှင့် ထိုးပြပြီးပြောသည်။

"ဦးဖြူသီးတွက်ကိန်းတွေ မှန်မှာသေချာပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့မှာ လက်နက်တစ်စုံတစ်ရာ မပါတော့ အားငယ်တယ်"

"လက်နက်မပါပေမယ်လို့ ဘာမှပူမနေနဲ့၊ ရဲအဖွဲ့က ကိုသာဆောင်တို့ကို လမ်းပြအဖြစ်နဲ့ ပြန်ခေါ်လာပြီး တို့ကိုကူညီမှာပါ"

ဦးဖြူသီးပြောတော့ ကျွန်တော် စိတ်အေးသွားပါသည်။

"သူတို့ကလဲ တို့ကိုဘုရားပွဲတော်ရက်မရောက်ခင် အပြတ်ရှင်းဖို့ ကြိုးစားတာပဲ။ ငါကလဲ ဒါကို အခွင့်အရေးတစ်ခုအနေနဲ့ အသုံးချလိုက်တာပဲ"

"ဘယ်လိုအသုံးချလိုက်တာလဲ"

"သူတို့က တို့ကို အပြတ်ရှင်းနိုင်ပြီဆိုပြီး ခပ်အေးအေးနေကြမယ်။ ပွဲတော်ရက်မှာ စံပယ်ပွင့်ဂိုဏ်းဝင်တွေ ဟိုကဒီကလာကြမယ်။ စံပယ်ပွင့်ဂိုဏ်းသားချင်း ဆက်သွယ်နိုင်အောင် အမှတ်အသားပါတဲ့ အင်္ကျီတွေဝတ်လာကြမယ်။ ရဲက ဒီအမှတ်အသားပါတဲ့ လူတွေကိုဖမ်းလိုက်ရုံပေါ့"

"ပွဲတော်က မနက်ဖြန်ညပဲ"

"ဟုတ်တယ် ... ဒါပေမယ်လို့ မနက်ဖြန်ညမှာ တို့သိမ်ကုန်းကို ပြန်ရောက်ဦးမှာမှ မဟုတ်ဘဲ"

ဦးဖြူသီးပြောတော့ ကျွန်တော်ကျေနပ်သွားသည်။ ဦးဖြူသီးမည်သို့စီစဉ်ထားသည်ကိုလည်း မသိပါ။ သို့သော်လည်း ကျွန်တော် မမေးတော့။ နှုတ်ဆိတ်နေလိုက်သည်။ ကျရောက်လာသမျှ ဘေးအန္တရာယ်ကို ရင်ဆိုင်ရန်သာ ဆုံးဖြတ်ထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဝေးဝေးတွင် မီးရောင်လက်လက်ကို မြင်ရသည်။ မီးရောင်မြင်သော်လည်း ကျွန်တော် အားမတက်ပါ၊ ထိုမီးရောင် လက်လက်သည် သေမင်းက မျက်စပစ်ခေါ်နေသကဲ့သို့သာ ကျွန်တော်ထင်မိနေသည်။ ခြေထောက်များဆွဲမရချင်သလို လေးလံနေသည်။ ရင်မှာ လှုပ်ရှားနေသည်။ ဦးဖြူသီးမှာ ဘာအပူအပင်မရှိသူကဲ့သို့ ရှေ့မှမှန်မှန် သွားနေသည်။ ကျွန်တော် မသယ်ချင်သောခြေကိုအားယူသယ်လှမ်းရင်း သူ့နောက်မှလိုက်ခဲ့ပါသည်။

မီးရောင်သည် သေးရာမှကြီးလာသည်။ စုစည်းနေရာမှ ပြန့်ကျယ်လာသည်။ သွပ်မိုးပျဉ်ကာ အဆောက်အအုံတစ်ခု၏ ပြတင်းပေါက်မှ ထွက်ပေါ်နေသော မီးရောင်ဖြစ်ကြောင်း ထင်ထင်ရှားရှား မြင်လာရသည်။ အဆောက်အအုံမှာ တစ်ခုတည်း မဟုတ်၊ နှစ်ခုဖြစ်သည်။ တစ်ခုနှင့်တစ်ခု ခပ်ကွာကွာဖြစ်သည်။ တစ်ခုတွင် မီးရောင်မရှိ။

အဆောက်အအုံများ ရှိနေသော နေရာမှာ အခြားနေရာထက် အနည်းငယ် ပြန့်ကျယ်သည်။ သံဆူးကြိုးများက ကျွန်တော်တို့ကို တားဆီးထားသည်။ ဦးဖြူသီးက ဝင်းတံခါးကိုတွန်းလိုက်တော့ ပွင့်သွားသည်။ သံဆူးကြိုးအတွင်း ဝင်ခဲ့ကြသည်။

"မလှုပ်နဲ့"

အမှောင်ရိပ်မှ လူသုံးယောက်ထွက်လာပြီး ကျွန်တော်တို့ကို သေနတ်တွေနှင့် ချိန်ထားကြသည်။ ကျွန်တော်တို့ ခြေလှမ်းများကို တန့်ရပ်လိုက်သည်။ တစ်ယောက်ခြောက်လုံးပူးနှင့် ချိန်ရွယ်ပြီး ကျွန်တော်တို့ကိုယ်တွင် လက်နက်တစ်စုံတစ်ရာ ပါမပါရှာဖွေသည်။ ဘာမျှမတွေ့။

"သွား .... ရှေ့က သွားကြ"

တစ်ယောက်သောသူက အမိန့်ပေးသလို ပြောသည်။

"ဘယ်ကိုသွားရမှာလဲ" ဦးဖြူသီးအမေး။

"အဲဟို ... မီးရောင်ရှိတဲ့ဆီကို"

"ကျုပ်တို့ကို အဲဒီမှာစည့်ခံမှာလား"

"လျှာမရှည်နဲ့၊ သွားစမ်း"

ထိုအသံနှင့် အတူ ဦးဖြူသီးကျောပြင်ကို သေနတ်ပြောင်းနှင့် ထောက်လိုက်သည်။ ကျွန်တော်ကျောတွင်လည်း အေးစက်မာကျောသော အရာတစ်ခုခပ်တင်းတင်း ထိတွေ့လာသည်။

"အေးအေးသက်သာ လုပ်ကြစမ်းပါ မောင်ရင်တို့ရာ၊ ညှို့ညည်တို့ဖိတ်ခေါ်တာ ယဉ်ယဉ်ကျေးကျေးရှိပါမှပေါ့၊ မတော်တဆ သေနတ်ပြောင်းကကျည်ဆံထွက်လာရင် မခက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖြူသီးသည် ပမာမထားသလို မထီလေးစားပုံစံမျိုးလိုနှင့် လှောင်သရော်ပြော ပြောကာ ခြေလှမ်းကိုစ၍ လှမ်းသည်။

"အဘိုးကြီး နောက်ဆတ်ဆတ်ပြော မနေနဲ့၊ သွားမှာသွား"

ဦးဖြူသီး နောက်ကျောကို သေနတ်နှင့် ထောက်ထားသူက တင်းမာစွာ ပြောသည်။

"နေပါဦး မောင်ရင်တို့ ကျတ်တွေ မဟုတ်လား"

ဦးဖြူသီးက လှမ်းနေသော ခြေလှမ်းကို တန့်ရပ်ပြီးမေးသည်။

"ဘာကျတ်လဲ၊ သွားမှာသွားစမ်း"

"မောင်ရင်တို့ဟာ ကျတ်က လူယောင်ဆောင်နေကြတာထင်ပါရဲ့"

"တယ်စကားများတဲ့ အဘိုးကြီးပဲ၊ ဒီမှာပဲ ... ရှင်းလိုက်မှဖြစ်မယ်"

သေနတ်သမား စိတ်မရှည်သလို ပြောသည်။

"မောင်ရင်တို့ ကျတ်မဟုတ်ဘူးဆိုရင်တော့ ကျုပ်တို့လမ်းမှားလာပြီ၊ ကျုပ်တို့ကို ဦးဇောအောင်ဆိုတဲ့လူက ဒီတောင်ကြားမှာ ကျတ်ရွာတစ်ရွာရှိတယ်ဆိုလို့ လေ့လာရအောင် လာခဲ့တာပါ။ မောင်ရင်တို့ ကျတ်မဟုတ်တာတော့ သေချာတယ်နော်"

"ဘယ်က ကျတ်ဟုတ်ရမှာလဲဗျာ ... ကျတ်ရွာလဲ မဟုတ်ဘူး"

သေနတ်သမားက စိတ်မရှည်သလို တိုတိုပြတ်ပြတ်ပြောသည်။

"ဒါဖြင့် ... ဒီနေရာကဘာလဲ၊ ဘာရွာလဲ"

"ဟီရိုးအင်းဘုရင်မ နန်းခက်မွန်ရဲ့ ဌာနချုပ်လေ၊ ကဲ ... သွားစမ်း"

"သြော် .. ဟုတ်လား၊ ကျုပ်တို့က အခုဘုရင်မနဲ့ သွားတွေ့ကြရမှာလား"

"ဟုတ်တယ်၊ သွား"

"ဝမ်းသာလိုက်တာကွယ်"

ဦးဖြူသီးက ပြောပြီး ခြေလှမ်းကို သွက်သွက် လှမ်းသည်။ ဦးဖြူသီးအနေနှင့် သေနတ်သမားများကို ပြက်ရယ်ပြုနိုင်သော်လည်း ကျွန်တော့်မှာ ရင်ထိတ်နေသည်။ နားထင်တွင်သွေးတိုး မြန်လျက်ရှိနေသည်။ မည်သို့ဆိုစေ ကျွန်တော်တို့မှာ လူဆိုးလူရမ်းများ၏လက်တွင်းသို့ ရောက်ရှိနေပြီမှာ အမှန်ဖြစ်သည်။

အကယ်၍ မိမိတို့တွင် လက်နက်တစ်စုံတစ်ရာပါရှိ၍ လက်နက်ကို လက်နက်ချင်း ယှဉ်ပြိုင်ရလျှင်မူ တော်ပေသေးသည်။ ယခုတော့ သူတို့မှာ လက်နက်တွေနှင့် ကိုယ့်မှာတော့ လက်ချည်းသက်သက်။

ဦးဖြူသီး ပြောသည့်အတိုင်း ရဲများအချိန်မီရောက်လာလျှင် ဖြစ်စွမရှိ။ သို့မဟုတ်ပါက လူဆိုးလူကြမ်းလူရမ်းများလက်တွင် ကျွန်တော်အသက် ပျောက်



www.burmeseclassic.com

www.burmeseclassic.com



ရပေတော့မည်။ ကျွန်တော် ရင်ပူလာသည်။ နားထင်မှ သွေးတိုးပိုမြန်လာသည်။ ဤသည့် ကြားကပင်ဟီးရိုးအင်း ဘုရင်မနန်းခက်မွန်ကို တွေ့ချင်မြင်ချင်စောက သန်နေသည်။ ထိုအမျိုးသမီးသည် မည်သည့်ပုံစံမျိုးရှိသည်ကို ကြည့်ချင် မြင် ချင်သည်။

အဆောက်အအုံ၏ လှေကားကိုနင်းတက်ခဲ့ကြသည်။ အဆောက်အအုံ၏ အခင်းသည် ပျဉ်ကြမ်းဖြစ်၏။ အဆောက်အအုံ၏ ပုံစံက ခပ်လျားလျား ဖြစ်သည်။ လှေကားထိပ်မှ အခန်းတွင် မီးရောင်ရှိနေသည်။ ကျွန်တော်တို့ မှောင်သောအခန်းကို ဖြတ်ကျော်ခဲ့ကြပြီး လင်းသော ခန်းထဲဝင်ရောက်လာကြသည်။

ဦးဖြူသီးအနေနှင့် မည်သို့ရှိမည်မသိပါ။ ကျွန်တော်တော့ အံ့သြသွား သည်။ တွေ့မြင်ရသော မြင်ကွင်းကို တစ်ငေးတစ်မော ကြည့်နေမိသည်။ အခန်း ထဲတွင် လက်ဆွဲမီးအိမ်မှ အလင်းရောင်ရှိသည်။ စားပွဲကြမ်း၌ လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေသည်။ စားပွဲပေါ်တွင် ရော့်နီဝါကား အရက်ပုလင်းနှင့် ဖန်ခွက် သုံးလုံးရှိသည်။ ရမည်းသင်းထွက်အမဲခြောက်များကို သံပန်းကန်နှင့် ထည့်ထား သည်။ စီးကရက်ဘူးနှင့် မီးခြစ်လည်းရှိသည်။ သူတို့ ပတ်ဝန်းကျင်ရှိ ကြမ်းပြင် ပေါ်တွင် စီးကရက်တိုများ ကြက်ဥအခွံများ ပြန့်ကျဲနေသည်။

ကျွန်တော်အံ့သြမိသည်က ထိုအရာတွေအားလုံးထဲမှ တစ်ခုကို ဖြစ် သည်။ ယင်းမှာ အမျိုးသမီး။

ဟုတ်ပါသည်။ ကျွန်တော်တို့ သိမ်ကုန်းလာစဉ်က မြင်းလှည်းပေါ်တွင် ဆုံတွေ့ရသော အမျိုးသမီး ဖြစ်သည်။ သူမအဖော်နှစ်ယောက်မှာ တရုတ်လူမျိုး များ ဖြစ်ကြသည်။ အမျိုးသမီးသည် စူးနစ်သော အကြည့်နှင့် ကျွန်တော်တို့ကို ကြည့်နေသည်။ ကျွန်တော် သူမအကြည့်ကို ရင်မဆိုင်ရဲသောကြောင့် ခေါင်းငုံ့ ပစ်လိုက်ရပါသည်။

"ကလေးမကို ဒီလိုနေရာမျိုးမှာ တွေ့ရလိမ့်မယ်လို့ ကျုပ် မမျှော်လင့်ခဲ့ ဘူး။ မင်းဒီမှာ ဘာလာလုပ်နေတာလဲ"

ဦးဖြူသီး အမေးကြားသည်နှင့် ကျွန်တော်ငုံ့ထားသော ခေါင်းကို မော့လိုက်သည်။ အမျိုးသမီး ဦးဖြူသီးအမေးကို မဖြေဘဲ နှုတ်ခမ်းထောင့်စွန်း လေးကို မဲ့သည်။ ပြီးလက်ကြားတွင်ရှိသော စီးကရက်ကို နှုတ်ခမ်း နှစ်လွှာကြား၌ ဖိ၍ဖွာပြီး မီးခိုးများကို မှုတ်လိုက်သည်။

"မင်းဟာ လူယောင်ဆောင်နေတဲ့ ကျတ်ပျိုမကလေးများလားကွ"

ဦးဖြူသီးမေးတော့ အမျိုးသမီး အားရပါးရ ရယ်သည်။ သူမရယ်သံမှာ ပတ်ဝန်းကျင်ကို လွှမ်းမိုးသွားသည်။ တိတ်ဆိတ်သော တောင်ကြားတွင် ပဲ့တင် ရိုက်ဟည်းသွားသလား ထင်ရသည်။ သူမ ရယ်သံကြားတော့ ကျွန်တော်တော့



www.burmeseclassic.com

www.burmeseclassic.com



ချင်းသည်။ အမျိုးသမီးရယ်သံမှာ သုတိသာယာခြင်းမရှိရုံမက၊ မီးဘေးသံချောင်းသံနှယ် မီးသတ်ကားမှ ဥသြသံနှယ် ရင်တုန်စရာ အမင်္ဂလာအသံ ဖြစ်သည်ဟု ကျွန်တော် ထင်မှတ်မိပါသည်။

တရုတ်နှစ်ယောက်သည် အမျိုးသမီးကိုတစ်လှည့်၊ ကျွန်တော်တို့ကို တစ်လှည့် နားမလည်သည့် ပုံစံမျိုးနှင့် ကြည့်ကြသည်။

"ကျုပ်တို့ကို ဦးစောအောင်က ဒီတောင်ကြားမှာ ကျတ်ရွာရှိတယ်။ ကျတ်ပျိုမကလေး သိပ်ချောတယ် ဆိုလို့ ကျတ်ပျိုမကလေးကို လူပျိုလှည့်ရအောင် လာခဲ့ကြတာကွယ့်"

အမျိုးသမီး ဦးဖြူသီးအား စူးရှစွာ ကြည့်သည်။ ပြီး ကျွန်တော့်ဘက်သို့ အကြည့်ပြောင်းလိုက်သည်။

"ရှင်ကလဲ ကျတ်ပျိုမကလေးကို လူပျိုလှည့်ရအောင် လာခဲ့တာပဲလား"

အမျိုးသမီးပြုံး၍မေးသည်။ သူမအပြုံးသည် လှပပါ၏။ သို့သော်လည်း ကျွန်တော် ရင်တုန်နေပါသည်။

"သူက နန်းခက်မွန်ကို တွေ့ချင်လို့ လိုက်လာတာ"

ကျွန်တော်က အဖြေမပေးရမီ ဦးဖြူသီးက ဝင်ဖြေသည်။

"ဘာကိစ္စ ကျွန်မကို တွေ့ချင်တာလဲ"

"မင်းကို မြင်းလှည်းပေါ်မှာ တွေ့လိုက်ရကတည်းက သူ အတော်စွဲလမ်းနေ ရှာတယ်"

ဦးဖြူသီး အပြောဆုံးတော့ အမျိုးသမီးအားရပါးရ ရယ်ပြန်သည်။ သူမရယ်သံကြားတိုင်း ကျွန်တော့်ကိုယ်မှာ တုန်ခါရသည်။ တရုတ် နှစ်ယောက် အမျိုးသမီးကို ပြိုင်တူကြည့်ကြသည်။ အမျိုးသမီးလက်ထဲမှ စီးကရက်တိုကို ကြမ်းပြင်ပေါ် ချပြီး ဖိနပ်နှင့် နင်းကာ မီးငြိမ်းသတ်သည်။ ပြီးနောက် အရက်ခွက်ကို ယူ၍ စုပ်သည်။ အရက်ခွက်ပြန်ချပြီး အမဲခြောက်ချောင်းလေးတစ်ချောင်း ကောက်ယူကာ ဝါးသည်။ အမျိုးသမီး၏ နဂိုနီပါးများ ရဲလာသည်။ မျက်နှာပြင်တွင် ပန်းရောင်သွေးကြွနေသည်။

တရုတ်တစ်ယောက်က သူမကို တရုတ်ဘာသာစကားနှင့် တစ်စုံတစ်ခု မေးသည်။ အမျိုးသမီးက တရုတ်ဘာသာစကားနှင့်ပင် ပြန်လည်ဖြေကြားသည်။ သူမအပြောဆုံးတော့ အီးစံကွားနှစ်ယောက် ကျွန်တော်တို့ကို စူးစိုက်ကြည့်ကြသည်။ သူတို့ချင်း ကွိကွိ ကွကွ ရောကြသည်။ ပြီးအရက်ခွက်ကို ပြိုင်တူယူ၍မော့ကြသည်။ ကျွန်တော်မှာ စပျစ်ခြံမှ သောက်ခဲ့သော ဘရန်ဒီအရှိန်ပြေသွားပြီမို့ ရှော်နီဝါကား သောက်နေကြသည်ကို မြင်တော့ သွားရည်ယိုသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေးမယ်လို့ ကိုယ်က ရန်သူ၏လက်တွင်းဝယ် ကျရောက်နေသော အကျဉ်းသားဖြစ်နေသည်မို့ တံတွေးကိုသာ တဂွ်ဂွ် မျိုချနေရသည်။

"စာရေးဆရာ အရက်သောက်ချင်သလား"

အမျိုးသမီးထံမှ မမျှော်လင့်သော အမေးကို ကြားသဖြင့် ကျွန်တော် ယောင်ယမ်းပြီး ခေါင်းညိတ်လိုက်မိသည်။ အမျိုးသမီး သူမဖန်ခွက်ထဲ အရက်ဖြည့်သည်။ ရေပုလင်းမှ ရေနှင့်ရောပြီး ကျွန်တော့်ထံ ယူလာပေးသည်။ ကျွန်တော် ဖန်ခွက်ထဲမှ အရက်များကို တစ်ချိုးတည်း မော့သောက်ပစ်လိုက်ပြီး ဖန်ခွက် သွားပြန်ပေးသည်။

"စီးကရက်တစ်လိပ်သောက် သောက်ခွင့်ရမယ်ဆိုရင် မနန်းခက်မွန်ကို အထူးပဲ ကျေးဇူးတင်ရပါလိမ့်မယ်"

ကျွန်တော် အမျိုးသမီးကို မရဲတရဲ ကြည့်ပြီး ပြောလိုက်သည်။ အမျိုးသမီး ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိပြီး ကျွန်တော့်ကိုလှမ်းပေးသည်။ ကျွန်တော် စီးကရက်ယူ၍ ဦးဖြူသီးရှိရာသို့ ပြန်လာသည်။

"ကျွန်မကို စွဲလမ်းနေတယ်ဆိုတဲ့ လူတစ်ယောက်ကို နောက်ဆုံး ညည့်ဝတ်ပြုတာပါပဲ" အမျိုးသမီး ကျွန်တော့်ကို ပြုံးကြည့်ရင်း ပြောသည်။

"ကွမ်းတစ်ယာ ရေတစ်ခွက်ကိုလ မအိုဇာ လာ၍ဆက်တာကြောင့်"

"အဘိုးကြီး တိတ်စမ်း"

ဦးဖြူသီး ကျယ်လောင်စွာ သီချင်းဆိုလေသောအခါ အမျိုးသမီး သူ့အား မလိုလားသည့် အကြည့်နှင့် ကြည့်သည်။ ထိုစဉ် သခင်မ၏အလိုကို သိတတ်လွန်းသော လက်မရွံ့သားက ဦးဖြူသီး၏ ကျောကို ဆောင့်တွန်းပြီး ပြောသည် နှင့် သီချင်းသံ ပျောက်သွားရလေသည်။

"ကပ္ပိယစုံထောက်ကြီး ပျော်နေသလား"

အမျိုးသမီး မျက်နှာတင်းတင်းနှင့် စူးစိုက်ကြည့်ပြီး ဦးဖြူသီးကို မေး၏။

"မင်းဟာ ကျတ်ပျိုမလေးပဲ ဖြစ်ဖြစ်၊ ဟီးရိုးအင်းဘုရင်မ နန်းခက်မွန်ပဲဖြစ်ဖြစ်၊ မင်းလိုချောမောလှပပြီး ကျက်သရေအပေါင်းခညောင်းနေတဲ့ အမျိုးသမီးတစ်ယောက်ကို ခုလိုရှုခွင့်မြင်ခွင့်ရနေတာဟာ ဦးတို့အနေနဲ့ ကုသိုလ်ထူးတယ်လို့ ဆိုရမှာပေါ့ကွယ် ... ဒါကြောင့် ဦးပျော်နေတာပါ"

ဦးဖြူသီးပြောတော့ အမျိုးသမီး မဲ့ပြုံးပြုံးသည်။

"ကပ္ပိယ၊ မာယာသဲကိုးဖြာနဲ့ ကျွန်မကို ဘယ်လိုများလှည့်စားဦးမလို့လဲ စုံထောက်ကြီးရဲ့၊ ဟင်း ဟင်း၊ ရှင်ဘယ်လိုမှ လှည့်စားလို့မရတော့ဘူး ရှင်တို့နှစ်ယောက်ဟာ ကြောင်ပါးစပ်ထဲကို အလိုလိုရောက်လာတဲ့ ကြွက်တွေ ဖြစ်နေကြပြီ ဆိုတာကို သတိထားမိဖို့ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးပြောပြီး တဟင်းဟင်းနှင့် ရယ်သည်။ ပြီးစီးကရက်တစ်လိပ်ကိုယူကာ မီးညှိရှူဖွာသည်။

"မင်းလိုလှပပြီး ချစ်စရာအမျိုးသမီးမှာ ရက်စက်တဲ့ နှလုံးသား မရှိနိုင်ပါဘူးကွယ်" ဦးဖြူသီးသည် နောက်မှ သေနတ်နှင့် ချိန်ထားကြသည်ကို အမှတ်မထားသလို အေးအေးဆေးဆေး ရွှင်ရွှင်မြူးမြူးနှင့် ပြောသည်။

"လူကို မြှောက်မနေပါနဲ့ ကပ္ပိယစုံထောက်ကြီးရယ်။ ရှင်ဘယ်လိုပဲ မြှောက်မြှောက်၊ ဒီတောင်ကြား ရောက်ပြီးရင်တော့ ရှင်တို့မှာ ပြန်လမ်းမရှိတော့ပါဘူး"

အမျိုးသမီးပြောပြီး အသံစူးစူးနှင့် ရယ်သည်။ တရုတ်နှစ်ယောက်က အမျိုးသမီးကို တစ်လှည့်၊ ကျွန်တော်တို့ကိုတစ်လှည့် ကြည့်နေကြလေသည်။

"ဒီလိုလဲ သဘောမထားပါနဲ့ကွယ်၊ ဦးတို့က ကလေးမတို့ကို အနှောင့်အယှက်ပေးဖို့ လာကြတာမှ မဟုတ်ဘဲ၊ ဒီတောင်ကြားမှာ ကျုတ်ရွာရှိ တယ်ဆိုလို့ ဟုတ်မဟုတ် လာကြည့်တာပါ၊ ရန်သူမှ မဟုတ်ဘဲကွယ်"

ဦးဖြူသီး ချိုသာအေးချမ်းစွာ ပြောလေသည်။ အမျိုးသမီးအသံ စူးစူးနှင့် ရယ်ပြန်၏။

"ဒီမှာ ကပ္ပိယစုံထောက်ကြီး ... ရှင်ဘာမှ လိမ့်မနေနဲ့၊ ရှင်တို့ဟာ စံပယ်ပွင့်ဂိုဏ်းကို စုံစမ်းထောက်လှမ်းဖို့အတွက် ရမည်းသင်းကို ရောက်လာတယ်ဆိုတာ ကျွန်မတို့သတင်းရပြီးသား၊ ဒါကြောင့်ရှင်တို့ကို ထောင်ချောက်ဆင်ပြီး ခုလိုဖမ်းရတာ၊ ဘာမှအားမငယ်နဲ့၊ ဒီတောင်ကြားက ရှင်တို့ ဘယ်လိုမှ ပြန်ခွင့်မရတော့ဘူးလေ"

အမျိုးသမီးပြောပြီး တရုတ်များနှင့် စကားပြောနေသည်။ သူတို့အကဲကို ကြည့်ရသည်မှာ ကျွန်တော်တို့နှစ်ယောက်အား အဆုံးစီရင်ရန် တိုင်ပင်နေကြဟန် တူပါသည်။ ကျွန်တော် ဦးဖြူသီးကို ကြည့်လိုက်သည်။ ဦးဖြူသီးတွင် ကြောက်ရွံ့တုန်လှုပ်သည့် အသွင်အပြင်လက္ခဏာလုံးဝမတွေ့ရပါ။ အေးချမ်းတည်ငြိမ်လှသည်။

"ကျုတ်ရွာရှိတယ်ဆိုတာကို ရှင်တို့တကယ်ယုံတယ်ပေါ့"

အမျိုးသမီးသည် တရုတ်နှစ်ယောက်နှင့် အတန်ကြာအောင် စကားပြောနေပြီးမှ ကျွန်တော်တို့ဘက် လှည့်မေးသည်။

"တကယ်မယုံလို့ လာကြည့်တာပေါ့။ ယုံရင်ဘယ်လာမလဲ၊ ကျုပ်တို့က သိပ္ပံနည်းမကျတဲ့ ရှေးဟောင်းအယူအစွဲဆို ဘာမှမယုံဘူးလေ၊ ဒါကြောင့် ဦးစောအောင်ပြောတဲ့ ကျုတ်ပုံပြင်ကိုလဲ မယုံခဲ့ဘူး"

ဟု ဦးဖြူသီးက ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ရမည်သင်းကိုလာတာဟာ ကျွန်မတို့ စံပယ်ပွင့်ဂိုဏ်းကို စုံစမ်းထောက်လှမ်းဖို့ လာတာ မဟုတ်ဘူးလား၊ မှန်မှန်ပြောစမ်း"

"အဲဒါကတော့ မနန်းခက်မွန် ကျွန်တော်တို့ကို အထင်လွဲတာပါ၊ ဒါမှမဟုတ် အထင်ကြီးလွန်းတာရင်လဲ ဖြစ်မယ်၊ ကျွန်တော်ဟာ စာရေးဆရာပါ၊ စာရေးဆရာဆိုတာ ဒေသန္တရဗဟုသုတ ရှာမှီးရပါတယ်၊ ရမည်းသင်းကို ရောက်လာရတာကလဲ ဒေသန္တရဗဟုသုတရှာမှီးဖို့ပါပဲ၊ နို့ပြီး ... ကပွိယစုံထောက်ကြီးလို့ နာမည်ကြီးနေတဲ့ ဦးဖြူသီးဟာ တကယ်တော့ ဖွတ်ကျားပါ၊ သူ့ကို ကျွန်တော်က ဇာတ်လိုက်လုပ်ပြီးရေးနေလို့ လူတွေက အထင်ကြီးနေတာပါ။ သူစုံစမ်း ထောက်လှမ်းတာကလဲ အယူသီးမှုတွေကိုပဲ စုံစမ်းထောက်လှမ်းတာပါ၊ မနန်းခက်မွန်တို့ စံပယ်ပွင့်ဂိုဏ်းလို ကြီးကျယ်တဲ့ပြဿနာမျိုးကို သူ မကိုင်တွယ်နိုင်ပါဘူး၊ စိတ်လည်း မဝင်စားပါဘူး၊ ခုဒီကိုရောက်လာရတာကိုက ကျောက်ရှာရှိတယ်ဆိုလို့ ရောက်လာရတာပါ၊ ဒီမှာကျောက်ရှာမရှိဘူးဆိုတာ သိရင် သူ့လုပ်ငန်း ကုန်ဆုံးသွားတော့တာပါပဲ၊ ဒါကြောင့် ကျွန်တော်တို့ကို ပြန်လွှတ် ပေးစေချင်ပါတယ်၊ ပြန်လွှတ်ပေးပါလို့လဲ တောင်းပန်ပါတယ်"

ကျွန်တော်က အမျိုးသမီးအား အကျေအလည်ရှင်းပြပြီး တောင်းပန်သည်။ အသနားခံကြည့်သည်။ အမျိုးသမီး မျက်ခုံးနှစ်ခု စုတွန့်ပြီး စဉ်းစားနေသည်။ ထိုစဉ် တရုတ်တစ်ယောက်က သူမကို အမေးစကားဆိုသည်။ အမျိုးသမီးတရုတ်များ ဘက်သို့လှည့်ပြီး အတော်ရှည်ရှည်ပြောပြသည်။ တရုတ်များနှင့် အပြန်အလှန် ပြောဆိုနေကြသည်။ ကျွန်တော် သူတို့အရိပ်အကဲကို ကြည့်နေသည်။ ကျွန်တော်တို့အားလွှတ်ပေးရန် တရုတ်များနှင့် ဆွေးနွေးနေသည် ထင်၏။ သူမ ကျွန်တော်တို့ဘက် မျက်နှာလှည့်လိုက်တော့ အားတက်မိသည်။ မျှော်လင့်ခြင်းကြီးစွာဖြင့် သူမမျက်နှာကို ကြည့်နေမိသည်။

အမျိုးသမီးပြုံးသည်။

သည်အပြုံးကို မြင်တော့ ကျွန်တော်ဝမ်းသာ အားတက်သည်။

"ရှင်တို့ ဦးစောအောင် ပြောတာကိုယုံရင် သိပ်ကောင်းမှာ"

သည်အပြောကြားတော့ ကျွန်တော် ပါးစပ်ဟသွားသည်။

"ကျ ... ကျ ... ကျွန်တော်တို့ကို ပြန်မလွှတ်တော့ဘူးလား မနန်းခက်မွန်ရယ်"

ကျွန်တော် အားနည်းချည့်နဲ့စွာမေးသည်။ အမျိုးသမီး သက်ပြင်းရှည်ချလိုက်ပါသည်။

"ရှင်တို့အနေနဲ့ ဦးစောအောင်ရဲ့ ကျတ်ပုံပြင်ကိုယုံရင်လဲ — ဘာမှ ပြဿနာပေါ် စရာမရှိခဲ့ပါဘူး၊ ကျွန်မတို့အနေနဲ့ရှင်တို့အပေါ် သံသယဖြစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဖြစ်တာပဲရှိမယ်၊ ရှင်တို့ ရမည်းသင်းက ပြန်သွားရင် ပြီးတာပေါ့ .... ဟုတ်လား၊ ခုလို ဒီတောင်ကြားရောက်လာပြီး ကျွန်မတို့ရဲ့ ဘိန်းဖြူချက် စက်ရုံကို တွေ့သွားတယ်၊ ကျွန်မတို့လုပ်ငန်း သိသွားတယ်၊ ကျွန်မတို့ စံပယ်ဖြူပွင့်ဂိုဏ်းအကြောင်း သိသွားတယ်ဆိုတဲ့နောက်မှာတော့ ရှင်တို့ဟာ အသက်ရှင်လျက် ရှိမနေသင့်တော့ဘူးလို့ ကျွန်မတို့ ဆုံးဖြတ်လိုက်ကြတယ်"

သည်အပြောကြားတော့ ကျွန်တော်မှာ မိုးကြိုးစက်ကွင်း ထိရိုက်ခြင်းခံရသည့်နှယ် တုန်ခါသွားပါသည်။ ကျွန်တော့်မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွားဟန်ရှိ၏။ အမျိုးသမီး ကျွန်တော့်မျက်နှာကို ကြည့်ပြီး သက်ပြင်းရှိုက်သည်။ တရုတ်တစ်ယောက်က အရက်ခွက်ကို စုပ်ယူနေသည်။ တစ်ယောက်က အမဲခြောက်ဝါးနေသည်။ ကျွန်တော် ဦးဖြူသီးဘက် လှည့်ကြည့်သည်။ ဦးဖြူသီးအသွင်အပြင်ကတော့ မည်သို့မျှ ထူးခြားခြင်းမရှိ၊

"ဒီက အကြောင်းတွေ ဘယ်သူ့မှ မပြောပါဘူးလို့ သစ္စာရေသောက်ရင်ကော မနန်းခက်မွန်"

ကျွန်တော်သည် လေယာဉ်ပျက်ကျရာတွင် တိမ်သားကို ဖမ်းဆုပ်မိသလို ရရာမိရာကို ဖမ်းဆုပ်ကြည့်လိုက်ပါသည်။

အမျိုးသမီးခေါင်းကို ညင်သာစွာ ယမ်းခါနေသည်။ သူ့မျက်ဝန်းမှာ ရွှန်းစိုခြင်းမရှိခြောက်သွေ့နေသည်။ မျက်လုံးသည်လဲ တောက်တောက် ပပမရှိဘဲ ညှိုးမှိန်သည်။

"ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူးရှင်၊ တကယ်တော့ ရှင့်လိုရုပ်ရည်ချောမောလှပတဲ့ ပညာတတ် စာရေးဆရာတစ်ယောက်ကို သေမင်းခံတွင်းထဲထည့်လိုက်ရမှာ ကျွန်မ နှမြောလှပါတယ်၊ ကျွန်မတို့ လုပ်ငန်းကလဲ အဖွဲ့အစည်းနဲ့ လုပ်ကြတာဆိုတော့ အဖွဲ့အစည်းရဲ့ဆုံးဖြတ်ချက်ကို ကျွန်မလဲ ဘယ်လိုမှ မငြင်းပယ်နိုင်ပါဘူး"

အမျိုးသမီးအပြော ကြားတော့ ကျွန်တော့် ရင်တွင် နာကျင်ဆွေးမြည့်သွားပါသည်။ ချက်ချင်းမှာပင် လေးလေးမြင့်၏ မျက်နှာလှလှလေးကို မြင်ယောင်မိသည်။ ဘဝခရီးဖော် အဖြစ်သတ်မှတ်ထားသူကလေးနှင့် သေွလွဲကာ တမလွန်လောကသို့ ပြောင်းကူးသွားရတော့ မည်ဆိုတော့လဲ ရင်ဝယ်ဆို့ကျပ်နာကျင်ပါသည်။

"ကျုပ်လို လူချောလူလှ လူ့အဖိုးတန် တစ်ယောက်ကိုကော မင်း မနှမြောဘူးလား ကလေးမရဲ့"

ဦးဖြူသီးမေးတော့ အမျိုးသမီးနှုတ်ခမ်းကို တွန့်သွားအောင် ဆိတ်လိုက်သည်။ မျက်စောင်းနှင့် ဦးဖြူသီးကို ဝေ့ခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်လို ဖရဲသီးနားရွက်တပ်ပြီး ဓါးနဲ့ဟက်ထားတဲ့ပုံစံနဲ့ မျက်နှာမျိုးက တကယ်ရှားပါတယ်၊ ဒီလောက်ရှားပါးတဲ့ မျက်နှာပိုင်ရှင်ကို ပုံတူကျောက်ရုပ် ထုထားရမယ်၊ ဒါမှ နောင်လာနောက်သားတွေ အနေနဲ့ ကမ္ဘာပေါ်မှာ အရုပ်အဆိုးဆုံး လူတစ်ယောက်ရှိခဲ့ဖူးတယ် ဆိုတာကို ယုံကြည်လက်ခံနိုင်ကြမှာ၊ စာရေးဆရာ လူပေါင်းမှားတယ်၊ တကယ်လို့သာ ဒီဖရဲသီးနားရွက်တပ်နဲ့မပေါင်းခဲ့ရင် ရှင်ဟာ လူ့ဘဝမှာ အကြာကြီးနေရဦးမှာပါ။ မဖြစ်ညစ်ကျယ် ကပွဲယစုံထောက်ကြီးကို ရှင်က ဆရာတင်ထားတော့ ကျွန်မလဲ ဘာမှ မတတ်နိုင်ဘူးလေ။ ရှင့်ကံကြမ္မာနဲ့ ရှင်ပဲပေါ့"

အမျိုးသမီးအပြောကြားတော့ ကျွန်တော် စိတ်လှုပ်ရှားသည်။ ဦးဖြူသီးကိုလည်း ငြိုငြင်မိသည်။ အကယ်၍ သူသာယခုလို ဆက်ဆော့ပြီး ကိုယ်နှင့်မဆိုင်သော ဟီးရိုးအင်းပြဿနာထဲ ဝင်မပါခဲ့လျှင် ကျွန်တော့်တဝသာယာချမ်းမြေ့မည်အမှန်။ ယခုတော့ သူဆတ်ဆော့မှုကြောင့် ဘဝတစ်ပါးသို့ပြောင်းသွားရန် သေချာသလောက်ဖြစ်နေရပြီလေ။ အမျိုးသမီးသည် ကျွန်တော့်ကို ညှာတာချင်ပါလျက်နှင့် အများဆန္ဒကြောင့် မညှာတာနိုင် ဖြစ်နေဟန်တူပါသည်။

"သူတို့ကို သေမင်းခံတွင်းထဲ သွားထည့်လိုက်ကြ"

အမျိုးသမီး၏ တစ်ချက်လွှတ်အမိန့်သံကို ကြားရလေသောအခါ ကျွန်တော် မူးမိုက်သွားသည်။ ဒူးများ ညွတ်ခွေကျမသွားအောင် မနည်းထိန်းထားရသည်။ လက်မရွံ့သည် အင်္ကျီလည်ဂုပ်ကို ခပ်ကြမ်းကြမ်းကိုင်ဆွဲပြီး ဆွဲယူ သည်။ မည်သို့မျှ ကလန်ကဆန်မလုပ်နိုင်ဘဲ လက်မရွံ့ဆွဲခေါ်ရာသို့ လိုက်ပါခဲ့ရပါသည်။ အလင်းရောင်မရှိသောအခန်းကို ဖြတ်သန်းနေစဉ် ကရုတ်ဘာသာစကားနှင့် ပြိုင်တူရွတ်ဆိုသံကို ကြားရသည်။ ဖန်ခွက်နှုတ်ခမ်းချင်း ထိခတ်သံကို ကြားရသည်။ နောက်ပြီးတော့ ရယ်သံများ။

လက်မရွံ့နှစ်ယောက်သည် ကျွန်တော်နှင့်ဦးဖြူသီးအား လှေကားမှ ခပ်ကြမ်းကြမ်း ဆွဲချကြသည်။ မြေပြင် ရောက်ပြီးနောက် ကျွန်တော် မိုးကောင်းကင်ကို မော်ကြည့်မိသည်။ ကောင်းကင်ပြင်၌ ငွေကြယ်တွေ တလက်လက်တောက်ပနေသည်။ လခြမ်းသည်လည်း မိုးသားအပြာတွင် အထင်းသား ပေါ်နေသည်။ လရောင်က တောတောင်သစ်ပင်များကို ထိနမ်းနေသည်။ ဝန်းကျင်တစ်ခုလုံး ဆိတ်သုဉ်းနေ၏။ လက်မရွံ့များက ကျွန်တော်တို့အား ဒုတိယ အဆောက်အအုံ အနီးမှ ခေါ်လာသည်။

"ဒါဟာ ဘိန်းဖြူချက်တဲ့ စက်ရုံပဲဖြစ်ရမယ်"

ဦးဖြူသီးက သူ့ဘာသာတစ်ယောက်တည်း ပြောသလို ပြောသည်။ တကယ်လည်း သူတစ်ယောက်တည်းသာ ပြောခြင်းဖြစ်၏။ သူ့ကိုဘယ်သူကမှ



www.burmeseclassic.com

www.burmeseclassic.com



မတုံ့ပြန်မထောက်ခံ၊ ကျွန်တော်သည် မထောက်ခံရုံမဟုတ်၊ ဤနယ်သေအံ့မူးမူး အချိန်ရောက်နေလျက်နှင့် ဘိန်းဖြူနှင့်ပတ်သက်ပြီး သူစိတ်ဝင်းစားနေသည်ကို ဒေါပွမိသည်။ ကျွန်တော့်စိတ်၌ တစ်ကိုယ်ကောင်းဆန်ချင်လာသည်။ သေမင်းခံတွင်း ဆိုသည်မှာ မည်သည့်အရာမှန်း မသိသော်ငြားလည်း မလွဲမသွေ သေရတော့မည်ကိုတော့ သိနေသည်။

သေရမည့်အတူတူ မိမိအား ဆွဲကိုင်ထားသော လက်မရှိ့အား ခုခံထိုးကြိတ်သတ်ပုတ်ပြီး လွတ်မြောက်အောင် ကြိုးစားချင်နေသည်။ တကယ်သေရမည်ရှိသောအခါ တွယ်တာလိုသော ညှာတာသော စိတ်ထားမျိုး ကျွန်တော်မမွေးချင်တော့၊ ဦးဖြူသီးအား ကျုနိစစ်သားက စောလူမင်းကို တလိုင်းတို့ လက်တွင် ထားရစ်ခဲ့သလိုမျိုး ထားရစ်ခဲ့ရန် ဆုံးဖြတ်မိပါသည်။

သို့သော်လည်း ကျွန်တော့်လည်ဂုပ်ကို ဆုပ်ကိုင်ထားသောလက်မှာ သန်မာလွန်းသည်။ မြဲမြဲလွန်းသည်။ ကျွန်တော်ဆောင့်ရုန်းလိုက်လျှင် အကျီစုတ်ပြဲသွားမည်။ အကျီကို ကျွန်တော်မနှမြောပါ။ သို့ပေမယ်လို့ အကျီစုတ်ပြဲသွားသည့်တိုင် ကျွန်တော့်ကိုရစ်ပတ်ဖွဲ့နှောင်ထားနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် တက်ထရွန်အကျီအသစ်မို့ ကိုယ်လုံးကျွတ်လွတ်သွားအောင် မဖြစ်နိုင်၊ တက်ထရွန်သားက ခိုင်လွန်းသည် မဟုတ်လား။

အတူသွားနေကြရင်းမှ လက်မရှိ့အား ခြေနှင်ချိတ်လှဲရန် ကြံကြည့်သည်။ ထိုအကြံမဆိုးပါ။ သူလဲအကျတွင် ကျွန်တော်ဆောင့်ရုန်းလျှင် လွတ်နိုင်သည်။ ဒါပေမယ်လို့ ကျွန်တော်တို့နောက်မှ ဦးဖြူသီးအား ကိုင်ဆွဲထားသည့် လက်မရှိ့၏လက်ထဲ၌ ခြောက်လုံးပူးသေနတ်ရှိနေသည်။ သူက ဒီအတိုင်းကြည့်နေမည် မဟုတ်ပါ။

ကျွန်တော့်လည်ကုပ်ကို ကိုင်ဆွဲထားသော လက်မရှိ့လက်မှ ရိုင်ဖယ်သေနတ်ကို အမှတ်မဲ့ ဆတ်ခနဲလုယူရန် ကြံလိုက်ပြန်သည်။ သေနတ်ရလျှင် ဘာမျှကြောက်စရာမရှိ၊ လက်နက်ကို လက်နက်ချင်း တုံ့ပြန်ခုခံနိုင်မည်။ ထိုအကြံအောင်လျှင် ဦးဖြူသီးကိုပါ ကယ်တင်နိုင်မည်။

ကျွန်တော်အခြေအနေကို အကဲခတ်ကြည့်သည်။ သူသေနတ်ဆုပ်ထားပုံက ခိုင်မြဲလွန်းသည်။ အလွယ်တကူနှင့် လုယူ၍ ရနိုင်မည်မထင်ပါ။ ကျွန်တော်သက်ပြင်းရှိုက်မိသည်။ အကြံအိုက်သွားသည်။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်လွန်းလှသည်။ ကျွန်တော်တို့၏ ခြေသံများမှအပ အခြားဘာသံကိုမျှ မကြားရ။ တိတ်ဆိတ်ခြင်းကပင် ကျွန်တော့်စိတ်ကိုပို၍ချောက်ချားစေသည်။ အားငယ်စေသည်။ အလျှော့ပေးချင်သောစိတ်ဖိုပွားများစေသည်။ သတ္တိအင်အားကို ယုတ်လျော့စေသည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အရှုံးဘက်ကိုသာ တွေးမိနေသည်။ တောင်နံရံများသည် ထရံကာထားသလို မတ်စောက်၏။ အကယ်၍ ထွက်ပြေးလျှင်တောင်မှ ရှေ့နှင့်နောက်ကိုသာ ပြေးနိုင်မည်။ ဘေးနှစ်ဖက်တွင် တောင်နံရံများ ကာဆီးထားသည်။ ထို့ကြောင့် သူ့လက်မှရုန်းထွက်နိုင်စေဦး၊ လွတ်မြောက်ရန်မလွယ်ဟု ကျွန်တော်မြင်လာသည်။

ဆိုပါတော့၊ လူဆိုးလက်က သေနတ်ကိုရ၍ ပစ်ခတ်တိုက်ခိုက်ပါပြီတဲ့၊ ဤနေရာတွင် ထိုလက်နက်ကိုင် နှစ်ယောက်တည်းသာရှိသည်ဟု ကျွန်တော်မထင်။ ဤလုပ်ငန်းတွင် ယင်းလေးငါးယောက်နှင့်လုပ်ကိုင်နေမည်မဟုတ်။ ကျွန်တော်တို့ မမြင်သာသောနေရာ၌ အခြားလက်နက်ကိုင်များ ရှိကြပေလိမ့်ဦးမည်။

ကျွန်တော်တွေးရင်း ခြေများမသယ်ချင်လောက်အောင် ပျော့ခွေလာသည်။ စောစောက တက်ကြွနေသော စိတ်အကြံများ လျှော့ကျပျက်ပြယ်ကုန်သည်။ ဒူးမှာ မခိုင်တော့ဘဲ ညွတ်ကွေးကျသွားသည်။

"ဘာ ... မူရာမာယာလုပ်တာ ပဲ ... ထ"

လက်မရှိ့လူဆိုးက ကျွန်တော့်လည်ပင်းကုပ်ကို ဆောင့်ဆွဲပြီးထူရင်း ပြောသည်။ ကျွန်တော်ထ၍ မရပါ။ ရပ်၍ မရပါ။ ဒူးမှာ ပျော့ညွတ်ပြီး ခွေခေါက်နေသည်။

"ကဲ ... မာယာလုပ်ဦးကွာ"

လူဆိုးသည် ဖိနပ်ဦးနှင့် ကျွန်တော်၏ မီးညှောင့်ရိုးကို ခတ်ဆတ်ဆတ်ကန်လိုက်သည်။ နာသမှ အသည်းစွဲသွား၏။ ကျွန်တော် ရုတ်တရက် ထရပ်မိသည်။ လူဆိုး၏မေးရိုးကို တအားပစ်၍ ညာဖြောင့်လက်သီးနှင့် ထိုးလိုက်သည်။ သူယိုင်သွား၏။ သို့သော် ကိုင်ဆုပ်ထားသော လက်ကဖြင့်မလွတ်ပါ။ မြဲခိုင်လှသည်။ ကျွန်တော်ဆောင့် ရုန်းနေဆဲမှာပင် သူယိုင်ရာမှ ပြန်မတ်လာသည်။ သေနတ်ဒင်နှင့် ကျွန်တော့် နားထင်သို့ ဆောင့်ရန် ရွယ်သည်။

"ဟော့ကျေပြီလေ၊ မလုပ်နဲ့"

ဦးဖြူသီး၏ အသံဖြစ်သည်။ လူဆိုးလက်တုံ့သွားသည်။ ဦးဖြူသီးဘက် လှည့်ကြည့်သည်။

"တစ်ယောက်တစ်ချက်စီပဲ ဘာလို့ အမြတ်ထုတ်တော့မှာလဲ"

ဦးဖြူသီးပြောတော့ လူဆိုးရယ်သည်။

"ထားပါလေ ... သေမယ့်လူဆီက အမြတ်မယူတော့ပါဘူး။ ဒီတောင်မြှုံးထဲက ငါးကို ရိုက်သတ်ရတာလဲ သတ္တိမရှိတဲ့ လူတွေရဲ့အလုပ်ပေါ့ဗျာ"

ဦးဖြူသီးတို့အတွဲက ကျွန်တော့်တို့အတွဲကို ကျော်တက်သွားသည်။ လူဆိုးသည် ကျွန်တော့်ကိုဆောင့်ဆွဲပြီး ခပ်ကြမ်းကြမ်းလမ်းလျှောက်သည်။

www.burmeseclassic.com



"ကဲဟေ့၊ သေမင်းခံတွင်းကြီး ဖွင့်လိုက်စမ်း၊ သေမင်းကြီးကို အစာ မတွေ့ ရတာကြာပြီ။ အစာကျွေးကြရအောင်"

ဦးဖြူသီးအား ကိုင်ဆွဲသွားသူက အသံခပ်ကျယ်ကျယ် အော်၍ပြော သည်။ မလှမ်းမကမ်းတွင်ရှိသော ကျောက်ဆောင်အကွယ်မှ လူတစ်ယောက် ထွက်လာသည်။ တောင်နံရံသို့ ကပ်ရပ်ပြီး တစ်စုံတစ်ခုလုပ်သည်။ တောင်နံရံရှိ လိုဏ်ဂူမှ တံခါးပွင့်လာသည်။ ထိုအဖြစ်ကိုမြင်တော့ ကျွန်တော့်တစ်ကိုယ်လုံး တုန်ခါသွားသည်။

"ဒီတောင်ကြားမှာ မျက်စိလည် လမ်းမှားပြီး ရောက်လာတဲ့ လူတိုင်း ဟာ အဲဒီလိုဏ်ဂူထဲမှာ အေးအေးချမ်းချမ်း အနားယူကြတာပါပဲ"

တံခါးဖွင့်ပေးသူက အေးအေးဆေးဆေး ပြောသည်။ ကျွန်တော် ကြက် သီး ဖြန်းဖြန်း ထလာသည်။

"ခင်ဗျားတို့လက်ထဲမှာ သေနတ်တွေရှိနေသားပဲဗျာ၊ တစ်ခါတည်း ပစ်သတ်လိုက်ပါ၊ ဘာလို့ လူကိုညှဉ်းဆဲနေတော့မှာလဲ"

ကျွန်တော် ကြောက်ကြောက်လန့်လန့် သွေးရူးသွေးတန်းနှင့် ပြော သည်။

"တို့အတွက် ကျည်ဆံတစ်တောင့်ဟာ သိန်းသန်းမက တန်ဖိုးရှိတယ် ကွ၊ ဘာလို့ကျည်ဆံဖြုန်းပစ်ရမှာလဲ၊ ပြီးတော့ မင်းတို့လဲ ဖြုန်းခနဲ သေရတာထက် ဖြည်းဖြည်းဆေးဆေး တွေးတွေးခေါ်ခေါ်နဲ့သေပါစေဆိုတဲ့ စေတနာလဲ ပါတာ ပေါ့ကွာ"

"ကျေးဇူးကြီးလှပါပေတယ်ကွာ၊ တစ်နေ့မှာတော့ မင်းတို့ကျေးဇူးကို ဆပ်ရဦးမှာပေါ့" ဦးဖြူသီးပြောတော့ လူဆိုးများရယ်ကြသည်။

"တကယ်ကျေးဇူးသိတတ်တဲ့ လူတွေပဲ၊ ကဲ ... ကောင်းရာသုဂတိလား ကြပါစေဗျာ"

ပြောပြီး ကျွန်တော်တို့နှစ်ယောက်ကို လိုဏ်ဂူထဲ တွန်းထည့်လိုက်ပါ သည်။ လိုဏ်ဂူမှာ အဝဘက်တွင်မြင့်မောက်နေပြီး အတွင်းဘက်သို့ ဆင်ခြေ လျှောပုံစံမျိုး လျှောဆင်းနေသည်။ ကျွန်တော်နှင့်ဦးဖြူသီး လိုဏ်ဂူထဲသို့ ဒလိမ့် ခေါက်ကွေး လဲကျသွားကြသည်။ လဲရာမှ မထနိုင်မီမှာပင် ညှီစို့စို့ ပုပ်အက်အက် အောက်သိုးသိုး အနံ့ဆိုးကြီး ကျွန်တော့်အသက်ရှုပေါက်ထဲသို့ တိုးဝင်လာပါ သည်။ ကျွန်တော် လဲနေရာမှ ကမန်းကတန်း ထထိုင်လိုက်သည်။

"ဘယ်လိုအနံ့ကြီးလဲဗျာ၊ ဆိုးဝါးလိုက်တာ"

ကျွန်တော်နှာခေါင်းကို လက်ကိုင်ပဝါနှင့် ပိတ်၍ပြောသည်။ ထိုစဉ် လိုဏ်ဂူထဲ၌ အလင်းရောင်တစ်စ ပေါ်လာသည်။ ကျွန်တော်ငယ်သံပါအောင်



www.burmeseclassic.com

www.burmeseclassic.com



အော်မိသည်။ ကျွန်တော်တို့ အနီးဝန်းကျင်တွင် လူရိုးများ လူခေါင်းခွံများ ပြန့်ကျဲနေသည်။

"ဦးဖြူသီး၊ ခင်ဗျား လက်နှိပ်ဓာတ်မီးကို အမြန်ဆုံး မှိတ်လိုက်စမ်းပါ၊ ဒါတွေကို ကျွန်တော် မကြည့်ရဲဘူး"

"မကြောက်ပါနဲ့ကွာ၊ သူတို့လဲ တို့လိုလူတွေပဲ၊ ခြားနားတာက အသက်ရှိတာနဲ့မရှိတာဘဲ မဟုတ်လား၊ အသက်မရှိတော့တဲ့ အရိုးစုတွေက အသက်ရှိတဲ့ တို့ကို ဘာမှမလုပ်နိုင်ကြတော့ပါဘူး"

ဦးဖြူသီးထံမှ အားပေးစကားကိုကြားရတော့ ကျွန်တော်အနည်းငယ် အားတက်လာပြီး အကြောက်ပြေသည်။ သို့ပေမယ့်လို့ အနံ့ဆိုးဒဏ်ကိုမခံနိုင်သဖြင့် အော့အန်သည်။

"ရော့ ... ရော့ ... ဒါရှူလိုက်"

ဦးဖြူသီး ကျွန်တော့်လက်ထဲသို့ တစ်စုံတစ်ရာ ထည့်ပေးသည်။ ဇစ်ပက်အနံ့ရသည်။ သူပေးသည့်အရာမှာ ဇစ်ပက်အရည်ဆွတ်ထားသော ဂွမ်းစဖြစ်သည်။ အနံ့ဆိုးကြီးကို ဇစ်ပက်နှင့် ကာကွယ်နေရသည်။

"တို့ ဒီအရိုးစုတွေနဲ့ အဝေးဆုံးနေရာကိုရှာနေမှ အနံ့သက်သာမှာ မင်းမကြောက်နဲ့ဦး။ ငါမီးထိုးလိုက်မယ်"

ဦးဖြူသီးက ပြောပြီး မီးထိုးသည်။ လိုဏ်ဂူသည် လက်ဝဲဘက်သို့ ကွေ့ပတ်သွားဟန်ရှိ၏။ ကျွန်တော်တို့ အရိုးစုများကို ကျော်လွှားကာ ကွေ့ပတ်သွားသော လိုဏ်အတိုင်း လိုက်လာကြသည်။ ၁၅ ကိုက်မျှ သွားမိတော့ ရှေ့တွင် မြေသားများ ပိတ်နေသည်ကို မြင်တွေ့ရသည်။

"တို့အတွက် ဒီနေရာဟာ အကောင်းဆုံးနေရာပဲ"

ဦးဖြူသီး ပြောပြောဆိုဆို ထိုင်ချလိုက်သည်။ မှန်သည် ထိုလိုဏ်ထဲတွင် ဤနေရာသည် မြေညီသည်။ ခြောက်သွေ့သည်။ ပြီးအနံ့အသက်များနှင့်လည်း အတန်ငယ်ဝေးသည်မို့ ခပ်ပျပျ ခပ်ပြယ်ပြယ်သာလျှင် အနံ့ရသည်။ ကျွန်တော် သူနှင့် မျက်နှာချင်းဆိုင်နေရာတွင် ထိုင်ချလိုက်သည်။

"ရဲတွေ ဘယ်အချိန်ရောက်လာကြမှာလဲ"

ကျွန်တော် အလောတကြီး မေးလိုက်ပါသည်။

"အချိန်တန်တော့ နွားပိန်ကန်လိမ့်မပေါ့ကွာ"

ဦးဖြူသီး ခပ်အေးအေး ပြန်ဖြေသည်။ သူ့အဖြေသည် တိကျမှုနှင့်အားရစရာ မကောင်း၊ မရေမရာသာဖြစ်သည်။ သို့သော်လည်း "ရဲတွေရောက်တော့ လာကြမှာပဲ"ဟုတွေးကာ ကျွန်တော်စိတ်ကို ဖြေရသည်။

*



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၃ )

## လှပျိုဖြူ၏ နောက်ဆုံးခရီး

ဦးဖြူသီးသည် ဘယ်အချိန်က ဘယ်လိုမြေပြင်တွင် လှဲလိုက်သည် မသိ။ တခေါခေါနှင့် အိပ်ပျော်နေသည်။ သူအိပ်ပျော်နေသော်လည်း ကျွန်တော် မအိပ်နိုင်ပါ။ နန်းခက်မွန်နှင့် တရုတ်နှစ်ယောက် ကျွန်တော့်အာရုံထဲမှာ ပေါ်လာသည်။ နန်းခက်မွန်ကို သူ့လူများက ဟီးရိုးအင်းဘုရင်မဟု ခေါ်ကြသည်။ သူမနှင့် ဦးစောအောင်တို့ ဆက်သွယ်ကာ စံပယ်ပွင့်ဂိုဏ်းကို တည်ထောင်လျက် ဟီးရိုးအင်းခေါ် ဘိန်းဖြူများကို ဖြန့်ဖြူးနေခြင်းလည်း ဖြစ်မည်။

တရုတ်နှစ်ယောက်မှာ မြန်မာစကားလုံးဝ မတတ်ကြ။ သူတို့သည် မြန်မာပြည်တွင် တရားဝင်နေထိုင်ကြသော တရုတ်များ မဖြစ်နိုင်ဟု ကျွန်တော် တွေးသည်။ သို့ဆိုလျှင် ထိုတရုတ်များသည် တရုတ်ဖြူများ ဖြစ်နိုင်သည်။ တရုတ်ဖြူတို့သည် မြန်မာ့နယ်မြေထဲဝင်ရောက်ပြီး မသမာသူများ နှင့် ပူးပေါင်းကာ ဘိန်းများဘိန်းဖြူများကို ဖြန့်ဖြူးနေကြဟန်တူသည်။ တိုင်းပြည် နှင့်လူမျိုးပါ နစ်နာ ထိခိုက်နေသော ကိစ္စတစ်ရပ်တွင် ဝင်ရောက်ပြီး ဖြိုဖျက်ရသဖြင့် ဝမ်းသာစရာ ကောင်းပါသည်။ သို့သော်လည်း ကျွန်တော်တို့ လုပ်ငန်းမှာဘာမျှအခရာ မရောက်ဘဲ ရှိနေသည်။ စံပယ်ပွင့်ဂိုဏ်းဌာနချုပ်ကို သိရရုံ၊ ဟီးရိုးအင်း ဘုရင်မဆိုသူကို မြင်ဖူးရုံ ဒါပဲရှိသည်။ ကျွန်တော်တို့ အနေနှင့် ပြန်လမ်းမရှိသော



www.burmeseclassic.com

www.burmeseclassic.com



သေမင်းခံတွင်းထဲ ရောက်နေကြပြီ။ ကျွန်တော်တို့၏ စွန့်စားခန်းကို ဘယ်သူမျှ မသိ။ ကျွန်တော်တို့လုပ်ငန်းလည်း ဘာမျှ အရာမထင် ရေထဲခဲချနေသည်နှင့်သာ တူ၏။

ရေထဲသို့ခဲချလိုက်ပါလျှင် ခဲသာဆုံးပါးသွားပြီး ရေပြင်ကတော့ လက်ရာခြေရာ မပျက်ရှိသည် မဟုတ်လား။

ကျွန်တော်တွေးရင်း လိုက်မောလာသည်။ ချွေးများစို့ထွက်လာသည်။ ကျွန်တော့်အတွေးထဲသို့ လေးလေးမြင့်ရောက်လာသည်။ သူမနှင့်ကြည်နူးခဲ့ရသည်များကို မြင်ယောင်သည်။ နောက်ဆုံးခွဲခွာရချိန်တွင် မြင်တွေ့ခဲ့ရသောမျက်နှာ ညှိုးညှိုးလေးကို မြင်လာသည်။ သူမမျက်နှာတွင် နောက်ဆုံး ခွဲခွာခြင်းအရိပ်နိမိတ် ပေါ်နေသည်။ အများတကာ နှုတ်ဆက်သလို နှုတ်မဆက်ဘဲ ရှောင်ဖယ်သွားသည်မှာ ကျွန်တော့်အပေါ်တွင် သူမမျှော်လင့်ချက် မထားတော့သည့်သဘောကို ဆောင်ယူသည်။

ယခုတော့ လေးလေးမြင့် ထင်သည့်အတိုင်း ဖြစ်ရချေပြီ။ ကျွန်တော်တို့သည် မပြန်လမ်း၏ အဆုံးစွန်တွင် ရောက်ရှိနေကြသည်။ စိတ်အားကို လျှော့ချလိုက်သည်။ လူမှာနုံးခွေလာသည်။ အားအင်များ ကုန်ခန်းကုန်ပြီ။ ထိုင်၍ပင်မရတော့၊ မြေပြင်တွင် လှဲချလိုက်သည်၊ အရာရာတိုင်းကို စွန့်လွှတ်လိုက်ခြင်းပင်ဖြစ်ပါသည်။ စိတ်အားလျှော့ကာ မိမိဘဝကိုရော၊ လူ့လောကကိုရော၊ စွန့်လွှတ်လိုက်ပြီဆိုတော့လည်း ခဏအတွင်းမှာပင် သတိလက်လွတ် ဖြစ်သွားရပါသည်။

ကျွန်တော့်ဝန်းကျင်တွင် အုတ်ဂူများကို မြင်တွေ့ရသည်။ လက်ဝါးကပ်တိုင်များ ထိုးထိုးထောင်ထောင် ရှိနေသည်။ လမှုန်မှုန်သာ နေသည်။ မြူဖွေးသစ်လွင်သော အုတ်ဂူနံဘေးမှာ ကျွန်တော်ရပ်နေသည်။ မြူတွေဆိုင်း ဆိုနေခြင်းလား၊ မီးခိုးများလားမသိ၊ပတ်ဝန်းကျင်သည် ဝေဝါးမှုန်ပြနေသည်။

"ဟလို ... မစ္စတာ"

အသံကြား၍ နောက်ဘက်လှည့်ကြည့်လိုက်သည်။ အရပ်ရှည်လွန်းသော အင်္ဂလိပ် လူမျိုးတစ်ယောက်ကို မြင်တွေ့ရသည်။ အဖြူရောင်ဝတ်စုံနှင့် အဖြူရောင်ဦးထုပ်နှင့်ဖြစ်သည်။ အင်္ဂလိပ်ကြီးသည် ဘောင်းဘီအိတ်ထဲတွင် လက်နှစ်ဖက်စလုံးနှိုက်ထားကာ ကျွန်တော့်အား ပြုံးကြည့်နေပါသည်။ ကျွန်တော် လည်းပြန်ကြည့်နေမိသည်။ လေပြင်း တိုက်ခတ်လာသည်။ ထိုစဉ် အင်္ဂလိပ်ကြီး ကိုယ်မှ အဝတ်များ လွင့်ပျောက်သွားသည်။ သူ့ကိုယ်မှာ အရိုးချည်းနီး ဖြစ်နေသည်။ ကျွန်တော် ပါးစပ်အဟောင်းသားနှင့် တအံ့တဩ ဖြစ်နေမိသည်။ အင်္ဂလိပ်ကြီးကတော့ ပုံစံမပြောင်း၊ ပေါင်နှစ်ဖက်ကို လက်ဝါးနှစ်ဖက်နှင့် ထောက်ထားသည်။ သူ့ကိုကြည့်ရသည်မှာ ရယ်စရာကောင်းလှပါသည်။ ဒီလိုသော် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် မရယ်နိုင်၊ ရင်ခုန်နေသည်။ ထိတ်လန့်နေသည်။ အံ့အား သင့်နေသည်။ အင်္ဂလိပ်ကြီးမျက်နှာ ပြုံးနေ၏။

တစ်ခဏအတွင်းမှာပင် အရိုးစုကြီးဖြစ်လာသည်။ ကျွန်တော်ငယ်သံပါအောင် အော်၍ပြေးသည်။ အုတ်ဂူများအပေါ် ခုန်ကျော်ထွက်ပြေးသည်။ လွတ်လောက်ပြီထင်၍ နောက်လှည့်ကြည့်လိုက်တိုင်း အရိုးစုကြီးကို မြင်တွေ့ရသည်။ အင်္ဂလိပ်သင်္ချိုင်းတွင် အင်္ဂလိပ်တစ္ဆေ၏ ခြောက်လှန့်ခြင်းကို ကျွန်တော် ခံနေရသည်။ ကျွန်တော်အင်အားရှိသမျှ ပြေးသည်။ ကြာတော့ မောပန်းလာသည်။ နွမ်းနယ်လာသည်။ ခြေကို မသယ်ချင်လောက်အောင် ဖြစ်လာသည်။ မပြေးနိုင်သည်မို့ အရိုးစုကြီးအား ခုခံရန်ပြင်ဆင်သည်။ ရင်ဆိုင်လိုက်သည်။ ထိုစဉ် အရိုးစုကြီးသည် ပျောက်ကွယ်သွား၏။ ကျွန်တော်အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးသည်။

မျက်စိ ဖွင့်ကြည့်သည်၊ အမှောင်ကိုသာ မြင်တွေ့ရသည်။ နေ့လားညလား မခွဲခြားနိုင်အောင်ရှိနေရသည်။ အိပ်ရာမှ လူးလဲထထိုင်သည်။

"ရေဆာလိုက်တာ ရေ ... ရေ"

နှုတ်မှ ရွတ်ဆိုမိသည်။

"မင်းဘာဖြစ်နေတာလဲ၊ ဘယ်လိုဖြစ်နေတာလဲ"

ဦးဖြူသီး မေးသံကို ကြားရသည်။

"ကျွန်တော် အိမ်မက်ဆိုးကြီးမက်ပြီး လန့်နိုးလာတာ ရေဆာလိုက်တာဗျာ"

"ခဏလောက် စောင့်ဦးပေါ့ကွာ"

"ဘယ်လောက်ကြာအောင် စောင့်ရမှာလဲဗျာ ... ရေဆာလို့ သေရတော့မယ်"

ကျွန်တော် ညည်းရင်းပြောသည်။ လှိုက်မောကာ ရင်တစ်ပြင်လုံး ပူဟာ နေသည်။ ကျွန်တော် စိတ်မရှည်နိုင်သလို ပြောလိုက်ခြင်းဖြစ်သည်။

"မသေပါနဲ့ဦးကွာ ... ရှေ့မှာလုပ်စရာတွေ အများကြီးရှိနေပါသေးတယ်"

ဦးဖြူသီး လေအေးနှင့်ပြောသည်။

"ကျွန်တော်တို့ ဒီကလွတ်မြောက်ဦးမှာလား"

"ဘာလို့ မလွတ်မြောက်ရမှာလဲ"

"ခင်ဗျားရဲ့တွေ ဘယ်တော့ရောက်လာမှာလဲ"

"အချိန်တန်တော့ နွားပိန်ကန်လိမ့်မပေါ့ကွာ"

သည်အပြောကို ဒုတိယအကြိမ် ကြားရပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ရဲတွေမရောက်ခင် ဆာလောင်မွတ်သိပ်ပြီး သေလိမ့်မယ်ထင်တယ်"

ကျွန်တော်ညည်းပြောပါသည်။ ဦးဖြူသီးထံမှ တုံ့ပြန်သံမကြားရပါ။ ဆာလောင်မွတ်သိပ်နေသည့်အထဲတွင် အနံ့ဆိုးကြီးကို ရှူရှိုက်ရသောကြောင့် ရင်မှာ မောကျုပ်လာသည်။

"နန်းခက်မွန်ဆိုတဲ့ ကလေးမဟာ တရုတ်ဖြူကို လင်တော်ပြီး တိုင်းပြည်ကို ဒုက္ခပေးနေတာပဲကွ။ သူ့ကိုသနားတော့ သနားပါတယ်။ ဒါပေမယ့်လို့ ဘယ်တတ်နိုင်မှာလဲလေ။ သူ့အကုသိုလ်က သူ့ကိုစီရင်တော့မှာပါ"

ဦးဖြူသီး အေးဆေး တည်ငြိမ်စွာပြောသည်။ ကျွန်တော်သူ့စကားတွင် စိတ်ဝင်စားလာသဖြင့် ရေဆာခြင်း သက်သာသလိုရှိသည်။

"နန်းခက်မွန် တရုတ်ဖြူနဲ့ညားတယ် ဟုတ်လား။ တရုတ်က နှစ်ယောက်ဗျ၊ ဘယ်ဟာ သူ့ယောကျ်ားဖြစ်နိုင်သလဲ"

"အရုပ်ရှည်ရှည် ပိန်ပိန်ကောင်ပဲ။ နန်းခက်မွန် ယောကျ်ားဖြစ်နိုင်တယ်"

"ခင်ဗျားက သူတို့ပြောစကားနားလည်လို့လား"

"အရိပ်အကဲကြည့် ပြောရတာပေါ့ကွာ။ အဲဒီဂိန်ပိန်ကောင်ဟာ သူတို့လုပ်ငန်းမှာ ခေါင်းဆောင်ဖြစ်နိုင်တယ်။ သူတို့တပ်ထဲမှာဆိုရင် အနည်းဆုံး ဗိုလ်ကြီးအဆင့်ရှိမယ်"

"ဘာကို အထောက်အထားပြု ပြောတာလဲ"

"ဟိုတစ်ကောင်က သူ့စကားကိုနာခံရတယ်။ နန်းခက်မွန်လဲ သူ့စကားကို နာခံရတာပဲ"

ကျွန်တော်သက်ပြင်း ရှိုက်လိုက်မိပါသည်။

"အမျိုးသမီးက ကျွန်တော့်ကို ညာတာချင်ပုံပဲ။ သံယောဇဉ်ရှိပုံလဲ ရတယ်။ ခင်ဗျားနဲ့တွဲပါနေလို့ ဒုက္ခရောက်ရတာ"

ကျွန်တော်ပြောတော့ ဦးဖြူသီးရယ်သည်။

"မထင်စမ်းပါနဲ့ ငါ့လူရာ။ မင်းကို သူ ကစားတာပါ။ နန်းခက်မွန် ဘယ်လောက်လည်တယ်၊ ဘယ်လိုလှည့်ပတ်နိုင်တယ်ဆိုတာ မင်းကိုစိတ်ထွေသွားအောင် ကစားလိုက်တာက သက်သေပြနေတာပဲကွ"

"ဘယ်လို ကစားပြလိုက်တာလဲ"

"မင်းသေရမှာ ငါ့ကြောင့်လို့ ထင်အောင် ကစားတာပေါ့။ ခုပဲ ငါ့ အပေါ်မှာ အထင်မှားနေပြီ မဟုတ်လား"

"နို့မဟုတ်ဖူးလား"

"မင်း ... မသေစေရပါဘူးကွာ၊ အချိန်တန်ရင် နားလိမ့်ကန်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သည်အပြော ထပ်မံကြားရပြန်တော့ ကျွန်တော်ဒေါပွသည်။ လိုဏ်ဂူထဲတွင် ပိတ်လှောင်ခြင်းခံနေရသည်။ နေ့မှန်းမသိ ညမှန်းမသိ ဖြစ်နေသည်။ အစာလည်းမရှိ၊ ရေလည်းမရှိ။ အစာဆာသည်၊ ရေငတ်သည်။ ဦးဖြူသီးပြောပုံမှာ မြွေမင်းသားပုံပြင်ထဲကလို ဖြစ်နေသည်။ ထိုပုံပြင်ထဲတွင် မယ်ဒွေးသည် မြွေမင်းသားလေးနှင့် လက်ထပ်သဖြင့် ကြီးပွါးချမ်းသာသည်။ မြွေမင်းသားမှာလည်း နတ်သမီး နတ်သားများနှင့် ကြွေအံကစားနေစဉ် မယ်ဒွေးတို့သားအမိက မြွေအရေခွံကို မီးတင်ရှို့ပစ်လိုက်သောကြောင့် လူချော လူလှကလေး အဖြစ်နှင့်ရပ်တည်လာသည်။ စီးပွားတိုးတက်ချမ်းသာသည်။

ထိုအခါ အိမ်နီးချင်းမိန်းမကြီးက သူ့သမီးကိုမြွေနှင့်ပေးစားရန် အကြံဖြစ်လာသည်။ မယ်ဒွေးတို့ကို အားကျခြင်းဖြစ်၏။ တောလည်မုဆိုးအား မြွေဖမ်းခဲ့ရန် မှာသည်။ မုဆိုးက စပါးကြီးမြွေကြီးတစ်ကောင် ဖမ်းလာပေးသည်။ မိန်းမကြီးက စပါးကြီးမြွေကို သမီးနှင့်အတူသိပ်သည်။ ညကျတော့ မြွေက မိန်းမပျိုကို ခြေထောက်မှစမျိုသည်။ မိန်းမပျိုက ...

"အမေ၊ မြွေကြီး မျိုလို့ ဒူးဆစ်ရောက်နေပြီ အမေရေ" ဆိုတော့ မိန်းမကြီးက ....

"ငါ့သမက်ကြီးက ချစ်လို့ကျီစားတာပါ" ဆိုသည်။

နောက် ခါးရောက်တော့ မိန်းမပျိုက အော်ပြန်သည်။ မိန်းမကြီး ထမကြည့်၊ ယခင်အတိုင်းသာ ပြန်ပြောသည်။ လည်ပင်းရောက်တော့ အော်ပြန်သည်။ မိန်းမကြီး ထမကြည့်။ ယခင်အတိုင်းသာ ပြောသည်။ နောက်ဆုံး မိန်းမပျိုတစ်ကိုယ်လုံးကို မြွေကမျိုပစ်လိုက်သည်။

ကျွန်တော်တို့အဖြစ်မှာ ထိုပုံပြင်အတိုင်းဖြစ်နေသည်။ ယခုလည်ပင်းရောက်နေသည့်တိုင် ဦးဖြူသီးမှာ နွားပိန်ကန်ဆဲရှိနေသည် မဟုတ်လား။

ဦးဖြူသီးအပေါ် ကျွန်တော် မကျေမနပ်ဖြစ်လာသည်။ သည်းမခံနိုင်လောက်အောင် ဒေါသဖြစ်လာသည်။

"ခင်ဗျား အစီအစဉ် တကယ်ညံ့တယ်"

ကျွန်တော်ဒေါသသံနှင့်ပြောလိုက်သည်။

"ဘာအစီအစဉ် ညံ့တာလဲ"

သူက ခပ်အေးအေး ပြန်မေး၏။

"ရဲတွေကို တစ်ခါတည်းခေါ်လာပြီး ပြဿနာကို တစ်ခါတည်း ရှင်းလိုက်ရင် ပြီးရက်သွားနဲ့ သက်သက်သူ့ရဲကောင်းလုပ်တာ"

"မင်းပြောသလိုဆိုရင် ဌာနချုပ်တော့ပြီမှာ အမှန်ပဲ၊ ဒါပေမယ့်ပို့ စံပယ်ပွင့်ဂိုဏ်းအားလုံးကို ဖမ်းမိမှာမဟုတ်ဘူး၊ ခုဆိုရင် သူတို့က တို့သေပြီလို့ ယူဆ



www.burmeseclassic.com

www.burmeseclassic.com



ကြမယ်၊ အနယ်နယ်အရပ်ရပ်က စပယ်ပွင့်ဂိုဏ်သားတွေ ဘုရားပွဲတော်မှာ စုဝေးလာကြမယ်၊ ဒီအချိန်မှာ ရဲကဂိုဏ်းဝင်အားလုံးကို ဖမ်းလိုက်နိုင်မယ်၊ စပယ်ပွင့်ဂိုဏ်း ကျူပွင့်တော့မကျန် ပြိုလဲသွားမယ်"

"စပယ်ပွင့်ဂိုဏ်းမပြိုခင် ကျွန်တော်တို့သေမှာကို ထည့်မတွက်ဘူးလား"

"မပူစမ်းပါနဲ့ကွာ၊ အချိန်တန်တော့ နွားပိန်ကန်ပါလိမ့်မယ်"

ကျွန်တော်ထိုင်ရာမှ ထရပ်လိုက်သည်။ သေရမည့်အတူ ဦးဖြူသီးကို ရိုးရိုးမသေစေဘဲ ကျွန်တော့်လက်နှင့်သတ်ပစ်ရန် ဆုံးဖြတ်လိုက်သည်။ အမှောင်ထဲတွင် သူရှိရာသို့ မှန်းဆပြီးသွားသည်။ သူ့ကို လက်နှင့်စမ်းမိသည်။

"ဘာလဲ ... မင်းကြောက်နေသလား"

"ဟော့ ... ဘယ်လိုဖြစ်တာလဲ၊ မင်းက ငါ့ကို လေးလေးမြင့်များ မှတ်နေသလား"

ဦးဖြူသီး ကိုယ်ကိုလှုပ်ရှားရင်း မေးသည်။ ကျွန်တော် အဖြေမပေးဘဲ သူ့လည်ပင်းကို အရအမိဆုပ်ကိုင်သည်။ ရှိသမျှအင်အားနှင့်ညှစ်သည်။

"ဟော့ ... ဟော့ ... ဘယ်လိုလုပ်တာလဲ၊ မင်းရူးသွားပြီလား"

ဦးဖြူသီးအော်ရင်း ဟစ်ရင်းနှင့်ရုန်းသည်။ ကျွန်တော်အံကြိတ်ထားကာ လက်ကိုတင်းကျပ်စွာ ဖျစ်ညှစ်သည်။ ကျွန်တော့်ရင်ဘတ်ကို ဆောင့်တွန်းခြင်းခံလိုက်ရပြီး မြေပြင်ပေါ် ပုံလျက်သားလဲကျသွားသည်။

"ဟား ... ဟား ... ဟား ... နွားပျိုသန်တယ်ဆိုတာ နွားအိုပေါင်ကျိုးတာလောက်တောင်မှ မသန်ပါဘူးကွာ၊ ဟား ... ဟား ... ဟား"

ဦးဖြူသီးရယ်သံမှာ လိုဏ်ထဲတွင် ဗလုံးဗထွေး ရိုက်ခတ်သွားသည်။ ကျွန်တော်ပြန်ထရန် ကြိုးစားသည်။ သို့ပေမယ့်လို့ ကျွန်တော်မှာထနိုင်သည့် အင်အားမရှိတော့။ အားအင်များ ကုန်ခန်းနေသည်။ ပက်လက်အနေအထားမှ စောင်းလှည့်လိုက်သည်။ မီးရောင်ကို မြင်ရသည်။

"မင်းဘယ်လိုဖြစ်တာလဲ ... ရူးသွားပြီလား"

သူ့အမေးကိုတောင်မှ ဖြေနိုင်သော အင်အားမရှိတော့ပါ။ တစ်ခဏအတွင်းမှာပင် သတိလစ်မေ့မြောသွားသည်။

ကျွန်တော့်ရင်မှာ အေးမြသည်။ မျက်နှာမှာလည်း အေးမြသည်။ ကျွန်တော် မျက်စိဖွင့်ကြည့်လိုက်တော့ အလင်းရောင်ကို မြင်ရသည်။

နေရောင်ဖြစ်သည်။ ဦးဖြူသီးမျက်နှာကို မြင်ရသည်။ ဦးဖြူသီးသည် စိုးရိမ်ဟန်ရှိနေရာမှ ရွှင်ပြုံးလာသည်။ သေနတ်သံတွေကို ကြားရသည်။

ကျွန်တော် လူးလဲထထိုင်လိုက်သည်။ ကျွန်တော့်ပုံစံမှ အသိတ်တထည်ဖြစ်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ပါနဲ့ကွာ ... တို့နေရာ လုံခြုံပါတယ်"

သူပြောသဖြင့် ကျွန်တော်ပတ်ဝန်းကျင်ကို ကြည့်သည်။ ကျောက်ဆောင်လိုဏ်ဂူတစ်ခုအတွင်း ရောက်နေသည်။ နံဘေးရှိကျောက်ခွက်ထဲ၌ ရေကြည်များကို မြင်ရသည်။ ကျွန်တော်ရေကို လက်ခုပ်နှင့်ခပ်ယူပြီးသောက်သည်။

"မင်းအတော် ရေငတ်နေတာပဲ"

သူကျွန်တော့်ကို ကြည့်၍ ပြောသည်။ သူ့မျက်လုံးတွင် ကြင်နာသော အရိပ်အယောင်များကို မြင်တွေ့နေရသည်။

"ဟုတ်တယ် ... ရင်တစ်ပြင်လုံး မီးလောင်ခံရသလို ပူနေတယ်"

"ဒါကြောင့် ... ရေအသက် တစ်မနက်လို့ ဆိုရိုးစကားရှိခဲ့တာပေါ့"

"ကျွန်တော်တို့ ဘယ်လိုဘယ်လို ဒီကိုရောက်လာကြတာလဲ"

"ရဲတွေရောက်လာပြီလေ၊ သူတို့ကတို့ကို လိုဏ်ဂူတံခါးဖွင့်ပေးတယ်၊ မင်းရေငတ်နေမှန်းသိလို့ ဒီကိုသယ်လာတယ်၊ သူတို့ တောင်ဘက်တံခါးက ဝင်လာတာ အဆင်သင့်သွားတယ်၊ တို့ဝင်တဲ့မြောက်ဘက်ကဝင်ရင် တိုက်ပွဲပြီးမှ ဒီလိုဏ်ဂူထဲက ထွက်ရမှာ"

ဦးဖြူသီးက ကျွန်တော် မသိလိုက်သည်များကို ရှင်းပြောပြသည်။ ပစ်သံခတ်သံများကို မစဲအောင်ကြားနေရသည်။ တိုက်ပွဲဖြစ်ပွားနေသည်မှာ အဆောက်အအုံများရှိသော နေရာတွင်ဖြစ်သည်။ ကျွန်တော်တို့နှင့် ဖါလုံဝက်ခန့်ဝေးသည်။ ရံခါတွင် ကျွန်တော်တို့ဆီသို့ ကျည်ဆံများ ရောက်လာတတ်သည်။ သို့သော်လည်း ကျွန်တော်တို့ ခိုအောင်းနေသော ကျောက်ဆောင်မှာ အကာအကွယ် ကောင်းသည်မို့ စိုးရိမ်စရာမရှိပါ။

အော်သံ ဟစ်သံများ၊ ပစ်သံခတ်သံများ၊ ပြေးသံ လွှားသံများကို ကြားနေရသည်။ တိုက်ပွဲမှာ ပြင်းထန်သည်။ ကျွန်တော်ညက ထင်ထားသည် ထက်ပင် ဟီးရိုးအင်းအဖွဲ့ သို့မဟုတ် စပယ်ပွင့်ဂိုဏ်းမှာ ကြီးကျယ်နေသလားမသိ၊ ရဲများတော်တော်နှင့် တိုက်ခိုက်ဖြိုခွင်း၍ မရနိုင်ဘဲရှိနေသည်။ ကျွန်တော် ကျောက်ဆောင်ကို အကာအကွယ်ယူလျက် တိုက်ပွဲကိုလှမ်းကြည့်သည်။ ရဲမဟုတ်သော လက်နက်ကိုင် အတော်များများကို မြင်တွေ့ရသည်။ အဝတ်အစားအမျိုးမျိုးကို ဝတ်ဆင်ထားကြသည်။ ထိုသူများက ရဲတွေနှင့်ယှဉ်ပြိုင် တိုက်ခိုက်နေကြသည်။

ရိုင်ဖယ်သံ၊ စတင်းသံ၊ ခြောက်လုံးပူးသံများသာမက စက်သေနတ်သံတွေကိုပါ ကြားလာရသည်။

"ရဲနဲ့တပ်မတော် ညှပ်ပူးညှပ်ပိတ်ချပြီကွ"

ဦးဖြူသီး အားရပါးရပြောသည်။ ရံခါတွင် လက်ပစ်ဗုံးပေါက်ကွဲသံများ



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ ကြားရသည်။ မြေဆိုင်များ ဖွာတက်သွားကာ မီးခိုးလုံးများတက်လာသည်။ အရောင်အသွေးအမျိုးမျိုး ဝတ်ဆင်ထားသူများ လဲပြိုသည်ကို မြင်ရ၏။ ပြေးကြလွှားကြရသည်ကို မြင်ရသည်။ သို့သော်လည်း တောင်ကြားထဲတွင် နှစ်ဖက်ညှပ်၍ အတိုက်ခံနေရသော ကြောင့် ရှောင်မပြေးသာအောင် ရှိနေသည်။ အဆောက်အအုံနှစ်ခုကို အကာ အကွယ်ယူကာ ခုခံနေကြသည်။ ကျည်ဆံတစ်ခု ကျွန်တော့်ပါးနားမှ ဖြတ်သန်းသွားသည်။ ကျွန်တော် ကျောက်ဆောင်အတွင်းဘက် ရပ်နေရသည်။ ကျည်ဆံများ ကျောက်ဆောင်ကို လာရောက်ထိမှန်သည်။ ကျွန်တော် တိုက်ပွဲကို မကြည့်ရဲတော့ပါ။

ပစ်သံဝေါ်သံ အနည်းငယ်စဲသွားသည်နှင့် ကျောက်ဆောင်အကွယ်မှ ထွက်ကြည့်သည်။ အဆောက်အအုံနှစ်ခုစလုံး မီးဟုန်းဟုန်းတောက်လောင်နေသည်။ ပြင်းထန်သော ပေါက်ကွဲသံကြီးများကို ကြားနေရသည်။ လေဝှေ့လာသော အခါ လူကိုမီးလောင်သည့် ညှော်နံ့ပါလာသည်။ အတုံးအရုံးလဲကျနေသော အလောင်းကောင်များကို မြင်တွေ့ရသည်။ တောင်ကြားတစ်လျှောက်တွင် အနီရောင် ရဲ မြင်ကွင်းသာ မြင်ရတော့သည်။

နာရီဝက်ခန့်အတွင်းမှာပင် အဆောက်အအုံနှစ်ခုစလုံး ပြာဖြစ်သွားသည်။ ရဲတပ်သားများ၊ တပ်မတော်သားများ ကျွန်တော်တို့ရှိရာဘက်သို့ လာနေကြသည်။

"တိုက်ပွဲပြီးသွားပြီ ... တို့ထွက်ကြစို့"

ဦးဖြူသီးပြောပြီး လိုဏ်ထဲမှထွက်သည်။ ကျွန်တော်လည်း သူ့နောက်မှ လိုက်ထွက်သည်။ ရဲများ၊ တပ်မတော်သားများနှင့် ဆုံမိသည်။

"ဗိုလ်ကြီး ... ဒါဟာ ဒီဂိုဏ်းကြီးကို စွန့်စွန့်စားစားထောက်လှမ်းပေးတဲ့ ကဗ္ဗိယစုံထောက်ကြီး ဦးဖြူသီးပါပဲ"

စခန်းမှူးက ဦးဖြူသီးကို ညွှန်ပြပြီးပြောသည်။ ဗိုလ်ကြီးက လက်ကမ်းပေးသည်။ ဦးဖြူသီး ဗိုလ်ကြီးကို လက်ဆွဲ နှုတ်ဆက်သည်။

"အသက်နဲ့လဲပြီး တိုင်းပြည်နဲ့လူမျိုးအတွက် ဆောင်ရွက်တဲ့ ကဗ္ဗိယစုံထောက်ကြီးကို ချီးကျူးပါတယ်"

သည်အဖြစ်နှင့်ကြုံတော့ ကျွန်တော့်ရင်တွင် ခံပြင်းနာကြည်းမိသည်။ ဦးဖြူသီး စွန့်စားသလို ကျွန်တော်လည်း စွန့်စားရသည်။ ဦးဖြူသီး အသက်စွန့်သလို ကျွန်တော်လည်းစွန့်ရသည်။ သို့စဉ်လျက် သူတို့က ဦးဖြူသီးတစ်ယောက်တည်းကိုသာ ကွက်၍ချီးကျူးနေကြသည် မဟုတ်လား။

"ဒီဂိုဏ်းဟာ နယ်နယ်ရရဂိုဏ်း မဟုတ်ဘူးဆိုတာ ကျွန်တော်တို့ သိတယ်၊ ဒီဂိုဏ်းထဲမှ တရုတ်ဖြူ တပ်သားတွေပါနိုင်တယ်ဆိုတာလဲ တွေးမိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့ ဗိုလ်ကြီးတို့တပ်စိတ်ကို အကူအညီတောင်းပြီး နှစ်ဖက်ညှပ်တိုက်လိုက်တာ ခုတော့အိုကေ ဖြစ်သွားတာပါပဲ"

စခန်းမှူးက အားရပါးရ ပြောလေသည်။

"ခင်ဗျားတို့ရောက်လာတာ နာရီဝက်လောက်နောက်ကျရင် ကျုပ်စာရေးဆရာတော့ ရေငတ်တာနဲ့သေမှာ"

ဦးဖြူသီးပြောတော့ စခန်းမှူး ဗိုလ်ကြီး ကျွန်တော့်ဘက် လှည့်ကြည့်သည်။

"အမှန်တော့ ဒီအောင်ပွဲဟာ ကျုပ်တစ်ယောက်တည်း စွမ်းရည်ကြောင့်မဟုတ်ပါဘူး၊ စာရေးဆရာရဲ့စွမ်းရည်လဲ ပါပါတယ်"

"စာနဲ့ရေးရုံသာမက (ကိုယ်တိုင်ပါဝင်စွမ်းဆောင်တဲ့ ဆရာ့ကို ကျွန်တော်တို့အားလုံးကပဲ လေးစားမြတ်နိုးပါတယ် ဆရာ"

ဗိုလ်ကြီးက ကျွန်တော့်ကိုကြည့်ပြီး ပြော၏။

"ပစ္စက္ခမှာရော၊ အနာဂတ်မှာရော လူငယ်တွေကို ဘဝနစ်မွန်းအောင်လုပ်နေတဲ့ ဘိန်းဖြူပြဿနာကို တိုက်ခိုက်ဖြိုခွင်းဖို့ဟာ လူတိုင်းမှာ တာဝန်ရှိပါတယ် ဗိုလ်ကြီး"

ကျွန်တော်ပြောတော့ ဗိုလ်ကြီးခေါင်း ဆတ်ခနဲ ညိတ်သည်။

"ဟီးရိုးအင်းဆိုတဲ့ ဘိန်းဖြူဟာ အနုမြူဗုံး၊ နျူကလီးယားဗုံးတွေထက်တောင် ကြောက်ဖို့ကောင်းတယ် ဆိုရမလားမသိဘူး၊ အနုမြူနျူကလီးယားဗုံးတွေဟာဆိုရင် တစ်တိုင်းပြည်နဲ့တစ်တိုင်းပြည် စစ်ဖြစ်နေကြတဲ့ ကာလအတောအတွင်းမှာသာ သုံးစွဲပိုင်ခွင့်ရှိပါတယ်၊ ဒါကြောင့် ဂျပန်စစ်အတွင်းက အမေရိကန်တို့ရဲ့ အနုမြူဗုံးကြဲတာခံရလို့ လူတွေအမြောက်အမြား သေဆုံးရတာတော့ မှန်တယ်၊ စစ်ပြီး နောက်ပိုင်းမှာ ပြန်လည်ထူထောင်ရေးတွေ လုပ်လိုက်ကြတာခုဆိုရင် စီးပွားရေးမှာ ကမ္ဘာ့ထိပ်ပိုင်းကို ရောက်လာပြီ၊ လူနေမှု အဆင့်အတန်းတွေ မြင့်မားလာပြီ၊ ဟီးရိုးအင်းက အချိန်မရွေးဖျက်ဆီးနိုင်တယ်၊ ဒါကြောင့် ခုလို တင်သွင်းဖြန့်ဖြူးတာကို မကာကွယ်နိုင်ရင်တော့ တိုင်းပြည်သာမက လူမျိုးပါ ဘဝတုံးမှာပါ၊ ပြန်လည်ထူထောင်ရေးအတွက် ဘယ်လိုမှမျှော်မှန်းမရအောင် ဘဝဆုံးကြရမှာပါ၊ အဲဒါကြောင့် ကျွန်တော်တို့ဟာ ဟီးရိုးအင်းရန်ကို အသက်နဲ့လဲပြီး ခုခံကာကွယ်တိုက်ခိုက်ကြရတာပါ"

"လူတိုင်း အဲဒီ အမြင်မှန်ရလာအောင် ရေးပါဦးဆရာ"

ဗိုလ်ကြီးက ပြုံးရယ်ရင်း ပြောသည်။

"ကျွန်တော်အတတ်နိုင်ဆုံး ကြိုးစားရေးပါမယ် ဗိုလ်ကြီး၊ သူများဟီးရိုးအင်းအကြောင်းရေးလို့ ပေါ်ပြူလာ သဘောမျိုးလိုက်ရေးတာမဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်အတွက် အန္တရာယ်အကြီးမားဆုံး ရန်သူဖြစ်တယ်ဆိုတာကို တကယ် ယုံယုံကြည်ကြည်နဲ့ ရေးမှာပါ"

"ခု ဆရာ တွေ့ကြုံရတဲ့ အတွေ့အကြုံကို ပြန်ရေးရင်တောင် မဆိုးပါဘူး၊ ဟီးရိုးအင်း အန္တရာယ်ကို ထိုက်သလောက် နားလည်နိုင်မှာပေါ့"

"ဟုတ်ကဲ့ ... ဒီအကြောင်းလဲ ရေးပါ့မယ်"

"ဒါနဲ့ စခန်းမှူး၊ ပွဲတော်လာမယ့် စံပယ်ပွင့်တွေအတွက် ဘယ်လိုစီစဉ် ခဲ့သလဲ" ဦးဖြူသီး ကြားဖြတ်ဝင်မေးသည်။

"အားလုံး ဖမ်းမိမှာပါ"

"ဦးစောအောင်ကိုကော"

"တစ်ပြိုင်တည်း တစ်ချိန်တည်းမှာ အားလုံးဖမ်းကြပါလိမ့်မယ်"

"ဒါနဲ့ ဒီတိုက်ပွဲမှာ ဂိုဏ်းခေါင်းဆောင် ဟီးရိုးအင်းဘုရင်မ နန်းခက်မွန် ကို တွေ့ကြရဲ့လား"

ဦးဖြူသီးက အရေးတကြီးပုံစံမျိုးနှင့်မေးသည်။ စခန်းမှူးနှင့်ဗိုလ်ကြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြ၏။

"ကျုပ်တော့ အမျိုးသမီးဆိုတစ်ယောက်မှ မတွေ့မိဘူး"

ဗိုလ်ကြီးက ခေါင်းကိုခါရမ်းပြီးပြောသည်။

"ကျွန်တော်လဲ မတွေ့မိဘူး ဗိုလ်ကြီး" စခန်းမှူးက ပြောပြန်သည်။

အမျိုးသမီးကို တွေ့အောင်ရှာမှဖြစ်မယ်၊ အမျိုးသမီးလွတ်မြောက်သွား ရင် မလွယ်ဘူး၊ ဒီဂိုဏ်းပြိုမှာ မဟုတ်ဘူး"

ဦးဖြူသီးက အရေးတကြီး ပြောသည်။ ဘယ်လိုကြောင့်ရယ်မသိ။ ကျွန်တော့်စိတ်ထဲတွင် အမျိုးသမီး လွတ်မြောက်နေခြင်းကို ဝမ်းသာသလို ခံစား မိသည်။

"ကျွန်တော်တို့ အမျိုးသမီးကို ရှာကြည့်ကြရအောင်"

စခန်းမှူးက ပြောသည်။ အားလုံး ငြိမ်နေရာမှ လှုပ်ရှားလာကြသည်။

"မီးထဲပါသွားသလားမှမသိတာ စောစောက လူသေကောင် မီးလောင် တဲ့ အနံ့ နံတယ်"

ကျွန်တော်ပြောတော့ ငြိမ်သွားကြသည်။

"ဘာပဲဖြစ်ဖြစ် ရှာကြည့်ဖို့တော့ လိုလိမ့်ဦးမယ်"

ဦးဖြူသီးပြောသည်နှင့် ပြန်လည် လှုပ်ရှားကြသည်။

"သူဒီတောင်ကြားက ထွက်မသွားနိုင်တာတော့ သေချာသည်။ ကျွန် တော်တို့ တောင်ဘက်တံခါးမှာရော မြောက်ဘက်တံခါးမှာရော ကင်းချထား တယ်" ဗိုလ်ကြီးက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တောင်ကြားတစ်လျှောက် ရှာကြသည်။ ယခုအခါ တောင်ကြားတွင် ရှင်းနေသည်။ အမျိုးသမီးကို ရှာမတွေ့ပါ။

"ရှိန်းဆာယာဟိုမောက်ပြီး ကိုယ်ပျောက်တဲ့ အတတ်တော့ရကောင်းမယ် မထင်ပါဘူး၊ ရှာကြသေးတာပေါ့"

ဦးဖြူသီးပြောတော့ အားလုံး စိတ်အားထက်သန်ကြသည်။

တောင်နံရံများတွင် အခေါင်းအပေါက် လိုဏ်ရှိမရှိကြည့်ကြသည်။

"ဟောဟိုချုံပုတ်လေးကို ကျုပ်မကော်ဘူး။ ချုံပုတ်ရဲ့ ဟိုဘက်မှာ အခေါင်း ရှိနိုင်တယ်"

ဦးဖြူသီးနံရံတွင် ပေါက်နေသော ကြွက်နွယ်ချုံကလေးကို ညွှန်ပြပြီး ပြောသည်။

"ဦးဖြူသီး ပြောတာဖြစ်နိုင်တယ်၊ အောက်ခြေမှာလည်း မြေမို့ရှိတယ်၊ ချုံက မြေမို့ပေါ်မှာ ပေါက်နေတာ"

ဗိုလ်ကြီးက အားရဝမ်းသာ ထောက်ခံပြောသည်။

"ဒါပေမယ်လို့ ကျုပ်တို့ အဲဒီနေရာကို အရမ်းသွားလို့ မဖြစ်ဘူး၊ သူ့မှာ လက်နက်ရှိမယ်၊ သွားကြည့်တဲ့လူကို အန္တရာယ်ပေးနိုင်တယ်၊ ရဲတပ်ကိုရော၊ စစ်တပ်ကိုရော ဖျောက်ထားပြီး ကျုပ်တို့ ဟိုကျောက်ဆောင်အကွယ်က ချောင်း ကြည့်နေရင် ကောင်းမယ်၊ ကျုပ်တို့အားလုံး ပြန်သွားပြီထင်မှ သူထွက်လာမှာ"

ဦးဖြူသီးအကြံပေးချက်ကို ဗိုလ်ကြီးရော၊ စခန်းမှူးရော သဘောတူကြ သည်။ ရဲများ၊ တပ်မတော်သားများကို တောင်တံခါး၊ မြောက်တံခါးများအနီး တွင် ပုန်းအောင်းပြီး တပ်ဖျောက်နေရန် အမိန့်ပေးသည်။ ပြီးနောက်ကျွန်တော် တို့ စောစောကပုန်းအောင်းနေသော ကျောက်ဆောင်အကွယ်တွင် ကျွန်တော်တို့ လေးယောက်သွားပုန်းပြီး စောင့်ကြည့်နေကြသည်။

တစ်နာရီနီးပါး ကြာသော်လည်း အမျိုးသမီး၏ အရိပ်အယောင်ကို မမြင်ရပါ။

"ဘယ်လိုလဲ ဦးဖြူသီး ... ထင်ကြေးမကိုက်ဘူးထင်တယ်"

စခန်းမှူးက ခပ်တိုးတိုးပြောသည်။

"စောင့်ကြည့်ပါဦးလေ၊ သူ ခိုပုန်းနိုင်တာ ဒီတစ်နေရာပဲရှိပါတယ်၊ သူ့အနေနဲ့ ကြာကြာလဲ တောင်စောင်းထဲမှာ နေမယ်မဟုတ်ပါဘူး၊ လုပ်ငန်းတစ်ခု အောင်မြင်ဖို့ အစသိမ်းနိုင်ဖို့ဆိုတာ စိတ်ရှည်ရပါတယ်"

ဦးဖြူသီးက ခပ်အေးအေးပြောသည်။ ကျွန်တော်အနေနှင့်တော့ အမျိုး သမီးကို မရေမရာစောင့်မနေချင်ပါ။ သည်မှာ အရှိန်ဖြုန်းနေမည့်အစား သိမ်ကုန်း ကို မြန်မြန်ရောက်ချင်သည်။ လေးလေးမြင့်မျက်နှာကို မြင်ချင်လှပြီ။ မသေ



www.burmeseclassic.com

www.burmeseclassic.com



မပျောက်ဘဲ ပြန်ရောက်လာသည့် ချစ်သူမျက်နှာကိုမြင်တွေ့ရလျှင် လေးလေးမြင့် ဘယ်မျှဝမ်းသာရှာမည်နည်း။

ကျွန်တော်ဦးဖြူသီးကို စိတ်မရှည်ချင် ဖြစ်လာသည်။ လှေ့ရှာဖွေးကို ဗာရာဏသီချဲ့သည်ဟု ထင်လာသည်။ တကယ်လွတ်မြောက်သွားသည့်တိုင် နန်းခက်မွန်လို အမျိုးသမီးတစ်ယောက်က အဖွဲ့အစည်းမရှိဘဲနှင့် မည်သို့ အန္တရာယ်ပေးနိုင်ပါတော့မည်နည်း။

"အမျိုးသမီးဟာ မီးထဲပါသွားတာ သေချာပါတယ်"

ကျွန်တော်က စောစောကစကားကို အတည်ပြုပြောပြန်သည်။ ဦးဖြူသီး ကျွန်တော့်မျက်နှာကို ကွက်ခနဲလှည့်ကြည့်သည်။

"မင်း သိမ်ကုန်းကို ရောက်ချင်လှပြီလား"

"အဓိပ္ပာယ်မရှိ စောင့်နေရတာထက် သွားနေရတာက ပိုကောင်းတယ်"

"ဟုတ်ပါတယ် ဦးဖြူသီး ... အမျိုးသမီးမရှိတော့ဘူး ထင်ပါတယ်"

စခန်းမှူးက ဝင်ပြောသည်။

"အမျိုးသမီးကိုသာ မဟုတ်ဘူး၊ ကျုပ်တို့ဘိန်းစိမ်းကိုလဲ ရှာရလိမ့်ဦးမယ်၊ ဘိန်းမရှိဘဲ ဟီးရိုးအင်းချက်လုပ်လို့မရပါဘူး၊ ဒီတော့ ဘိန်းသိုလှောင်ထားတဲ့နေရာ ရှိရဦးမယ်၊ အမျိုးသမီးဟာ ဘိန်းသိုလှောင်ထားတဲ့နေရာမှာ ရှိနိုင်တယ်၊ ဘိန်းသိုလှောင်တဲ့နေရာဟာလည်း တောင်စောင်းထဲမှာသာ ဖြစ်နိုင်တယ်"

"စခန်းမှူးကြီး နည်းနည်းသည်းခံ စောင့်ပါဦးဗျာ"

ဗိုလ်ကြီးက ရယ်ရယ်မောမောနှင့်ပြောသည်။

ဦးဖြူသီး စိတ်ကူးယဉ်လွန်းသည်ဟု ကျွန်တော်ထင်မိသည်။ သို့သော် မကြာမီတွင် ကျွန်တော့်အထင်လွဲမှားကြောင်း တွေ့ရသည်။

ကြွက်နွယ်ချုံ အကွယ်မှ အမျိုးသမီးထွက်လာသည်။ သူမလက်တွင် ခြောက်လုံးပြူးသေနတ်ကိုင်လျက်ဖြစ်သည်။ အမျိုးသမီးသည် ရှုမြင်သောမြင်ကွင်း ကိုငေးကြည့်ကာ ရင်ကလေးလှိုက်ဖိုနေသည်။ နောက် အံကို တင်းတင်း ကြိတ်သည်။ သူမသည် အလွန်ခံပြင်းနာကြည်းသော အသွင်ကို ဆောင်ယူထားသည်။

အတန်ကြာရပ်တွေနေပြီးမှ လှုပ်ရှားသည်။ မြောက်ဘက်ဆီသို့ ခြေနှစ် လှမ်း လှမ်းလိုက်ပြီးမှ တောင်ဘက်သို့ လှည့်လာသည်။ သူမခြေလှမ်းများ နှေး ကွေးလွန်းသည်။ ခြေကိုမသယ်ချင့်သယ်ချင် သယ်ယူနေရသော ပုံစံမျိုး။

ကျွန်တော်တို့ တည့်တည့်ရောက်လာရန် အတော်စောင့်ရသည်။ ... တည့်တည့် ရောက်လာသည်နှင့် ... "ရပ် ... လက်နက်ချ ... လက်မြှောက်"

ဗိုလ်ကြီးက အမိန့်ပေးသည်။ အမျိုးသမီး တုန်ခါသွားသည်။ ချက်ချင်း ဆိုသလိုမှာပင် ကျွန်တော်တို့ဘက်လှည့်၍ ရင်ဆိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နန်းခက်မွန် … ခုခံမယ် မကြံနဲ့၊ မင်းအတွက် လက်နက်ချလိုက်ရင် အကောင်းဆုံးဖြစ်မယ်"

ဦးဖြူသီး အော်ပြောသည်။ ထိုစဉ်အမျိုးသမီး လက်လှုပ်ရှားသည်ကို မြင်ရပြီး ခြောက်လုံးပူးကျည်ဆံတစ်ခုကို ကျွန်တော်တို့ ကျောက်ဆောင်အစွန်းကို လာထိသည်။ ကျောက်သားများကွဲစဉ်က အစအနများ ဖွာကျဲသွားသည်။

"နန်းခက်မွန် … မင်းကို တို့မသတ်ချင်ဘူး လက်နက်ချလိုက်"

ဗိုလ်ကြီးအော်ပြောသည်။ အမျိုးသမီး ဆက်ကာ ဆက်ကာပစ်သည်။ ကျွန်တော်တို့ ပုန်းဝပ်ရှောင်တိမ်းကြရသည်။ ကျွန်တော့်အနီးမှ သေနတ်သံ တစ်ချက်ကြားရသည်။ တစ်ဖက်မှ သေနတ်သံတိတ်သွားသည်။ စခန်းမှူး သေနတ်မှ ယမ်းနံ့ကို ရှူလိုက်ရသည်။ ကျွန်တော်တို့ ကျောက်ဆောင်နောက်မှ ထွက်လာကြသည်။ အမျိုးသမီးမြေပြင်၌ လပ်လက်လန် လဲကျသေဆုံးနေသည်။ သွေးတွေ အိုင်ထွန်းနေသည်။

"အကုသိုလ်ပြုတဲ့လူကို ဘယ်သူမှ ကယ်တင်လို့ မရပါဘူးလေ"

ဦးဖြူသီး ခပ်ညည်းညည်းပြောသည်။ ကျွန်တော်တို့ ထိုင်နေရာမှ ထွက်ခွာခဲ့ကြသည်။ ကြွက်နွယ်ချုံနောက်သွားကြည့်တော့ လိုဏ်ခေါင်းတွေ့ရသည်။ တောင်စောင်းထဲလက်နှိပ်ဓာတ်မီးနှင့် ထိုးရှာကြည့်ရာ ခြင်းတောင်းနှင့် ထည့်ထားသော ဘိန်းအတော်များများကို တွေ့ကြရပါသည်။

*

www.burmeseclassic.com

www.burmeseclassic.com

( ၁၄ )

## မျှော်သယောင်ရော်ရမ်း လွမ်းရသူမယ်

မြင်မြင်သမျှ အရာအားလုံး ပြုံကွဲပျက်စီးနေသည်။ ဆုံးရှုံးနေသည်ဟု ကျွန်တော် ထင်ပါသည်။

ပြာမှိုင်းသော ရှမ်းရိုးမ တောင်တန်းကြီးသည်ပင် အက်ကွဲပြိုပျက်ကာ လဟာပြင်လို ဟာလာဟင်းလင်းဖြစ်သည့်အခါ ဖြစ်သွားသည်။ စိတ်အတွေးမှာ တိမ်သားနှင့်အတူ လွင့်နေသည်။ ရပ်တည်ရာမရ လွင့်မျောနေသည်။ တည်ငြိမ်ခြင်းမရှိဘဲ ယောက်ယက်ခတ်နေသည်။ ရယ်ဝယ်နာကြည်းဆိုနင့် နေသည်။ တိုက်ပွဲမှ ပြန်ရောက်လာသော ရဲဘော်များကို သက်ဆိုင်ရာ အိမ်သူအိမ်သားများက ဝမ်းပန်းတသာ ကြိုဆိုကြမည်။ ရဲများလည်း ထိုနည်းအတူ သာရှိချေမည်။ သူတို့ရင်တွေမှာ ပီတိလှိုင်းများ ရိုက်ခတ်နေကြမည်။

ကျွန်တော်လေးလေးမြင့်နှင့် တွေ့ရတော့မည်။ ချစ်သူမျက်နှာလေးကို မြင်တွေ့ရတော့မည်။ မိမိစွန့်စားခန်းများကို ပြန်လည်ပြောပြသောအခါ လေးလေးမြင့် ထိတ်ရွံ့စိုးရိမ်စွာနှင့် နားထောင်နေမည့် ပုံသဏ္ဍာန်ကလေးကို တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရင်း မောရပန်းရမှန်းမသိဘဲ သိမ်ကုန်းသို့ အပြေးအလွှား ပြန်လာခဲ့ပါသည်။

သိမ်ကုန်းရောက်တော့ ဦးစောအောင်၊ ဦးသာဆောင်နှင့် စံပယ်ပွင့်ဂိုဏ်းဝင်အားလုံးကို ဘုရားပွဲတော်မှာ လက်ရဖမ်းမိလိုက်သည်ဆိုသော သတင်းကို ကြားရသည်။ ထိုသတင်းမှာ ကျွန်တော့်အတွက် ဝမ်းသာစရာသတင်းဖြစ်သည်မှန်သော်လည်း တကယ်အဓိကမကျပါ။

ကျွန်တော် လေးလေးမြင့်ကို အရေးတကြီး တွေ့ချင်နေသည်။ ညနေချမ်း ဆိုင်သိမ်းချိန်ဖြစ်၍ သူမကို အိမ်တွင်တွေ့ရလိမ့်မည်ဟု မျှော်လင့်သည်။ အရိပ်အခြည်ကိုကြည့်သည်။ လေးလေးမြင့်၏ အရိပ်အယောင်ကိုသော်မျှ မတွေ့။

ကျွန်တော်တို့ မသေမပျောက်ဘဲ ပြန်ရောက်လာခြင်း၊ ဟီးရိုးအင်းဒွာနချုပ်ကို ဖြိုဖျက်နိုင်ခြင်း၊ စံပယ်ပွင့်ဂိုဏ်းကို ဖမ်းဆီးနိုင်ခဲ့ခြင်းတို့ကြောင့် အိမ်သူအိမ်သားအားလုံး ဝမ်းသာနေကြသည်။ အနီးဝန်းကျင်မှလူများ လာရောက်မေးမြန်းကာ အံ့သြချီးကျူးကြသည်။

"ဦးဖြူသီးကိုရော၊ ဆရာ့ကိုရော အထူးပဲ ကျေးဇူးတင်ပါတယ်။ ဦးဖြူသီးတို့ကို ကျွန်တော်တို့ခရိုင်အနေနဲ့ ချီးကျူးဂုဏ်ပြုတဲ့ ပွဲတစ်ပွဲ အမြန်ဆုံးကျင်းပနိုင်အောင်လဲ အထက်ကိုတင်ပြပါမယ်၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

ဗိုလ်ကြီးနှင့် စခန်းမှူးကျွန်တော်တို့ကို နှုတ်ဆက်ပြီး ထွက်ခွာသွားကြသည်။ ဦးချစ်မောင်တို့အိမ်တွင် ဧည့်မစဲရှိနေသည်။ ကျွန်တော်မီးဖိုချောင်ဘက်သို့ ထွက်လာသည်။ လေးလေးမြင့်တစ်ယောက် လိုက်လှဲဝမ်းသာ ထွက်မကြိုသည်မှာ စိတ်ကောက်ဟန်ဆောင်နေ၍သော် လည်းကောင်း၊ ရှက်၍သော် လည်းကောင်း ဖြစ်နိုင်သည်။ သူမက ထွက်မကြိုတော့ ကိုယ်ကပင် သွားတွေ့ရမည်။ ချော့တန်ချော့ရမည်။

မီးဖိုချောင်ရောက်တော့ ငရုတ်သီးထောင်းနေသော ဒေါ်ချစ်မေကိုသာ တွေ့ရသည်။ လေးလေးမြင့်ကိုမတွေ့။

"ဒေါ်ဒေါ်၊ လေးလေးမြင့်တစ်ယောက် ဆိုင်က ပြန်မရောက်သေးဘူးလား"

ဒေါ်ချစ်မေ ကျွန်တော့်မျက်နှာကို မော့ကြည့်သည်။ ပြီး ... သက်ပြင်းရှိုက်သည်။

"သူ မလာသေးဘူးလား ဒေါ်ဒေါ်၊ သူအခုဘယ်မှာလဲ"

"ပြောမပြချင်ပါဘူးကွယ်" ဟု ဆိုသည်။

"လေးလေးမြင့် ဘာပြုလို့လဲ ဒေါ်ဒေါ်"

ကျွန်တော် ဒရောသောပါးမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကပဲ"

"မနေ့က သူဘာဖြစ်သွားသလဲ ဒေါ်ဒေါ်"

ဒေါ်ချစ်မေစကားပြတ်သွားသဖြင့် ကျွန်တော်သိချင်ဇောနှင့် အလော
တကြီးမေးသည်။

"သူ့အမေ လာခေါ်သွားတယ်"

"လေးလေးမြင့် မြစ်သွား ပြန်သွားတယ်ပေါ့"

"ဟုတ်တယ်လာခေါ်တာက သူ့အမေတစ်ယောက်တည်း မဟုတ်ဘူး၊
လေးလေးမြင့်နဲ့ စေ့စပ်ကြောင်းလှမ်းထားတဲ့ လောပိတလျှပ်စစ်အင်ဂျင်နီယာ
ဆိုတဲ့ သူငယ်လဲ ပါတယ်"

"ဗျာ ... လေးလေးမြင့်နဲ့ စေ့စပ်ထားတဲ့ လူ၊ ဟုတ်လား"

ကျွန်တော် တုန်ယင်စွာနှင့် မေးငေါ့ခဲ့သည်။

"ဟုတ်တယ်၊ မကြာခင်မှာပဲ လေးလေးမြင့်ကို အဲဒီသူငယ်နဲ့ လက်ထပ်
ပေးတော့မတဲ့"

ကျွန်တော် မူးမိုက်သွားသည်။ ပြိုလဲမသွားအောင် ကိုယ်ကို မနည်း
ထိန်းထားရသည်။ မီးဖိုချောင်မှ ခေါင်းငိုက်စိုက်နှင့် ထွက်လာသည်။ အပြင်
ဧည့်ခန်း၌ လူအနည်းအပါးရှိနေသေးသည်။ ဦးဖြူသီးအားမေးမြန်းနေကြသည်။
ကျွန်တော်အဝတ်အထည်များကို ခေါက်သိမ်းကာ ခရီးဆောင်အိတ်ထဲ ထည့်
သည်။ ဦးဖြူသီးကျွန်တော့်ကို လှမ်းကြည့်သည်။ သူထိုင်ရာမှ ထလာသည်။

"ဒါက ဘယ်ကိုလဲ"

သူကျွန်တော့်အနားတွင် လာရပ်ပြီးမေးသည်။

"ဒီညရထားနဲ့ ရန်ကုန်ပြန်မယ်"

ကျွန်တော်တိုတိုပဲ ဖြေသည်။ ခရီးဆောင်အိတ်ထဲမှ ဇစ်ကိုဆွဲပိတ်လိုက်
သည်။ ဦးချစ်မောင်နှင့် ဧည့်သည်များ ကျွန်တော်တို့ကို လှမ်းကြည့်နေကြသည်။

"သူတို့က ဂုဏ်ပြုပွဲတွေ ဘာတွေလုပ်ဖို့ စီစဉ်ဦးမယ်ပြောသွားတာ
မင်းကြားတယ် မဟုတ်လား"

"အဲဒီဂုဏ်ပြုပွဲ ခင်ဗျားပဲတက်၊ ကျွန်တော်ပြန်မယ်"

"မင်းဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုမှ မဖြစ်ဘူး၊ ဒီမှာ မနေချင်တော့လို့"

"ဟာ ... မဟုတ်သေးပါဘူးကွာ၊ မင်းဟာက ချင်ချင်းဆို ချက်ချင်းပဲ
လား"

"ခင်ဗျား နေခဲ့ပါ၊ ဂုဏ်ပြုတာကို ခင်ဗျား ခံယူပါ၊ ကျွန်တော်ဂုဏ်ပြု
လဲ မခံချင်ဘူး၊ အို ... လောကမှာ ဘာဆိုဘာမှ မလိုချင်တော့ဘူးဗျာ၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် အခြေအနေ တင်းမာနေသည်ကို မြင်၍ ထင်ရဲ့၊ ဧည့်သည်များ ပြန်သွားကြသည်။

"နေပါဦး ... ဘယ်လိုဖြစ်ကြတာလဲ"

ဦးချစ်မောင် ကျွန်တော်တို့ အနားရောက်လာပြီးမေးသည်။

"ဘယ်လိုမှ မဖြစ်ပါဘူးဦး၊ ကျွန်တော် အရေးတကြီးကိစ္စရှိလို့ ဒီည ရထားနဲ့ပြန်မှာပါ၊ ဦးဖြူသီး နေခဲ့ပါလိမ့်မယ်၊ သူပဲ ဂုဏ်ပြုပွဲကို တက်ပါလိမ့်မယ်"

"မင်းပြန်တဲ့နောက် ငါက ဘာကိစ္စနေခဲ့ရမှာလဲ"

"ခင်ဗျား ဂုဏ်ပြုပွဲကို တက်လိုက်ပါ"

"မတက်ဘူးကွာ ... ငါလဲပြန်မယ်"

ဦးဖြူသီးပြောပြီး သူ့ခရီးဆောင်အိတ်ကို ပြင်သည်။

"မောင်ရင်တို့ဟာက ဘယ်လိုလဲကွယ်၊ ကသုတ်ကရက်နိုင်လိုက်တာ ဦးတို့ စိတ်မကောင်းစရာ ဖြစ်နေပါပြီ"

ဦးချစ်မောင် စိတ်မချမ်းမြေ့သလို ပြောသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ ဦးရယ် ... ကျွန်တော့်အကြောင်းနဲ့ ကျွန်တော် ပါ မပြန်မဖြစ်လို့ ပြန်ရမှာပါ"

"ဒါက ဘယ်လိုလဲဟင်"

ဒေါ်ချစ်မေရောက်လာပြီး မေးသည်။

"သူတို့ ပြန်ကြတော့မလို့တဲ့ မချစ်ရဲ့"

"အို ... ချက်ချင်းပဲလား၊ ပွဲလေးဘာလေး တစ်ညတလေ ကြည့်သွားပါဦးလား"

"မကြည့်တော့ပါဘူး ဒေါ်ဒေါ်၊ ကျွန်တော့်မှာ အရေးကြီးတဲ့ကိစ္စရှိနေလို့ ပြန်ပါဦးမယ် ... ဦးတို့ဒေါ်ဒေါ်တို့ စိတ်မကောင်းဖြစ်ရတဲ့အတွက် ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်"

ကျွန်တော်ပြောပြီး ခရီးဆောင်အိတ်ကို ကောက်ယူလိုက်သည်။

"ထင်းစားသွားကြဦးလေ၊ ဟင်းကျက်တော့မယ်"

"မစားတော့ပါဘူး ဒေါ်ဒေါ်ရယ်၊ ကျွန်တော်တို့ ကြုံရာမှာပဲ စားတော့ မယ်၊ သွားပြီ ဦး ... သွားပြီ ဒေါ်ဒေါ်"

"အေးကွယ်၊ အေးအေး ... လေးလေးမြင့်တို့ မင်္ဂလာဆောင်ရောက်ရင် မင်းတို့အကြောင်းတွေ လေးလေးမြင့်ကို ဒေါ်ဒေါ် ပြောပြလိုက်ပါဦးမယ်"

ကျွန်တော်လှေကားဆီသို့ သွားနေစဉ် ဒေါ်ချစ်မေ၏ စကားများကို ကြားရသည်။ လမ်းပေါ်ရောက်တော့ မြင်းလှည်းတစ်စီးလာနေသည်နှင့် ကျွန် တော် လက်တားလိုက်သည်။ မြင်းလှည်းရပ်ပေးသည်။ ဦးဖြူသီးနှင့်ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်း ပေါ်တက်ကြသည်။ မြင်းလှည်းပေါ်တွင် အခြားခရီးသည်မပါ။ ဦးဖြူသီးနှင့် ကျွန်တော်နှစ်ယောက်တည်းရယ်။

"လတ်စသတ်တော့ ဒါကြောင့်ကိုး"

ရွာကထွက်တော့ ဦးဖြူသီးပြောသည်။

"ဟုတ်တယ် ... ကျွန်တော်သိမ်ကုန်းမှာ ဘယ်လိုမှ နေလို့မရတော့ဘူး"

"အင်း ... ဖြစ်သင့်ပါတယ်"

ဦးဖြူသီးမှတ်ချက်ချသည်။ နောက်ထပ်စကား မပြောဖြစ်ကြတော့။ ခြင်းခွာသံနှင့် ခြူသံကိုကြားနေရသော်လည်း ကျွန်တော် စိတ်မဝင်စားပါ။ ကျွန်တော်ရင်မှာ ဆို့နင့်နာကျင်နေသည်။ မြင်သမျှ အရာတိုင်းသည် ဟင်းလင်းပွင့်နေသည်။ ကြားကြားသမျှ အသံများသည်လည်း သုတိ သာယာခြင်းမရှိ။ ငိုညည်းရှိုက်ပင့်သံများသာ ဖြစ်နေသည်။

"ဘယ်ကိုမောင်းရမလဲ ဆရာ"

မြင်းလှည်းသမား မေးသံကြားတော့မှ ရမည်းသင်းမြို့ထဲ ဝင်ရောက်လာကြောင်း သတိပြုမိသည်။

"ဘူတာကို မောင်းဗျာ"

"ဟေ့ ... စောသေးတယ်ကွ ... ဗိုက်ထဲ ဆာလှပြီ၊ ထမင်းစားကြရအောင်"

သည်တော့မှ ကျွန်တော်တို့ ထမင်းနှင့်အတန်ကြာ ကင်းဝေးခဲ့ရသည်ကို သတိရသည်။ ကိုယ်မဆာသော်လည်း ဦးဖြူသီး ဆာရှာမည်ကို တွေးမိသည်။

"ဘူတာမှာ ထမင်းဆိုင်ရှိပါတယ်"

မြင်းလှည်းသမားက ပြောသည်။

"အရက်ဆိုင်ကို အရင်မောင်းဗျာ"

ကျွန်တော် မြင်းလှည်းသမားကို ပြောသည်။

မြင်းလှည်းရပ်ပေးတော့ ကျွန်တော် အိုးဘာရမ်ဒီတစ်ပုလင်း ဆင်းဝယ်သည်။ ဘူတာကိုခရီးဆက်သည်။ ထမင်းဆိုင်မှာ ထမင်းစားသည်။ ကျွန်တော်စားမဝင်၊ အရက်အတော်များများသောက်ဖြစ်သည်။ ကံကောင်းထောက်မသဖြင့် မီးရထားအထက်တန်းတွဲရသည်။ ဦးဖြူသီး အိပ်ပျော်သော်လည်း ကျွန်တော်အိမ်မပျော်ပါ။ လရောင်အောက်တွင် ပြာမှိုင်းသော ရိုးမတောင်တန်းကြီးကို မြင်ရသည်။ တောင်တန်းကြီးသည်ပင် လဟာပြင်လို ထင်မှတ်မိသည်။ နန့်ခွက်ခေါ်သဖြင့် ပုလင်းလိုက်မော့သောက်သည်။ ရင်ပူသော်လည်း နှလုံးသားအစုတို့ မြှင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။ မှုးရိုနေသော်လည်း လေးလေးမြင့်ကို မေ့နိုင်စွမ်း မရှိ။ အမှုးတခြား အပူ တခြား။

ခံစားနေရသော ဝေဒနာကို အရက်က မကုစားနိုင်မှန်း သိတော့ မသောက်ဘဲ နေလိုက်သည်။ နံနက်လင်းကာနီးမှ အိပ်ပျော်သွားသည်။

ရန်ကုန်ဘူတာကြီးရောက်တော့ ဖယ်မလီယာတက္ကစီကားနှင့် နေအိမ်သို့ ပြန်သည်။ အိမ်ရှေ့၌ကားရပ်သည်တွင် တပည့်ကျော် ကြာနုပြေးဆင်းလာသည်။

"ဟင် ... ဆရာကတော်ကော"

ကြာနုအံ့သြဟန်နှင့်မေးသည်။

"ဘယ်က ဆရာကတော်လဲ ... သွားစမ်း၊ မင်းနောက်ငါ့ကို ဘာမှမမေးနဲ့"

ကျွန်တော် ကြာနုကို အော်ငေါက်ပစ်လိုက်သည်။ ကြာနုမျက်နှာ ညှိုးငယ်စွာဖြင့် ကားပေါ်မှ ခရီးဆောင်အိတ်များကို ဆွဲယူသည်။

"မင်းဆရာ အသည်းဟက်တက် ကွဲလာတယ်ကွ၊ မင်းနားရှက်မခတ်နဲ့၊ ငြိမ်ငြိမ်လေးနေ။ ခုနေအခါမှာ သူမြင်သမျှ ကြားသမျှတွေကို ဘာမှအကောင်းမထင်နိုင်ဘူး"

ကျွန်တော် အိမ်လှေကားကို နင်းတက်နေစဉ် ဦးဖြူသီးပြောသံကို ကြားရသည်။

လေးလေးမြင့်အကြောင်းကို ကျွန်တော် မေ့ပျောက်ပစ်ချင်သည်။ အမျိုးသမီးသည် စေ့စပ်ကြောင်းလမ်းထားပြီးသူရှိလျက်နှင့် ကျွန်တော့်ကို အပျော်သဘောဆက်ဆံသည်။ ချစ်ဟန်ဆောင်သည်။ ကြင်နာမြတ်နိုးဟန်ပြသည်။ မာယာတစ်သိန်း အပလိမ်းအနန္တနှင့် အမျိုးအနွယ်များကား ကြောက်ရွံ့ဖွယ်အတိ။ ရွံမုန်းဖွယ်အတိရှိလှသည်ဟု ကျွန်တော်တွေးသည်။ သူမအပေါ် နာကြည့်သည်၊ နာ၍ မရပါ။

နောက်တစ်နေ့တွင် ဦးဖြူသီးရွာပြန်သွားသည်။ အိမ်၌ ကြာနုနှင့် ကျွန်တော်သာရှိသည်။ ခါတိုင်းဆိုလျှင် ကျွန်တော်စာရေးလျှင်ရေး၊ မရေးလျှင် ရုပ်ရှင်ကြည့်။ ဒါမှမဟုတ် ကလပ်သို့သွားပြီး အရက်သောက်ရင်း ဘိလိယက် ထိုး၍ အချိန်ဖြုန်းတတ်သည်။

ယခုမူ ကျွန်တော်ဘယ်ကိုမှ မသွားချင်။ ဘာမှလည်း မလုပ်ချင်၊ အိမ်ပြင်သို့လည်း မထွက်ချင်၊ အိမ်တွင်းအောင်းနေသည်။ သိမ်ကုန်းကအဖြစ်ကို ရန်ကုန်က လူများ မသိကြ၍ ရှက်စရာမဟုတ်သော်လည်း ကိုယ့်ဘာကိုယ် စိတ်အားပျက်ယွင်းနေသည်နှင့် မသွားချင် မလာချင် ဖြစ်နေရသည်။


www.burmeseclassic.com

www.burmeseclassic.com



ရက်သတ္တတစ်ပတ်နီးပါးမျှ ကျွန်တော် အပြင်မထွက်ဘဲ အိမ်တွင်း အောင်းနေသည်။

"စာပါတယ် ... စာ"

အိမ်ရှေ့မှ စာပို့လုလင်အသံကြားတော့ ကြာနုစာပြေးယူပြီး ကျွန်တော့်ကို လာပေးသည်။

စာအိတ်ပေါ်မှ လက်ရေးကို ကျွန်တော်မမြင်ဖူးပါ။ စာအိတ်ကိုဖေါက်၍ စာကိုထုတ်ယူဖတ်သည်။

*ဆရာ ...*

*ဆရာတို့ စံပယ်ပွင့်ဂိုဏ်းကို အောင်နိုင်လိုက်တဲ့ သတင်းဖတ်ရလို့ မြင့် ဝမ်းသာပါတယ်၊ ဆရာမသေမပျောက်တဲ့အကြောင်းသိလို့ အထူးဝမ်းသာရတာပါ၊ အစက မြင့်အနေနဲ့ မိဘစီစဉ်တာကို လက်ခံဖို့ ဆုံးဖြတ်ခဲ့တယ်၊ ဆရာနဲ့ ပြန်ဆုံတွေ့ရဖို့ မျှော်လင့်ချက်မရှိတော့ဘူး ထင်လို့ပါပဲ၊ ခုလို ဆရာ အသက်ရှင်လျက်ရှိနေတာကိုသိရတော့ မြင့် သူနဲ့လက်မထပ်နိုင်တော့ဘူး၊ မြင့်အချစ်ကို ဆရာကလွဲပြီး ဘယ်သူ့ကိုမှ မပေးနိုင်တော့ဘူး၊ သူနဲ့လက်ထပ်ဖို့က ၁၀ ရက် လိုသေးတယ်၊ ဒီအတောအတွင်း မြင့် ဆရာဆီကို အရောက်လာခဲ့မယ်။*

*လွယ်တော့မလွယ်ဘူး ဆရာ ...၊ မြင့်က သူ့ကိုမနှစ်သက်မှန်း အားလုံးကသိနေကြတယ်၊ ဒါကြောင့် မြင့်ကို အလစ်မပေးဘဲ စောင့်ကြည့်နေကြတယ်လေ၊ ဒီစာကိုတောင်မှ တော်တော်ခဲခဲယဉ်းယဉ်းရေးပြီး ကလေးတစ်ယောက် ပိုက်ဆံပေးထည့်ခိုင်းရတာ။*

*ဒါပေမယ့်လို့ ... မပူပါနဲ့ဆရာ၊ မြင့် ကြံဖန်ပြီး ဆရာ့ဆီကို လာခဲ့ပါမယ်၊ မချစ်မနှစ်သက်သူနဲ့ ပေါင်းသင်းနေရခြင်းဒုက္ခကို မြင့် ဘယ်နည်းနဲ့မှ မခံစားနိုင်ဘူး၊ မြင့် ဆက်ဆက်လာမှာပါ ဆရာ စိတ်ချနေပါ။*

*ဆရာ့ကိုအသက်တမျှချစ်သော*
*မြင့်*

BURMESE CLASSIC

စာဖတ်ပြီး ကျွန်တော့်ရင်မှာ လှုပ်ရှားနေသည်။ စောစောက သူမအ... အပြစ်တင်မိသည်များကို သင်ပုန်းချေပစ်လိုက်သည်။ မြင့်အချစ်ကို ကျွန်တော်... ယုံကြည်သည်။ သူမစွန့်စားရဲလိမ့်မည်ဟုလည်း ထင်သည်။ ကျွန်တော်ကိုယ်တိုင် မြစ်သားကို လိုက်သွားပြီး ကြိုးစားရလျှင် ကောင်းမည်လားနှင့် တွေးမိသည်။ သို့သော် ထိုအကြံကို ပယ်ဖျက်ရသည်။ ကျွန်တော် မပါဘဲ သူမဘာသာ ကြိုး...



www.burmeseclassic.com

www.burmeseclassic.com



စခြင်းက ပိုကောင်းမည်။ ပိုပြီးလွတ်မြောက်နိုင်မည်။ နောက်တစ်ကြောင်း သုမနှင့်ကျွန်တော် လမ်းမှာလွဲနိုင်သေးသည်။

သည်တော့ ...

လေးလေးမြင့်ရောက်အလာကိုသာ ကျွန်တော် စောင့်မျှော်ရပါတော့မည်။

တစ်နေ့ ... ။ တစ်နေ့ ... ။ နောက်တစ်နေ့ ... ။

လေးလေးမြင့် မရောက်လာသေးပါ။

လွမ်းလှပြီကွယ် ... ။ ... ။

တင့်ဆန်း

www.burmeseclassic.com